

# ငြိမ်းချမ်းရေးဖော်ဆောင်မှုအပေါ် သူတို့ပြောစကားများ

## မြန်မာပြည် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်မှ ပုဂ္ဂိုလ်များ

# ငြိမ်းချမ်းရေးဖော်ဆောင်မှုအပေါ်
# သူတို့ပြောစကားများ

## မြန်မာပြည် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်မှ ပုဂ္ဂိုလ်များ

***စာအုပ်စီစဉ်သူ***

Nerea Bilbatua

***ဓာတ်ပုံ***

©Kannan Arnasalm (စာမျက်နှာ ၁၇-၁၈ နှင့် စာမျက်နှာ ၆၂-၆၃)

မြန်မာငြိမ်းချမ်းရေးစင်တာ (စာမျက်နှာ ၄၁၊ ၄၇၊ ၅၈-၅၉ နှင့် ၆၉)

***ကော်ပီ-တည်းဖြတ်***

Sue Williams

***စာအုပ်အပြင်အဆင်***

Boonruang Song-ngarm

***ထုတ်ဝေသူ***

ငြိမ်းချမ်းရေးနှင့် ပဋိပက္ခအရေးလေ့လာမှုစင်တာ (CPCS), ၂၀၁၅

***ငွေကြေးထောက်ပံ့သူ***

နော်ဝေနိုင်ငံခြားရေးဝန်ကြီးဌာန

ISBN: 9 789996 381775

ဤစာအုပ်တွင် ပါရှိသော အမျိုးသား၊ အမျိုးသမီးများ၏ စေတနာထားမှု၊ ပွင့်လင်းမှုနှင့် ယုံကြည်မှုတို့မရှိခဲ့လျှင် ဤစာအုပ် ဖြစ်မြောက်လာမည်မဟုတ်ပေ။ ထို့အတွက် လူကြီးမင်းတို့တစ်ဦးချင်းစီအား ကျွန်ုပ်တို့ရင်ထဲမှ လှိုက်လှိုက်လှဲလှဲ ကျေးဇူးတင်ရှိပါသည်။ ကျွန်ုပ်တို့အနေဖြင့် လူကြီးမင်းတို့ပြောကြားချက်များအား မှန်မှန်ကန်ကန်တင်ပြနိုင်မည်ဟုလည်း မျှော်လင့်ပါသည်။

ဤစာအုပ်အား ယနေ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်၏ အခြေခံအုတ်မြစ်ချရာတွင် ပံ့ပိုးကူညီခဲ့ကြသော ဒေါက်တာနေဝင်းမောင်နှင့် ပဒိုဒေးဗစ်သော တို့ကို ရည်စူး၍ထုတ်ဝေပါသည်။

*ပြည်တွင်း၊ ပြည်ပနှင့် ဥပဒေပြင်ပရှိ လူပုဂ္ဂိုလ်/အဖွဲ့အစည်းများအနေနဲ့ မတူညီတဲ့သဘောထားအမြင်တွေ ရှိကြမှာဖြစ်သော်လည်း တိုင်းပြည်ရဲ့ အကျိုးစီးပွားအတွက် တူညီတဲ့ကိစ္စတွေမှာ ပူးပေါင်းပါဝင်ဆောင်ရွက်ကြမယ်၊ ဒီမိုကရေစီကျင့်စဉ်နဲ့ အညီ ရွေးကောက်ပွဲမှာ ပါဝင် ယှဉ်ပြိုင်ကြပြီး လုပ်ပိုင်ခွင့်အာဏာကို တရားနည်းလမ်းကျနစွာ ရယူကြမယ်ဆိုရင် လူသာစုခေါ်၊ နတ်သာစုခေါ်ကြမှာ ဖြစ်တဲ့အတွက် ကျွန်တော်တို့အစိုးရအဖွဲ့ အနေနဲ့ ငြိမ်းချမ်းရေးတံခါးကို ဖွင့်ထားပြီး လက်ကမ်းကြိုဆိုနေမှာဖြစ်ကြောင်း အသိပေးပြောကြားအပ်ပါတယ် ခင်ဗျား။*
(သမ္မတကြီးဦးသိန်းစိန်၏ ပြည်ထောင်စုလွှတ်တော်တွင် ပြောကြားခဲ့သော မိန့်ခွန်း၊ (၃၀) ရက်၊ မတ်လ၊ ၂၀၁၁ခုနှစ်)

*ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တစ်ခု အောင်မြင်ဖို့က အခြေအနေအတော်များများကိုက်ညီမှုရှိဖို့ လိုတယ်။ နိုင်ငံ့အကြီးအကဲ သမ္မတကြီးအနေနဲ့ ငြိမ်းချမ်းရေးအတွက် လိုအပ်တာမှန်သမျှကို လုပ်ဆောင်ဖို့ အသင့်ရှိနေရမယ်။ ဒုတိယအနေနဲ့ ပါလီမန်အနေနဲ့လည်း ငြိမ်းချမ်းရေးအတွက် လိုလားမှုရှိနေရမှာဖြစ်ပြီး ငြိမ်းချမ်းရေးရဖို့ ဘာမဆိုလုပ်ဖို့ အဆင်သင့်ဖြစ်နေရမယ်။ တတိယအနေနဲ့ တပ်မတော်နဲ့ အခြားအဖွဲ့အသီးသီးကလဲ ဒီအတွက် ဆန္ဒရှိနေရမယ်။ စတုတ္ထအနေနဲ့ တိုင်းရင်းသားအဖွဲ့တွေဘက်နဲ့လည်း အလားတူဆန္ဒရှိဖို့ လိုတယ်။ ပဉ္စမအနေနဲ့ နိုင်ငံရေးပါတီတွေဟာလည်းပဲ ငြိမ်းချမ်းရေးအတွက် ဆန္ဒရှိကြဖို့လိုတယ်။ အဖွဲ့အစည်းတိုင်း၊ နိုင်ငံသားတိုင်းနဲ့ တနိုင်ငံလုံးက ဒါကို လိုလားမှုရှိဖို့လိုတယ်။*
(မြန်မာနိုင်ငံ သမ္မတရုံး ဝန်ကြီး ဦးအောင်မင်းနှင့် နစ်ကီအာရှအရေးလေ့လာသုံးသပ်သူ အင်တာဗျူး၊ ၂၁ရက်၊ဧပြီလ၊ ၂၀၁၅)

# မာတိကာ


နိဒါန်း ........................................................................................................ ၈

မြန်မာနိုင်ငံငြိမ်းချမ်းရေးလုပ်ငန်းစဉ်မှ အထင်ကရပုဂ္ဂိုလ်များ၏ ကိုယ်ရေးအကျဉ်း ..... ၁၀

အခန်း(၁)
*"ဘာကြောင့်လဲ သိလား။ ယုံကြည်ချက်ပြင်းထန်တဲ့ သာမန်နိုင်ငံသားတွေဟာ စနစ်ကို ပြောင်းလဲပစ် နိုင်တယ်"* ............................................................... ၁၅

အခန်း(၂)
*"ငြိမ်းချမ်းရေးလုပ်ငန်းစဉ်လို့ပြောလိုက်ရင် လူတွေက လွန်ခဲ့တဲ့နှစ်နှစ်ကမှ စခဲ့တဲ့လုပ်ငန်းစဉ်လို့ ပြေးမြင် ကြတယ်။ ဒါပေမယ့် အမှန်တကယ်က ငြိမ်းချမ်းရေးလုပ်ငန်းစဉ်စခဲ့တာ အချိန်အတော်လေး ကြာခဲ့ ပါပြီ"* ........................ ၂၉

အခန်း(၃)
*"တကယ်လို့ အားလုံးနဲ့အတူလုပ်ကိုင်မယ်ဆိုရင် 'တခြားသူ/သူစိမ်း' ဆိုတာ မရှိနိုင်တော့ဘူး"* .................................................................... ၃၇

အခန်း(၄)
*"ညှိနှိုင်းဆွေးနွေးပွဲစကားဝိုင်းမှာ ပါဝင်ရတာဟာ အင်မတန် လေးနက်တဲ့ အလုပ်တစ်ခုပါ။ စစ်တိုက်ရတာထက်တောင် ပိုနက်နဲမှုရှိပါတယ်။ ခင်ဗျားအနေနဲ့ နှစ်ပေါင်း (၆၀) ကြာ ပဋိပက္ခကြီးကို အဆုံးသတ်ဖို့ ဘယ်လိုလုပ်မှာလဲ။"* ................. ၄၅

အခန်း(၅)
*"ကျွန်တော်တို့ကို ကောင်းကောင်းဆက်ဆံပါ။ ဒါပဲ ကျွန်တော်တောင်းဆိုနေတာပါ"* ... ၉၉

အတိုကောက်ဝေါဟာရများ .............................................................. ၁၁၁

တခါတလေ ဘဝမှာ မတော်တဆဖြစ်ရပ်တွေများလာတဲ့အခါ အဲ့ဒီမတော်တဆတွေကပဲ ဘဝဖြစ်သွားတတ်တယ်။

(ဒေါက်တာလျုန်မှူန်းဆာခေါင်း)

ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ထဲမှာ ကျွန်တော်ပါဝင်လာလိမ့်မယ်လို့ အိပ်မက်တောင်မမက်ဖူးဘူး။

(ဦးလှမောင်ရွှေ)

ကျွန်တော်အသက် (၁၂) နှစ်အရွယ်မှာ ရွာတစ်ရွာကို ပို့ခံရဖူးတယ်။ အဲ့လိုပို့ခံရတာကို အရမ်းမုန်းခဲ့တယ်။ အဲ့ဒီတုန်းက ကျွန်တော်က ရွာသူကြီးရဲ့အိမ်မှာနေခဲ့ရတယ်။ ရွာသူကြီးရဲ့ သားက ကျွန်တော့်ကို တောင်တန်းတွေက ဘယ်လိုပုံမျိုးလဲလို့ တစ်ခါမေးခဲ့တယ်။ သူက တခါမှမတွေ့ဖူးဘူးလေ။ ဒါနဲ့ ကျွန်တော်လည်း သူ့ကို ကြိုးစားရှင်းပြခဲ့ရတယ်။ စိတ်ထဲမှာတော့ "ဒီကောင် တော်တော်တုံးတာပဲ။ ဒါလေးတောင်မသိဘူး" ဆိုပြီး တွေးခဲ့မိတယ်။ နောက်ပိုင်း အဲ့ဒီကကျွန်တော်ထွက်ပြေးလာပြီး နှစ်အတန်ကြာတော့ ကျွန်တော့်အစ်ကိုနဲ့ စစ်တပ်ထဲမှာ အတူတူနေတဲ့ ရွာသားတချို့နဲ့ စကားစမြည်ပြောဖြစ်တဲ့အခါမှာ အဲ့ဒီက လူကြီးတစ်ယောက်က ကျွန်တော့်ကို ပင်လယ်ကြီးဟာ ဘယ်လိုမျိုးလဲလို့ မေးတာကြုံရပြန်တယ်။ အဲ့ဒီတော့မှ တချို့ လူတွေအတွက် တချို့အရာတွေဟာ စိတ်ကူးနဲ့တောင် မှန်းဆလို့မရနိုင်ပါလားဆိုတာကို သဘောပေါက်လာတယ်။

(ဦးဟန်ယောင်ဝေ)

*ကျွန်မကတော့ အားလုံးပါဝင်ရေး (inclusiveness) ကို ယုံကြည်တယ်။ အရင်ကတော့ 'ပူးပေါင်းပါဝင်မှု (Participatory)' ဆိုတာဟာ စကားလုံးကြီးကြီးမဟုတ်သေးဘူး။ ဒါပေမယ့် ကျွန်မတို့ လူမျိုးရဲ့ ယဉ်ကျေးမှုမှာ ဆုံးဖြတ်ချက်ချတဲ့အခါ အားလုံးတိုင်ပင်ဆွေးနွေးပြီးမှ ဆုံးဖြတ်ကြတယ်။ မိသားစုတစုအနေနဲ့ ကျွန်မတို့ဟာ ကိုယ့်ဆုံးဖြတ်ချက်ကြောင့် အကျိုးသက်ရောက်နိုင်မယ့်သူတွေနဲ့ပါ ဆွေးနွေးတိုင်ပင်လေ့ရှိကြတယ်။*

*(လဖိုင်ဆိုင်းရော်)*

*ကျွန်တော်တို့အားလုံး ငြိမ်းချမ်းရေးအတွက် ဘယ်သူမှ အသင့်အနေအထားမှာ မရှိကြသေးဘူးဆိုတာကို နားလည်ထားရမယ်။ ဒါပေမယ့် ကျွန်တော်တို့က ၂၀၀၆ ခုနှစ်ကတည်းက နိုင်ငံရေးလွတ်လပ်ခွင့်၊ ပွင့်လင်းမြင်သာမှု၊ နိုင်ငံရေးပြုပြင်ပြောင်းလဲမှုနဲ့ မြန်မာပြည်တွင်းအပြောင်းအလဲအတွက် လှုပ်ရှားလာခဲ့ကြတာဖြစ်လို့ တခြားသူတွေနဲ့ယှဉ်ရင် ကျွန်တော်တို့က ပိုပြီးအဆင်သင့်ဖြစ်နေတယ်။*

*(ဦးတင်မောင်သန်း)*

# နိဒါန်း

သင်ယခု ဖတ်ရှုမည့်စာအုပ်သည် မည်သို့အဆုံးသတ်မည်မသိသည့် ခရီးလမ်းတစ်ခုကို အတူသွား နေကြသည့် လူတစ်စုအကြောင်းဖြစ်ပါသည်။ ဘုံရည်မှန်းချက်တစ်ခုအတွက် နှစ်ရှည်လများ ကြိုးပမ်း နေကြသူအချင်းချင်း အတိုက်အခံဖြစ်နေသူ အမျိုးသား၊ အမျိုးသမီးများပါဝင်သည့် ဤလူတစ်စုနှင့် ခရီးစဉ်တစ်ခုသို့ အတူသွားရန် ဤစာအုပ်မှ သင့်အား ဖိတ်ခေါ်ပါသည်။ ၎င်းတို့၏ ခရီးလမ်းမှာ ခက်ခဲ ကြမ်းတမ်းပါသည်။ ၎င်းတို့ ခရီးတလျှောက်တွင် အခက်အခဲအတားအဆီးများနှင့် ရင်ဆိုင်ခဲ့ကြရပြီး စိန်ခေါ်မှုများနှင့်လည်း တွေ့ကြုံခဲ့ကြရပါသည်။ သို့သော်လည်း တချိန်တည်းတွင်ပင် စည်းလုံးမှု၊ အပြန်အလှန် ယုံကြည်မှုနှင့် ရင်းနှီးမှု၊ အပြန်အလှန် ပံ့ပိုးကူညီမှုနှင့် အသိ အမှတ်ပြုလက်ခံမှုတို့ကိုလည်း ရရှိခဲ့ကြပါသည်။ ၎င်းတို့သည် ၎င်းတို့ကိုယ်တိုင်နှင့် ၎င်းတို့ အနီးမှ လူများအား ပြုပြင်ပြောင်းလဲပေးနိုင်ခဲ့ကြပါသည်။ ၎င်းတို့၏ ခရီးစဉ်မှာ ယခုတိုင် မပြီးဆုံး သေးပါ။

ဤစာအုပ်တွင်ပါဝင်သည့် ပုဂ္ဂိုလ်များမှာ - မြန်မာနိုင်ငံ မျက်မှောက်ကာလ ငြိမ်းချမ်းရေး လုပ်ငန်းစဉ် အတွင်း အဓိကကျသောအခန်းကဏ္ဍမှ ပါဝင်လှုပ်ရှားနေသူ အမျိုးသား၊ အမျိုးသမီးများပင် ဖြစ်ကြ ပါသည်။ ၎င်းတို့သည် ညှိနှိုင်းဆွေးနွေးရေး စကားဝိုင်းတွင် ပါဝင်ဆွေးနွေးသူများ (သို့) ပါဝင် ဆွေးနွေးသူများနှင့် တွဲဖက်ပါဝင်သူများပင် ဖြစ်ပါသည်။ ၎င်းတို့သည် လက်နက်ကိုင်တော်လှန်ရေး အဖွဲ့အစည်းများ၊ မြန်မာ့ ငြိမ်းချမ်းရေးစင်တာနှင့် အရပ်ဖက်လူမှုအဖွဲ့အစည်းများမှ အဖွဲ့ဝင်များဖြစ်ကြပါသည်။ ဤသည်မှာ မြန်မာနိုင်ငံ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွင်း ပါဝင်လှုပ်ရှားနေသော အဖွဲ့ငယ်လေးတစ်ခု၏ တဒင်္ဂပုံရိပ် (သို့) အပေါ်ယံ ပုံရိပ်တစ်ခုသာ ဖြစ်သည်ကိုလည်း ကျွန်ုပ်တို့အနေဖြင့် သတိထားမိပါသည်။ အခြားသူတို့၏ ရင်ဖွင့်သ များ လည်း ကျန်ရှိနေသေးပြီး ၎င်းတို့၏ ဖွင့်ဟသံများကိုလည်း ဖော်ထုတ်ရန်လိုပါသည်။ ဤစာအုပ်တွင် တင်ပြ ထားသည့် ဖြစ်အင်များ၏ သဘောသဘာဝ သည် (အခြား ဖြစ်အင်များနည်းတူပင်) ပြီးပြည့်စုံခြင်း မရှိပါ။

နောက်စာမျက်နှာတွင် မြန်မာနိုင်ငံအား ကွဲပြားသော စိတ်ကူးစိတ်သန်း ပုံရိပ်အမျိုးမျိုးဖြင့် ပုံဖော် မျှော်မှန်းခဲ့ကြရင်း လက်တွေ့အကောင်အထည်ဖော်ဆောင်ရာ၌ အတူလက်တွဲ လုပ်ကိုင်မိကြသော လူအုပ်စု တစ်စု၏ ခရီးစဉ်တစ်ခုအကြောင်းကို သင်ဖတ်ရှုရမည် ဖြစ်ပါသည်။ ၎င်းတို့၏ အမြင်များ ကွဲပြားသလိုပင် ၎င်းတို့၏ ရည်ရွယ်ချက်များ၊ ခံစားချက်များ၊

စိတ်အားထက်သန်မှုများနှင့် ကိုယ်ရေးအကျင့် စရိုက်များလည်း ကွဲပြားကြပါသည်။ ၎င်း ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်စီတိုင်းသည် တမူထူးခြားမှုများ ရှိကြသလိုပင် ၎င်းတို့ ပြောပြမည့် ဖြစ်အင်များသည်လည်း မတူညီကြပေ။ သို့သော်လည်း ၎င်းတို့သည် မျက်မှောက်ကာလ မြန်မာနိုင်ငံငြိမ်းချမ်းရေး လုပ်ငန်းစဉ်၏ ပုံရိပ်အား ထုဆစ်ပုံဖော်ပေးခဲ့သော ဇာစ်မြစ် အကြောင်းအရင်းများ၊ ဖွံ့ ဖြိုးတိုးတက်မှု၊ စိန်ခေါ်မှုများနှင့် ဆုံးဖြတ်ချက်များကို စုပေါင်း အမြင်ဖြင့် သုံးသပ်တင်ပြသွားခဲ့ကြပါသည်။ အဆိုပါအချက်များသည် မျက်မှောက်ကာလ မြန်မာ့ငြိမ်းချမ်းရေး လုပ်ငန်းစဉ်ကို ဆက်လက်ထုဆစ် ပုံဖော် နေစဲပင် ဖြစ် ပါသည်။

၎င်းတို့ပြောကြားသည်များကို နားထောင်ရင်းနှင့်ပင် ကျွန်ုပ်တို့သည် ၎င်းတို့အပေါ် နားလည်လာ သည်။ ဤစာအုပ်အားဖြင့် အသွင်ကူးပြောင်းရေးကာလ ကွဲပြားစုံလင်မှုနှင့် အခက်အခဲများ၏ ပုံရိပ်ကို ဖော်ဆောင် သည့် ရှုပ်ထွေးသော ဖြစ်အင်များအကြောင်း ဖော်ထုတ်ရာတွင် ဖြည့်စွက် တင်ပြလိုပါသည်။ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်ဆိုသည်မှာ အသွင်ကူးပြောင်းရေးကာလ (သို့) အပြောင်းအလဲကာလ ဟူသည် ထက် အခြားမည်သည့် အဓိပ္ပါယ်ကို ဖော်ဆောင်ပါသေးသနည်း?။ ဤစာအုပ်တွင်ပါဝင်သည့်စုပေါင်း သုံးသပ်ချက်များ သည် အနာဂတ် အပြောင်းအလဲတစ်ရပ် ဖော်ဆောင်ရန် မျှော်မှန်းသောအခါ၊ စွန့်စား လုပ် ဆောင်ရဲသော အခါတွင် အမျိုးသား/အမျိုးသမီး တစ်ဦးချင်းစီမှ သမိုင်းကြောင်းကို မည်သို့ ပုံဖော်၊ ထုဆစ် နိုင်ကြောင်းကို ဖော်ပြနေပါသည်။

ဤစာအုပ်သည် အဆိုပါပုဂ္ဂိုလ်များပြောကြားသည့် ဖြစ်အင်များကို စုစည်းတင်ပြထားခြင်း ဖြစ်ပါ သည်။ ဤသို့ ၎င်းတို့ကိုယ်တိုင် ပြောကြားချက်များအား တင်ပြခြင်းအားဖြင့် ဤစာအုပ်သည် မြန်မာနိုင်ငံ အတွင်းရှိ အတိုက်အခံဖြစ်မှုအများဆုံးသူများကြား အပြန်အလှန် ဆွေးနွေးဖလှယ်သည့် ယဉ်ကျေးမှု (culture of dialogue) ကို အားကောင်းလာစေရန် ရည်ရွယ်ပါသည်။ ဤစာအုပ်ကို ဖတ်ပါ။ သင်ကိုယ်တိုင် ထို အမျိုးသား၊ အမျိုးသမီးများနှင့် စားပွဲဝိုင်းတစ်ခုတည်းတွင် အတူထိုင်နေ သည်ဟု မြင်ယောင် ကြည့်လိုက်ပါ။ သူတို့၏ မျက်ဝန်းများမှတဆင့် လောကကြီးကို ရှုမြင်ကြည့် လိုက်ပါ။ သူတို့နှင့်အတူ ကော်ဖီသောက်ရင်း သူတို့ပြောသမျှကို နားထောင်ကြည့်ပါ။ သူတို့ပြောပြသည့် အချက်များတွင် သင်လက်မခံနိုင် သည့် အကြောင်းအရာများပါဝင်နေလျှင်ပင် သူတို့အပေါ် နားလည်ပေးပါ။ ရှုပ်ထွေးပွေလီမှုဆို သည်မှာ ဤသည်ကို ဆိုလိုခြင်းပင် ဖြစ်သည်။ အနက်ရောင်နှင့် အဖြူရောင်ကြားမှ မီးခိုးရောင်၊ ရန်သူများကြားထဲမှ မိတ်ဆွေများ ပင်တည်း။

# မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်မှ အထင်ကရပုဂ္ဂိုလ်များ၏ ကိုယ်ရေးရာဇဝင်များ

**ဦးကျော်စိုးလှိုင်**သည် မြန်မာငြိမ်းချမ်းရေးစင်တာ (Myanmar Peace Center (MPC)) ၏ အမှုဆောင် ညွှန်ကြားရေးမှူး ဖြစ်သည်။ MPC သည် မြန်မာအစိုးရ၏ လုပ်ငန်းဆောင်တာများ ဖြစ်သည့်ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးညှိနှိုင်းဆွေးနွေးရေး၊ အကောင်အထည်ဖော်ဆောင်ရေး၊ ငြိမ်းချမ်းရေး ညှိနှိုင်းဆွေး နွေးပွဲများ၊ နိုင်ငံရေးဆွေးနွေးပွဲများအပြင် ပဋိပက္ခဘေးသင့် ဒေသများသို့အကူအညီပေးရေးတွင် ညှိနှိုင်း ဆောင်ရွက်ပေးခြင်း စသည့် အခန်းကဏ္ဍများတွင် မူဝါဒပိုင်းဆိုင်ရာ အကြံပေးခြင်း၊ နည်းပညာအဆင့် လမ်းညွှန်ပေးခြင်းနှင့် ညှိနှိုင်းဆောင်ရွက်ပေးခြင်းများ ပြုလုပ်ပါသည်။ ဦးကျော်စိုးလှိုင်သည် အာရှနည်း ပညာတက္ကသိုလ် (Asian Institute of Technology (AIT))၊ ဘန်ကောက်တွင် ပညာသင်ကြားပြီး အရှေ့တောင်အာရှဆိုင်ရာ စွမ်းဆောင်ရည်တည်ဆောက်ရေးနှင့် ပြင်ပဆက်ဆံရေး လုပ်ရှားမှုများအား အဓိကထား လုပ်ကိုင်ခဲ့ပြီးသည်မှာ ဆယ်စုနှစ်တစ်ခုခန့်ကြာမြင့်ခဲ့သည်။ ၂၀၁၂ နှစ်တွင် မြန်မာပြည်သို့ ပြန်ခဲ့ပါသည်။

**ဦးသံခဲ**သည် မြန်မာနိုင်ငံလုံးဆိုင်ရာကျောင်းသားများ ဒီမိုကရက်တစ်တပ်ဦး (ABSDF) ၏ ဥက္ကဋ္ဌ ဖြစ်သည်။ သူသည် ယခင်က မန္တလေးဆေးတက္ကသိုလ်မှ ကျောင်းသားဟောင်း တစ်ဦးဖြစ်ပြီး ၁၉၈၈ခုနှစ်တွင်မူ လက်နက်ကိုင် တော်လှန်ရေးလမ်းစဉ် လျှောက်လှမ်းရန် မြန်မာပြည်(ထိုစဉ်က ဗမာပြည်ဟုခေါ်တွင်သည်)မှ ထွက်ခွာလာခဲ့ပါသည်။ ၂၀၀၁ ခုနှစ်တွင် ABSDF ၏ ဥက္ကဋ္ဌအဖြစ် စတင်တာဝန်ထမ်းဆောင်ခဲ့ပါသည်။

**ပဒိုစောကွယ်ထူးဝင်း**သည် ၂၀၁၂ ခုနှစ်တွင် ကရင်အမျိုးသားအစည်းအရုံး (KNU) အထွေထွေအတွင်းရေးမှူး အဖြစ် ရွေးချယ်တင်မြှောက်ခံခဲ့ရပါသည်။ ၁၉၉၀ ခုနှစ်တွင် KNU ထိန်းချုပ်ဒေသ မြိတ်-ထားဝယ် ခရိုင်တွင် ခရိုင်မှူးအဖြစ် စတင်တာဝန်ထမ်းဆောင်ခဲ့သည်။ သူသည် ကရင်လူငယ်အဖွဲ့အစည်း၏ ဥက္ကဋ္ဌ ရာထူးတာဝန်အပြင် KNU ၏ ရာထူးနေရာအတော်များများတွင်လည်း တာဝန်ထမ်းဆောင် ခဲ့ဖူးပါသည်။

**ဦးတင်မောင်သန်း**သည် မြန်မာငြိမ်းချမ်းရေးစင်တာ၏အထူးအကြံပေးတစ်ဦးဖြစ်သည်။ (Myanmar Egress) (မြန်မာပြည်တွင်းမှ လူမှုအဖွဲ့အစည်းလှုပ်ရှားမှုအမျိုးမျိုးတွင်

လွန်ခဲ့သော ၁၅နှစ်နီးပါးလုံးတွင် တက်ကြွစွာ ပါဝင်လှုပ်ရှားခဲ့ကြသော မြန်မာပညာရှင်များနှင့် လူမှုရေးလုပ်သားများမှ ၂၀၀၆ ခုနှစ်တွင် ဖွဲ့စည်း ထူထောင်ခဲ့ သော အဖွဲ့အစည်း) ၏ ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်၏ ဒုဥက္ကဋ္ဌအဖြစ် လည်းကောင်း တာဝန်ထမ်းဆောင်နေသူဖြစ်သည်။

**နော်စီဖိုးရာစိန်**သည် ကရင်အမျိုးသားအစည်းအရုံး (KNU) တွင် လက်ရှိတာဝန်ထမ်းဆောင်နေသော ဒုဥက္ကဋ္ဌ ဖြစ်ပြီး KNU ၏ အထွေထွေအတွင်းရေးမှူးဟောင်းတစ်ဦးလည်းဖြစ်သည်။ သူမသည် ကရင်အမျိုးသမီး အဖွဲ့အစည်း၏ အတွင်းရေးမှူးတစ်ဦးအဖြစ်လည်း တာဝန်ထမ်းဆောင်ခဲ့ဖူးပြီး ဆရာဖြစ်သင်တန်းကျောင်း ဆင်းတစ်ဦးလည်း ဖြစ်သည်။

**ဒေါ်ဂျာနန်လထော်**သည် သိက္ခာတော်ရဆရာတော် ဒေါက်တာဇဘွဲဂျုံ စတင်တည်ထောင်ခဲ့သော ငြိမ်း ဖောင်ဒေးရှင်း (Shalom Foundation) ၏ ညွှန်ကြားရေးမှူးတစ်ဦးဖြစ်သည်။ ငြိမ်းဖောင်ဒေးရှင်းသည် မြန်မာပြည်တွင်း ကြားဝင်စေ့စပ်ညှိနှိုင်းရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များအား ပံ့ပိုးပေးရာတွင် လှုပ်ရှား သော အဖွဲ့အစည်းတစ်ခုဖြစ်သည်။ သူမသည် ငြိမ်းဖောင်ဒေးရှင်း၏ ရာထူးတာဝန်အပြင် NCCT ၏ နည်းပညာ အကြံပေးတစ်ဦးအဖြစ်လည်း တာဝန်ထမ်းဆောင်နေပါသည်။ အမေရိကန်နိုင်ငံ၊ ဗာဂျီးနီးယား ပြည်နယ်၊ Eastern Mennonite တက္ကသိုလ်မှ ပဋိပက္ခအသွင်ကူးပြောင်းရေး အထူးပြု ဘာသာရပ်ဖြင့် မဟာဝိဇ္ဇာဘွဲ့ရရှိထားသူ ဖြစ်သည်။

**ဒေါက်တာလျန်မှုန်းဆာခေါင်း**သည် Burma Centre for Ethnic Studies (BCES) အဖွဲ့ မှ အမှုဆောင် ညွှန်ကြားရေးမှူးအဖြစ်လည်းကောင်း၊ ချင်းအမျိုးသားတပ်ဦး (CNF) ၏ အမိပတိကောင်စီ အဖွဲ့ဝင် အဖြစ် လည်းကောင်း၊ တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးဆိုင်ရာ ညှိနှိုင်းရေး အဖွဲ့ (NCCT) အဖွဲ့ဝင် အဖြစ် လည်း ကောင်း၊ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူ စာချုပ်တွေ့ ဆုံဆွေးနွေး ညှိနှိုင်းရေးမှ အဆင့်မြင့်ညှိနှိုင်းရေးကိုယ်စားလှယ်အဖွဲ့ဝင် (SD) အဖြစ် လည်းကောင်း တာဝန်ထမ်းဆောင်လျက် ရှိသည်။ သူသည် နိုင်ငံရေးတက်ကြွလှုပ်ရှားသူ တစ်ဦးဖြစ်သလို သုတေသနပညာရှင်တစ်ဦးလည်းဖြစ်သည်။ ဆွီဒင်နိုင်ငံ၊ Uppsala တက္ကသိုလ်မှ ပါရဂူဘွဲ့ရရှိထားပြီး စာအုပ်များနှင့် ဆောင်းပါး အမြောက်အများအား ရေးသား ထုတ်ဝေခဲ့သည်။ ၂၀၀၇ ခုနှစ်တွင် မာတင်လူသာကင်း ဆုတံဆိပ်ကို ချီးမြှင့်ခံခဲ့ရသည်။

**နိုင်ဟံသာ**သည် မွန်ပြည်သစ်ပါတီ (NMSP) ၏ ဒုဥက္ကဋ္ဌတစ်ဦး ဖြစ်ပါသည်။ သူသည် ၁၉၆၈ ခုနှစ်တွင် မွန်ပြည်သစ်ပါတီသို့ဝင်ရောက်ခဲ့ပြီး မြို့နယ်အဆင့်၊ ခရိုင်အဆင့်နှင့် ဌာနချုပ်အဆင့်အသီးသီးတွင် တာဝန် အမျိုးမျိုးထမ်းဆောင်ခဲ့ဖူးပါသည်။ သူသည် NCCT ၏ ဒုဥက္ကဋ္ဌတစ်ဦးလည်း ဖြစ်ပြီး တိုင်းရင်းသား လူမျိုးများ စည်းလုံး ညီညွတ် ရေးကောင်စီ (UNFC) ၏ ဒုဥက္ကဋ္ဌ(၁)လည်း ဖြစ်ပါသည်။

**ဦးလှမောင်ရွှေ**သည်မြန်မာငြိမ်းချမ်းရေးစင်တာ (MPC)မှအထူးအကြံပေးအဖြစ်လည်းကောင်း၊ Myanmar Egress မှ ဒုဥက္ကဋ္ဌ တဖြစ်လည်း၊ ဆက်ဆံရေးဆိုင်ရာ ညွှန်ကြားရေးမှူးအဖြစ်လည်းကောင်း၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ကုန်သည်ကြီးများနှင့်စက်မှုလက်မှုလုပ်ငန်းများအသင်းချုပ် (UMFCCI)၏ဒုဥက္ကဋ္ဌအဖြစ်လည်းကောင်းတာဝန်ထမ်းဆောင်လျက်ရှိပါသည်။

**ဆရာကျော်သူ**သည် ၂၀၀၇ တွင် မြန်မာနိုင်ငံတွင်းမှ ပြည်တွင်းပြည်ပအဖွဲ့အစည်းများ ပူးပေါင်း၍ ယာယီ ဖွဲ့စည်းထားသည့် အရပ်ဖက်လူမှုပေါင်းကူးအဖွဲ့အစည်း (civil society strengthening initiative) ၏ ညွှန်ကြားရေးမှူးတစ်ဦးဖြစ်ပါသည်။ သူသည် မြန်မာနိုင်ငံဖွံ့ဖြိုးရေး နယ်ပယ်ကဏ္ဍတွင် ၁၅ နှစ်ကျော် လုပ်ငန်း အတွေ့အကြုံရှိသူဖြစ်သည်။

**ဦးဟန်ယောင်ဝေ**သည် Euro-Burma Office (EBO) ၏ အမှုဆောင်ဒါရိုက်တာဖြစ်သည်။ Euro-Burma Office (EBO) အား ၁၉၉၇ ခုနှစ်တွင် မြန်မာနိုင်ငံ ဒီမိုကရေစီတိုးတက်ရေးမြှင့်တင်ဆောင်ရွက်ရန် ရည်ရွယ်၍ ဘရာစဲလ်စ် (Brussels) တွင် စတင်ထူထောင်ခဲ့ခြင်းဖြစ်သည်။ EBO သည် ၁၉၉၀ ခုနှစ် တွင် တည်ထောင်ခဲ့ပြီး ၁၉၉၄ခုနှစ်တွင် တရားဝင်ပူးပေါင်းခဲ့သော ကနေဒါအခြေစိုက် ကိုယ်ကျိုးမဖက်သော အဖွဲ့အစည်း ဖြစ်သည့် Associates to Develop Democratic Burma, Inc (ADDB) မှ ချမှတ်သည့် လုပ်ငန်းဆောင်တာများကို အကောင်အထည်ဖော်ဆောင်သည့် အဖွဲ့အစည်းဖြစ်သည်။ ဦးဟန်ယောင်ဝေသည် ညောင်ရွှေစော်ဘွား၏ နောက်ဆုံးမျိုးဆက်ဖြစ်ပြီး ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ ပထမဦးဆုံး သမ္မတ ဦးစဝ်ရွှေသိုက်၏ သား တစ်ဦးဖြစ်ပါသည်။ သူသည် သတ္တုတူးဖော်ရေး အင်ဂျင်နီယာအထူးပြုဘာသာရပ်ဖြင့် ကျောင်းပြီးထားပြီး နိုင်ငံတကာ စီးပွားရေးနှင့် ဘဏ္ဍာရေး အထူးပြုဘာသာရပ်တွင် မဟာဝိဇ္ဇာဘွဲ့ရရှိထားသည်။ မြန်မာပြည်သို့ မပြန်လာခင် ပြည်ပတွင် နှစ်ပေါင်း(၄၈)နှစ်ကျော် အခြေချနေထိုင်ခဲ့သည်။

**ဗိုလ်ချုပ်ဆွမ်လွတ်ဂွန်မော်**သည် ၁၉၆၁ ခုနှစ်တွင် ဖွဲ့စည်းတည်ထောင်ခဲ့သော ကချင်လွတ်မြောက်ရေး အဖွဲ့အစည်း (Kachin Independence Organization (KIO)) ၏ စစ်ဦးစီးချုပ် ဖြစ်ပါသည်။ သူသည် မန္တလေးတက္ကသိုလ် ဘွဲ့ရတစ်ဦး ဖြစ်ပြီး ၁၉၈၆ ခုနှစ်တွင် KIO သို့ စတင်ဝင်ရောက်ကာ ရာထူးနေရာ အသီးသီးတွင် တာဝန် ထမ်းဆောင်ခဲ့သည်။ သူသည် NCCT အဖွဲ့ ဒုတိယခေါင်းဆောင်တစ်ဦးလည်း ဖြစ်ပါသည်။

**ဒေါ်လဖိုင်ဆိုင်းရော်**သည် အရပ်ဖက်လူမှုအသိုင်းအဝိုင်းအား ကျန်းမာရေးဝန်ဆောင်မှု၊ စိုက်ပျိုးရေး နှင့် ငြိမ်းချမ်းရေး စသည့် ကဏ္ဍများတွင် ပံ့ပိုးကူညီပေးရန် ရည်ရွယ်၍ ၁၉၉၇ ခုနှစ်တွင် ဖွဲ့စည်း ခဲ့သော မေတ္တာဖွံ့ ဖြိုးရေးဖောင်ဒေးရှင်း၏ ကနဦး တည်ထောင်သူ (founder) လည်းဖြစ်ပြီး ၎င်းအဖွဲ့အစည်း၏ အမှုဆောင် ဒါရိုက်တာဟောင်း တစ်ဦးလည်း ဖြစ်သည်။ သူမသည် ၁၉၉၇ ခုနှစ် မတိုင်ခင် နှစ်များတွင် တရုတ်-မြန်မာ နယ်စပ်မှ ပြည်တွင်း ရွှေ့ပြောင်းဒုက္ခသည်များ (IDP) များ အရေးတွင် လှုပ်ရှား ဆောင်ရွက်ခဲ့သည်။ ရန်ကုန် တက္ကသိုလ်မှ စိတ်ပညာအထူးပြုဘာသာရပ်ဖြင့် ဘွဲ့ရထားသူဖြစ်သည်။ ၂၀၁၃ ခုနှစ်တွင် ရေမွန် မဂ်ဆေးဆေး ဆု (Ramon Magsaysay Award) ကို လက်ခံရရှိခဲ့ပါသည်။



# အခန်း (၁)

## *"ဘာကြောင့်လဲ သိလား။ ယုံကြည်ချက်ပြင်းထန်တဲ့ သာမန်နိုင်ငံသားတွေဟာ စနစ်ကို ပြောင်းလဲပစ်နိုင်တယ်"*

ကျွန်မကို ကရင်ပြည်နယ်က ရွာလေးတစ်ရွာမှာ မွေးဖွားခဲ့တာပါ။ ကျွန်မအဖေက ကရင်စစ်တပ်မှာ တော်လှန်ရေးသမားတစ်ယောက်အနေနဲ့ တာဝန်ထမ်းဆောင်ခဲ့ပါတယ်။ အဖေ တာဝန်ကျတဲ့ နေရာတွေက တချိန်လုံးပြောင်းနေတော့ ကျွန်မတို့မိသားစုလေးလည်း မကြာခဏ ရွှေ့ပြောင်း နေထိုင်ခဲ့ရတယ်။ ကျွန်မမှာ ညီအစ်ကိုမောင်နှမ (၈) ဦး ရှိပြီး ကျွန်မကတော့ မွေးချင်း ထဲမှာ ၅ (ဦး) မြောက်ပါ။ ကျွန်မတို့ ညီအစ်ကို မောင်နှမတွေ အားလုံး ကရင်အဖွဲ့အစည်းအတွက်ပဲ လုပ်ကိုင်ကြတယ်။ ကျွန်မအစ်ကို နှစ်ယောက်က ကရင်စစ်တပ်ထဲဝင်ခဲ့ပြီး ကျွန်မရဲ့ ညီမတွေ၊အစ်မတွေ အများစုကတော့ ကရင်အမျိုးသား အစည်းအရုံး (KNU) ရဲ့ ထိန်းချုပ်နယ်မြေတွေမှာ ကျောင်းဆရာမအဖြစ် လုပ်ကိုင်ကြပါတယ်။

*(နော်စီဖိုးရာစိန်)*

ကျွန်တော်ကတော့ လွတ်လပ်တဲ့မိသားစုအတွင်းမှာ ကြီးပြင်းလာခဲ့သူပါ။ အကြောင်းကတော့ ကျွန်တော့် မိဘတွေက မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီအစိုးရ အုပ်ချုပ်မှုနဲ့ ဝေးတဲ့နေရာမှာ နေထိုင်ခဲ့ကြဖူးသူတွေ ဖြစ်နေ လို့ပါပဲ။ အဲ့ဒီခေတ်တုန်းက ပြည်သူတွေဟာ အစိုးရ ထောက်ခံချက်/အတည်ပြုချက်မပါရင် အနေကြပ်၊ အစားကြပ်ခဲ့တဲ့ ခေတ်ပေါ့။ ဒါပေမယ့် ကျွန်တော့်အဖေရဲ့ နိုင်ငံရေးနောက်ခံနဲ့ သူ့ သမိုင်းကြောင့် ကျွန်တော်တို့ မိသားစုလေးရဲ့ ဘဝက အများနည်းတူမဟုတ်ခဲ့ဘူး။ ကျောင်းဆရာဖြစ်တဲ့ ကျွန်တော့်အဖေက ကျွန်တော်တို့ကို စာဖတ်ဖို့နဲ့ ပညာသင်ကြား ဖို့ဟာ ကျွန်တော်တို့ရဲ့တာဝန်ပဲဖြစ်တယ်လို့

အမြဲပြောခဲ့တယ်။ ကျွန်တော့် ငယ်စဉ် ကလေးဘဝ တလျှောက်လုံးမှာ သူပြောလေ့ရှိတဲ့ စကားတစ်ခွန်းကတော့ "အားလုံးမှာ တာဝန်ကိုယ်စီရှိတယ်။ ဘယ်သူမှ ကိုယ့်တာဝန်ကို ရှောင်လွှဲလို့မရဘူး။ နိုင်ငံသားတစ်ယောက်အနေနဲ့ နိုင်ငံသား တာဝန် ရှိသလို၊ သား တစ်ယောက် အနေနဲ့လည်း မင်းမှာ သားတစ်ယောက်ရဲ့ တာဝန် ဆိုတာ ရှိတယ်။ ကျောင်းသား တစ်ယောက် အနေနဲ့လည်း မင်းမှာ ကျောင်းသားတာဝန်ရှိတယ်" ဆိုတာပါပဲ။

*(ဦးသံခဲ)*

ကျွန်တော်ကတော့ ရှေးရိုးဆန်တဲ့ မိသားစုကြီးတစ်ခုက ကြီးပြင်းလာခဲ့ရတဲ့သူပါ။ ကျွန်တော်က အငယ်ဆုံး ဖြစ်ပြီးတော့ ကျွန်တော့်အထက်မှာ အစ်ကိုတွေ ရှိတယ်။ ဒီလို မိသားစုမျိုးထဲမှာတော့ အစ်ကိုကြီးတွေဆိုတာ အရေးပါတဲ့နေရာမှာ ပါတယ်။ အငယ်တွေကို ဘယ်သူကမှ အရေး မလုပ် ဘူး။ ကျွန်တော်တို့အတွက် မျှော်မှန်းချက် (vision) တွေ၊ ရည်မှန်းချက် (ambition) တွေ ဆိုတာ မရှိဘူး။ ကိုယ့်ဘဝကို ပျော်ပျော်နေလို့ ရတယ်။ ဒါကြောင့်လည်း ကျွန်တော့်မှာ အနာဂတ် ရည်မှန်းချက်ဆိုပြီးတော့ ရေရေရာရာ မရှိခဲ့ဘူး။ ကလေးဘဝတုန်းကလည်း ကျွန်တော်တို့ ကလေးတွေအနေနဲ့ အိမ်အကူတွေကို ကိုယ့်အတွက် တစ်စုံတစ်ခု လုပ်ပေးဖို့ တောင်းဆိုခွင့်တွေ ဘာတွေလည်း မရှိခဲ့ဘူး။ ကျွန်တော်တို့က ကိုယ့်အား ကိုယ်ကိုးပြီးပဲ နေလာခဲ့ ကြရတာ။ ကျွန်တော်တို့ အဖေက ကျွန်တော်တို့ကို အလုပ်တွေလုပ်ခိုင်းတယ်။ သူက စမ်းသပ်လေ့လာရတာ ကို ကြိုက်တယ်။ ကျွန်တော်တို့ဆို ခြံထဲမှာ မြေတွေတူးရတယ်။ သူက ကျွန်တော် တို့ကို တစုံတရာ သင်ပေးဖို့ အမြဲကြိုးစားခဲ့ပေမယ့် ကျွန်တော်တို့ကလည်း အမြဲတမ်း ထွက်ပြေးခဲ့ ကြတယ်…။

*(ဦးဟန်ယောင်ဝေ)*

ကျွန်တော်ကတော့ ထိုင်းနိုင်ငံက အာရှနည်းပညာတက္ကသိုလ်မှာ ဖွံ့ ဖြိုးရေး ပညာရှင်အနေနဲ့ (၁၂) နှစ်ကျော် လုပ်ကိုင်ကျင်လည်ခဲ့တယ်။ ၁၉၉၆ ခုနှစ်မှာတော့ မြန်မာပြည် ပြန်လာပြီး ငါးလုပ်ငန်းဦးစီးဌာနနဲ့ အနီးကပ်လုပ်ကိုင်ခဲ့တယ်။ ကျွန်တော့် မူရင်း နောက်ခံ (background) က ငါးလုပ်ငန်းနဲ့ စိုက်ပျိုးရေး ဖွံ့ ဖြိုးစီမံ ဖြစ်တဲ့အတွက် ကျွန်တော့် လုပ်ငန်း အတွေ့အကြုံနဲ့ ပညာရေးအတွေ့အကြုံတွေက ကျွန်တော့်အတွက် အရမ်းအထောက်အကူဖြစ်ခဲ့တယ်။

*(ဦးတင်မောင်သန်း)*

ကျွန်တော် လက်ရှိ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ထဲမှာ ပါဝင်နေရတဲ့ အဓိကအကြောင်းအရင်း ကတော့ ကျွန်တော် ဟာ ချင်းအမျိုးသားတပ်ဦး (CNF) ရဲ့ အဖွဲ့ဝင် ဖြစ်ပြီး CNF က ကျွန်တော့်ကို ငြိမ်းချမ်းရေး လုပ်ငန်းစဉ်ထဲမှာ ပါဝင်ဖို့ လုပ်ငန်းတာဝန် ခန့်အပ်ထားတဲ့

အတွက်ကြောင့် ဖြစ်ပါတယ်။ ကျွန်တော့် အနေနဲ့လည်း အရင် ကတည်းက ဒီကဏ္ဍမှာ ပါဝင်ဆောင်ရွက်ဖို့ ဆန္ဒရှိခဲ့တဲ့အတွက် ကျွန်တော့်အတွက်တော့ ဒါဟာ အခွင့် အရေးကြီး တစ်ခုပဲလို့ ခံစားရပါတယ်။

*(ဒေါက်တာလျန်မှုန်းဆာခေါင်း)*

ကျွန်တော့်အဖေက ဗမာလူမျိုး စစ်စစ်ဖြစ်ပြီး အမေဘက်က အဖိုးကတော့ ရှမ်းလူမျိုး တစ်ဝက်ရောတယ်။ အဖေကတော့ စစ်မှုထမ်းဟောင်းတစ်ဦးပါ။ ကျွန်တော့်အဖေရဲ့ အလုပ်ကြောင့် ကျွန်တော်တို့ မိသားစုဟာ ပြည်တွင်း နေရာအနှံ့အပြားကို ပြောင်းရွှေ့ နေထိုင်ခဲ့ရဖူးတယ်။ ၁၉၇၄ ခုနှစ်ကနေ ၁၉၇၈ ခုနှစ်အထိ ရန်ကုန်တက္ကသိုလ်မှာ ဓာတုဗေဒ အထူးပြုဘာသာရပ် သင်ကြားခဲ့တယ်။ ဘွဲ့ရပြီးနောက်တော့ မိတ္ထီလာ ဘက်ကိုပြောင်းခဲ့တယ်။ အရင်က တခါမှ အစိုးရ ဝန်ထမ်းမလုပ်ဖူးဘူး။ ကျွန်တော့ အမျိုးသမီးက ပုဂ္ဂလိက စီးပွား ရေးလုပ်ငန်းရှင်တစ်ဦးဖြစ်ပြီးတော့ ကျွန်တော်လည်း စီးပွားရေး သမားတစ်ယောက် ဖြစ်လာ တယ်။

*(ဦးလှမောင်ရွှေ)*

ကျွန်မရဲ့ ငယ်ဘဝက ကျွန်မကို ဒီနေ့၊ ဒီနေရာရောက်အောင်တွန်းပို့ပေးခဲ့တာပါပဲ။ အဖေ့ကြောင့် ကျွန်မ ဒီနေ့ ဒီနေရာမှာရောက်နေတယ်ဆိုတာကိုလည်း မမေ့ပါဘူး။ စစ်အစိုးရ လက်ထက် ပြဿနာတွေအများကြီးနဲ့ ရင်ဆိုင်ခဲ့ရတဲ့အချိန်မှာ အာဏာမဲ့သူတွေ၊ ပြောရေးဆိုခွင့်မရှိသူတွေ၊ ဆုံးဖြတ်ချက်ချသူတွေနဲ့ အလှမ်းဝေး နေသူတွေက သူတို့ ယုံကြည်လေးစားရတဲ့ လူကြီးတွေ၊ ဝန်ကြီးတွေ၊ သင်းအုပ်ဆရာတွေနဲ့ သူတို့ရဲ့ ခေါင်းဆောင်တွေဆီကိုပဲ ချဉ်းကပ်ကြတယ်။ ကျွန်မအဖေရဲ့ အနေအထားဟာ အဲ့ဒီ့အတိုင်း ဖြစ်ခဲ့ပါတယ်။ အဖေဟာ ကချင်လူမှုအသိုင်းအဝိုင်းက သင်းအုပ်ဆရာတစ်ဦး ဖြစ်ခဲ့တဲ့အတွက်ကြောင့် လူတွေက အဖေ့ဆီ လာပြီး *"ကျွန်တော်တို့သားလေး ဗမာစစ်တပ်က စစ်သားအဖြစ်စုဆောင်းရေးမှာ ပါသွားပြီ။ သူက ငယ် ငယ်လေးပဲ ရှိသေးတယ်။ သူပြန်လွတ်လာအောင် တခုခုလုပ်ပေးလို့ မရဘူးလား"* ဆိုတာမျိုးတို့ *"ကျုပ်တို့ သားလေးကို KIO တွေ အဖြစ်စစ်သားစုဆောင်း သွားတယ်။ သားက အရမ်း ငယ်သေးတယ်။ KIO ခေါင်းဆောင်တွေနဲ့ စကားပြောကြည့်ပေးပြီး သူ့ကို ပြန်လွတ်လာအောင် လုပ်ပေးလို့ရမယ့် နည်းလမ်းလေး မရှိဘူးလား"* ဆိုပြီး အကူအညီတွေ ခဏခဏ လာတောင်းကြတယ်။ ဒါမျိုးတွေကို ကျွန်မတို့ မနက်စာ စားနေတဲ့အချိန်တို့ ဘာတို့မှာ ကြားနေကြပဲ။ ဧည့်သည် တွေက နေ့နေ့၊ ညညကို လာနေကြတာ။ အဲ့တုန်းက ကျွန်မဟာ (၁၀) နှစ်အရွယ် ကလေး တစ်ယောက်အနေနဲ့ ဧည့်သည်တွေကို ကော်ဖီတို့ လက်ဖက်ရည်တို့ ဧည့်ခံ ပေးရတာက

ကျွန်မတာဝန်ပေါ့။ ညှော်သည်တွေကို လက်ဖက်ရည်၊ ကော်ဖီ သွားညှော်ခံရင်း အဖေ့နား ထိုင်ပြီး သူတို့ပြောတာတွေကို အမြဲလိုလို အဆုံးထိသွားနားထောင်ဖြစ်တယ်။ ကျွန်မ အစ်မကတော့ အဲ့ဒါမျိုးတွေကို စိတ်ဝင်စားလေ့ မရှိဘူး။ ကျွန်မကတော့ သူတို့ စကား ဝိုင်းတွေကို အရမ်းစိတ်ဝင်စားခဲ့တာ။

*(ဒေါ်လထော်ဂျာနန်)*

ပြည်သူတွေအပေါ် အစိုးရရဲ့ မတရားဆက်ဆံမှုတွေကြောင့် ကျွန်တော်ကျောင်းနေအရွယ်က စပြီး အစိုးရ အပေါ် အင်မတန်မုန်းတီးခဲ့ပါတယ်။ အစိုးရက ပြည်သူတွေကို အထူးသဖြင့် တိုင်းရင်းသားတွေကို ဘယ်လို မတရားနှိပ်စက်နေတယ်ဆိုတဲ့ သတင်းဆိုးတွေကို ကြားခဲ့ရတယ်။ အဲ့လိုသတင်းတွေက ကျွန်တော် တို့တွေကို အံ့အားတုန်လှုပ်စေခဲ့တယ်။

*(ဆရာကျော်သူ)*

ကျွန်တော် (၄)တန်းကျောင်းသားအရွယ်လောက်မှာပဲ ကျွန်တော့် မျိုးချစ်စိတ်ဓာတ်တွေ နိုးကြား ထက်သန် ခဲ့တယ်။ အဲ့တုန်းက ကျွန်တော့်အသက်က (၁၂) နှစ်လောက်ပဲ ရှိဦးမယ်။ ၁၉၆၀ ခုနှစ်တုန်းကပေါ့။ မွန်အမျိုးသားတပ်ဦး (Mon People's Front) ရဲ့ သီချင်းတွေ၊ သတင်းစကားတွေကို မှတ်မိသေးတယ်။ အလယ်တန်း၊ အထက်တန်းရောက်တော့ အတန်းထဲမှာ ဗမာကျောင်းသား တွေလည်း ပါလာတယ်။ သူတို့က ကျွန်တော်တို့ကို "ဘုရားကျွန်" ဆိုပြီး ခေါ်ခဲ့တယ်။ အကြောင်းက အယုဒ္ဓယမင်းက မွန်နိုင်ငံတော် ဖြစ်ခဲ့တဲ့ သုဝဏ္ဏဘူမိကို သိမ်းပြီးတော့ မွန်လူမျိုးတွေကို ဘုရား ဆောက်ဖို့ ကျွန်တွေအဖြစ် ပုဂံကို ခေါ်လာခဲ့ဖူးတဲ့ အတွက် မွန်လူမျိုးတွေဟာ ဘုရားရဲ့ ကျွန်လူမျိုးတွေအဖြစ် ပေးတာခံခဲ့ရလို့ပါ။ ဗမာလူမျိုးတွေနဲ့ အထူးသဖြင့် လူလတ်တန်းစား (middle level) တွေက ကျွန်တော်တို့ကို "ဘုရားကျွန်" လို့ ခေါ်တာဟာ ကျွန်တော်တို့ လူမျိုးတွေကို စော်ကားလိုက်တာပါပဲ။ ကျောင်းသားဘဝကတော့ ကျွန်တော်တို့က မွန်သမိုင်းကြောင်း အကြောင်းကို အမြဲ ပြောဖြစ်ကြတယ်။ ကျွန်တော်တို့မှာ အစဉ်အလာကြီးတဲ့ သမိုင်းကြောင်းရှိခဲ့တယ်၊ ဘုရင်နိုင်ငံတော်ကြီး ရှိခဲ့တယ်ဆိုတာကိုလည်း သတိထားမိလာတယ်။ ကျွန်တော် စိုက်ပျိုးရေးဌာနမှာ ပြည်သူ့ဝန်ထမ်းအဖြစ် ဝင်လုပ်တုန်းက ဧရာဝတီတိုင်းက မြို့နယ်လေးတစ်ခုမှာ တာဝန်ကျတယ်။ အဲ့ဒီမှာရှိတဲ့ စေတီပုထိုးနာမည်တွေ၊ လမ်းတွေ၊ ရွာတွေ၊ မြို့နယ်လေးတွေရဲ့ နာမည်တွေအားလုံးက မွန်နာမည်တွေ ဖြစ်နေတယ်ဆိုတာကို သတိပြုမိခဲ့ရတယ်။ အဲ့ဒီနယ်ပယ် ဒေသတဝိုက်မှာနေတဲ့ ဗမာလူမျိုးတချို့က မွန်နတ်တွေကို ကိုးကွယ်နေကြတုန်းပဲ။ မွန်နိုင်ငံတော်ဟာ ဧရာဝတီတိုင်း တလျှောက်လုံးအထိ ကျယ်ပြန့်ခဲ့တယ်ဆိုတာကို အဲ့ဒီအချိန်ကမှ ကျွန်တော် သဘောပေါက်ခဲ့တယ်။ ဒါကြောင့် ကျွန်တော်

လည်း အစိုးရအလုပ်မှာ (၉) လ လောက်ပဲ ဝင်လုပ်ခဲ့ပြီးတော့ နောက်ပိုင်းမှာ မွန်ပြည်သစ်ပါတီနဲ့ အဆက် အသွယ်ရပြီး ဝင်ခဲ့တယ်။ အဲ့ဒီအချိန်က ကျွန်တော် အသက် (၂၀) အရွယ်ပဲရှိသေးတယ်။

*(နိုင်ဟံသာ)*

ကျွန်မက ကချင်လူမျိုးပါ။ ကျွန်မမိသားစုကိုယ်တိုင် ပြည်တွင်းစစ်ရဲ့ အကျိုးဆက်တွေခံစားခဲ့ရတယ်။ ဒါပေမယ့် ကျွန်မ အသက်အရွယ် နည်းနည်းရလာချိန်၊ အသက် (၄၀) လောက်မှ ဒီလူမှုရေးလုပ်ငန်းတွေမှာ စပြီးလှုပ်ရှားခဲ့တယ်။ ကျွန်မက တစ်ဦးတည်းသော သမီးပါ။ ကျွန်မအသက် (၁၀) လ အရွယ်မှာပဲ အဖေ ကွယ်လွန်ခဲ့တယ်။ ကျွန်မက ယောကျ်ားလေးတွေကြားမှာပဲ ကြီးပြင်းလာခဲ့တာပါ။ သူတို့တွေက နောက်ပိုင်းမှာ လက်နက်ကိုင်တော်လှန်ရေး ဝင်သွားကြပြီး အဲ့ဒီနောက်တော့ ကျွန်မမိသားစုဝင်တွေ ထောင်ထဲဝင်လိုက်၊ ထွက်လိုက်ဖြစ်ခဲ့တယ်။ ကျွန်မ မိသားစု ထဲမှာတော့ ကျွန်မတစ်ယောက်ပဲ အဆင့်မြင့် ပညာရေးကို ဆုံးခန်းတိုင်အောင် သင်ကြားခဲ့တာပါ။ အမေက ကျောင်းဆရာမပါ။ ငယ်ရွယ်စဉ်အချိန်မှာတော့ မျိုးချစ်စိတ်ဓာတ်တွေ နိုးကြားမှုရှိနိုင်ပေမယ့် သူတပါးကို ထိခိုက်လောက်တဲ့အထိ မဖြစ်ခဲ့ဘူးလို့ ကျွန်မ ထင်ပါတယ်။ ကျွန်မအသက် (၄၀) ရောက်တော့ တစုံတရာက ကျွန်မကို မျက်စိဖွင့်၊နားဖွင့်စေခဲ့တယ်။ အကြောင်းကတော့ အဲ့ဒီတုန်းက KIO ဥက္ကဋ္ဌက ကျွန်မကို *"မင်းအနေနဲ့ အကျိုးပြုနိုင်မယ့် အလုပ်တစ်ခုခု ဘာလုပ်ပေးနိုင်မလဲ"* လို့ မေးခဲ့တယ်။ ဒါနဲ့ ကျွန်မလည်း ထိုင်း-မြန်မာနယ်စပ်နဲ့ တရုတ်-မြန်မာနယ်စပ် တလျှောက် ခရီးထွက်ခဲ့ပြီး၊ နောက်တော့ သူ့ကို *"အိုကေ...ငါလုပ်ပေးနိုင်တဲ့အရာ တစ်ချို့တော့ရှိတယ်"* ဆိုပြီး ပြောလိုက်တယ်။ အဲ့ဒီနောက်မှာတော့ ကျွန်မအနေနဲ့ ပိုပြီး ထဲထဲဝင်ဝင် ပါဝင်လှုပ်ရှားလာ လေလေ...ပိုပြီးကြိုးစားအားထုတ်တဲ့၊စွမ်းဆောင်ရည်ရှိတဲ့ ပုဂ္ဂိုလ်တွေနဲ့ တွေ့လာလေလေပဲ။ ဒီနိုင်ငံဟာ လူကောင်းတွေ အများကြီးကို ဆွဲဆောင်နိုင်တဲ့ နိုင်ငံတစ်ခုပါ...။

*(လဖိုင်ဆိုင်းရော်)*

၁၉၆၈ ခုနှစ်၊ ကျွန်တော် (၁၆) နှစ် သားအရွယ်မှာ KNU ကို ပထမဦးဆုံး ဝင်ခဲ့တယ်။ ၁၉၇၁ ခုနှစ်မှာ ကျွန်တော် ငှက်ဖျားရောဂါရလာတော့ KNU ခေါင်းဆောင်က ကျွန်တော့်ကို ပညာဆက်သင်ဖို့ ပြန်ခိုင်းတယ်။ ဒါနဲ့ ကျွန်တော်လည်း ပညာရေးပိုင်းကို ဆက်လုပ်ခဲ့ပြီး စာမေးပွဲတွေလဲ အောင်ခဲ့ တယ်။ တက္ကသိုလ် (၂) နှစ်လောက် တက်ပြီးနောက်တော့ ၁၉၇၅ ခုနှစ်မှာ KNU ကို ဒုတိယ အကြိမ်ပြန်ဝင်ဖို့ ဆုံးဖြတ်ခဲ့တယ်။ အဲ့အချိန်တုန်းက အဖွဲ့အစည်းအတွက် အလုပ်လုပ်ပေးမယ့် သူက ရှားနေပြီး၊ လူတွေက တိုက်ခိုက်ရေးပိုင်းမှာပဲ စိတ်ဝင်စားကြတဲ့အချိန်ဖြစ်နေတော့ ကျွန်တော်က စစ်ဘက်ဆိုင်ရာထဲကိုမဝင်ဘဲ

နိုင်ငံရေးပိုင်းမှာပဲ ဝင်လုပ်ခဲ့တယ်။ ကျွန်တော် တော်လှန်ရေးဝင်လုပ်တာက အငြိုးအတေး တွေအတွက် ကလဲ့စားချေဖို့ မဟုတ်ဘဲ စနစ်ကို ပြောင်းလဲဖို့ရည်ရွယ်ချက်နဲ့ဖြစ်တယ်။ ဒါကျွန်တော့်အမြဲကိုင်စွဲထားတဲ့ခံယူချက်ပဲ။ ကျွန်တော့်အတွက်တော့ တော်လှန်ရေးလုပ်တယ် ဆိုတာ စနစ်ကို ပြောင်းလဲဖို့ နည်းလမ်းတစ်ခုဖြစ်တယ်။ သွေးကြွေးဆပ်ဖို့၊ လူတွေကို သတ်ဖို့ မဟုတ်ဘူး။ နှစ်ပေါင်း (၃၇) နှစ်လုံးလုံး ကျွန်တော်ဟာ မြို့နယ်အဆင့် ကနေ၊ ခရိုင်အဆင့်၊ ပြီးတော့ ဌာနချုပ်အဆင့်ဆင့်မှာ ရာထူးတာဝန်အမျိုးမျိုး ထမ်းဆောင်ခဲ့တယ်။

*(ပဒိုစောကွယ်ထူးဝင်း)*

မြစ်ကြီးနားမှာ ကောလိပ်တက်ပြီးတော့ ကျွန်တော် မန္တလေးတက္ကသိုလ် ပြောင်းခဲ့တယ်။ မန္တလေး တက္ကသိုလ် ရောက်တော့ မြန်မာနိုင်ငံတဝှမ်းက တက္ကသိုလ်၊ ကောလိပ်အသီးသီးက ကချင်ကျောင်းသား တချို့နဲ့ ဆုံဖြစ် တယ်။ အဲ့ဒီမှာ ကျွန်တော်တို့ကျောင်းသားအချင်းချင်း ကိုယ့်လူမျိုးတွေအတွက် ကိုယ်ဘာလုပ် ပေးသင့်လဲ ဆိုတာနဲ့ပတ်သတ်ပြီး ဆွေးနွေး တိုင်ပင်ဖြစ်ကြတယ်။ နောက်တော့ ကျွန်တော်တို့ကျောင်းသား အဖွဲ့ ငယ်လေး က *"ဟုတ်ပြီ၊ ငါတို့ တက္ကသိုလ်ပြီးရင် ကချင်လွတ်မြောက်ရေးအဖွဲ့ အစည်းထဲ ဝင်ကြမယ်"* ဆိုပြီး ဆုံးဖြတ် ခဲ့ကြတယ်။ ပြီးတော့ နှစ်တိုင်းနှစ်တိုင်း ကျောင်းသားတွေ ကျောင်းပြီး၊ဘွဲ့ရပြီဆိုတာနဲ့ ကိုယ့်ဂတိအတိုင်း လုပ်ခဲ့ကြတယ်။ အဲ့ဒီအချိန်က စစ်တက္ကသိုလ်ဆိုတာ မရှိသေးတော့ အခြေခံသင်တန်းကျောင်းနဲ့ပဲ စခဲ့ရ တယ်။ အဲ့ဒီမှာ ကျွန်တော်က မဆိုးပါဘူးဆိုပြီး စစ်ဘက်ဆိုင်ရာကို ဆက်သွားခဲ့တယ်။ KIO ဗဟို ကော်မတီအဖွဲ့ဝင်နဲ့ အဖွဲ့အစည်းရဲ့ တွဲဘက်အတွင်းရေးမှူးအဖြစ် လုပ်ဖူးတယ်။ ထောက်လှမ်းရေးရုံး မှာ လည်း တာဝန်ယူဖူးပြီး ခုချိန်မှာ နိုင်ငံခြား ဆက်ဆံရေးရုံး တာဝန်ခံအဖြစ် တာဝန်ယူထားပါတယ်။

*(ဗိုလ်ချုပ်ဆွမ်လွတ်ဂွန်မော်)*

ပြည်တွင်းစစ်ရဲ့ ဆိုးကျိုးဒဏ်တွေကို ခုထိ မြင်ယောင်မိတုန်းပဲ။ ကျွန်မတို့က ကချင်ပြည်နယ် မြို့တော်မှာ နေခဲ့ပြီး မိဘတွေရဲ့ ရင်အုပ်မကွာ စောင့်ရှောက်မှုအောက်မှာ ကြီးလာခဲ့တယ်။ ကျွန်မတို့မြို့ရဲ့ (၃) မိုင်ကျော် လောက်မှာ လက်နက်ကိုင်အဖွဲ့တွေရှိပြီး၊ လုံခြုံမှုမရှိလို့ မိဘတွက အဲ့ဒီဘက်တွေကို မသွားခိုင်းဘူး။ ပြီးတော့ ငယ်ငယ်ကဆို ကျွန်မက မိဘစကား အရမ်းနားထောင်ခဲ့တာ။ ပြည်တွင်းစစ်ကို တိုက်ရိုက်မကြုံခဲ့ရပေမယ့် သူ့ရိုက်ခတ်မှုကိုတော့ ခံစားခဲ့ရတယ်။ ကျွန်မတို့မှာ လွတ်လပ်မှု မရှိခဲ့ဘူး။ လွတ်လွတ်လပ်လပ် သွားလာခွင့် မရှိခဲ့ဘူး။

*(ဒေါ်လထော်ဂျာနန်)*

တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တွေ တိုက်နေတဲ့ အဓိကအကြောင်းအရင်းက ဆင်းရဲမွဲတေမှုကြောင့်လို့ လူအတော်များများက ယူဆထားကြတယ်။ သမိုင်းကို ပြန်လှေလာကြည့်ပါ။ ၁၉၄၈ ခုနှစ် ကျွန်တော်တို့နိုင်ငံ လွတ်လပ်ရေးရခါစ တိုင်းပြည်ရဲ့ စစ်မီးကို ပထမဆုံးမွေးခဲ့တဲ့ ကရင်လူမျိုးတွေဟာ အထူးချွန်ဆုံး လူမျိုးတွေ ဖြစ်ခဲ့ပါတယ်။ သူတို့က စစ်တပ်ကို ထိန်းချုပ်နိုင်ခဲ့တယ်။ စစ်တပ်အကြီးအကဲ၊ စစ်ဦးစီးချုပ်၊ လေတပ်ဦးစီးချုပ်၊ ရေတပ်ဦးစီးချုပ်တွေကြည့်လိုက်ရင် ကရင်လူမျိုးတွေချည်းပဲ။ ဆရာဝန်တွေ၊ သူနာပြုတွေမှာလည်း ကရင် လူမျိုးတွေချည်းပဲ။ ပြီးတော့ ရှမ်းလူမျိုးတွေကိုကြည့်မယ်ဆိုရင်လည်း ဟန်ယောင်ဝေရဲ့ အမေက မိဘုရား ဖြစ်ပြီးတော့ အဖေကလည်း တိုင်းပြည်မှာ ပထမဆုံး ရွေးကောက်ခံ ရတဲ့ သမ္မတတစ်ဦး။ သူတို့ နန်းတော်ကို သွားကြည့်ကြည့်ပါ။ သူတို့ကို ဆင်းရဲသားလို့ ထင်လို့လား။ ဆင်းရဲမွဲတေမှုဆိုတာ နှစ်ပေါင်း(၆၀)ကျော် ပြည်တွင်းစစ်ရဲ့ ရလဒ်တစ်ခုပဲ။

*(ဒေါက်တာလျှန်မှုန်းဆာခေါင်း)*

သမိုင်းကိုပြန်ကြည့်မယ်ဆိုရင် ကရင်တော်လှန်ရေးဟာ နယ်စွန်နယ်ဖျား ကျေးလက်ဒေသက စခဲ့တာ မဟုတ်ဘဲ မြို့ကြီးပြကြီးပေါ်က လူတွေ ဖိနှိပ်ခံရမှု၊ မတရားမှုတွေလိုမျိုး ခါးသီးတဲ့အတွေ့အကြုံကြောင့် ပေါ်ပေါက်လာခဲ့တာပါ။ မြို့ကြီးပြကြီးတွေကနေမှ တောၤတောင်တွေအထိ တော်လှန်ရေးက ပျံ့နှံ့ခဲ့တာပါ။ ဗမာစစ်တပ်ရဲ့ အဆက်မပြတ် ထိုးစစ်ဆင်မှုတွေကြောင့် ကရင်လူမျိုးတွေဟာ နှစ်ပေါင်း (၆၀) ကျော်ကြာ ကိုယ့်နေရပ်ကို စွန့်ပြီး ထွက်ပြေးခဲ့ကြရတယ်။ ဒုက္ခသည်တွေအဖြစ် နေထိုင်ခဲ့ကြရတယ်။ ဒါဟာ အင်မတန်မှ ခက်ခဲကြမ်းတမ်းခဲ့ပါတယ်။

*(နော်စီဖိုးရာစိန်)*

မွန်ပြည်သစ်ပါတီကို ၁၉၆၀ ပြည့်နှစ် အစောပိုင်းကာလမှာ တည်ထောင်ခဲ့ပြီး အဲ့ဒီအချိန်ကတော့ အတော် လေး အင်အားနည်းပါတယ်။ ကျွန်တော်တို့တွေဟာ အစားအသောက်ရဖို့အတွက်တောင် အတော်လေး ကြိုးစားခဲ့ရတယ်။ အစားအသောက်တစ်ခုတည်းအတွက် စပါးစိုက်ခဲ့ရတယ်။ ကောက်ရိတ်ခဲ့ရတယ်။ နွားတွေ၊ ဘဲတွေ မွေးခဲ့ရတယ်။ အဲ့ဒီအချိန်က ကျွန်တော်တို့မှာ ယူနီဖောင်းတစ်စုံပဲ ရှိခဲ့တယ်။ ကျွန်တော်တို့ အတွက်တော့ အဲ့ဒီဝတ်စုံဟာ ရတနာ တစ်ပါးပါပဲ။

*(နိုင်ဟံသာ)*





*"ကျွန်တော်တို့ ဘာကြောင့် လက်နက်ကိုင်ခဲ့၊ တော်လှန်ရေးလုပ်ခဲ့ရတာလဲ"* ဆိုတာ အတိုချုပ်ပြီး ပြောရမယ် ဆိုရင်တော့ ပင်လုံစာချုပ်သဘောတူညီချက် ကတိကဝတ် ဖောက်ဖျက်ခဲ့တဲ့ အတွက်ကြောင့်ပါပဲ။ ခုချိန်ထိ လည်း မြန်မာအစိုးရက တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေအပေါ် အချုပ်အခြာအာဏာကို စိန်ခေါ်နေတဲ့ အဖွဲ့အစည်းတွေလို့ပဲ ယူဆထား ကြတယ်။ သူတို့က ကျွန်တော်တို့ကို လက်မခံဘူး။

*(ဗိုလ်ချုပ်ဆွမ်လွတ်ဂွန်မော်)*

ကျွန်တော်တို့က ကိုယ့်စာပေနဲ့ ယဉ်ကျေးမှုကို မြှင့်တင်ချင်တယ်။ သူများတွေလိုပဲ ကိုယ့်လူမျိုးတွေကိုလည်း တိုးတက်စေချင်တယ်။ ဒါပေမယ့် စစ်မတိုက်ဘဲနဲ့ ဒီနှစ်မျိုးလုံးကို မရနိုင်ဘူး။ ကျွန်တော်တို့တော်လှန် နေတာက သွေးကြွေးဆပ်ဖို့ ရည်ရွယ်ချက်ကြောင့် မဟုတ်ဘူး။ ကျွန်တော်တစ်ဦးတည်း အမြင်ကတော့ ကျွန်တော်တို့ ကရင်လူမျိုးတွေနဲ့ ဗမာလူမျိုးတွေဟာ အတူယှဉ်တွဲ နေထိုင်နိုင်အောင် ကြိုးစားရမယ်။ အဲ့ဒီအတွက်လည်း ကျွန်တော်တို့တွေ တွေ့ဆုံပြီး အပြန်အလှန် ဆွေးနွေးရမယ်။ ဒါကြောင့်လည်း ကျွန်တော် ဒီငြိမ်းချမ်းရေး လုပ်ငန်းစဉ်ထဲမှာ ပါဝင်ဖြစ်တာပါ။ ကျွန်တော့်အတွက်တော့ ငြိမ်းချမ်းရေးဆိုတာ တရားမျှတမှုအပေါ်မှာပဲ အခြေခံတယ်။ တရားမျှတမှုမရှိဘဲနဲ့ ငြိမ်းချမ်းရေးဆိုတာ မရနိုင်ဘူး။ တရားမျှတမှုဆိုတာဟာ ကိုယ့်မှာရှိသင့်ရှိထိုက်တဲ့ အခွင့်အရေးတွေ၊ ရပိုင်ခွင့်တွေ ရရှိခံစားနိုင်တာကို ဆိုလိုတာပါ။ ဥပမာ-ကျွန်တော်တို့ ကရင်လူမျိုးတွေအနေနဲ့ကတော့ ကိုယ့်ကြမ္မာကိုယ်ဖန်တီးနိုင်တဲ့ အခွင့်အရေး ရှိရမယ်၊ ကြီးပွား အောင်မြင်တဲ့လူမျိုးတွေဖြစ်ရမယ်၊ ကိုယ့်မိခင်ဘာသာစကားနဲ့ သင်ကြားနိုင်ရမယ်ဆိုတဲ့ အဓိပ္ပါယ်ကို ဆိုလိုတာပါ။

*(ပဒိုစောကွယ်ထူးဝင်း)*

ကျွန်တော့်အမြင်အရပြောရမယ်ဆိုရင်တော့ ကျွန်တော့်မိသားစုဟာ နိုင်ငံရေးထဲမှာပါဝင်ခဲ့ပြီး ၁၉၆၂ ခုနှစ် စစ်တပ်အာဏာသိမ်းလိုက်တဲ့အချိန် ကျွန်တော်တို့ဟာ လူမှုအသိုင်းအဝိုင်းရဲ့ ထိပ်သီးပိုင်းကနေ အောက်ဆုံး အဆင့်ကို ညတွင်းချင်း ပြောင်းသွားခဲ့တယ်။ စစ်တပ်အာဏာသိမ်းပြီးနောက်ပိုင်းမှာ ကျွန်တော့် မိတ်ဆွေ သူငယ်ချင်းတွေတောင် ကျွန်တော်တို့နဲ့ အဆက်အဆံ သိပ်မလုပ်ကြတော့ဘူး။ အားလုံးက စိုးရိမ်ကြ၊ ကြောက်လန့်ကြတယ်...။ ကျွန်တော်တို့နဲ့တွဲတာ လူမြင်သွားရင် သူတို့အပေါ် ဘယ်လိုအကျိုးဆက်တွေ ရှိ လာမယ်ဆိုတာမသိနိုင်တဲ့အတွက်ကြောင့်လဲ ပါတယ်။ ဒါကြောင့် ကျွန်တော်တို့က ရုတ်ချည်းဆိုသလို အပယ်ခံဘဝရောက်သွားတယ်။ အဲ့ဒီအချိန်က ကျွန်တော် အသက် (၁၄) နှစ် အရွယ်ပဲ ရှိသေးတယ်။ အဲ့ဒီတုန်းကအဖြစ်အပျက်တွေဟာ ကျွန်တော့်ကို နာကျည်းမုန်းတီးမှုတွေပြည့်နေတဲ့ လူတစ်ယောက်အဖြစ် ပြောင်းလဲပစ်ခဲ့တယ်။ ကျွန်တော် အရမ်းလဲ

ဒေါသထွက်ခဲ့ရတယ်။ အဲ့အချိန်က ဘယ်သူ့ကိုမဆို သတ်ဖို့ ဝန်မလေးတဲ့အထိ ဖြစ်ခဲ့တယ်။ ကျွန်တော် ကနေဒါနိုင်ငံကို ရွှေ့ပြောင်း နေထိုင်သူတစ်ယောက်အနေနဲ့ စပြီး ရောက်တဲ့အချိန် ကျွန်တော် ပထမဆုံးလုပ်ရတဲ့အလုပ်က ဓာတ်ဆီဆိုင် မှာ ဆီဖြည့်ပေးရတဲ့အလုပ်ပါ။ အဲ့အချိန်က ကျွန်တော် *"တကယ်လို့ ဗမာပြည်က လူတစ်ယောက် ယောက်က ငါ့ကို မြင်သွားရင် ဘယ်လိုလုပ်မလဲ၊ တော်တော်ရှက်စရာကောင်းမှာပဲ"*ဆိုပြီးအရမ်းစိုးရိမ်မိခဲ့တယ်။ ကျွန်တော့် သဘောထား အမြင်တွေကတော့ မပြောင်းလဲခဲ့ဘူး။

*(ဦးဟန်ယောင်ဝေ)*

ကျွန်မ မိဘတွေက ကရင်လူမျိုးတွေရဲ့ ရုန်းကန်နေရတဲ့ဘဝအကြောင်းတွေကို ကျွန်မတို့ကို အမြဲပြောပြ တဲ့အတွက် ကျွန်မတို့စိတ်ထဲမှာ ကိုယ်တွေဟာ ရုန်းကန်နေရတဲ့ဘဝထဲမှာဆို တဲ့အသိအမြဲရှိခဲ့တယ်။ ကျွန်မတို့ဟာ ဗမာအစိုးရရဲ့ ဖိနှိပ်အုပ်ချုပ်မှုအောက်မှာ ကြီးပြင်း လာရတဲ့အတွက် ဆင်းရဲမွဲတေတဲ့ဘဝမှာ နေနေရတာ။ ပိုင်ဆိုင်မှု ပစ္စည်းတွေ၊ မြေယာ တွေလည်း မရှိဘူး။ တချိန်လုံး တစ်နေရာပြီးတစ်နေရာ ပြောင်းရွှေ့နေနေ ရတယ်ဆိုပြီး နားလည်ထားတယ်။ ဒါပေမယ့် မိဘတွေက *"တနေ့တော့ ငြိမ်းချမ်းရေးနဲ့ လွတ်လပ်မှုတွေကို ရလာလိမ့်မယ်... အဲ့အချိန်ကျမှ ငါတို့တွေ ဘဝကို ပျော်ပျော်ရွှင်ရွှင်ဖြတ်သန်းနိုင်မယ်"*ဆိုပြီး အမြဲပြောလေ့ရှိတယ်။ ဒါကြောင့် ကျွန်မတို့ ငယ်ငယ်လေးတည်းက ခေါင်းထဲမှာ တနေ့တော့ တရားမျှတမှု၊ တန်းတူညီမျှမှုတွေ ရှိလာပြီး ငါတို့လည်း နိုင်ငံတော် (nation) တစ်ခုရဲ့ အနှစ်သာရရှိတဲ့ ဘဝကို ရရှိလာလိမ့်မယ်ဆိုတာ ကို ယုံကြည်ထားခဲ့တယ်။ ကျွန်မတို့ မျှော်လင့်တောင့်တနေတာ ဒါပါပဲ။ ဒါဟာ ကျွန်မတို့မက်ခဲ့တဲ့ အိပ်မက်၊ ကျွန်မတို့ မျှော်မှန်းထားခဲ့တဲ့အရာပါ။ ခုထိလည်း ဒီအတိုင်း ပါပဲ။

*(နော်စီဖိုးရာစိန်)*

ရန်ကုန်မှာ ၁၉၈၈ ခုနှစ် အရေးခင်း လူသတ်ပွဲကြီးဖြစ်တုန်းက၊ ချင်းလူမျိုး သူငယ်ချင်း တစ်ယောက်က ကျွန်တော့်ကို *"ကျော်သူ...ဒါဟာ မင်းအတွက်တော့ ပထမဦးဆုံးအတွေ့ အကြုံပေါ့၊ဒါပေမယ့် ငါတို့တွေ အတွက်ကတော့ ဒါမျိုးတွေဟာ ရိုးနေပြီ။ ငါတို့ဒေသတွေမှာ သူတို့က အချိန်မရွေး ဒေသခံတွေကို ပစ်သတ် နိုင်တယ်"* ဆိုပြီး ပြောပြဖူးတယ်။ သူက *'ဗမာ'*နဲ့ *'အစိုးရ'*ဆိုတဲ့ ဝေါဟာရကို အမြဲ ရောရောပြောတယ်။ သူတို့အနေနဲ့ ဘာကြောင့် ခွဲခြားဖို့ ခက်နေသလဲဆိုတာကိုလည်း ကျွန်တော် နားလည်ကြည့်လို့ရပါတယ်။ သူတို့တွေအပေါ် ဗမာတွေက မကောင်းတာတွေလုပ်တယ်။ ဒီတော့ ကျွန်တော်က ကျွန်တော့်သူငယ်ချင်းရဲ့ ခံစားချက်တွေကို ပြောင်းလဲသွားအောင် ကောင်းရာကောင်းကျိုး တစ်ခုခုလုပ်ပေးချင် တယ်။ *'၈၈ အရေးခင်း အကြမ်းဖက်နှိမ်နင်းမှု'* အပြီးမှာ ကျွန်တော့်

သူငယ်ချင်းတွေအတော်များများ ပျောက်သွားတယ်။ တချို့တွေ လည်း ထောင်ကျပြီး တချို့ကျတော့လည်း နယ်စပ်ဒေသတွေဆီ ထွက်ပြေး ခိုလှုံသွားတယ်။ သူတို့တွေ ပြည်ပမှာ ခိုလှုံနေချိန်မှာ ဒုက္ခရောက်တဲ့အကြောင်းတွေ ကြားရတာ အတော်လေး စိတ်ဓာတ်ကျဖို့ ကောင်း တယ်။

*(ဆရာကျော်သူ)*

၁၉၈၈ခုနှစ်ထိ ကျွန်တော်တို့က ကိုယ့်မြို့လေးမှာ ကိုယ့်ဘဝနဲ့ကိုယ် နေနေခဲ့ကြတယ်။ ကျွန်တော်က အဲ့အချိန် မန္တလေးမှာ ဆေးကျောင်းတက်နေပြီး ကျွန်တော့်အစ်ကိုကတော့ ရန်ကုန်နည်းပညာတက္ကသိုလ်မှာ နည်းပညာဘာသာရပ်ကိုသင်နေတယ်၊ ကျွန်တော့်ညီက တော့ မန္တလေး ဝိဇ္ဇာ၊ သိပ္ပံတက္ကသိုလ်မှာ ပညာ သင်နေတယ်။ ကျွန်တော့်မိဘတွေကတော့ သူတို့စိတ်ကူးအိပ်မက်ခဲ့တဲ့အတိုင်း သားသမီးတွေ အသီးသီးက တက္ကသိုလ်မှာ ပညာသင် နေကြတယ်ဆိုတော့ အရမ်းကျေနပ်အားရနေခဲ့တာပေါ့။ ဒါပေမယ့် ၁၉၈၈ ခုနှစ် နောက်ပိုင်း မှာတော့ သူတို့ အိပ်မက်ကလေး ပျက်ပြယ်ခဲ့ပါတယ်။ ကျွန်တော်တို့ နားလည် သဘောပေါ က်ခဲ့ တာက ဒီမိုကရက်တစ်လှုပ်ရှားမှုကြီးက ကျွန်တော်တို့ကို လိုအပ်နေပြီဆိုတာပါပဲ။ ကျွန်တော်တို့က ခေါင်းဆောင်တွေမဟုတ်ဘူး။ သူရဲကောင်းတွေ မဟုတ်ဘူး။ ဒါပေမယ့် ဒီမိုကရက်တစ် လှုပ်ရှားမှုအတွက် ကျွန်တော်တို့မှာ တာဝန်ရှိတယ်။ အဲ့ဒီအချိန်ကစပြီး ကျွန်တော်တို့ မိသားစုလေးဟာ သာမာန်မိသားစု ဘဝလေးကို ပြန်မရတော့ဘူး။ ဒီနှစ်ပေါင်း ၂၅ နှစ် အတွင်းမှာ ကျွန်တော့် အဖေဟာ နှစ်ရှည်ထောင်ဒဏ် ကျခံခဲ့ရတယ်။ သူထောင် ကလွတ်ပြီး မကြာခင်မှာပဲ ဆုံးပါးသွားခဲ့တယ်။ ကျွန်တော့်အမေလည်း သူ့ တာဝန်ကနေ အရွယ် မတိုင်ခင် ပင်စင်ယူဖို့ ဖိအားပေးခံခဲ့ရတယ်။ ကျွန်တော်တို့ ညီအစ်ကို (၃) ဦးစလုံးလည်း အာဏာပိုင်တွေကြောင့် တက္ကသိုလ်အသီးသီးက ရာသက်ပန်ကျောင်းနား ခဲ့ရပြီးတော့ စာသင်ခန်းကို ဘယ်တော့မှ ပြန်မတက်နိုင်တော့ဘူး။ ကျွန်တော်တို့ဟာ နောင်တတွေနဲ့ ခါးသီးမှုတွေကို ခံစားရမယ့်အစား ကျွန်တော်တို့ ရွေးချယ်မှုအတွက် ကျွန်တော်တို့တွေ ဘယ်တော့မှ နောင်တကြီးကြီးမားမား မရခဲ့ဖူးဘူး။

*(ဦးသံခဲ)*

၁၉၈၈ ခုနှစ် ကုန်ပိုင်းလောက်မှာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကို ဖွဲ့စည်းထူထောင်ခဲ့တာ ဖြစ်ပြီးတော့ ၁၉၈၉ ခုနှစ်ထဲမှာတော့ ကျွန်တော်အဖွဲ့ချုပ်ထဲကို ဝင်ခဲ့ပါတယ်။ အဲ့အချိန်က ဒေါ်အောင်ဆန်းစုကြည် အကြောင်းကို ကျွန်တော်သိပ်မသိခဲ့ဘူး။ ကျွန်တော်က လူထုကို ထောက်ခံအားပေးချင်တာရယ်၊ မြန်မာ နိုင်ငံကို ဒီမိုကရေစီနိုင်ငံတစ်ခုဖြစ်စေချင်ခဲ့တာရယ် အတွက်ကြောင့် အဖွဲ့ချုပ်ထဲကို ဝင်ခဲ့တာပါ။ ၁၉၉၀ ခုနှစ်မှာတော့ ကျွန်တော် NLD ရဲ့

မြို့နယ် ပူးတွဲအတွင်းရေးမှူးဖြစ်ခဲ့တယ်။ အဲ့ဒီအချိန်က လူတွေက မျှော်လင့် ချက်တအား ထားခဲ့ကြတယ်။ သူတို့က ဒီမိုကရေစီရဲ့ အနှစ်သာရကို ခံစားချင် ကြတယ်။ ဒေါ်အောင်ဆန်း စုကြည် နိုဘယ်ဆုရတဲ့အချိန်မှာ ကျွန်တော်လည်း အတော်လေးကို ဝမ်းသာခဲ့မိပါတယ်။ နိုဘယ်ဆုပေးပွဲ ကော်မတီက *"ဒီဆုဟာ ဒေါ်အောင်ဆန်းစုကြည်အတွက်သာမက ဒီမိုကရေစီလိုလားသူ လူထုအားလုံး၊ ၁၉၈၈ ခုနှစ်မှာ တိုက်ပွဲဝင်ခဲ့သူအားလုံးကို ချီးမြှင့်တဲ့ဆု ဖြစ်ပါတယ်"* လို့ ကြေငြာသွားခဲ့တယ်။ ကျွန်တော် လည်း ကျွန်တော်တို့ခေါင်းဆောင်ကို ဂုဏ်ပြုလွှာ မူကြမ်းတစ်စောင်တောင် ရေးခဲ့သေးတယ်။ အဲ့နောက်ပိုင်း မကြာပါဘူး... ကျွန်တော် အဖမ်းခံလိုက်ရတယ်။ ဒါကြောင့် ၁၉၉၀ ကနေ ၁၉၉၂ ခုနှစ်အထိ မိတ္ထီလာ ထောင်မှာ ကျွန်တော်နေခဲ့ရတယ်။ ကျွန်တော်တို့ (၁၆) ယောက်လုံး ကြိုးတစ်ကြိုးတည်းနဲ့ တုပ်တာခံရဖူးတာ မှတ်မိသေးတယ်။ ခုချိန်ထိလည်း ထောင်ထဲက ကျွန်တော့်အပေါင်းအသင်း တွေနဲ့ ရင်းရင်းနှီးနှီး ရှိနေတုန်း ပါပဲ။ ၁၉၉၂ ခုနှစ်မှာ ကျွန်တော် ထောင်က လွတ်လာတယ်။ ကျွန်တော့် အမျိုးသမီးက ကျွန်တော့် အတွက် အရမ်း စိတ်ပူခဲ့တယ်။ ကျွန်တော် ထောင်ကမလွတ်ခင်မှာဘဲ သူက ကျွန်တော်တို့ ရန်ကုန်ကို ပြောင်း သင့်ပြီလို့ ဆုံးဖြတ်ခဲ့တယ်။ ကျွန်တော်ထောင်ထဲရောက်နေစဉ် အတောအတွင်း တစ်နှစ်ကျော်လောက်အထိ ကျွန်တော့်မိသားစုက ကျွန်တော့်ကို ထောင်ထဲမှာ လာမတွေ့နိုင်ခဲ့ဘူး။

*(ဦးလှမောင်ရွှေ)*

ကျွန်မတို့လိုလားတဲ့ ငြိမ်းချမ်းရေးဆိုတာ တရားမျှတမှုရှိတဲ့ ငြိမ်းချမ်းရေးဖြစ်တယ် ဆိုတာကို ကျွန်မတို့ အမြဲတမ်းကြွေးကြော်နေခဲ့တယ်။ ဒါကြောင့် ကျွန်မတို့ အနေနဲ့ မြန်မာနိုင်ငံမှာရှိတဲ့ လူတိုင်းရဲ့ ဘဝမှာ တရားမျှတမှုခံစားရတာကို မြင်ချင်ပါတယ်။ အကြောင်းကတော့ ကျွန်မကြီးပြင်းလာတဲ့တလျှောက်၊ ဆယ်ကျော်သက် အရွယ်မှာရော၊ ကောလိပ်ကျောင်း သူဘဝမှာရော၊ လုပ်ငန်းခွင်ထဲမှာပါ ဒီနိုင်ငံက လူတွေ ကို လေ့လာကြည့်ပါ... အထူးသဖြင့် တိုင်းရင်းသားလူနည်းစုတွေဟာ ခရစ်ယာန်တွေ ဖြစ်နေကြတဲ့ အတွက် တန်းတူညီမျှအခွင့် အရေးမခံစားခဲ့ရဘူး။ ကျွန်မတို့တွေဟာ ဗမာလူမျိုးမဟုတ်တဲ့အတွက် တန်းတူညီမျှ အခွင့်အရေးကို မခံစားခဲ့ရဘူး။ ဒါကို ကျွန်မဘဝတလျှောက်လုံးမှာ တွေ့ကြုံလာခဲ့ရပြီးပါပြီ။ ဒါဟာ ကျွန်မ နလုံးသားထဲမှာ ခံစားနေရတဲ့အရာလို့ထင်ပါတယ်။ ကျွန်မဟာ တက်ကြွ လှုပ်ရှားသူ တစ်ဦးမဟုတ်ပါဘူး။ ကျွန်မတို့က မတရားမှုတွေကို ဖော်ထုတ်ပြောကြားတာမျိုး သိပ်မလုပ်ခဲ့ကြဘူး။ အမှန်က ဒီလိုလုပ်ခြင်း အားဖြင့်သာ တရားမျှတမှုနဲ့ ငြိမ်းချမ်းမှုကို ရရှိမှာဖြစ်တယ်။ ဒါဟာ ကျွန်မ ရှေ့ဆက် ရမယ့် ခြေလှမ်းအတွက် ခွန်အားတွေပါပဲ။

*(ဒေါ်လထော်ဂျာနန်)*

ကိုယ်သင်ယူခဲ့ရတဲ့ သင်ခန်းစာတွေက နာကျင်စရာကောင်းတယ်။ ကျွန်တော့် သူငယ်ချင်း တိုင်းရင်းသား တွေက ဗမာတွေအပေါ် အဆိုးမြင်ကြတဲ့အခါမှာ အင်မတန် ဝမ်းနည်းရပါတယ်။ အဲ့ဒီလိုမျိုးခံစားချက်ကနေ ရုန်းမထွက်နိုင်ပါဘူး။ ခင်ဗျားဟာ ဗမာလူမျိုးတစ်ဦးဆိုရင် သူတို့ရဲ့အမြင်တွေဟာ ချုံငုံပြီးပြောလိုက်တဲ့ အမြင်တွေ၊ အစွဲတွေဖြစ်တဲ့အကြောင်းတွေကို ခင်ဗျားကိုယ်တိုင်လက်တွေ့ ပြဖို့ လိုတယ်။ အရိုးသားဆုံး ပြောရရင်တော့ ဗမာလူများစုကို ကိုယ်စားပြုနေတဲ့ နိုင်ငံရေးအဖွဲ့အစည်းတွေဟာ တိုင်းရင်းသား လက်နက် ကိုင်အဖွဲ့တွေနဲ့ တိုင်းရင်းသားလူမျိုးစုတွေရဲ့ သဘောထားအမှန်တွေ၊ ခံစားချက်တွေကို အတော်လေး လျစ်လျူရှုထားကြတယ်။ ဒါဟာ အတော်လေး ကြီးမားနေတဲ့ ကွာဟချက် ကြီးပါ။ ပြီးတော့ တိုင်းရင်းသားတွေ ဘက်ကလည်း သာမန်လူတန်းစားဗမာလူမျိုးနဲ့ အာဏာရှိပုဂ္ဂိုလ်လူတ န်းစားတွေကို အမြဲတမ်းရောပြီး မြင်ကြတယ်။

*(ဆရာကျော်သူ)*

# အခန်း (၂)

## *"ငြိမ်းချမ်းရေးလုပ်ငန်းစဉ်လို့ပြောလိုက်ရင် လူတွေက လွန်ခဲ့တဲ့နှစ်နှစ်ကမှ စခဲ့တဲ့လုပ်ငန်းစဉ်လို့ ပြေးမြင်ကြတယ်။ ဒါပေမယ့် အမှန်တကယ်က ငြိမ်းချမ်းရေးလုပ်ငန်းစဉ်စခဲ့တာ အချိန်အတော်လေး ကြာခဲ့ပါပြီ"*

၁၉၇၀ကျော်နှောင်းပိုင်းနဲ့ ၁၉၈၀ကျော် အစောပိုင်းကာလတုန်းက ကျွန်မအဖေနဲ့ အသင်းတော်က ဘာသာရေးခေါင်းဆောင်၊ အကြီးအကဲတွေက *"ငါတို့တော့ ဒီအတိုင်းဆက်နေဖို့ ဘယ်လိုမှ မဖြစ်နိုင် တော့ ဘူး။ တစုံတခုတော့ လုပ်မှ ဖြစ်တော့ မယ်။ တိုက်ခိုက်တာဟာ အဖြေတစ်ခုမဟုတ်ဘူး"*ဆိုပြီး ဆိုလာကြ တယ်။ အဲ့ဒီအချိန်က ကျွန်မအသက် ၁၂-၁၃ နှစ်အရွယ်လောက်ပဲ ရှိအုံးမယ်။ အဲ့ဒီနောက် ကျွန်မအဖေဟာ သာမာန် သွားနေကြ ဘုရားကျောင်းအမှုဆောင်အလုပ်အတွက်မဟုတ်ဘဲ ငြိမ်းချမ်းရေးမစ်ရှင်နဲ့ ခရီးတွေ စထွက်ခဲ့တယ်။ အဲ့အချိန်ကစပြီး အဖေက ခရီးအရမ်းထွက်တယ်။ ကျွန်မ မှတ်မိတာက စစ်ကားတစ်စီး သူ့ကိုလာလာကြိုတာပဲ သိတယ်။ သူဘယ်သွားလဲ ဆိုတာ ကျွန်မတို့ကို မပြောပြတော့ ကျွန်မတို့လည်း သူဘယ်သွားလို့ဘယ်လာမှန်းမသိဘူး။ အဲ့ဒီအချိန်က ငြိမ်းချမ်းရေးအလုပ်ဆိုတာ အင်မတန် သိမ်မွေ့ပြီး၊ အများခံလို့ မဖြစ်တဲ့ အလုပ်တစ်ခုပါ။ အဲ့တုန်းက ကျွန်မတို့စိတ်ထဲမှာ *"စစ်ကားကတော့ အဖေ့ကို လာကြိုနေပြီ၊ ဘယ်တော့မှ ပြန်လာမလဲ မသိဘူး"*ဆိုတဲ့ အတွေးတွေနဲ့ပဲ ကျန်ရစ်ခဲ့ကြတယ်။

*(ဒေါ်လထော်ဂျာနန်)*

KIO ကို ၁၉၆၁ ခုနှစ်မှာ စတင် တည်ထောင်တဲ့အချိန်ကတည်းက *"ကျွန်တော်တို့ဟာ ညှိနှိုင်း ဆွေးနွေးရေးကို လုပ်ကိုလုပ်ရမယ်"* ဆိုတဲ့ မူဝါဒရှိတယ်။ ဒါကြောင့် KIO အနေနဲ့ မြန်မာအစိုးရနဲ့ အကြိမ်ပေါင်းများစွာ ဆွေးနွေးညှိနှိုင်းခဲ့တယ်။ ၁၉၆၀ ပြည့်နှစ်တွေနဲ့ ၁၉၇၀ ပြည့်နှစ်တွေအတွင်းမှာ (၄) ကြိမ်လောက် ဆွေးနွေးခဲ့ဖူးတယ်။ ၁၉၈၁ ခုနှစ်မှာတော့ ကွယ်လွန်သူ ဥက္ကဋ္ဌ ဘရန်ဆိုင်း၊ ဥက္ကဋ္ဌဟောင်း ဦးဇောင်မိုင်နဲ့ လက်ရှိ ဥက္ကဋ္ဌဦးဇောင်း ခရားတို့ဟာ ဦးနေဝင်းအစိုးရနဲ့ ရန်ကုန်မှာ ဆွေးနွေးညှိနှိုင်းမဲ့အဖွဲ့ထဲမှာ ပါခဲ့တယ်။ အဲ့အချိန်က KIO ဟာ ကိုယ့်ကြမ္မာကိုယ်ဖန်တီးရေး (self-determination) အတွက်တောင် မတောင်းဆို သေးပါဘူး။ ဒါပေမယ့် သူတို့က *"ကျွန်တော်တို့ အနေနဲ့ ဆိုရှယ်လစ်လမ်း စဉ်ကိုလည်း ထောက်ခံနိုင်တယ်။ ဒါပေမယ့် ကျွန်တော်တို့ လိုလားတာက ကိုယ့်ကြမ္မာကို ယ်ဖန်တီးရေးပါ"*ဆိုပြီး ပြောခဲ့ပါတယ်။ ၁၉၈၉-၉၀ ခုနှစ်အတွင်းမှာတော့ နောက်ထပ်ညှိနှိုင်း ဆွေးနွေးပွဲတွေ ထပ်လုပ်ပါတယ်။ ၁၉၉၂ ခုနှစ်မှာ KIO အနေနဲ့ နှစ်ဦး သဘောတူအပစ်အ ခတ်ရပ်စဲရေး ကြေငြာခဲ့ပြီး နောက်(၂)နှစ်အကြာ ၁၉၉၄ ခုနှစ်၊ (၁၇)နှစ်အကြာ စစ်ပွဲ အပြီးမှာ အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်ကို ရရှိခဲ့တယ်။

*(ဗိုလ်ချုပ်ဆွမ်လွတ်ဂွန်မော်)*

၁၉၉၀ ခုနှစ်မှာ ကျွန်တော်တို့ ညီညွတ်သောတိုင်းရင်းသားလူမျိုးများအသင်း ဒီမိုကရေစီ ညီလာခံ တစ်ခုကျင်းပခဲ့ပြီး အဲ့ဒီညီလာခံမှာ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့က အားလုံးကို ငြိမ်းချမ်းရေး အတွက် ဆွေးနွေးဖလှယ်ဖို့ ငြိမ်းချမ်းရေးဆွေးနွေးပွဲနဲ့ အမျိုးသားညီလာခံတစ်ခု ဖော်ဆောင်ဖို့ နှိုးဆော်တဲ့ စာတမ်း တစ်စောင်ကို တင်ပြခဲ့တယ်။ အဲ့ဒီအတွက်ကြောင့်ပဲ ညီလာခံအပြီးမှာ ကျွန်တော် အဖမ်းခံလိုက်ရတယ်။ ကျွန်တော်အဖမ်းခံ ခဲ့ရပေမယ့် ကျွန်တော့်ကို ထောင်ထဲ မပို့ဘူး။ (၇) ရက် နီးပါးလောက် အဆက်မပြတ် စစ်ဆေး မေးမြန်း ခံခဲ့ရတယ်။ ဒါကြောင့် အဲ့ဒီအချိန်ကစပြီး ဒီတိုင်းပြည်ရဲ့ ပြဿနာတွေကို ဖြေရှင်း နိုင်မယ့် တစ်ခုတည်းသော နည်းလမ်းကတော့ ညှိနှိုင်းဆွေးနွေးပွဲခေါ် ငြိမ်းချမ်းရေးစကားဝိုင်းကို ဖော်ဆောင်နိုင်မှ ဖြစ်မယ်ဆိုတာကို သတိထားမိခဲ့တယ်။ ကျွန်တော်ဆိုလိုချင်တာက အဲ့ဒီအချိန် ကတည်းက ကျွန်တော်ဟာ ညှိနှိုင်းဆွေးနွေးရေးအတွက် တောင်းဆိုနေတဲ့နေရာမှာ ပါဝင်ခဲ့တာဖြစ်ပြီး နည်းလမ်းအဖုံဖုံနဲ့ အကောင် အထည်ဖော်နိုင်အောင် ကြိုးစားနေခဲ့တာပါ။

*(ဒေါက်တာလျန်မှုန်းဆာခေါင်း)*

သေးကြပ်နံကြပ်ဖြစ်ခဲ့တဲ့နှစ်တွေအတွင်းမှာ ခရစ်ယာန်ဘုရားကျောင်းတွေ၊ ဗုဒ္ဓဘာသာ ဘုန်းတော်ကြီး ကျောင်းတွေနဲ့ ဘာသာရေးအသင်းအဖွဲ့တွေဟာ လူမှုအသိုင်းအဝိုင်းရဲ့ ကျောရိုးမဏ္ဍိုင်တွေဖြစ်လာခဲ့ တယ်။ အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်တွေအပြီးမှာ

နေရပ်ပြန်လာမယ့်သူတွေကို ကူညီထောက်ပံ့ပေး နိုင်မယ့် နည်းလမ်းတွေကို ကျွန်မတို့ စဉ်းစား ကြည့်ခဲ့ကြတယ်။ ဒီလိုကိစ္စရပ်တွေကိုလုပ်ဆောင်နိုင်ဖို့ဆိုတာ ရှင့်အနေနဲ့ တရားဝင်အဖွဲ့အစည်း တစ်ခုခုဖြစ်ဖို့လိုမယ်။ ဒါကြောင့်လည်း ၁၉၉၇ ခုနှစ်မှာ မေတ္တာဖွံ့ ဖြိုးရေး ဖောင်ဒေးရှင်းကို ထူထောင်ခဲ့တာပဲဖြစ်ပါတယ်။ သိက္ခာတော်ရ ဆရာ ဆဘွဲ့ဂျွန်ဟာ ကျွန်မတို့အဖွဲ့အစည်းကို အမည်ပေး ခဲ့သူတစ်ဦးပါ။ ကျွန်မတို့ရဲ့ အဓိကရည်ရွယ်ချက်ကတော့ အခုလုပ်ဆောင်နေတဲ့ငြိမ်းချမ်းရေး လုပ်ငန်းစဉ်ကို ရေရှည်တည်တံ့ ခိုင်မြဲစေဖို့ ပါပဲ။

*(လဖိုင်ဆိုင်းရော်)*

၁၉၉၄ ခုနှစ်မှာ ကျွန်တော် ဒေါက်တာနေဝင်းမောင်နဲ့ ဆုံဖူးတယ်။ တစ်နေ့ သူက ကျွန်တော့်ဆီလာပြီး ကျွန်တော့်ကို အင်တာဗျူးလုပ်ချင်တယ် ဆိုပြီးပြောတယ်။ အဲ့ဒီနောက်ပိုင်း သူက ကျွန်တော့်အပေါ် ပိုပြီး နားလည်လာတယ်။ ကျွန်တော့်ရုံးခန်းကို သူ လာလည်ခဲ့ပြီးနောက် တစ်ဆင့်ပြီးတစ်ဆင့် ကျွန်တော်တို့ ပိုရင်းနှီးလာကြတယ်။ သူက လူ ကောင်းတစ်ယောက်ပါ။ သူက ၂၀၀၄ ခုနှစ်တုန်းက ရေးလ် (Yale) တက္ကသိုလ်မှာ Fellow တစ်ယောက်အနေနဲ့ ပညာသင်ကြားဖို့ အခွင့်အရေးရခဲ့တယ်။ ၂၀၀၃ ခုနှစ်မှာတော့ ပြည်ပမှာ ပညာသင်ဖို့ အခွင့်အရေးတွေရခဲ့တဲ့ ဦးတင်မောင်သန်းနဲ့ ကျွန်တော် ဆုံ ခဲ့တယ်။ ကျွန်တော်တို့တွေ ရင်းနှီးပြီးနောက်ပိုင်းမှာ ကျွန်တော်တို့ သုံးယောက်သား တိုင်းပြည်အခြေအနေတွေ ဆွေးနွေးဖို့ မှန်မှန် တွေ့ဆုံဖြစ်ကြတယ်။ ၂၀၀၅ ခုနှစ်မှာတော့ အခြားပုဂ္ဂိုလ်တွေနဲ့ပါ ပူးပေါင်းပြီး Myanmar Egress လို့ခေါ်တဲ့ သင်တန်းကျောင်းတစ် ကျောင်းကို ဖွင့်လှစ်ဖို့ ဆုံးဖြတ်ခဲ့ကြတယ်။ ဦးတင်မောင်သန်းမှာက ပြည်ပပညာရေး အင်စ တီကျူးရှင်းတော်တော်များများနဲ့ ခိုင်မာတဲ့ အချိတ်အဆက်တွေ ရှိတယ်။ ကျွန်တော့်မှာလည်း ပြည်တွင်းက နိုင်ငံရေးပါတီတွေ၊ စီးပွားရေးနယ်ပယ်က လူတွေနဲ့ ခိုင်မာတဲ့ ကွန်ယက်တစ်ခုရှိ တယ်။ ဒါနဲ့ပဲ ကျွန်တော်တို့လည်း ကိုယ့်တိုင်းပြည်အတွက် အကောင်းဆုံးကို ကြိုးစားလုပ် ဆောင်ပေးနိုင်မယ်လို့ ထင်ခဲ့တယ်။ ၂၀၀၆ ခုနှစ်မှာ မြန်မာလူငယ်တွေအတွက် စွမ်းဆောင်ရ ည်တည်ဆောက်ပေးမှု သင်တန်း တွေကို စတင် ဖွင့်လှစ်ခဲ့တယ်။ အဲ့ဒီအချိန်ကတော့ အဲ့ဒီကဏ္ဍဟာ ရှေ့ဆက်သွားဖို့ အကောင်းဆုံးခြေလှမ်း တစ်ခုပေါ့။

*(ဦးလှမောင်ရွှေ)*

၁၉၉၇ ခုနှစ်မှာ Euro-Burma Office ကို ကျွန်တော်တို့ စပြီးတည်ထောင်တယ်။ တစ်နေ့မှာ အသွင်ကူး ပြောင်းရေး ဖြစ်လာမယ်လို့ ကြိုတွက်ထားတဲ့အတွက် အသွင်ကူးပြောင်းရေး ကြိုတင်ပြင်ဆင်ရေးကို ဦးတည်ချက်ထားပြီးလုပ်ဖို့ အရေးကြီးတယ်လို့ ဆုံးဖြတ်ပြီးလုပ် ဆောင်ခဲ့ကြတယ်။ အစိုးရကို အင်အားသုံးပြီး ဖယ်ရှားလို့မရဘူးဆိုတာနဲ့ အပေးအယူသ

ဘောနဲ့နှစ်ဖက်ညှိနှိုင်းခြင်းသည်သာ တစ်ခုတည်းသော နည်းလမ်း ဖြစ်တယ်ဆိုတာကို ရှင်းရှင်းလင်းလင်း နားလည်သဘောပေါက်ထား တယ်။ ဒါကြောင့် ၁၉၉၉ ခုနှစ်မှာတော့ *'အမျိုးသားပြန်လည် သင့်မြတ်ရေးအစီအစဉ်'* လို့ ခေါ်တဲ့ ပရိုဂရမ်တစ်ခုကို စတင်ခဲ့ပြီး အစိုးရကို ချဉ်းကပ်ဖို့ စတင်လုပ်ဆောင်ခဲ့တယ်။ သူတို့မပါဘဲနဲ့တော့ ပြန်လည်သင့်မြတ်ရေး လုပ်လို့မရဘူးဆိုတာကို သဘော ပေါက်တယ်။ ပြီးတော့ ကျွန်တော်တို့တွေ အတော်လေး ဖြစ်ဖြစ်မြောက်မြောက် လုပ်ဆောင်နိုင် ခဲ့တယ်။ အစိုးရ အဖွဲ့ဝင်တစ်ချို့နဲ့တောင် တွေ့ဆုံဆွေးနွေးဖို့ စီမံနိုင်ခဲ့တယ်။ တချိန်တည်းမှာပဲ လက်နက်ကိုင် အဖွဲ့တွေ မပါဘဲနဲ့လဲ ပြန်လည် သင့်မြတ်ရေးကို လုပ်ဆောင်လို့ မရဘူးဆိုတာကို နားလည်ထားတယ်။ ဒါကြောင့် ကျွန်တော်တို့ အဖွဲ့ဟာ သူတို့နဲ့ စတင်ဆွေးနွေးခဲ့တဲ့ ပထမဆုံးသော NGO တစ်ခုလည်း ဖြစ်နိုင်ပါတယ်။ လက်နက်ကိုင်အဖွဲ့တွေနဲ့ ဆွေးနွေးမှု မလုပ်မချင်း ပြဿနာအဖြေရှာနိုင်မှာ မဟုတ်ဘူးလို့ ကျွန်တော်တို့က လက်ခံယူဆထားတယ်။ သူတို့ကို ကျွန်တော်တို့က *"တိုင်းပြည်အတွက် မျှော်မှန်းချက်က ဘာလဲ"၊ "ခင်ဗျားတို့ရဲ့ ရည်မှန်းချက်ကို ဘယ်လိုအ ကောင်အထည်ဖော်မလဲ"၊ "ခင်ဗျားတို့အနေနဲ့ အတူတကွ ဘယ်လိုပူးပေါင်းလုပ်ဆောင်မလဲ"* ဆိုတဲ့ မေးခွန်းတွေ မေးခဲ့တယ်။ ဒါကြောင့် ကျွန်တော်တို့တွေ နိုင်ငံရေးတွေ့ဆုံဆွေးနွေးပွဲ ပုံစံ၊ ညှိနှိုင်းဆွေးနွေးပွဲပုံစံမျိုး လုပ်ဖို့ အကြံရခဲ့တယ်။ လက်နက်ကိုင်အဖွဲ့တွေ ဘက်ကလည်း အတော်လေးကို အပြုသဘောဆောင်တဲ့ ပုံမျိုးနဲ့ တုံ့ပြန်ခဲ့တာကို တွေ့ရတယ်။ သူတို့ အားလုံးကို ပေးတွေ့ပြီးတဲ့နောက်ပိုင်း သူတို့အချင်းချင်း ပူးပေါင်းလုပ်ကိုင်လာတာကို တွေ့ရတယ်။ အဲ့ဒီလိုဖြစ်ဖို့ နှစ်ပေါင်းများစွာအချိန်ယူခဲ့ရတယ်။ သူတို့ကို ခြိမ်းခြောက်မှုမပါ တဲ့နည်းလမ်းနဲ့ ပူးတွဲလုပ်ကိုင်ပြီး ပြဿနာတွေကို ရှုထောင့်ပေါင်းစုံကနေ ကြည့်ခြင်းအားဖြင့် ကျွန်တော်တို့ဟာ ငြိမ်းချမ်းရေး ဆွေးနွေးပွဲ အတွက် အခြေခံအုတ်မြစ်ကို ချခဲ့နိုင်တယ်လို့ ကျွန်တော်ယူဆပါတယ်။ ဒီလို အကြောင်းအရင်း တွေကြောင့်ပဲ သူတို့က ကျွန်တော်နဲ့ သိကျွမ်းရင်းနှီးလာကြပြီး ကျွန်တော်ကလည်း သူတို့နဲ့ သိကျွမ်း ရင်းနှီးလာခဲ့ပါတယ်။

*(ဦးဟန်ယောင်ဝေ)*

၁၉၉၈ ခုနှစ်လောက်က ကျွန်တော် မွန်ပြည်နယ်မှာ တာဝန်ကျဖူးတယ်။ ဒေသခံ ရခိုင်၊ ရှမ်း၊ ကချင်၊ မွန်၊ ကရင်နဲ့ ချင်းလူမျိုးတွေနဲ့ အတော်လေးရင်းနှီးခဲ့တယ်။ အဲ့အချိန် လောက်က တည်းက ကျွန်တော့်အနေနဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွေမှာ ပါဝင်နေတဲ့ လူတချို့နဲ့ သိခွင့်ရခဲ့တယ်။ အဲ့အချိန်က ပဋိပက္ခ အသွင် ကူးပြောင်းရေးသင်တန်းတစ်ခု ရှိပြီး အဲ့ဒီသင်တန်းမှာ ပဋိပက္ခရဲ့ မူလဇာစ်မြစ်ကို လေ့လာသုံးသပ်ရတဲ့ တနေ့တာ သင်ခန်းစာ တစ်ခုပါတယ်။ အဲ့ဒီသင်ခန်းစာလုပ်ကြရင်းနဲ့ သူတို့က ဗမာဆန့်ကျင်ရေးတွေ ပြောလာ

ကြတယ်။ အမှန်က ဒီအဆင့်ကိုကျော်လွန်ပြီး သွားဖို့ အရမ်းအရေးကြီးတယ်။ ဒါပေမယ့် ကံမကောင်းစွာနဲ့ပဲ အဲ့ဒီအချိန်မှာမှ သူတို့တွေက ပိုပြီးစိတ်ဝမ်းကွဲခဲ့ကြတယ်။

*(ဆရာကျော်သူ)*

ကျွန်မက ကျမ်းစာကျောင်းမှာ စာသင်ကောင်းနေတဲ့အချိန်၊ အဆင်ပြေနေတဲ့အချိန်လောက်မှာ ကျွန်မအဖေက ငြိမ်းဖောင်ဒေးရှင်းကို စတင်ထူထောင်ခဲ့ပါတယ်။ ကျွန်မလည်း အိမ်မှာနေရင်းနဲ့ သူ့ကို ကူညီဖြစ်ခဲ့တယ်။ အဲ့ဒီကာလတုန်းကတော့ 'ငြိမ်းချမ်းရေးလုပ်ငန်း' ဆိုတာ ဟာ 'အပစ်အခတ်ရပ်စဲရေး အလုပ်' ဆိုတဲ့ အဓိပ္ပါယ်သက် ရောက်ခဲ့တယ်။ အဲ့ဒီအချိန်ကတော့ နိုင်ငံရေးအကြောင်းကို ပြောဆိုနိုင်မယ့် နိုင်ငံရေးနယ်ပယ် (political space) တစ်ရပ်ကို ဖော်ဆောင်နိုင်ဖို့ အဓိကထားကြိုးပမ်းနေတဲ့ ကာလပေါ့။ အဲ့ဒါက ၂၀၀၀ ခုနှစ်လောက်မှာပါ။

*(ဒေါ်လထော်ဂျာနန်)*

၂၀၀၁ ခုနှစ်လောက်မှာ တိုင်းရင်းသားလူမျိုးများကောင်စီ (Ethnic Nationalities Council (ENC)) ကို ကျွန်တော်တို့ ဖွဲ့စည်းခဲ့ပါတယ်။ ဒီအဖွဲ့အစည်းကို ဖွဲ့စည်းရတဲ့ အဓိကအကြောင်းအရင်းကတော့ ညှိနှိုင်း ဆွေးနွေး (dialogue) ရေး ဖော်ဆောင်နိုင်ဖို့အတွက် ဖြစ်ပြီးတော့ လက်နက်ကိုင်တော်လှန်ရေး လမ်းစဉ်ဟာ ပြဿနာကိုဖြေရှင်းနိုင်မယ့် နည်းလမ်းတစ်ခု မဟုတ်ဘူးလို့ ယူဆခဲ့ကြလို့ပါပဲ။ ENC အတွင်းမှာ-ကိုယ့်ကိုယ်ကို ခုခံကာကွယ်ဖို့အတွက်သာ လက်နက်ကိုင်ရခြင်းဖြစ်တယ်၊ လက်နက်ကိုင်လမ်းစဉ်ဟာ ပြဿနာဖြေရှင်းနိုင်မယ့် နည်းလမ်းမဟုတ်ဘူး။ နိုင်ငံရေးပြဿနာဖြစ်တဲ့အတွက် နိုင်ငံရေးနည်းနဲ့ တွေ့ဆုံညှိနှိုင်းဆွေးနွေးခြင်းကသာ ပြဿနာကို အဖြေရှာနိုင်မှာ ဖြစ်တယ်ဆိုပြီး ပိုင်းခြားသိမြင်ထားပါတယ်။ ၂၀၀၁ ခုနှစ်မှာတော့ ကျွန်တော်တို့က သုံးပွင့်ဆိုင်တွေ့ဆုံဆွေးနွေးရေးတစ်ခုဖော်ဆောင်ဖို့ တောင်းဆိုခဲ့ပြီး အဲ့ဒါက ကျွန်တော်တို့ရဲ့ အဓိကဦးတည်ချက်တစ်ခု ဖြစ်လာခဲ့ပါတယ်။

*(ဒေါက်တာလျန်မှုန်းဆာခေါင်း)*

၁၉၉၉ ခုနှစ်က ပြည်ပပညာသင်သွားဖို့ တိုင်းပြည်ကနေ မထွက်ခင်မှာ ကျွန်တော်ဟာ အစိုးရဌာနမှာ သုတေသီတစ်ဦးအနေနဲ့ရော၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ကိစ္စရပ်ဆိုင်ရာ အရာရှိအနေနဲ့ပါ ဝင်လုပ်ခဲ့ဖူးပါတယ်။ ပြီးတော့ ဘန်ကောက်က အာရှနည်းပညာတက္ကသိုလ် (AIT) မှာ (၂) နှစ် ပညာသင်ခဲ့ပြီး ဒုတိယမြောက် MBA ဘွဲ့ကို ရရှိခဲ့တယ်။ အဲ့ဒါပြီးတဲ့နောက်ပိုင်းမှာ AIT အတွက် ကျောင်းသားဟောင်းများ ဆက်ဆံရေးနဲ့ လုပ်ရှားဆောင်ရွက်မှုမြှင့်တင်ရေး၊

လူသစ်စုဆောင်းရေး၊ ပြင်ပဆက်ဆံရေးတွေမှာ ဦးစီးလုပ်ကိုင်ခဲ့ပါတယ်။ ဒါကြောင့် AIT မှာ ကျွန်တော့် လုပ်ရားရတဲ့ ကဏ္ဍ အများပိုင်းက မိတ်ဖက်နိုင်ငံတွေ အတွက် စွမ်းဆောင်ရည် တည်ဆောက်ပေးရေးနဲ့ ပြင်ပဆက်ဆံရေး (external relations) ပိုင်းနဲ့ ဆက်နွယ်မှုရှိပါတယ်။ မြန်မာနိုင်ငံက ကျွန်တော့်အစီအစဉ်ထဲမှာပါတဲ့ နိုင်ငံတစ်ခုပါ။ အဲ့ဒီအချိန်တုန်းကတော့ ကျွန်တော့်တက္ကသိုလ်ရဲ့ တင်း ကြပ်တဲ့ မစွက်ဖက်ရေး စဉ်းမျဉ်းစည်းကမ်းတွေကြောင့် နိုင်ငံရေးလှုပ်ရှားမှု တွေမှာ တရားဝင်လှုပ်ရှားလို့ မရခဲ့ဘူး။ ဒါပေမယ့် ပြည်တွင်းမှာ အစိုးရရဲ့ လှုပ်ရှားမှုဆောင်ရွက်မှုတွေကနေ တဆင့် အပြောင်းအလဲ ဖြစ်နိုင်တဲ့ အလားအလာတွေကို တွေ့မြင်နေရတာ တကြောင်း၊ ပြီးတော့ အတိတ် ကာလမှာ အရမ်း အစွန်းရောက်ခဲ့တဲ့ နိုင်ငံတကာအသိုင်းအဝိုင်းရဲ့ အမြင်တွေကလည်း တဖြေးဖြေး ပြောင်းလဲလာတာကို တွေ့ခဲ့ရတဲ့အတွက်ကြောင့်တကြောင်း ဒီတိုင်းပြည်မှာ နိုင

*(ဦးကျော်စိုးလှိုင်)*

၂၀၀၄ ခုနှစ်မှာ Myanmar Egress နဲ့ ကျွန်တော်တို့ စပြီး ပူးပေါင်းလုပ်ကိုင်ခဲ့တယ်။ ဒေါက်တာ နေဝင်းမောင် ကတော့ ကျွန်တော်နဲ့ အမိကတွဲလုပ်ရတဲ့ ပုဂ္ဂိုလ်တွေထဲက တစ်ယောက်ပါ။ သူက ပြည်တွင်းက သဘောထားအမြင်တွေကို ဖလှယ်ခဲ့ပြီး ကျွန်တော်ကတော့ ပြည်ပက သဘောထားအမြင်တွေကို ဖလှယ်ခဲ့ တယ်။ ပြည်တွင်းက အဖွဲ့တွေနဲ့ ပြည်ပအဖွဲ့တွေဟာ ပြဿနာရပ်တွေကို ဆွေးနွေးဖို့၊ သဘောထား အမြင်တွေကို ဖလှယ်ဖို့နဲ့ ရှေ့ဆက်ပြီး လုပ်ဆောင်နိုင်မယ့် လုပ်ငန်းဆောင်တာတွေကို ဆွေးနွေးဖို့ ဘန်ကောက်မှာ တွေ့ဆုံ လေ့ရှိကြတယ်။ ပြီးတော့ Myanmar Egress က အစိုးရကို အကြံပေးနေတယ်လို့ ကျွန်တော် ထင်တယ်။ ကျွန်တော်တို့က တဖြေးဖြေးနဲ့ အရှိန်အဟုန်ကောင်းအောင် တည်ဆောက်ယူ နေပါတယ်။

*(ဦးဟန်ယောင်ဝေ)*

၂၀၀၅ ခုနှစ်မှာ NLD စီနီယာအဖွဲ့ဝင်တွေထဲက တစ်ယောက် ထောင်က လွတ်လာတယ်။ အဲ့အချိန်မှာ အသက်ငယ်ငယ် ရှေ့နေတစ်ယောက်က ကျွန်တော့်ဆီလာပြီး ကျွန်တော့်ကို အဲ့ဒီ ပုဂ္ဂိုလ်နဲ့ တွေ့နိုင်မလားလို့ လာမေးတယ်။ ဒါနဲ့ ကျွန်တော်လည်း *"ရတာပေါ့။ သူ့ကို ခေါ်ခဲ့ပေးပါ"* လို့ ပြောလိုက်တော့ သူက ကျွန်တော့်ဆီရောက်လာတယ်။ သူထောင်ထဲမှာ ၁၄ နှစ်လောက် နေခဲ့ရတယ်။ ဒီတော့ သူ့မိသားစုဘဝလေး ဘယ်လိုဖြစ်လိမ့်မယ်ဆိုတာ ခင်ဗျားလည်း တွေးကြည့်လို့ရပါတယ်။ သူက အရမ်း ရိုးသားဖြူစင်ပြီး အရမ်း သိမ်မွေ့တဲ့ လူတစ်ယောက်ပါ။ သူ ကျွန်တော့်ကို လာတွေ့တဲ့အတွက် ကျွန်တော်သူ့ကို အရမ်းကျေးဇူး တင်မိတယ်။ ကျွန်တော်တို့လည်း ဒီတိုင်းပြည်ရဲ့ အခြေအနေအကြောင်း ပြောဖြစ်ကြတယ်။

ကျွန်တော်လည်း သူ့ကို ကျွန်တော့် လုပ်ဖော်ကိုင်ဖက်တွေဖြစ်တဲ့ ဦးတင်မောင်သန်းနဲ့ ဒေါက်တာနေဝင်းမောင်တို့နဲ့ ပေးတွေ့ဖို့ ကြိုးစားခဲ့တယ်။ ကျွန်တော့်အနေနဲ့ သူ့ရဲ့ ကြံ့ကြံ့ခံနိုင်မှုနဲ့ ပါတီအပေါ် သစ္စာရှိမှုတွေအပေါ် လေးစားဝမ်း မြောက်မိတဲ့အကြောင်း သူ့ကို ပြချင်တယ်။ နောက်ပြီးတော့ အခြားတဖက်က သဘောထား အမြင်တွေ ကိုလည်း မီးမောင်းထိုးပြချင်တယ်။ NLD အပေါ် ကျွန်တော့် သဘောထားအမြင်နဲ့ ဖြစ်ပျက်နေတဲ့ အခြေအနေတွေနဲ့ အနာဂတ်အတွက် သူတို့ရဲ့ ရှုမြင်သုံးသပ်ချက်တွေကို လည်း မီးမောင်း ထိုးပြချင်တယ်။ ပြီးတော့ ကျွန်တော့်တို့ရဲ့ ဆွေးနွေးစကားဝိုင်းကနေတဆင့် ကျွန်တော်တို့ရဲ့ အမြင်တွေကို NLD ကိုလည်း ထုတ်ဖော် ပြောပြနိုင်မယ်လို့ထင်ခဲ့တယ်။ ကျွန်တော့်ဘက်က တော့ *"သူက ကျွန်တော့် သူငယ်ချင်း၊ သူ့ရဲ့ ခံနိုင်ရည်ရှိမှုနဲ့ ပါတီ အပေါ် သစ္စာရှိမှုကိုလည်း ကျွန်တော်လေးစားတယ်။ ဒီတော့ သူလည်း ကျွန်တော့် သဘောထား အမြင်တွေကိုပါ နားလည်သဘောပေါက်နိုင်အောင် သူနဲ့ သဘောထားအမြင် ဖလှယ်ချင် တယ်။"* ဆိုတဲ့ အတွေးပဲရှိခဲ့တယ်။ ဒါကြောင့် ၂၀၀၇၊ ၂၀၀၈ လောက်ကတည်းက ကျွန်တော်က NLD ခေါင်း ဆောင်အချို့နဲ့ မှန်မှန်တွေ့ဆုံပြီး မျက်မှောက်ကာလအခြေ အနေ တွေနဲ့ အနာဂတ်အပေါ် ကျွန်တော့ သဘောထားအမြင်တွေကို သူတို့ကို ရှင်းပြ၊ ပြောပြ ခဲ့တယ်။ ပြီးတော့ ကျွန် တော့်အကြံဉာဏ်တွေကို ဒေါ်အောင်ဆန်းစုကြည်ကိုလည်း ပြောပြဖြစ်မယ်ဆိုတာကိုလည်း ကျွန်တော်သိနေတယ်။

*(ဦးလှမောင်ရွှေ)*

၂၀၁၀ ခုနှစ် အပြောင်းအလဲတွေ မဖြစ်ခင် ၂၀၀၆ ခုနှစ်လောက်ကတည်းက အောင်နိုင်ဦးတို့လို ပုဂ္ဂိုလ်မျိုး တွေရယ်၊ ပြည်ပခိုလှုံနေသူတွေရယ်၊ မြန်မာပြည်ပြန်ရောက်လာသူတွေရယ်နဲ့ ကျွန်တော်တို့ ပုံမှန် တွေ့ဆုံဖြစ်ကြတယ်။ ကျွန်တော်တို့က အဲ့ဒီအင်အားစုနဲ့ အနာဂတ်ကို တည်ဆောက်ချင်တယ်။ ကျွန်တော်တို့ စိတ်ထဲမှာ *"အင်စတီကျူးရှင်းတွေက အပြောင်း အလဲတစ်ရပ်အတွက် အဆင်သင့်ဖြစ်လာတဲ့အခါ ဗိုလ်ချုပ်ကြီး တွေတောင် အပြုအမူတွေ ပြောင်းလဲလာလိမ့်မယ်"* ဆိုတဲ့အတွေးမျိုးရှိခဲ့တယ်။

*(ဦးတင်မောင်သန်း)*

# အခန်း (၃)

## "တကယ်လို့ အားလုံးနဲ့အတူလုပ်ကိုင်မယ်ဆိုရင် 'တခြားသူ/သူစိမ်း' ဆိုတာ မရှိနိုင်တော့ဘူး။"

၂၀၀၈ ခုနှစ်တုန်းက နာဂစ်မုန်တိုင်းဖြစ်ခဲ့တယ်။ ဒါဟာ အင်မတန် ကြေကွဲဖွယ်ရာ ကောင်းတဲ့ အဖြစ်ဆိုးကြီး တစ်ခုပါ။ ဒါပေမယ့်လည်း နိုင်ငံတကာအသိုင်းအဝိုင်းနဲ့ မြန်မာအစိုးရကြား ထိတွေ့ဆက်ဆံမှုတွေကို မြှင့် တင်ပေးမယ့် အခွင့်အလမ်းအချို့ကိုလည်း တွေ့ခဲ့ရတယ်။ ဒါကြောင့် အဲ့ဒီတုန်းက ကံဆိုးမိုးမှောင် ကျခဲ့တဲ့ အဖြစ်ဆိုးကြီး ဖြစ်ခဲ့ပေမယ့် မြန်မာနိုင်ငံအတွက် အလားအလာကောင်းတွေကိုလည်း လှမ်းမြင်ခဲ့ရတယ်။

*(ဦးကျော်စိုးလှိုင်)*

၂၀၀၈ ခုနှစ်ကတော့ ကျွန်မကို အသိအမြင်တွေဖွင့်ပေးတဲ့ နှစ်တစ်နှစ်ပါပဲ။ နာဂစ်မုန်တိုင်းအပြီး နိုင်ငံတကာ ကူညီထောက်ပံ့မှုတွေ မခံစားရအောင် ကိုယ့်တိုင်းပြည် တံခါးပိတ်ထား ခံရချိန်မှာတော့ ပြည်တွင်းက စီးပွားရေးလုပ်ငန်းရှင်တွေ၊ စွမ်းဆောင်ရှင်တွေ အတော်များများက ကျွန်မတို့ကို ကူညီထောက်ပံ့ပေးခဲ့တယ်။ အဲ့ဒီ့\အတွက် အတော်လေး အံ့အားသင့်ခဲ့ရတယ်။ သူတို့ရဲ့ တုံ့ပြန်မှုကြောင့်တော့ မဟုတ်ပါဘူး။ ကျွန်မတို့ကို ငွေကြေးအမြောက်အများ ထောက်ပံ့ပေးခဲ့တဲ့အတွက် အံ့အားသင့်မိတာပါ။ ဒါဟာ ကျွန်မတို့အားလုံး အတူ လုပ်ဆောင်လို့ရနိုင်မယ့်၊ ကိုယ့်ရဲ့တူညီစွမ်းအင် (common energy) တွေကို အသုံးချလို့ ရနိုင်မယ့် ဘုံအရေး ကိစ္စ/လုပ်ငန်းစဉ် တစ်ခုခုရှိဖို့ လိုအပ်နေပြီဆိုတဲ့အချက်ကို ကျွန်မကို မီးမောင်းထိုးပြလိုက်သလို ပါပဲ။

*(လဖိုင်ဆိုင်းရော်)*

၂၀၀၈ ခုနှစ်မှာ ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်ခဲ့ပါတယ်။ အဲ့ဒါကို မကြိုက်တဲ့သူ တွေရှိသလို၊ ကြိုက်တဲ့ သူအချို့လဲ ရှိပါတယ်။ ကျွန်တော့်အနေနဲ့ကတော့ ဒါဟာ ဒီမိုက ရေစီသွားမယ့် လမ်းကြောင်းကို ဖော်ဆောင် ပေးလိုက်တယ်လို့ပဲ မြင်ပါတယ်။ အဲ့ဒီဖွဲ့စည်း ပုံအခြေခံဥပဒေ မတိုင်ခင်က ဗဟိုအာဏာလျော့ချရေး (သို့) အရပ်သားအစိုးရ ပေါ်ပေါက်လာ နိုင်မယ့် အလားအလာ စတဲ့ အကြောင်းအရာခေါင်းစဉ်မျိုးတွေကို ဆွေးနွေးဖို့ ဒီမိုကရေစီရဲ့ အခန်းကဏ္ဍဆိုတာ မရှိခဲ့ဘူး။ အခြေခံဥပဒေဟာ အနည်းဆုံးတော့ နိုင်ငံရေး အပြောင်းအလဲ တစ်ရပ် ပေါ်ပေါက်လာနိုင်မယ့် အခြေအနေတစ်ရပ်ကို ဖန်တီးပေးခဲ့တယ်လို့ ပြောနိုင်ပါတယ်။ ဒီအခြေခံ ဥပဒေကြီးဟာ ၁၀၀% တော့ မပြီးပြည့်စုံနိုင်ဘူးဆိုတာ မှန်ပါတယ်။ ဒါပေမယ့်လည်း ဘယ်အခြေခံဥပဒေ ကမှ ပြီးပြည့်စုံတယ်ဆိုတာ မရှိပါဘူး။ အခြေခံဥပဒေတွေဆိုတာ ပြောင်းလဲမှုဖြစ်စဉ်တစ်ခုပါ။ သူတို့ကို ပြင်ဆင်ဖို့ လိုပါတယ်။ ဒါကြောင့် ကျွန်တော့်အ နေနဲ့ကတော့ ၂၀၀၈ အခြေခံဥပဒေဟာ ရှေ့ဆက်လှမ်းနိုင်ဖို့ ပလက်ဖောင်း (platform) တစ်ခုလို့ပဲ မြင်ပါတယ်။

*(ဦးကျော်စိုးလှိုင်)*

၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေကို အတည်ပြုခဲ့တဲ့အချိန်တုန်းကတော့ ပြည်တွင်းမှာ တဖြေးဖြေးနဲ့ အပြောင်း အလဲတစ်စုံတစ်ရာဖြစ်လာလိမ့်မယ်၊ နိုင်ငံရေးနယ်ပယ်အသစ် (political landscape) တစ်ခု ပေါ်ပေါက်လာ လိမ့်မယ်လို့ ကျွန်တော်တို့ ကြိုတွက်ထား ခဲ့ကြတယ်။ ဒီအကြောင်းအရာတွေကို လူထုကို ရှင်းပြဖို့ ကျွန်တော် တို့ကြိုးစားခဲ့တယ်။ ဒီအလားအလာရှိတဲ့အပြောင်းအလဲတစ်ရပ်အတွက် ပြည်နယ်ဖွဲ့စည်းပုံ အတွင်းနဲ့ ပြင်ပက နိုင်ငံရေးနဲ့ လူမျိုးရေးကွဲပြားတဲ့ နောက်ခံရှိတဲ့ လူတွေကို စပြီးတော့ လေ့ကျင့်ပျိုးထောင် ပေးခဲ့၊ ပြင်ဆင်ပေးခဲ့တယ်။ ဒီအသွင်ကူးပြောင်းရေးကာလမှာ သူတို့ကို ပြောင်းအလဲဖော် ဆောင်ပေးနိုင် သူတွေအဖြစ် ပါဝင်နိုင်ဖို့ သူတို့ကို လေ့ကျင့် ပျိုးထောင်ဖို့ ကြိုးစားခဲ့တယ်။ ပံ့ပိုးပေးခဲ့တယ်။ အင်အားကြီးတဲ့ အတိုက်အခံတစ်ခု လိုအပ်နေပြီလို့ ကျွန်တော်တို့တွေ ယူဆခဲ့ကြတယ်။

*(ဦးလှမောင်ရွှေ)*

စစ်အစိုးရခေတ်က ရခဲ့တဲ့အတွေ့အကြုံတွေဟာ တစ်နည်းတစ်ဖုံကနေတော့ အံ့အားသင့်စရာ ကောင်းပါ တယ်။ ဒါပေမယ့် တကယ်လို့ အားလုံးနဲ့အတူလုပ်ကိုင်မယ်ဆိုရင် ‘တခြားသူ/ သူစိမ်း’ဆိုတာ မရှိနိုင် တော့ဘူး ဆိုတာကို ကျွန်မယုံကြည်တယ်။ မိသားစုကွန်ယက်အတွင်းမှာ မိခင်တစ်ဦး အနေနဲ့ရော၊ အမျိုးသမီး တစ်ဦး အနေနဲ့ပါ ရပ်တည်နိုင်ဖို့ သင်ယူရတာ တွေရှိပါတယ်။ နိုင်ငံရေးအဆင့်မှာလည်း ထိုနည်း လည်း ကောင်းပဲလို့ ယူဆပါတယ်။ ကျွန်မ

အနေနဲ့ ကိုယ်ဟာ အပြင်လူ သက်သက် ဆိုတာရယ်၊ မတူကွဲပြားတဲ့ အုပ်စုတွေအားလုံး ပါဝင်လာအောင် ဘေးကနေ ကူညီပံ့ပိုးပေးရတဲ့ အခန်းကဏ္ဍကနေ လှုပ်ရှားနေရတယ် ဆိုတာကို ခေါင်းထဲမှာ အမြဲထည့်ထားပါတယ်။ ဒါဟာ အောင်မြင်မှု၊ ပြောင်းလဲမှုပဲလို့ ကျွန်မ ယူဆတယ်။

*(လဖိုင်ဆိုင်းရော်)*

အရိုးသားဆုံးနဲ့ အရိုးရှင်းဆုံး ဝန်ခံရရင် ရွေးကောက်ပွဲမတိုင်ခင်အထိတော့ ကျွန်တော် ရွေးကောက်ပွဲကို ထောက်ခံခဲ့ပါတယ်။ အဲ့ဒီအချိန်က ရှိရင်းစွဲနိုင်ငံရေးနယ်ပယ်ကို နေရာယူ၊ ချဲ့ ထွင်တဲ့ သဘောတရားကို လက်ခံပေးလို့ရတယ်။ ဒါပေမယ့် အဲ့လိုပြောလိုက်လို့ စစ်တပ်ထောက်ခံသူဆိုပြီးလဲ သတ်မှတ်ခံရနိုင်တယ်။ ကျွန်တော့်ကိုယ်ကို *"ငါဟာ စစ်တပ်ကို ထောက်ခံသူလား"*ဆိုပြီး ပြန်မေးခွန်းထုတ်မယ် ဆိုရင်တော့ *"မဟုတ် ဘူး"*လို့ပဲ ဖြေရမှာပဲ။ ကျွန်တော်ဟာ အဲ့ဒါနဲ့ လုံးဝဆန့်ကျင်တဲ့ဘက်က ရပ်တည်နေပါတယ်။ ဒါပေမယ့် ခင်ဗျားအနေနဲ့ အပြောင်းအလဲတစ်ရပ်ကို ရှာဖွေနေတယ်ဆိုရင်တော့ ခင်ဗျားကိုယ်ကိုယ်ကို စပြီးပြုပြင် ပြောင်းလဲရပါမယ်။ ခင်ဗျားအနေနဲ့ ပြောင်းလဲမှုဖြစ်စဉ်ရဲ့ တစိတ်တဒေသမှာ ပါဝင်ချင်တယ် ဆိုရင်တော့ ခင်ဗျားဟာ အဖြူနဲ့ အမဲဆိုတဲ့ အစွန်းနှစ်ဖက်မှာ ရပ်တည် လို့မရဘူး။ ကြားနေအဖြစ် မီးခိုးရောင် နယ်ပယ်ထဲ မှာပဲ ရပ်တည်နေရပါမယ်။ *'မီးခိုးရောင်'* လို့ ဆိုလိုက်တာနဲ့ ခင်ဗျားဟာ ရှင်းလင်း ပြတ်သားမှု မရှိတဲ့လူလို့ အဓိပ္ပါယ်သက်ရောက် သွားတာလည်းမဟုတ်ပါဘူး။ ဒါဟာ ခင်ဗျား အနေနဲ့ ဘယ်အရာမှ ရိုးရှင်းမှု မရှိဘူး ဆိုတဲ့ သဘောတရားကို လက်ခံလိုက်တာပဲဖြစ်ပါတယ်။ ပြီးတော့ *'မီးခိုးရောင်'* ဟာလည်း အမြဲပြောင်းလဲ နေတဲ့ သဘောသဘာဝရှိပါတယ်။

*(ဆရာကျော်သူ)*

တကယ်လို့ ခင်ဗျားက အရာရာ စနစ်တကျဖြစ်နေတာကို ကြိုက်တယ်ဆိုရင်တော့ အသွင်ကူးပြောင်းရေး ကာလတွေဟာ ခင်ဗျားအတွက် အတော်လေး စိန်ခေါ်မှုများလိမ့်မယ်။ အကြောင်းကတော့ အဲ့ဒီကာလ အတောအတွင်းမှာ ဘယ်အရာမှ အဖြူ၊ အမဲ မသဲကွဲ တော့ဘူး။ ဒါပေမယ့် ကျွန်တော်ကတော့ ဒီလို ရှုပ်ထွေး နေတဲ့အခြေအနေမျိုးတွေမှာပဲ နေလာခဲ့ရတော့ အခက်အခဲ အတားအဆီးတွေကြုံတိုင်း တတ်နိုင်သမျှ အကောင်းဆုံးနည်း လမ်းကနေ ရင်ဆိုင်ဖြေရှင်းဖို့ အမြဲကြိုးစားခဲ့ရတယ်။

*(ဦးဟန်ယောင်ဝေ)*

ကျွန်တော်တို့ နိုင်ငံရေးဟာ အတော်လေး အစွန်းရောက်နေတဲ့အနေအထားမှာရှိနေတယ်။ ကျွန်တော်တို့ ကတော့ နှစ်ဘက်စလုံးကို သူတို့ရဲ့ အစွန်းနှစ်ဖက်ကနေ နည်းနည်းလေးရှေ့တိုးလာဖို့ တောင်းဆိုခဲ့ပါတယ်။ ကျွန်တော်တို့ အဆိုပြုချက်ကလည်း ရှင်းရှင်းနဲ့ ဘွင်းဘွင်းပါပဲ။ *"ကျွန်တော်တို့အနေနဲ့ ဘုံရပ်တည်ချက် တစ်ရပ် ကို ရှာဖို့လိုပါတယ်။ အဲ့ဒီ ဘုံရပ်တည်ချက်ကနေမှပြုပြင်ပြောင်းလဲရေးတစ်ခုဖော်ဆောင်ဖို့ပူးပေါင်းလုပ်ဆောင်နိုင်မယ့် တစုံတရာကို ရရှိမှာဖြစ်ပါတယ်။"* ဒါဟာ အင်မတန်ရိုးရှင်းတဲ့ အဆိုပြုချက် တစ်ခုပါ။

*(ဦးတင်မောင်သန်း)*

၂၀၀၉ ခုနှစ်မှာ ကျွန်တော်တို့ ဦးအောင်မင်းနဲ့တွေ့ပါတယ်။ အဲ့အချိန်တုန်းကတော့ သူက မီးရထားဝန်ကြီး အဖြစ် တာဝန်ထမ်းဆောင်နေတဲ့အချိန်ပေါ့။ ကျွန်တော်တို့က သူ့ကို (ရှပ်ပိုင်းဆိုင်ရာ) နိုင်ငံတော်တည် ဆောက်ရေး (state building) နဲ့ အမျိုးသားသွေးစည်းညီညွတ်မှု တည်ဆောက်ရေး (Nation building) အကြောင်းတွေကို ရှင်းပြပါတယ်။ သူလည်း အတော်လေး လိုက်မှတ်ခဲ့ပါတယ်။ ဒါဟာ အင်မတန် ကောင်းမွန် တဲ့ လက္ခဏာပါ။ အဲ့ဒီနောက်ပိုင်းမှာ သူနဲ့ ကျွန်တော်တို့ နှစ်ပတ်တစ်ကြိမ်လောက်၊ ၂နာရီကနေ ၄နာရီကြာလောက်ထိ တွေ့ဆုံဆွေးနွေးဖြစ်ခဲ့တယ်။ ၂၀၁၀ ခုနှစ်မှာတော့ ဦးအောင်မင်းက အခု သမ္မတရုံးဝန်ကြီး နေရာမှာ တာဝန်ယူထားတဲ့ ဝန်ကြီး ဦးစိုးသိန်းကို ဆွေးနွေးပွဲတစ်ခုကို ခေါ်လာတယ်။ သူက မြန်မာ့ ရေတပ်က ကာကွယ်ရေးဦးစီးချုပ်ဟောင်းတစ်ဦးလည်း ဖြစ်ပြီးတော့ သူက ယူကေ၊ ဂျာမနီ၊ ဂျပန်နိုင်ငံနဲ့ ပြည်ပနိုင်ငံတွေအတော်များများမှာ ပညာသင်ကြားခဲ့သူဖြစ်ပါတယ်။ သူက ပိုပြီး ခေတ်နဲ့အမှီလိုက်နိုင်တယ်။ ဒီလိုနဲ့ ကျွန်တော်တို့ ငါးဦးဆုံဖြစ်ခဲ့ပါတယ်။

*(ဦးလှမောင်ရွှေ)*

အဲ့ဒီအချိန်က ဘယ်သူမှ ကျွန်တော်တို့ဘက်မှာ မရှိပါဘူး။ နှစ်ဘက်စလုံးကလည်း ကျွန်တော်တို့ကို နာမည် အမျိုးမျိုးတပ် ခေါ်ခဲ့ကြပါတယ်။ ကျွန်တော်တို့ကို ခေါ်ဝေါ်သမုတ်ထားကြတဲ့ နာမည်တွေ ကတော့ အများကြီးပဲ။ ဒီမိုကရေစီအရေး လှုပ်ရှားသူတွေကအစ အထူးသဖြင့် ပြည်ပအခြေစိုက်သူတွေက ကျွန်တော် တို့ကို *'အစိုးရဘက် ရှေ့နေလိုက်ပေးသူတွေ'*လို့ ခေါ်ခဲ့ကြတယ်။ သူတို့က ကျွန်တော်တို့ဟာ စစ်အစိုးရကို အင်အားတောင့်တင်းစေလိုသူတွေ၊ ပံ့ပိုးပေးသူတွေလို့ ဆိုတယ်။ ဒါပေမယ့် တချိန်တည်းမှာပဲ အစိုးရဘက်ကလည်း ကျွန်တော်တို့ကို *'တိုင်းပြည်အတွက် အန္တရာယ်'*အဖြစ် သတ်မှတ်ထားခဲ့ကြတယ်။ ဒါပေမယ့်လည်း ဘယ်လိုပဲဖြစ်နေဖြစ်နေ ဒီအပြောင်းအလဲတစ်ရပ်အတွက် ကြိုတင်ပြင်

ဆင်နိုင်မယ့် ဆက်ဆံရေးယန္တရား (engagement mechanism) ကို ကျွန်တော်တို့တွေ တည်ဆောက်နိုင်ခဲ့ကြပါတယ်။

*(ဦးတင်မောင်သန်း)*

အဲ့ဒီအချိန်တုန်းကတော့ ငြိမ်းချမ်းရေးဆိုတာ အိပ်မက်လိုပါပဲ။ ဒါပေမယ့်လည်း အဲ့ဒီအိပ်မက်တွေဟာ လက်တွေ့ကျတဲ့အိပ်မက်တွေတော့ ဟုတ်တယ်။ ကျွန်တော်တို့မှာလည်း အိပ်မက်တွေကိုယ်စီ ရှိသင့်ပါတယ်။ ဒါပေမယ့် အဲ့ဒီအိပ်မက်တွေဟာလည်း လက်တွေ့ကျမှုရှိသင့်တယ်။ ကိုယ်အမှန်တကယ် လုပ်ဆောင်နိုင်မယ့် အိပ်မက်ကိုပဲ မက်သင့်ပါတယ်။ ကျွန်တော်တို့မှာ ငြိမ်းချမ်းရေးဖော်ဆောင်ဖို့အတွက် အိပ်မက်တစ်ခုရှိပြီး ဖြစ်နိုင်ချေ အလားအလာကိုလည်း တွေ့နေရပါတယ်။

*(ဦးကျော်စိုးလှိုင်)*

ကျွန်တော်တို့တွေ မြန်မာအီးဂရက်စ် (Myanmar Egress) ကို စထောင်ခဲ့တုန်းက မြန်မာနိုင်ငံကို ခမ်းနား ထည်ဝါတဲ့နိုင်ငံတစ်ခု ဖြစ်လာဖို့ဆိုတဲ့ ရည်မှန်းချက် ကိုယ်စီ ရှိခဲ့တယ်။ ဒီလိုဖြစ်လာဖို့အတွက် ငြိမ်းချမ်းရေး ဆိုတာ အင်မတန်အရေးကြီးတယ်လို့ ယူဆခဲ့တယ်။ ၁၉၄၈ ခုနှစ်၊ ကျွန်တော်တို့တွေ လွတ်လပ်ရေးရရှိခဲ့ပြီး ကတည်းက ကျွန်တော်တို့အချင်းချင်း တိုက်ခိုက်လာခဲ့ကြတာပါ။ ဒါဟာ အတော်လေး လွန်လာပြီ။ ငြိမ်းချမ်းမှု မရှိဘဲနဲ့ ဖွံ့ ဖြိုးတိုးတက်မှုရှိမလာနိုင်ဘူး။ ဒီမိုကရေစီမရနိုင်ဘူး။ ဖက်ဒရယ်စနစ်လည်း မရနိုင်ဘူး။ ဒါကြောင့် ငြိမ်းချမ်းရေးတော့ ရမှဖြစ်မယ်ဆိုတာ ကျွန်တော်တို့တွေ ရှင်းရှင်းလင်းလင်း သိထားတယ်။ ဒါပေမယ့် ငြိမ်းချမ်းရေး ရလာအောင် ကျွန်တော်တို့တွေ ဘယ်လိုလုပ်ယူကြရမလဲ။

*(ဦးလှမောင်ရွှေ)*

အစွန်းနှစ်ဖက်ကလူတွေ ပေါင်းစုံပြီး အပြောင်းအလဲအတွက် နည်းလမ်းရှာဖို့ ပူးပေါင်းကြိုးစားကြတဲ့ အခါမျိုးမှာ ဦးအောင်မင်းလို လူစားမျိုးတွေပဲ ရှေ့ထွက်လာကြလိမ့်မယ်။ ဒါဟာ အဲ့ဒီအချိန်က ကျွန်တော်တို့ရဲ့ ယုံကြည်ချက်ပါ။ ထင်မြင်ချက် မဟုတ်ဘူး... ယုံကြည်ချက်တစ်ခု။ ဘာလို့လဲဆိုတော့ ကျွန်တော်တို့က စစ်တပ်ရဲ့ စနစ်ကို သိတယ်။ ကိုယ့်နိုင်ငံရေးစနစ်ကိုလည်း သိတယ်။ ကိုယ့် နိုင်ငံရေးသမိုင်းကြောင်းနဲ့ ယဉ်ကျေးမှုသမိုင်းကြောင်းကိုလည်း သိထားတယ်။ ကိုယ့် မြန်မာနိုင်ငံက ပြည်သူတွေ အကြောင်းလည်း သိထားတယ်။ ဒီအတွက်ကြောင့် ကျွန်တော်တို့မှာ ယုံကြည်ချက်ရှိတာပါ။ ဖွံ့ ဖြိုးရေးပညာရှင်တစ်ဦးအနေနဲ့ လုပ်ကိုင်ခဲ့တဲ့ ကျွန်တော့် လုပ်ငန်းအတွေ့အကြုံတွေဟာ အင်မတန်အထောက်အကူပြုပါတယ်။ ဦးလှမောင်ရွှေမှာ စီးပွားရေး နောက်ခံ ရှိတယ်။ ဒါပေမယ့် နိုင်ငံရေးအပေါ် သူ့ရဲ့

စိတ်ပါဝင်စားမှုအပိုင်းကတော့ စီးပွားရေးအဖွဲ့အစည်းလို နယ်ပယ် အကန့်အသတ်တစ်ခု အတွင်းမှာပဲ ရှိမယ်။ ဦးလှမောင်ရွှေကတော့ The Voice ထုတ်ဝေသူပါ။ ကျွန်တော် တို့ဟာ ကွန်ယက် အသီးအသီး၊ နောက်ခံအမျိုးမျိုးကနေလာပြီး ပူးပေါင်း ကြတဲ့ ပါဝင်ဆွေးနွေးသူ အင်အားစု တွေပဲ ဖြစ်ပါတယ်။

*(ဦးတင်မောင်သန်း)*

ကျွန်တော် ပထမဆုံးအကြိမ် မြန်မာအစိုးရနဲ့ စတင်ထိတွေ့ ဆက်ဆံဖြစ်တဲ့အချိန်ကတော့ ၁၉၉၉ ခုနှစ်မှာ ဦးနေဝင်းရဲ့ ပုဂ္ဂိုလ်ရေးဆရာဝန်ဖြစ်ခဲ့ဖူးသူ မြန်မာသံအမတ်တစ်ယောက် ကနေဒါကို လာတဲ့ အချိန်တုန်းကပဲ ဖြစ်ပါတယ်။ သူ့အနေနဲ့ ကျွန်တော်နဲ့ တွေ့ ဆုံဖို့ကို ဘာကြောင့် သဘောတူ ညီခဲ့လဲတော့ ကျွန်တော်မသိဘူး။ ဒါပေမယ့် ကျွန်တော်တို့ကြားမှာ ထိတွေ့ဆက်ဆံမှုတွေရဖို့ လိုအပ်တယ်လို့ ခံစားရတယ်။ ပြီးတော့ ကျွန်တော့်အနေနဲ့လည်း သူတို့အပေါ်မှာ အငြိုးအတေးတွေ မရှိခဲ့ဖူးဆိုတာကို သူတို့ သိစေချင်တယ်။ ပြီးတော့ ဒါကတော့ ကျွန်တော့်ရဲ့ ကိုယ်ပိုင်ယုံကြည်ချက် နဲ့ပဲ ဆိုင်ပါတယ်။ ကနေဒါရောက် ပြီးနောက်ပိုင်းမှာ ကျွန်တော် ခရစ်ယာန်ဘာသာဝင်တစ်ဦးအဖြစ် ပြောင်းလဲသွားတယ်။ ဒီလို ပြောင်းလဲသွားတာဟာ ကျွန်တော့်ပြဿနာအတော်များများဖြေရှင်းတဲ့နေရာမှာနဲ့ အငြိုးအတေး မထားဖို့ ကျွန်တော့်စိတ်ဓာတ်ရေးရာ ကို အများကြီးအထောက်အကူပြုပေးခဲ့ တယ်။ ဒါဟာ ကျွန်တော့်ကိုယ်ပိုင် အသွင်ပြောင်းလဲခြင်း အကြောင်း ပါပဲ။ ခင်ဗျားအနေနဲ့ ခါးသီးတဲ့လူတစ်ယောက် ဖြစ်နိုင်တယ်ဆိုတာ မှန်ပါတယ်။ ဒါပေမယ့် ဒီလိုလုပ်နေလို့ ခင်ဗျားအတွက် ဘာများအကျိုးထူးနိုင်မလဲ။ ကျွန်တော့်အတွက်တော့ ဒါဟာအရေးကြီးဆုံးပဲ။ ကျွန်တော့်အနေနဲ့အစိုးရနဲ့ဆက်သွယ်ခဲ့တဲ့အချိန်မှာ ကျွန်တော့်မှာ အမုန်းတရားဆိုတာလည်း မရှိခဲ့ဘူး။ ကျွန်တော့် အနေနဲ့ စနစ်ကို ပြောင်းလဲချင်တယ်ဆိုတာ မှန်ပါတယ်။ ဒါပေမယ့် ဒီလိုပြောင်းလဲချင်တဲ့စိတ်ဟာ မုန်းတီးစိတ်ကြောင့် မဟုတ်ဘဲ ဒီစနစ်ကြီးဟာ မှားယွင်းနေတယ်လို့ ယုံကြည်ထားတဲ့ အတွက်ကြောင့်ပါဘဲ။ ကွဲပြားတဲ့စနစ်တစ်ခုအောက်မှာ ကျွန်တော်တို့တွေအနေနဲ့ အခြေအနေတွေ ပိုမိုကောင်းမွန်အောင် လုပ် ဆောင် နိုင်မယ်လို့ ယုံကြည်ထားတယ်။ ခင်ဗျားအနေနဲ့ ငြိမ်းချမ်းတဲ့တိုင်းပြည်တစ်ခု၊ ကြွယ်ဝ ချမ်းသာတဲ့ တိုင်းပြည်တစ်ခုကို လိုလားတောင့်တနေတယ်ဆိုရင် ဒီလိုဖြစ်ဖို့ နည်းလမ်း ရှာရမယ်။ ကိုယ့် ရန်သူတွေနဲ့ ဆွေးနွေးမကြည့်ဘဲနဲ့တော့ ဒီလိုလုပ်ဖို့ဆိုတာ မဖြစ်နိုင်ဘူး။

*(ဦးဟန်ယောင်ဝေ)*

'သူတို့' နဲ့ 'ကျွန်တော်တို့'၊ 'ငါတို့' နဲ့ 'သူတို့' ဆိုတဲ့ တစ်ယူသန်စွဲတွေ အမြဲရှိနေတယ်။ ဒီလိုတစ်ယူသန်စွဲ စိတ်ဓာတ်တွေဟာ အချိန်အတော်ကြာအထိ ဆက်လက်ရှင်သန်နေစဲဖြစ်ပြီး ဒီလိုမညီညွတ်မှုတွေ ဘယ်လောက်ထိ ကြီးထွားနေပြီလဲဆိုတာကို မြင်နိုင်ပါတယ်။ 'သူတို့' နဲ့ 'ငါတို့' ဆိုတာဟာ 'အမဲ' နဲ့ 'အဖြူ' အတိုင်းပါပဲ။ ခင်ပျားအနေနဲ့ ကောင်းတဲ့ဘက်ကပဲ ရပ်တည်ချင်တယ်။ ဒါပေမယ့် အချိန် ကြာလာတာနဲ့အမျှ 'အဖြူ' ရယ်၊ 'အမဲ' ရယ်ဆိုပြီး ကွဲကွဲပြားပြားမရှိဘူးဆိုတာ ရှင်းရှင်းလင်းလင်း သိလာတယ်။ ပြီးတော့ ကြားနေဆိုတာ အမြဲတမ်းရှိနေတယ်။ အစိုးရအတွင်းမှာ အလယ်အလတ်၊ ကြားနေသမားတွေ ရှိနေတယ် ဆိုတာကို ကျွန်တော် တစထက်တစ ပိုပိုပြီး သတိထားမိလာတယ်။ ဒါပေမယ့် ကျွန်တော် ကိုယ်တိုင်လည်း ကြားနေဘက်အနေအထားကို ရောက်သထက်ရောက်လာအောင် ကိုယ့်ကိုယ်ကို ပြင်ရမယ် ဆိုတာကိုလည်း ရိပ်မိလာတယ်။ ဒါဟာ အင်မတန်မှ ခက်ပါတယ်။

*(ဆရာကျော်သူ)*

အဲ့အချိန်တုန်းကတော့ ငြိမ်းချမ်းရေးနဲ့ ပတ်သတ်လို့ ကျွန်တော်တို့ခေါင်းထဲမှာ မရှိခဲ့ဘူး။ ငြိမ်းချမ်းရေး ဘယ်လိုလုပ်ရမယ်ဆိုတာလည်း မသိခဲ့ဘူး။ ကျွန်တော်တို့ခေါင်းထဲမှာ စစ်ပွဲမှာ အနိုင်ရချင် တယ်။ အစိုးရကို ပြုတ်အောင်လုပ်ချင်တယ်ဆိုတဲ့ ဆန္ဒပဲရှိခဲ့တယ်။ ဒါပေမယ့် နောက်ပိုင်းမှာ ပဋိပက္ခတွေ၊ တိုက်ခိုက်မှုတွေကြောင့် ကျွန်တော်တို့နေထိုင်တဲ့ အတိုက်အခံ ဒေသက အခြေအနေတွေဟာ တခြားဒေသတွေထက် ပိုပိုပြီး ဆိုးရွားလာတယ်ဆိုတာကို သတိထားမိလာတယ်။ ကျွန်တော်တို့မှာ ဘာအရင်းအမြစ်မှလည်း မရှိခဲ့ဘူး။ ဆရာဝန် တွေလည်း မရှိဘူး။ ပညာရေးက လည်း အင်မတန် နိမ့်ကျခဲ့ရတယ်။ ဒါကြောင့် ကျွန်တော်တို့ အနေနဲ့ နိုင်ငံရေးနည်းလမ်းနဲ့ပဲ ဖြေရှင်းရမယ်လို့ ကျွန်တော်ပြောနေတာပါ။ ဒါကြောင့်လည်း ကျွန်တော် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ထဲ မှာ ပါဝင်နေတာပါ။ ဒါဟာ ကျွန်တော်တို့ ပြဿနာတွေကို ဖြေရှင်းပေးနိုင်မယ့် တစ်ခုတည်းသော နည်းလမ်းပဲ ဖြစ်တယ်ဆိုတာကို ယုံကြည်တယ်။ ဒါဟာ ကျွန်တော်တို့ နိုင်ငံအတွက် တစ်ခုတည်းသော လမ်းပဲ။

*(ပဒိုစောကွယ်ထူးဝင်း)*



# အခန်း (၄)

## *"ညှိနှိုင်းဆွေးနွေးပွဲစကားဝိုင်းမှာ ပါဝင်ရတာဟာ အင်မတန် လေးနက်တဲ့ အလုပ်တစ်ခုပါ။ စစ်တိုက်ရတာထက်တောင် ပိုနက်နဲမှုရှိပါတယ်။ ခင်ဗျားအနေနဲ့ နှစ်ပေါင်း(၆၀)ကြာ ပဋိပက္ခကြီးကို အဆုံးသတ်ဖို့ ဘယ်လိုလုပ်မှာလဲ။"*

ဒါကြောင့် ဦးအောင်မင်းနဲ့ ဦးစိုးသိန်းတို့က သမ္မတကြီးကို "သမ္မတကြီးမှာက အကြံပေးတွေက အများကြီး ရှိပြီးသားမှန်းတော့ သိပါတယ်။ ဒါပေမယ့် ကျွန်တော်တို့ မိတ်ဆွေတွေကိုလည်း လက်ခံတွေ့ဆုံကြည့်သင့် ပါတယ်။ သူတို့က တိုင်းပြည်အတွက် အတော်လေး အလေးအနက်ထား ပြီး စဉ်းစားပေးနေကြတဲ့သူတွေပါ" လို့ ပြောခဲ့ပါတယ်။ ဒါနဲ့ သမ္မတကြီးက ကျွန်တော်တို့ကို သူ့ရုံးခန်းကို လာဖို့ ဖိတ်ပါတယ်။ သူနဲ့ ဝန်ကြီး ၃ ယောက်ပါ တက်ရောက်ခဲ့တယ်။ ကျွန်တော်တို့ဘက်က Egress ဝန်ထမ်း (၄) ယောက် ဦးတင်မောင်သန်း၊ ဒေါက်တာ နေဝင်းမောင်၊ ကျွန်တော်နဲ့ ဟောင်ကောင်တက္ကသိုလ်မှာ အလုပ်လုပ်နေစဲဖြစ်တဲ့ ဒေါက်တာ ကျော်ရင်လှိုင်)တို့ ပါပါတယ်။ အစကတော့ ကျွန်တော်တို့ အစည်းအဝေးကို အချိန်(၁) နာရီပဲ လုပ်ခွင့်ပေးခဲ့ ပေမယ့် တကယ်တမ်းဆွေးနွေးဖြစ်တော့ မမျှော်လင့်ဘဲ (၃) နာရီကျော် ကြာသွားပါတယ်။ အစည်းအဝေးက တော့ အင်မတန်ရိုးရှင်းတဲ့ အခန်းငယ်လေး တစ်ခုထဲမှာပဲ လုပ်ဖြစ်ခဲ့တာပါ။ ကျွန်တော်ကတော့ နောက်ဆုံးမှ ကိုယ့်ကိုယ်ကို မိတ်ဆက်ခဲ့သူပါ။ ကျွန်တော်တို့အနေနဲ့ ကိုယ်မြင်တဲ့အတိုင်း တိုင်းပြည်ရဲ့အခြေအနေတွေကို မီးမောင်းထိုး ပြခဲ့ပါတယ်။ ကြောက်တဲ့ စိတ်လည်းမရှိခဲ့ပါဘူး။ အရိုးသားဆုံးပဲ ပြောပြခဲ့ပါတယ်။ ကျွန်တော်တို့ စကားဝိုင်းထဲမှာ - ပြည်ပခို လှုံသူတွေ (exile) အကြောင်း၊ ငြိမ်းချမ်းရေး၊ လူငယ်၊ စီးပွားရေး၊ ပညာရေးနဲ့ အရပ်ဖက်လူမှုအသိုင်းအဝိုင်း စတဲ့ အကြောင်းအရာခေါင်း

စဉ်တွေအများကြီး ပါဝင်ပါတယ်။ အဲ့ဒီ အကြောင်း အရာတွေနဲ့ ပတ်သတ်လို့ သမ္မတကြီးကို အရင်က ဘယ်သူကမှ ပြောပြခဲ့ဖူးပုံလည်းမတူပါဘူး။ ကျွန်တော်တို့ ပြောပြခဲ့တဲ့အရာတွေကို သူနားထောင်ခဲ့တယ်လို့တော့ ထင်ပါတယ်။ ကျွန်တော်တို့က သူ့ကို ဒေါ်အောင် ဆန်းစုကြည်နဲ့ တွေ့ဖို့လည်း အကြံပြုခဲ့ပါတယ်။ နောက်ပိုင်းမှာလည်း သူ့ကို အရပ်ဖက်လူမှုအသိုင်းအဝိုင်း အဖွဲ့ဝင်တွေနဲ့ တွေ့ဆုံဖို့ အကြံပြုခဲ့ပါသေးတယ်။ ဒီလိုလုပ်ဆောင်ကြည့်မှပဲ တိုင်းပြည်က ဘယ်လောက်ထိ ပြောင်းလဲသွားပြီလည်း ဆိုတာကို တွေ့ခဲ့ရတယ်။ ဒါတွေကြောင့်ပဲ ကျွန်တော်တို့က သမ္မတကြီးကို ကျေးဇူးတင်နေရတာဖြစ်ပြီး သမ္မတကြီးနာမည်နဲ့ ရှေ့ဆက်နိုင်ခဲ့ကြတာပါ။

*(ဦးလှမောင်ရွှေ)*

ဒါကြောင့် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ ၂၀၁၀ ရွေးကောက်ပွဲတွေအပြီး၊ အစိုးရသစ်တစ်ရပ်လည်း တက် လာအပြီးမှာတော့ ကျွန်တော်တို့ဟာ ပြုပြင်ပြောင်းလဲလိုစိတ်ရှိတဲ့ဝန်ကြီးတွေထဲက အထူးသဖြင့် ဦးအောင်မင်းနဲ့ ဦးစိုးသိန်းတို့နဲ့ ယုံကြည်မှုတည်ဆောက်ယူနိုင်ခဲ့ပါတယ်။ အဲ့ဒီနောက်မှာတော့ သူတို့ကနေ တဆင့် သမ္မတကြီးနဲ့ကျွန်တော်တို့တွေ တွေ့ဆုံခွင့်ရခဲ့တာပါ။ အဲ့ဒီ ဆွေးနွေးပွဲအတွင်းမှာ ကျွန်တော်တို့ရဲ့ အဓိကအဆိုပြုချက် (၄) ချက်ထဲက (၁) ချက်ကတော့ တိုင်းရင်းသားအရေးနဲ့ ပတ်သတ်ပါတယ်။ ငြိမ်းချမ်းရေး ခေါင်းစဉ် သီးသန့်မဟုတ်ဘူး၊ အမျိုးသားပြန်လည် သင့်မြတ်ရေးခေါင်းစဉ် သီးသန့်မဟုတ်ဘူး။ အဲ့ဒီထက်ကို ပိုပြီး ကျယ်ပြန့်တဲ့အကြောင်းအရာပါ။ အကြောင်းကတော့ ဒီတိုင်းပြည်မှာ တိုင်းရင်းသားအဖွဲ့တွေနဲ့ နိုင်ငံရေး အဖြေ (political settlement) မရှာနိုင်ဘူးဆိုရင် ဒီလူမှုအဖွဲ့အစည်းတစ်ခုဟာ ဘယ်လိုမှ ရှေ့ကို မရောက်နိုင်လို့ပါပဲ။ ဒါဟာ ကျွန်တော်တို့ရဲ့ အဆိုပြုတင်သွင်းချက်တစ်ခုပါပဲ။ သမ္မတကြီးအနေနဲ့လည်း ဒီအချက်ကို သဘောတူခဲ့ပါတယ်။ အဲ့ဒီနောက် ၂လ-၃လ အကြာမှာပဲ သမ္မတကြီးက ငြိမ်းချမ်းရေးလမ်းစ တံခါးဖွင့်ဖို့ ဆုံးဖြတ်ချက်ခဲ့ပါတယ်။

*(ဦးတင်မောင်သန်း)*

၂၀၁၁ ခုနှစ်က မြန်မာအစိုးရအနေနဲ့ ငြိမ်းချမ်းရေးဆွေးနွေးပွဲတွေလုပ်ဆောင်လိုတဲ့သဘောထား ရှိကြောင်း ကို ထုတ်ဖော်ကြေငြာခဲ့ပေမယ့် ဘယ်သူမှ ရှေ့ထွက်မလာခဲ့ကြပါဘူး။ ဒီလိုနဲ့ပဲ အဲ့ဒီနှစ်ကုန်ပိုင်း ၂၀၁၁ ခုနှစ်၊ အောက်တိုဘာလတုန်းက ဦးအောင်မင်းက ဘန်ကောက်ရောက်လာ ပြီး ကျွန်တော့်ကို သမ္မတကြီးရဲ့ အဆိုပြုချက် (offer) အပေါ် ကျွန်တော့် သဘောထားကိုမေးမြန်း ခဲ့တယ်။ *"ဗိုလ်ချုပ်တစ်ယောက်က ကျွန်တော့်သဘောထားကို သိချင်နေတယ် ဆိုပါလား…"* ဒါအတော်လေး ထူးဆန်းနေတယ်လို့ ထင်မိတယ်။

အတော်လေး ထူးဆန်းနေလို့ပါ။ ဒါနဲ့ ကျွန်တော်လည်း *"အလုပ်တော့ ဖြစ်နိုင်ပါတယ်။ ဒါပေမယ့် တော်တော် လေးတော့ကြိုးစားယူရမယ်။ ပဋိပက္ခတွေ နှစ်ရှည်လများဖြစ်ပွားအပြီးမှာ အခြေအနေတွေက လွယ်လွယ်ကူကူတော့ ဖြစ်လာမှာမဟုတ်ဘူး။"* သူက ကျွန်တော့်ကို *"ခင်ဗျား ကူညီ ပေးနိုင်မလား"* ဆိုပြီး မေးခဲ့တယ်။ ဒါနဲ့ ကျွန်တော်လည်း *"ရပါတယ်။ ကျွန်တော်ကူညီပေး နိုင်ပါတယ်"* လို့ ဖြေခဲ့တယ်။ ဒါကတော့ ကျွန်တော် ဒီလုပ်ငန်းစဉ်ထဲမှာ ပါဝင်လာရတဲ့ အကြောင်းအရင်းပါပဲ။ အကြောင်းအရင်းအမျိုးမျိုးကြောင့် ကျွန်တော်က အပြုသဘောဆောင်တဲ့ အဖြေကိုပဲ ဖြေဖြစ်ခဲ့ပါတယ်။ လက်နက်ကိုင်အဖွဲ့တွေ အားလုံးက လည်း ညှိနှိုင်းဆွေးနွေး (negotiate) ကြဖို့ အသင့်ဖြစ်နေကြတဲ့အချိန်ပါ။ ဆိုလိုတာက သူတို့ဟာ ဒီအကြောင်းအရာနဲ့ပတ်သတ်လို့ နှစ်ပေါင်းများစွာ ပြောလာခဲ့ကြပေမယ့် သူတို့နဲ့ အဆင့်တူ၊ အရည်အသွေး တူ ပုဂ္ဂိုလ်တွေနဲ့ မတွေ့သေးဘူး။ အကြံအမျိုးမျိုးလည်း ထုတ်သုံး ခဲ့ပြီးပေမယ့် တခါမှ ဆွေးနွေးဖက် ပါတနာ မရှိဖူးသေးဘူး။ ကျွန်တော်ကတော့ သမ္မတကြီးရဲ့ မိန့်ခွန်းကြားပြီး အတော်လေးအားတက်သ ရောဖြစ်ခဲ့ဖူး တယ်။ ဒါဟာ လူထုအလယ်မှာ ပထမဆုံးအကြိမ် ပဋိပက္ခအကြောင်းကို ထုတ်ဖော်ပြောဆိုခဲ့တာ လည်း ဖြစ်ပါတယ်။ ပြီးတော့ ဝန်ကြီးတွေ ကျွန်တော့်ကို လာတွေ့တာလည်း အင်မတန် အံ့သြဖို့ကောင်းတယ်။ ပြီးခဲ့တဲ့ (၄၈) နှစ်လုံးလုံး ကျွန်တော်ဟာ သူတို့ရဲ့ အလိုရှိသည်ဆိုတဲ့ စာရင်းထဲမှာရော၊ Black list တွေထဲမှာပါ နေရာတကာပါခဲ့ဖူးတယ်။ ဒါကြောင့် သူတို့က ကျွန်တော့်ဆီလာပြီး သဘောထား မေးမြန်းတာဟာ အင်မတန် အံ့သြစရာကောင်းပါတယ်။ ဒါကြောင့် ကျွန်တော်လည်း *"လက်နက်ကိုင်အဖွဲ့တွေကလည်း အဆင်သင့်ပဲ။ အစိုးရဘက်ကလည်း လိုလိုလားလား အနေအထားမှာ ရှိနေတယ်။ ဒီတော့ ဒီကိစ္စ အောင်မြင်နိုင်မယ့် လမ်းစတော့ တွေ့နေရပြီ"* လို့ တွေးမိတယ်။ ဒါကြောင့် ကျွန်တော်လည်း ဝန်ကြီးတွေကို အဖွဲ့အတော်များ များနဲ့ မိတ်ဆက်ပေးခဲ့တယ်။ အဲ့အချိန်ကတည်းက သူတို့က အပစ်အခတ်ရပ်စဲရေး သဘောတူညီချက် စာချုပ်တွေအတွက် ညှိနှိုင်း မှုတွေကို လုပ်ဆောင်နေခဲ့ကြတာပါ။

*(ဦးဟန်ယောင်ဝေ)*

၂၀၁၀ ခုနှစ်မှာ မြန်မာနိုင်ငံမှာ အစိုးရသစ်တစ်ရပ်ပေါ်ပေါက်လာပါတယ်။ ၂၀၁၁ ခုနှစ်မှာ သမ္မတ သိန်းစိန် ဟာ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းအားလုံးကို ငြိမ်းချမ်းရေး ဆွေးနွေးပွဲတွေမှာ ပါဝင်ကြဖို့ ဖိတ် ခေါ်တဲ့ ကြေငြာချက်တစ်စောင်ကို ထုတ်ပြန်ခဲ့ပါတယ်။ သူက KNU နဲ့လည်း တွေ့ဆုံဖို့ သူရဲ့ ပုဂ္ဂိုလ်ရေး ရာ ကိုယ်စားလှယ် (personal representatives) အချို့ကိုလည်း စေလွှတ် ခဲ့ပါတယ်။ သူတို့နဲ့ မတွေ့ဆုံခင်မှာ ကျွန်တော်တို့ကြားမှာ အရေး ပေါ်ဗဟိုကော်မတီအစည်းအဝေးတစ်ခုခေါ်ပြီး အဲ့ဒီအစည်းအဝေးမှာ ဆွေးနွေးရေးတံခါးတွေ ဖွင့်ကောင်းဖွင့်လာနိုင်တယ်ဆိုပြီး ဆုံးဖြတ်ချက်ချခဲ့တယ်။ ကျွန်တော်တို့ရဲ့ ပြဿနာ တွေကို

နိုင်ငံရေးနည်းလမ်းနဲ့ပဲ အဖြေရှာနိုင်မယ်ဆိုတာကိုလည်း ရှင်းရှင်းလင်းလင်းသဘောပေါက် ထားပါတယ်။ ကျွန်တော်တို့ လက်နက်ကိုင်နေရတာဟာလည်း ကျွန်တော်တို့ရဲ့ နိုင်ငံရေးရပ်တည်ချက်ကို ကာကွယ်နိုင် အောင်၊ ကိုယ့်လူမျိုးတွေကို ဗမာစစ်တပ်ရန်ကနေ ကာကွယ်နိုင်အောင်ပဲ ဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့ဟာ ခေါင်းဆောင် (၇) ဦးနဲ့အတူ KNU ငြိမ်းချမ်းရေးတည်ဆောက်ရေးကော်မတီတစ်ခုကို ဖွဲ့စည်းခဲ့ပါတယ်။ အဲ့ဒီတုန်းက ဥက္ကဋ္ဌက ပဒိုဒေးဗစ်သာကပေါဖြစ်ပြီး အတွင်းရေးမှူးကတော့ ပဒိုဒေးဗစ် သောပါ။ သူကတော့ ကွယ်လွန်သွားခဲ့ပါပြီ။

*(ပဒိုစောကွယ်ထူးဝင်း)*

၂၀၁၁ ခုနှစ်မှာ မြန်မာ သမ္မတကြီးက လက်နက်ကိုင်အဖွဲ့တွေအားလုံးကို ငြိမ်းချမ်းရေးညှိနှိုင်း ဆွေးနွေးပွဲမှာ ပါဝင်ဖို့ ကမ်းလှမ်းခဲ့ပြီးနောက်မှာ တိုင်းရင်းသားလူမျိုးများ ဖက်ဒရယ်ကောင်စီ (UNFC) က နိုင်ငံရေး ဆွေးနွေးရေးကော်မတီတစ်ခု ဖွဲ့စည်းခဲ့ပြီး အဲ့ဒီမှာ ကျွန်တော် ဦးဆောင်ခဲ့တယ်။ ကြေငြာချက်ထုတ်ပြန်တဲ့ အချိန်တုန်းကတော့ ကျွန်တော့်စိတ်ထဲမှာ *"ဒီဖိတ်ခေါ်ချက်ဟာ လက်နက်ကိုင်ပဋိပက္ခတွေကို နိုင်ငံရေး နည်းလမ်းနဲ့ ဖြေရှင်းနိုင်မယ့် အခွင့်အရေးတစ်ခုဖြစ်ကောင်း ဖြစ်လိမ့်မယ်"* ဆိုပြီးတွေးမိတယ်။ ဒါကြောင့် လည်း ကျွန်တော်တို့အနေနဲ့ ဖိတ်ခေါ်ကြေငြာချက်အပေါ်မှာ တုန့်ပြန်ခဲ့တာဖြစ်တယ်။ ဒီတိုင်းရင်းသား လက်နက်ကိုင်ပဋိပက္ခကို အကြမ်းဖက်တဲ့ နည်းလမ်းတွေနဲ့ ဖြေရှင်းလို့မရဘူး။ အရပ်ဘက်နည်းလမ်း၊ နိုင်ငံရေးနည်းလမ်းတွေနဲ့ပဲ ဖြေရှင်းလို့ရမှာဖြစ်တယ်။ ဒါဟာ အရင်က တည်းက သိသာထင်ရှားနေတဲ့ အဖြေ ပဲ။ နိုင်ငံရေးပြဿနာတွေကို နိုင်ငံရေးနည်းနဲ့ပဲ ဖြေရှင်းသင့်တယ်။ ပြီးတော့ *"ကျွန်တော်တို့အနေနဲ့ဒီလို လက်နက်ကိုင်ပဋိပက္ခလမ်းစဉ်အတိုင်း ဆက်သွားနေမယ်ဆိုရင် ဒုက္ခအများဆုံးရောက်မယ့်သူတွေက ဘယ်သူတွေလဲ ပြန်ကြည့်ရင် ကိုယ့်တိုင်းရင်းသားလူမျိုးတွေချည်းပဲ။ သူတို့မှာက ပြဿနာတွေက အများကြီးပဲလေ။ သူတို့တွေ IDP စခန်းတွေ၊ ဒုက္ခသည်စခန်းတွေမှာ သွားနေရမှာ....။ ကိုယ့်လူမျိုးတွေပဲ အထိခိုက်ဆုံး ဖြစ်မှာပဲ"* ဆိုတဲ့ သဘောထားအမြင်ကျွန်တော်တို့မှာ ရှိတယ်။ ဒါကြောင့်လည်း ဒီလိုလက်နက်ကိုင် ပဋိပက္ခတွေကို နိုင်ငံရေးနည်းလမ်းနဲ့ ဖြေရှင်းတာကို ကျွန်တော်တို့ဘက်က အမြဲတမ်းကြိုဆိုတယ်။ ဒါကြောင့် လည်း ၂၀၁၁ခုနှစ် ကမ်းလှမ်းချက်ဟာ နိုင်ငံရေးပြဿနာကို ဖြေရှင်းဖို့ တံခါးဖွင့်ပေးတဲ့ ကမ်းလှမ်းချက် တစ်ခုပဲ ဖြစ်ပါတယ်။

*(နိုင်ဟံသာ)*

၂၀၁၁ ခုနှစ်မှာ မြန်မာအစိုးရဘက်ကနေပြီး ABSDF ကို ငြိမ်းချမ်းရေးဆွေးနွေးပွဲတွေမှာ ပါဝင်ဖို့ ပထမဦးဆုံး ချဉ်းကပ်ခဲ့ပါတယ်။ ကျွန်တော်တို့ဘက်ကနေ သူတို့ကို ချက်ချင်းကြီး တုံ့ပြန်အဖြေပေး ဖို့ဆိုတာ အင်မတန် ခက်ခဲပါတယ်။ ဒီအကြောင်းအရာနဲ့ပတ်သတ်လို့ ကိုယ့်ခေါင်းဆောင်နဲ့လည်း ပြန်ပြီးဆွေးနွေး တိုင်ပင်ရ သေးတယ်။ ကျွန်တော်တို့အနေနဲ့ နိုင်ငံရေးအခြေအနေတွေကိုလည်း ရှုထောင့်အားလုံးကနေ ပြန်ပြီးသုံးသပ် ကြည့်နေရတယ်။ ကျွန်တော်တို့ရဲ့ မဟာမိတ်အဖွဲ့ အချို့ကိုတောင် အစိုးရနဲ့စပြီး ဆွေးနွေးနေချိန်အထိ ABSDF တွေနဲ့ကမစသေးဘူး။ ဘယ်လိုပဲဖြစ်ဖြစ် ကျွန်တော်တို့ကတော့ နိုင်ငံရေးဆွေးနွေးပွဲအကြောင်း၊ နိုင်ငံရေး ပြဿနာအဖြေရှာဖို့ အကြောင်းတွေကိုပဲ ခေါင်းထဲမှာ အမြဲထည့်ထားတဲ့အတွက် တွေ့ဆုံဆွေးနွေးဖို့ ရွေးချယ် ရပါတော့တယ်။ တချိန်တည်းမှာပဲ ABSDF အဖွဲ့ ခေါင်းဆောင် တချို့ကလည်း တကယ်လို့ ကျွန်တော်တို့ အားလုံးက နိုင်ငံရေးဆွေးနွေးပွဲလုပ်ဖို့ လိုလား တယ်ဆိုရင်တောင် အစိုးရအပေါ် ယုံကြည်လို့မရနိုင်ဘူးဆိုတဲ့ သဘောထားတွေရှိနေတော့ အစိုးရနဲ့ဆွေးနွေးဖို့ သဘောမတူနိုင်ခဲ့ဘူး။ နောက်ဆုံးတော့ *"တကယ်လို့ သူတို့ဘက်က ဆွေးနွေးရေးနဲ့ ပတ်သတ်ပြီး ဂုဏ်သိက္ခာရှိရှိ တောင်းဆိုလာခဲ့ရင်တော့ ကျွန်တော်တို့အနေနဲ့ လက်ခံရမယ်"* ဆိုပြီး ဆုံးဖြတ်ချက်ချခဲ့တယ်။ နှစ်ဦးနှစ်ဖက်တွေ့ဆုံဆွေးနွေးမှု တစ်ခုတည်းနဲ့တော့ ပြဿနာတွေကို ဖြေရှင်းနိုင်မှာ မဟုတ်ဘူး။ ကျွန်တော်တို့အားလုံး ဒီအချက်ကိုတော့ သဘောပေါက်ပါတယ်။ ABSDF အဖွဲ့ အစည်းတစ်ခုအနေနဲ့ကတော့ တွေ့ဆုံဆွေးနွေးဖို့လိုတယ်။ ဒါပေမယ့် ကိုယ့်ကိုယ်ပိုင် လက္ခဏာ (identity) အနေနဲ့ကတော့ အရမ်းသတိထားဖို့ လိုအပ်တယ်။ ဗဟိုကော်မတီအနေနဲ့ လည်း *"အစိုးရနဲ့ စတင်ပြီး ဆွေးနွေးသင့်ပြီ"* ဆိုပြီး ဆုံးဖြတ်ချက်ချခဲ့တယ်။

*(ဦးသံခဲ)*

အစိုးရအဖွဲ့ဝင်အချို့နဲ့ အထူးသဖြင့် သမ္မတကြီးကတော့ သူတို့အနေနဲ့ တိုင်းပြည်အပြောင်းအလဲ တစ်ရပ် အတွက် အမှန်တကယ်လိုလိုလားလားရှိပါတယ်။ သူတို့ဘက်ကလည်း ငြိမ်းချမ်းရေး လုပ်ငန်းစဉ်တစ်ခုကို စတင်ဖို့အတွက် ပြင်ပဖိအားတချို့ ရှိကောင်းရှိနေနိုင်ပါ တယ်။ ငြိမ်းချမ်းရေး မရှိဘဲနဲ့တော့ ကျွန်တော်တို့ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်နိုင်မှာမဟုတ် သလို ဒီမိုကရေစီစနစ်ကိုလည်း ရရှိနိုင်မှာ မဟုတ်ပါဘူး။ တိုင်းရင်း သားလူမျိုးတွေ ထိန်းချုပ်ထားတဲ့ နယ်မြေဒေသတွေက အရင်း အမြစ်တွေအရမ်းပေါများ ကြွယ်ဝတဲ့ နေရာတွေပါ။ တချို့လူတွေကလည်း ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ဆိုတာဟာ သဘာဝအရင်းအမြစ်တွေကနေ အကျိုး အမြတ်ထုတ်ယူနိုင်မယ့် နည်းလမ်းတစ်ခုလို့ ပြောကြတယ်။ ဒါပေမယ့် သူတို့တွေမှာ နိုင်ငံရေးစနစ် အပြောင်းအလဲတစ်ခုကို လိုလားတဲ့ သဘောထား အထင်အရှားရှိ တယ်လို့ ကျွန်တော်ထင်တယ်။ ပြီးတော့ ကျွန်တော့်အနေနဲ့လည်း သူတို့သဘောထားကို

လက်ခံတယ်။ ဒါကြောင့် သူတို့ရဲ့ သဘောထားဟာ မှန်ကန်တဲ့လမ်းကြောင်း ကို ဦးတည်နေတယ်လို့ ကျွန်တော်ထင်တယ်။ စစ်တပ်အသိုင်းအဝိုင်းထဲက ပုဂ္ဂိုလ်အချို့တောင်မှ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို ရှေ့ဆက်သွားချင်ကြတယ်။ ဒါပေမယ့် ကံမကောင်းစွာပဲ စစ်တပ်အသိုင်းအဝိုင်းအားလုံးကတော့ အဲ့ဒီအချက်ကို သဘောမကျကြဘူး။ ဒါကိုမလုပ်ဘူးဆိုရင်လည်း တိုက်ပွဲတွေဆက်ဖြစ်မှာကိုလည်း ကျွန်တော်တို့ဘက်က စိုးရိမ်မိတယ်။ ဒါကြောင့် ငြိမ်းချမ်းရေးရဖို့ တိုင်းရင်းသားအဖွဲ့အစည်း ခေါင်းဆောင်တွေဘက်ကရော အစိုးရဘက်ကပါ စစ်ပွဲတွေထက် တိုင်းပြည် အပြောင်းအလဲနဲ့ ငြိမ်းချမ်းရေးကို လိုလားဖို့ လိုတယ်။ ဒ့ါအပြင် အားလုံးကလည်း ပြည်တွင်း ငြိမ်းချမ်းရေး အတွက် ဆန္ဒရှိနေဖို့လိုပြီး နိုင်ငံတကာအသိုင်းအဝိုင်းအနေနဲ့ကလည်း ငြိမ်းချမ်းရေးအတွက် ပံ့ပိုးကူညီပေးဖို့ လိုအပ်တယ်။ ဒါပေမယ့် ကျွန်တော်တို့တွေဟာ ငြိမ်းချမ်းရေးရဖို့အတွက် လေ့ကျင့်ပျိုးထောင်မှုတွေကို မခံစားဖူးဘူး။ ကျွန်တော်တို့တွေဟာ သင်ယူနေစဲဖြစ်တယ်။ တိုင်းရင်းသားအဖွဲ့အစည်းတွေအပါအဝင်၊ အစိုးရ၊ အခြားတိုင်းရင်းသားတွေနဲ့ ဗမာလူထု အပါအဝင် ကျွန်တော်တို့အားလုံးဟာ သင်ယူနေစဲ ကာလမှာ ပဲရှိနေသေးတယ်။

*(ပဒိုစောကွယ်ထူးဝင်း)*

အဖွဲ့ (၁၆) ဖွဲ့လုံးနဲ့ တကြိမ်တည်းမှာ ညှိနှိုင်းဆွေးနွေးတယ်ဆိုတဲ့အကြောင်းကို ဘယ်သူများကြားဖူးကြသလဲ။ လူထုက လက်နက်ကိုင်အဖွဲ့တွေကို အားလုံးအတူတူပဲလို့ထင်နေကြတယ်။ အမှန်တကယ်က မတူပါဘူး။ သူတို့တွေအားလုံးမှာ ကွဲပြားတဲ့နောက်ခံတွေရှိတယ်။ အားလုံးက မတူညီတဲ့အခြေအနေတွေကနေ လာကြ တာဖြစ်တယ်။ တချို့က အင်အားနည်းတယ်။ တချို့က အင်အားကြီးတယ်။ ပြီးတော့ ပြဿနာတွေအများကြီး ရှိသေးတယ်။

*(ဦးဟန်ယောင်ဝေ)*

အစတုန်းကတော့ အင်မတန်ခက်ခဲတယ်။ တရားဝင်ညှိနှိုင်းဆွေးနွေးမှုတွေ မလုပ်ရသေးဘူး။ အချင်းချင်း ရင်းနှီးမှုတည်ဆောက်ဖို့အတွက် ထိတွေ့ဆက်ဆံတဲ့အဆင့်ပဲရှိသေးတယ်။ ဒါကြောင့် ခရီးစဉ် အများပိုင်းကို လျှို့ဝှက်စီစဉ်ခဲ့ရတယ်။ ဝန်ကြီးဦးအောင်မင်းကလည်း အင်မတန် သိုသိုသိပ်သိပ်နဲ့ သွားလာခဲ့တယ်။ ပထမဆုံးခရီးစဉ်တုန်းကတော့ ကျွန်တော်တို့တွေ မဲဆောက်ဘက်ကို ခရီးထွက်ခဲ့တယ်။ အဲ့ဒီအချိန်က ထိုင်းမှာ ရေကြီးနေတဲ့အချိန်ပေါ့။ ခရီးတထောက်မှာ ကိုယ်စားလှယ်အဖွဲ့တွေက သူတို့ခရီးစဉ်ကို ရှေ့မဆက် နိုင်ဘူးဖြစ်သွားတယ်။ ဒါနဲ့ မဲဆောက်ရောက်နိုင်မယ့် တခြားဖြတ်လမ်းတွေ ရှာကြရတယ်။ ကိုယ်စားလှယ်အဖွဲ့ဝင်တစ်ယောက်ကတော့ ကျွန်တော့်ကို *"လမ်းမှာ ရေကြီးလို့ ပိတ်မိနေတယ်။ ကျွန်တော်တို့ ထွက်နိုင် အောင် ကူညီပေးဖို့တော့ လိုနေပြီ"* ဆိုပြီးအကြောင်းကြားလာတယ်။

ဒါနဲ့ သူလဲ ကျွန်တော့်ကို စီစဉ်ပေးဖို့ အကူအညီတောင်းလာတယ်။ ဒါကြောင့် ကျွန်တော်က သူ့ကို *"ခင်ဗျားတို့ ဘန်ကောက်ကို ပြန်ရမယ်။ ဒါပေမယ့် လမ်းမှာတော့ ရေကြီးနိုင်တယ်။ မတတ်သာတဲ့ အဆုံးမှာတော့ လေကြောင်း ကယ်ဆယ်ရေးသုံး ရလိမ့်မယ်။"* သူက ထိုင်းနိုင်ငံဘက်က ကျွန်တော့်အသိမိတ်ဆွေတွေကို မေးခိုင်းတယ်။ ကျွန်တော့် မိတ်ဆွေတွေကလည်း *"သူတို့က ဘယ်သူတွေလဲ"* လို့မေးလာတော့ ကျွန်တော်လည်း *"ဒါတော့ မပြောနိုင်ဘူး"* လို့ပြောလိုက်တယ်။ ဒီတော့ ထိုင်းမိတ်ဆွေက ကျွန်တော့်ကို *"တကယ်လို့ နာမည်တွေ ထုတ်ဖော်မပြောနိုင်ဘူးဆိုရင်တော့ လေကြောင်းခရီးစီစဉ်ဖို့အခက်အခဲရှိနိုင်တယ်"* လို့ ပြောလာ တယ်။ ဒါနဲ့ ကျွန်တော်တို့လည်း ပုဂ္ဂလိက ရဟတ်ယာဉ်ငှားဖို့ လုပ်တယ်။ ကံဆိုးချင်တော့ သတင်းမီဒီယာတွေ အားလုံး ရဟတ်ယာဉ်ဝိုင်းငှားနေကြတော့ ကျွန်တော်တို့တွေ ငှားလို့မရဘူးဖြစ်သွားတယ်။ ကံအားလျော်စွာပဲ ယဉ်မောင်းတွေက အရမ်းကောင်းပြီး ပြည်တွင်းအရေးပေါ် ရေဒီယိုချန်နယ်လ်တွေကို နားထောင်ကြတဲ့ အတွက် ကိုယ်စားလှယ်အဖွဲ့တွေလည်း ထွက်လာလို့ရသွားတယ်။ ဒီတော့ ၁၂ နာရီအကြာမှာ မဲဆောက် ရောက်လာတယ်။ အခုချိန်မှာ ပြန်စဉ်းစားကြည့်ရင်တော့ ရယ်စရာပဲ။ ဒါပေမယ့် အဲ့ဒီအချိန်တုန်းကတော့ ကျွန်တော်တို့တွေ အတော်လေးအခက်တွေ့ခဲ့တယ်။ အစည်းအဝေးကလည်း လျှို့ဝှက်ပြီး လုပ်ရတဲ့ အစည်းအဝေး၊ သူတို့က လမ်းခုလတ်မှာ ပိတ်မိနေပြီးတော့ ခရီးသွားလာဖို့လည်း မလုံခြုံဘူး။ လူမြင်ကွင်းမှာ အစည်းအဝေး လုပ်လို့မရတဲ့အတွက် အစည်းအဝေးအတော်များများကို မြို့ပြင်မှာပဲ လုပ်ကြတယ်။ မြန်မာအစိုးရ ကိုယ်စားလှယ်တွေအတွက် သွားရလာရတာ မလွယ်ကူသလို တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းခေါင်းဆောင်တွေလည်း ထိုနည်းလည်းကောင်းပါပဲ။ တရားဝင်လုပ်ခွင့်မရတဲ့ကာလ အတော အတွင်းမှာတော့ အခက်အခဲတွေက အများကြီးပါပဲ။

*(ဦးကျော်စိုးလှိုင်)*

၂၀၁၁ ခုနှစ်၊ အောက်တိုဘာလမှာ သမ္မတကြီးက ဝန်ကြီးဦးအောင်မင်းကို အစိုးရနဲ့ နှစ်ပေါင်းများစွာ တိုက်ပွဲဝင်လာတဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တစ်ဖွဲ့ ဖြစ်တဲ့ KNU အဖွဲ့ ခေါင်းဆောင်တွေနဲ့ တွေ့ဆုံဖို့ အမိန့်ပေးစေခိုင်းခဲ့တယ်။ ဦးအောင်မင်းရယ်၊ ဦးတင်မောင်သန်း၊ ဒေါက်တာ ကျော်ရင်လှိုင်နဲ့ ကျွန်တော်တို့ ထိုင်းနိုင်ငံကို သွားခဲ့တယ်။ အဲ့အချိန်က တတိုင်းပြည်လုံးမှာ မိုးသည်းပြီး ရေကြီးခဲ့တာတွေကို အမှတ်ရမိ သေးတယ်။ သာမာန်အားဖြင့် ဘန်ကောက်ကနေ မဲဆောက်ကို ၅နာရီ-၆နာရီလောက်ပဲ သွားရပေမယ့် လမ်းမှာရေတွေကြီးတဲ့အတွက် ၁၃ နာရီလောက် ခရီးချိန်ကြာသွားတယ်။ အဲ့ဒီတုန်းကအတွက် ဦးအောင်မင်းကိုလည်း ပိုပြီးကျေးဇူးတင် မိပါတယ်။

*(ဦးလှမောင်ရွှေ)*

ဦးအောင်မင်းရဲ့ ပထမခရီးစဉ်အတွက် မဲဆောက်ကိုသွားပြီး နော်စီဖိုးရာစိန်နဲ့ ပေးတွေ့ဖို့ စီစဉ်ခဲ့ပါတယ်။ အဲ့ဒီအချိန်တုန်းကတော့ နော်စီဖိုးရာစိန်က KNU ခေါင်းဆောင်တစ်ဦးနဲ့ အထွေထွေ အတွင်းရေးမှူး အဖြစ် တာဝန်ထမ်းဆောင်နေတဲ့အချိန်ပါ။ သူတို့နဲ့ ဦးအောင်မင်းတို့ တွေ့ဆုံခဲ့ပြီး ငြိမ်းချမ်းရေး အလားအလာ အတွက် ဆွေးနွေးခဲ့တယ်။ အဲ့ဒါကတော့ ဦးအောင်မင်းအနေနဲ့သာမက ကျွန်တော် တို့အတွက်ပါ ပထမဆုံး အကြိမ်အဖြစ် KNU ခေါင်းဆောင်တွေနဲ့ တွေ့ဆုံခဲ့တာ ဖြစ်ပါတယ်။ အဲ့ဒီခရီးစဉ်မှာပဲ ဦးအောင်မင်းကို ကြိုတင် အသိပေးထားခြင်း မရှိဘဲနဲ့ ဘန်ကောက်အခြေစိုက် မြန်မာတွေ အတော်များများနဲ့လည်း တွေ့ပေးဖို့စီစဉ်ခဲ့တယ်။ သူက ကျွန်တော်တို့ Egress ကလူတွေကို *"ဘာလို့ဒီလိုစီစဉ်ခဲ့တာလဲ"* ဆိုပြီး မေးပါတယ်။ ကျွန်တော်တို့လည်း *"ဝန်ကြီးခင်ဗျား၊ သူတို့ကို ကိုယ့်တူတွေ၊ ကိုယ့်သားတွေလို တွေးကြည့်ပေးပါ။ သူတို့ကို ပြည်ပမှာ ပညာသင်ဖို့ ပညာတော်သင်ဆုနဲ့စေလွှတ်တဲ့အနေနဲ့၊ ဒါမှမဟုတ် ပြင်ပ လေ့လာရေးခရီးလွှတ်တဲ့ အနေနဲ့ သဘောထားကြည့်ပေးပါ။ ခုဆို သူတို့လည်း အတွေ့အကြုံ တော်တော် ရနေကြပါပြီ။ ဒါကြောင့် ပြည်ပရောက်မြန်မာနိုင်ငံသားတွေနဲ့ တွေ့ကြည့် ကြည့်ပါ။ ဒါမှ သူတို့ရဲ့ သဘောထား တွေကို ဝန်ကြီးရော၊ သမ္မတကြီးပါ နားလည်သဘောပေါက် လာနိုင်မှာပါ။"* ဆိုပြီး ပြောတော့ ဦးအောင်မင်း က ပြုံးတယ်။ ပြီးတော့ *"ကောင်းပြီလေ... ကျွန်တော် သူတို့နဲ့ တွေ့ကြည့်ကြည့်ပါ့မယ်။"* ဆိုပြီး ပြောခဲ့တယ်။ အဲ့ဒီပုဂ္ဂိုလ်တွေကတော့ ABSDF အဖွဲ့ဝင်ဟောင်း အောင်နိုင်ဦး၊ စီနီယာ NLD အဖွဲ့ဝင် ညိုအုန်းမြင့်၊ ဘိုဘိုကျော်ငြိမ်း၊ အောင်သူငြိမ်းနဲ့ တချို့ ပါပါတယ်။ အရေးကြီးလုပ်ငန်းစဉ်တစ်ခုအနေနဲ့ ကျွန်တော်တို့ အထူးဂုဏ်ယူဝမ်းမြောက်မိတာ တစ်ခု ကတော့ ဦးအောင်မင်းနဲ့ မြန်မာနိုင်ငံရဲ့ ပထမဦးဆုံးသမ္မတရဲ့သား ဟန်ယောင်ဝေတို့ကို ပထမဆုံး အကြိမ် တွေ့ဆုံဖို့ အစည်းအဝေးကို စီစဉ်ပေးခဲ့နိုင်တာပဲဖြစ်ပါတယ်။ အဲ့ဒီအချိန်ဟာ အစည်းအဝေးလုပ်ဖို့ အသင့်တော်ဆုံးအချိန်လည်းဖြစ်ပါတယ်။ ဦးဟန်ယောင်ဝေက သူ့ မွေးရပ်ဇာတိမြေကို လုံးဝမပြန်နိုင်သေးတဲ့ အကြောင်းကိုလည်း ဦးအောင်မင်းကို ရှင်းပြပါတယ်။ ပြီးတော့ သူ့အနေနဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို ဘယ်လိုပံ့ပိုးပေးနိုင်မယ့် အကြောင်းကို စိတ်ကူးထားတဲ့အကြောင်းကိုလည်း ရှင်းပြခဲ့ပါတယ်။ အဲ့ဒီ အစည်းအဝေးအပြီး နှစ်ပတ်အကြာမှာတော့ ဦးဟန်ယောင်ဝေဟာ သူ့မွေးရပ်ဇာတိမြေကို ပြန်သွားဖို့ ခွင့်ပြုချက် ရခဲ့ပါတယ်။

*(ဦးလှမောင်ရွှေ)*

ပြည်ပမှာ (၄၈) နှစ်ကြာ ခိုလှုံခဲ့ပြီးတဲ့နောက်တော့ ဗမာပြည်ကို ပြန်လာနိုင်ခဲ့တယ်။ ပြန်ရောက်တော့ တိုင်းပြည်မှာ ကြီးကြီးမားမားပြောင်းလဲသွားတာမျိုး မမြင်ရပါဘူး။ လမ်းနာမည်တွေ ပြောင်းသွားတယ်၊ အဆောက်အအုံအသစ်တချို့ တိုးလာတယ်ဆိုတာတော့

မှန်ပါတယ်။ ဒါပေမယ့် ကျွန်တော်က ရန်ကုန်မှာပဲ ကြီးပြီး ဒီမှာပဲ ကျောင်းတက်ခဲ့တာဆိုတော့ ကိုယ့်ဖာသာကိုယ် အဆင်ပြေအောင်တော့ နေတတ်ပါတယ်။ မြို့ငယ်လေးတွေတောင် ခုချိန်ထိ အရင်ကနဲ့တစ်ပုံစံတည်းပဲ။ ဒါပေမယ့် ဒီကိုပြန်ရောက်လာတော့ တမျိုးကြီးပဲ။ အထူးသဖြင့် အထက်တန်းလွှာတွေရဲ့ နေရာတွေ ရောက်တဲ့အခါမှာပေါ့။ အရင်ကတော့ ကျွန်တော်တို့လည်း အခွင့်ထူးခံလူတန်းစားအသိုင်းအဝိုင်းထဲကပါပဲ။ ဒါပေမယ့် စစ်ဗိုလ်ချုပ်ကြီးတွေက ကျွန်တော်တို့ကို အဲ့ဒီအသိုင်းအဝိုင်းထဲကနေ ထုတ်ပယ်ခဲ့တယ်။ ရည်ရွယ်ချက်ရှိရှိနဲ့ အစီအစဉ်ဆွဲပြီး ကျွန်တော်တို့ကို ရှင်းပစ်ခဲ့တာပါ။ အဲ့ဒီနောက်တော့ ကျွန်တော်တို့လည်း အပယ်ခံဘဝရောက်ခဲ့ပြီး ပြည်ပကို ထွက်ခွာခဲ့ရတယ်။ ကျွန်တော်တို့ ပိုင်ဆိုင်သမျှအရာအားလုံး ရုတ်သိမ်းခံလိုက်ရတဲ့အတွက် ကျွန်တော်တို့ဟာ ဘဝကို သုညကနေ စခဲ့ရတယ်။ နှစ်ပေါင်း (၅၀) ကြာပြီးတဲ့နောက် အခုတော့ ကျွန်တော် ပြန်ရောက်လာပါပြီ။ အဲ့ဒီလူတွေ ကတော့ မရှိတော့ပါဘူး။ ကျွန်တော်ပြန်ရောက်လာပေမယ့် တမျိုးကြီးခံစားရတယ်။ ရန်ကုန်ကို ပြန်လာရတာ သိပ်တော့ စိတ်မလှုပ်ရှားမိပါဘူး။ ဒါပေမယ့် ကျွန်တော့်ရင်ကို အမှန်တကယ် လှုပ်ရှားရိုက်ခတ် စေတဲ့အချိန် (၂) ကြိမ်ရှိခဲ့ဖူးတယ်။ တစ်ကြိမ်ကတော့ ကျွန်တော် ရှမ်းပြည်နယ်၊ ဟဲဟိုးမြို့ကို ပြန်သွားတဲ့ အချိန်ပဲ။ ဟဲဟိုးကို နောက်ဆုံးရောက်ခဲ့တာကတော့ ကျွန်တော့်ဖခင်ရဲ့ ဇာပနလုပ်ပေးဖို့ သူ့ရုပ်အလောင်းကို သယ်သွားရတဲ့ အချိန်တုန်းကပါပဲ။ အဲ့ဒါဟာ အင်မတန်စိတ်ထိခိုက်ဖွယ် ကောင်းပါတယ်။ နောက်တစ်ကြိမ် ကတော့ အင်းလေး သွားတဲ့ အခေါက်ပါ။ ကျွန်တော် လေ့ပေါ်ထိုင်ရင်း ဘေးဘီကြည့်ပြီး ရုတ်တရက် အတွေး တစ်ခုဝင်လာတယ်။ *"အော်... ငါ ခုထိ တောင်တိုင်းရဲ့ နာမည်တွေကိုမှတ်မိနေ သေးတာပဲ"* ဆိုတဲ့အတွေးပါပဲ။ အရင်က အမှတ်ရစရာတွေအားလုံးကို ပြန်သတိရလာတယ်။

*(ဦးဟန်ယောင်ဝေ)*

Myanmar Egress က ဝန်ကြီးဦးအောင်မင်းကို ကူညီပေးခဲ့သလို ဦးဟန်ယောင်ဝေက လည်း Myanmar Egress ကို အထောက်အကူပြုခဲ့ပါတယ်။ ရက်သတ္တပတ်နှစ်ပတ်အတွင်းမှာ ဦးဟန်ယောင်ဝေ ဘန်ကောက် ပြန်ရောက်လာပြီး အစည်းအဝေးခေါ်ခဲ့တယ်။ ဒါဟာ မြန်မာအစိုးရအထူးကိုယ်စားလှယ်တွေနဲ့ တိုင်းရင်းသား လက်နက်ကိုင်ခေါင်းဆောင်တွေကို တွေ့ဆုံပေးတဲ့ ပထမဦးဆုံးအစည်းအဝေးတစ်ခုပါပဲ။ အဲ့ဒီအစည်း အဝေးကို ၂၀၁၁ ခုနှစ်၊ နိုဝင်ဘာလမှာ ချင်းရိုင်းမှာ ကျင်းပခဲ့တာပါ။ ထိုင်းဘက်ခြမ်းအတွက် ဦးဟန်ယောင်ဝေ ကပဲ အားလုံးကို စီစဉ်ခဲ့တာပါ။ ကျွန်တော်လည်း ထိုနည်းလည်းကောင်းပဲ မြန်မာဘက်ခြမ်း ကကိစ္စတွေကို တာဝန်ယူအစီအစဉ်ဆွဲခဲ့ပါတယ်။ ကျွန်တော်တို့တွေ နယ်စပ်ကိုဖြတ်ခဲ့တယ်။ ဒီတကြိမ်တော့ အဖွဲ့က ပို အင်အားတောင့်လာတယ်။ နယ်စပ်ဖြတ်တဲ့အခါ ကျွန်တော်တို့က

သာမာန်လူတွေ အတိုင်းပဲသွားကြတယ်။ ဘယ်သူမှလည်း သတိမထားမိဘူး။ ဘတ်စ်ကား အသေး တစ်စီးငှားပြီး ချင်ရိုင်းကို ခရီးဆက်ခဲ့တယ်။ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့ (၅) ဖွဲ့နဲ့ တွေ့ဆုံခဲ့ပြီး၊ တဖွဲ့ချင်းစီကို အချိန် (၁) နာရီခွဲကြာ၊ အားလုံးတန်းတူပဲ တွေ့ ဆုံခဲ့ပါ တယ်။ ဒါကျွန်တော်တို့ရဲ့ လုပ်ငန်းစဉ်ကို အစပျိုးလုပ်ဆောင်ခဲ့တဲ့ပုံစံပါ။ ပထမဆုံး RCSS/ SSA နဲ့ တွေ့ဆုံခဲ့တယ်။ ဗိုလ်ချုပ်ရွက်ဆစ်နဲ့ သူနဲ့အတူပါလာသူတွေက ရှမ်းအမျိုးသား ဝတ်စုံတွေဝတ်ပြီး လာခဲ့ တယ်။ အခြားတဖက်ကတော့ ဦးအောင်မင်းနဲ့ Egress အဖွဲ့ဝင် တွေပါပါ တယ်။ ဦးအောင်မင်းက အစိုးရမူဝါဒအကြောင်းနဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အ ကြောင်းကို ရှင်းပြတယ်။ ဦးဟန်ယောင်ဝေကတော့ ကြားဝင်စေ့စပ်သူအနေနဲ့ ပါဝင်ခဲ့တယ်။ အဲ့ဒီအချိန်တွေဟာ အင်မတန်အရေးကြီးတဲ့အချိန်တွေပါ။ (၁) နာရီခွဲလောက်ကြာပြီး နောက်မှာတော့ ဦးဟန်ယောင်ဝေက *"လူကြီးမင်းတို့၊ အချိန်ပြည့်သွားပါပြီ"* ဆိုပြီး ပြောခဲ့တယ်။ အဲ့ဒီနောက်မှာတော့ ကျွန်တော်တို့တွေ အဖွဲ့လိုက်ဓာတ်ပုံရိုက်ခဲ့ကြတယ်။ ဒုတိယတွေ့ဆုံတဲ့ အဖွဲ့ကတော့ KNU ပါ။ KNU ဘက်က ဒေးဗစ်သော (နောက်ပိုင်းတွင် ကွယ်လွန်ခဲ့သူ)၊ အဲ့အချိန်က KNLA ကာကွယ်ရေး ဦးစီးချုပ်အဖြစ်တာဝန်ထမ်းဆောင်နေတဲ့ မူတူးစေးဖောနဲ့ နောက်ထပ် KNU ဗဟို ကော်မတီဝင် (၁) ဦးတို့ တက်ရောက်ခဲ့တယ်။ ကျွန်တော့်လည်း အတော်လေး စိတ်လှုပ်ရှားခဲ့ပါတယ်။ ဘာလို့လဲဆိုတော့ ကျွန်တော်တို့အချင်းချင်း နှစ်ပေါင်း ၆၂ နှစ်လောက် တိုက်ခိုက်နေခဲ့ကြတာပါ။ အဲ့ဒီတွေ့ဆုံပွဲ (၁) နာရီခွဲ အတွင်းမှာပဲ သူတို့ဘက်က သူတို့လိုအပ်တာတွေကို တင်ပြဆွေးနွေး ခဲ့တယ်။ အဲ့ဒီနောက်တော့ ကျွန်တော်တို့တွေ လက်ဆွဲနှုတ်ဆက်ပြီး နောက်ထပ်အစည်းအဝေးပွဲ တစ်ခုအတွက် စီစဉ်ရပါတော့တယ်။ တတိယအဖွဲ့ကတော့ CNF ဖြစ်ပြီး၊ KNPP က စတုတ္ထမြောက်၊ KIO ကတော့ ပဉ္စမမြောက်အဖွဲ့အဖြစ် အဖွဲ့အသီးသီးနဲ့ ဆွေးနွေးခဲ့ကြပါတယ်။ အဲ့ဒီအခန်းလေးထဲမှာပဲ ခံစားချက်တွေအမျိုးမျိုးပေါ်ထွက်ခဲ့ပါတယ်။ သူတို့က သူတို့ရဲ့ နောက်ခံအခြေအနေတွေ၊ ၄၀ ခုနှစ် လောက်ကတည်းက ခုမျက်မှောက်ကာလအထိ သူတို့ရဲ့ အခြေအနေတွေကို ရှင်းပြဖို့ကြိုးစားတယ်။ ကျွန်တော်တို့ဘက်က *"လူကြီးမင်းများခင်ဗျာ၊ ကျွန်တော်တို့မှာ နောက်ထပ် ချိန်းထားတာလေးရှိလို့ ကျွန်တော်တို့ကို နားလည်ပေး စေလိုပါတယ်။ အခုချိန်မှာ ကျွန်တော်တို့အနေနဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အပေါ် ဘယ်လိုနားလည်သဘောပေါက် ထားရ မယ်ဆိုတာနဲ့ ဘယ်လိုဆောင်ရွက်ကြ မလဲဆိုတဲ့ အပေါ်မှာပဲ အာရုံစိုက်ထားသင့်ပါတယ်။ ကျွန်တော်တို့မှာ ထွေထွေထူးထူး တခြားအဖြေပေး စရာလဲ မရှိပါဘူး။"* လို့ ပြောယူရတယ်။ ကိုယ့်အနေနဲ့တော့ ဝမ်းသာမိ ပါတယ်။ အကြောင်းက ကျွန်တော်တို့တွေဟာ မတူညီမှုတွေရှိပေမယ့် ခုတော့ တစ်ခန်းထဲမှာ မျက်နှာချင်း ဆိုင်ဆွေးနွေးနိုင်လို့ပါပဲ။ နောက်တစ်နေ့မှာတော့ ဦးအောင်မင်းက KNU နဲ့ KIO အဖွဲ့တွေနဲ့ သီးသန့် အစည်းအဝေးခေါ်ယူဖို့ စီစဉ်ခဲ့ပါတယ်။ ကံမကောင်းစွာပဲ KIO အနေနဲ့

အဲ့ဒီအစည်းအဝေးကို မတက်နိုင် ခဲ့ပါဘူး။ ဒီတော့ KNU ခေါင်းဆောင်တွေအတွက် အချိန်က နှစ်ဆ ပိုရသွားတာပေါ့။ အဲ့တုန်းက ဆွေးနွေးပွဲဟာ (၃) နာရီ လောက်ကြာခဲ့တယ်။ အဲ့ဒီအစည်းအဝေးကို စည်းဝေးခန်းမထဲမှာ လုပ်ခဲ့တာ မဟုတ်ဘဲ ဦးအောင်မင်း အိပ်ခန်းထဲမှာ လုပ်ဖြစ်ခဲ့တာပါ။ ကျွန်တော်ကတော့ မှတ်တမ်းရေးသူအနေနဲ့ပဲ ပါဝင် ခဲ့တယ်။ အဲ့ဒီအစည်း အဝေးကနေ သင်ခန်းစာတွေလည်း အများကြီးရလိုက်တယ်။ စည်းဝေးပွဲ အပြီးမှာ မူတူး စေးဖိုးက *"ကျွန်တော်တို့အချင်းချင်း အရင်က ဘာလို့ မတွေ့ခဲ့ရတာလဲ။ ကျွန်တော်တို့သာ အရင်က ခင်ဗျားလို စစ်တပ်ကဗိုလ်ချုပ်တွေနဲ့ တွေ့ခဲ့မယ်ဆိုရင် ကျွန်တော်တို့ တွေ ဒီလောက်ထိ ထိခိုက်ဆုံးရှုံးမှုတွေ ရှိမှာမဟုတ်ဘူး"* လို့ ပြောခဲ့တယ်။ ပြီးတော့ သူက ဦးအောင်မင်းကို စစ်တပ်က အလေးပြုတဲ့ပုံစံအတိုင်း အလေးပြုတော့ ဦးအောင်မင်းကလည်း ပြန် အလေးပြုခဲ့တယ်။ ဦးအောင်မင်းလည်း ဒါကို သဘောကျ နေတာကို တွေ့ရတယ်။ တွေ့ဆုံစကားပြောဖို့ အခွင့်အရေးကို ဘယ်တော့မှ လက်လွှတ်မခံပါနဲ့။ အဲ့ဒီနောက်တော့ ကျွန်တော်တို့တွေ ချင်းမိုင်၊ ချင်းရိုင်း၊ ဆန်ခလာဘူရီ၊ မဲဆောက်၊ မဲဆိုင်၊ ဘန်ကောက်နဲ့ အခြား နေရာတွေအတော်များများကို သွားလိုက်လာလိုက်ပဲ ဖြစ်ခဲ့တယ်။

*(ဦးလှမောင်ရွှေ)*

လက်နက်ကိုင်အဖွဲ့အစည်းတွေကတော့ အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်တွေကို သီးသန့်စီပဲ ဆွေးနွေးညှိနှိုင်းမှာဖြစ်ပြီး နိုင်ငံရေးကိစ္စကိုတော့ အားလုံးအတူ ညှိနှိုင်းဆွေးနွေးလို တယ်လို့ အမြဲတမ်း လိုလို ပြောလေ့ရှိပါတယ်။ ဒါပေမယ့် ကျွန်တော်လည်း သူတို့ကို နည်းနည်း တီးခေါက်ကြည့်တော့ သူတို့က *"ကျွန်တော်တို့တွေ ကျန်အဖွဲ့တွေအားလုံးနဲ့ အစည်းအဝေးလုပ်ဖို့ မစီစဉ်နိုင်ဘူးဖြစ်နေတယ်။ ကျွန်တော် တို့ကို ကူညီပေးပါလား"* လို့ ဆိုလာတယ်။ ပြီးတော့ ညှိနှိုင်းရေးပိုင်းမှာလည်း ကူညီပေးပါအုံးဆိုပြီး အကူအညီ တောင်း ခံခဲ့တဲ့အတွက် ကျွန်တော်တို့ လည်း ပါဝင်ကူညီဖြစ်ခဲ့တယ်။ ဘယ်တော့မှ ညှိနှိုင်းဆွေးနွေး သူတွေ အဖြစ် တိုက်ရိုက်ပါဝင်ခဲ့တာမျိုးမရှိပေမယ့် အစီအစဉ်ဖြစ်မြောက်အောင်ပံ့ပိုးပေးသူ ကကြားကနေပြီးတော့ လူတွေကို အချင်းချင်း တွေ့ဆုံပေးတာမျိုးနဲ့ ဦးဆောင်ဆွေးနွေးပေး သူတွေကို ခေါ် ဆောင်ပေးတာမျိုးတွေကို လုပ်ပေးခဲ့ ပါတယ်။ ကျွန်တော်တို့မှာ အတော်လေး သဘောထားပျော့ပြောင်းမှုရှိတဲ့ NGO ပရိုဂရမ် တစ်ခုရှိတဲ့အတွက် သူတို့လိုအပ်သမျှအရာ တွေကို ကျွန်တော်တို့ဘက်က ပံ့ပိုးပေးနိုင်ပါတယ်။ အလှူရှင်တွေ ကလည်း ကျွန်တော်တို့ အဖွဲ့ကို ယုံကြည်ကြသလို လက်နက်ကိုင်အဖွဲ့တွေကလည်း ကျွန်တော်တို့ကို ယုံကြည်ကြပါ တယ်။ အခုတော့ အစိုးရဆီက ယုံကြည်မှုကိုလည်း ရလာပါပြီ။

*(ဦးဟန်ယောင်ဝေ)*

သမ္မတကြီးရဲ့ ကမ်းလှမ်းချက်အပြီးမှာတော့ အစိုးရကိုယ်စားလှယ်တွေဟာ လက်နက်ကိုင်အဖွဲ့တွေနဲ့ နှစ်ဦး နှစ်ဘက်တွေ့ဆုံဖို့ စတင်လှုပ်ရှားလာကြတယ်။ ၂၀၁၁ ခုနှစ်၊ ဒီဇင်ဘာ ၂၂ ရက်နေ့မှာ အစိုးရ ကိုယ်စားလှယ် တွေက မွန်ပြည်သစ်ပါတီကိုယ်စားလှယ်တွေနဲ့ ထိုင်းနိုင်ငံနယ်စပ်က ဆန်ခလာဘူရီမှာ တွေ့ဆုံခဲ့တယ်။ ကျွန်တော်က မွန်ပြည်သစ်ပါတီကိုယ်စားလှယ်အဖွဲ့ကို ဦးဆောင်ခဲ့တယ်။ ကျွန်တော်တို့တွေ ဦးအောင်မင်းနဲ့ တွေ့တယ်။ ပထမပိုင်း (၁) နာရီလောက်ကို ကျွန်တော်က တိုင်းရင်းသားလူမျိုးတွေရဲ့ နာကြည်း ချက်တွေအကြောင်းကို ပြောပြခဲ့တယ်။ ကျွန်တော်တို့တွေ ဘယ်လောက်ဖိနှိပ်ခံနေရတဲ့အကြောင်း၊ ကျွန်တော်တို့တွေ ဘက်က ဘယ်လောက်ထိ စိတ်ရှည် သည်းခံပြီးနေခဲ့ရတဲ့အကြောင်းတွေနဲ့ ဘယ်တုန်းကမှ တန်းတူအခွင့် အလမ်းတွေကို မခံစားရဘူး ဆိုတဲ့အကြောင်းတွေကို တစ်နာရီကြာလောက် ပြောခဲ့တယ်။ ဦးအောင်မင်း ကလည်း ကျွန်တော့်ကို စိတ်ရှည်ရှည်နဲ့ နားထောင်ပေးပါတယ်။ ကျွန်တော်တို့ရဲ့ ရှုထောင့်ကနေပြီးတော့ တိုင်းရင်းသားလူမျိုးစုတွေဟာ ဘယ်လောက်ထိ မတရားခံနေရ ကြောင်းတွေကို ဖော်ထုတ်ပြောပြ ခွင့်ရခဲ့တဲ့အတွက်၊ သူ့ကို ကျွန်တော်ပြောပြနိုင်ခဲ့တဲ့ အခွင့်အရေးရခဲ့တာကိုပဲ ကျွန်တော့်ဘက်ကတော့ အင်မတန် ကျေနပ်အားရခဲ့တယ်။ ဒါပေမယ့် တခြားတဘက်မှာတော့ ဦးအောင်မင်းအနေနဲ့ သူကြားရတဲ့အရာတွေကို လက်ခံဖို့ဆိုတာ အင်မတန်ခက်ခဲခဲ့ပါတယ်။ အဲ့ဒီ အစည်းအဝေးမှာတောင် သူ့ဘက်ကအဖွဲ့ဝင်တချို့က *"ကျွန်တော်တို့တွေ သူ့ကိုဆက်မပြောခိုင်းတော့ရင်ကောင်းမယ်"*ဆိုပြီး အနားကပ်ပြီး တီးတိုး ပြောခဲ့ကြ တယ်။ ဒါပေမယ့် ဦးအောင်မင်းကတော့ *"မဟုတ်ဘူး။ သူ့ကို ပေးပြောလိုက်ပါ။ ကျွန်တော်တို့က ညှိနှိုင်း ဆွေးနွေးရေးလုပ်ငန်းစဉ်ထဲကို ဝင်နေပြီ။ သူ့ကို နားထောင်ကြည့်ရအောင်"* ဆိုပြီး တုံ့ပြန်ခဲ့ပါတယ်။ ဦးအောင်မင်းအနေနဲ့ ကျွန်တော်ပြောတာတွေကို တိုက်ရိုက်အားဖြင့်တော့ မတုံ့ပြန်ခဲ့ပေမယ့် *"ကျွန်တော်တို့ အနေနဲ့ ဒီပြဿနာကို နိုင်ငံရေးနည်းနဲ့ ဖြေရှင်းရမယ်"* ဆိုပြီး ပြောခဲ့ပါတယ်။ ဒီနေ့ထိလည်း ဦးအောင်မင်း က *"နာကြည်းချက်တွေအကြောင်း နားထောင်ခဲ့ရတဲ့ တစ်နာရီကြာစကားဝိုင်း"* ဆိုပြီး မကြာခဏဆိုသလို ပြန် ပြောနေတုန်းပါပဲ။

*(နိုင်ဟံသာ)*

ABSDF နဲ့ မြန်မာအစိုးရကိုယ်စားလှယ်တွေကြား အလွတ်သဘောတွေ့ဆုံဆွေးနွေးခဲ့တဲ့ ပထမ အစည်း အဝေးနှစ်ခုစလုံးကို ကျွန်တော် မတက်ခဲ့ဘူး။ အဖွဲ့အစည်းအတွင်းမှာလည်း သဘောထားတွေ အမျိုးမျိုး ထွက်နေတယ်။ တချို့ကလည်း ဥက္ကဌကို အစိုးရနဲ့ ပေးမတွေ့စေချင်ဘူး။ တချို့ကျပြန်တော့လည်း ဥက္ကဌအနေနဲ့ ကိုယ်စားလှယ်အဖွဲ့ကို ဦးဆောင်သင့်တယ်လို့ ယူဆကြတယ်။ ဆုံးဖြတ်ချက်တစ်ခုချဖို့ အင်မတန်မှ အခက်တွေ့ခဲ့ရပါတယ်။ အစိုးရနဲ့ ABSDF တွေ ပထမဆုံးတရားဝင်တွေ့ဆုံဆွေးနွေးပွဲမှာ မြန်မာ အစိုးရဘက်က

အဖွဲ့ခေါင်းဆောင်အဖြစ် အရင်က ဗိုလ်ချုပ်ဟောင်းတစ်ဦးဖြစ်ပြီး သမ္မတရုံးက ပြည်ထောင်စု ဝန်ကြီးတစ်ဦးလည်းဖြစ်တဲ့ ဦးအောင်မင်းနဲ့ တွေ့ဆုံခဲ့ရတာပါ။ ABSDF ဘက်ကတော့ ခေါင်းဆောင်တွေ အားလုံး ဆုံးဖြတ်ချက်ချခဲ့တာပါ။ *"ကောင်းပြီ ဒီတခေါက်တော့ ခင်ဗျား တို့အနေနဲ့ ကိုယ်စားလှယ်အဖွဲ့ကို ဦးဆောင်သင့်ပြီး ABSDF ရဲ့ အနေအထားတွေအားလုံးကို ရှင်းပြသင့်တယ်"* ဆိုပြီး ABSDF က ခေါင်း ဆောင်တွေအားလုံး တပြိုက်နက် ဆုံးဖြတ်ခဲ့ကြပါ တယ်။ ပထမဆုံးအကြိမ် တရားဝင်တွေ့ဆုံပွဲအဖြစ် ချင်းမိုင်မှာ ကျင်းပဖို့ရက်သတ်မှတ်ကြ တုန်းက ကျွန်တော်တို့အဖွဲ့တွေအတူဆုံကြပြီး တာဝန်တွေကိုယ်စီ ခွဲခဲ့ ကြတယ်။ အဲ့ဒီအစည်း အဝေးအတွက် ကျွန်တော်တို့တွေ ကြိုတင်ပြင်ဆင်မှု အတော်လေး လုပ်ခဲ့ပါတယ်။ *"ဘယ်သူက အထွေထွေအတွင်းရေးမှူးနေရာမှာ ထိုင်မှာလဲ။ ဥက္ကဋ္ဌနေရာမှာ ဘယ်သူထိုင်မလဲ။"* လက်ဆွဲ နှုတ်တာ တောင်မှပဲ ကြိုတင်ပြင်ဆင်ခဲ့ကြတယ်။ *"ဘယ်သူက ဘယ်သူနဲ့ လက်ဆွဲ နှုတ်ဆက်မှာလဲ။ ပြီးတော့ ဘယ်လိုလုပ်မှာလဲ။ တကယ်လို့ ကျွန်တော်တို့က အရမ်းကိုယဉ် ကျေးတဲ့ ပုံပေါက်နေရင် ကျွန်တော်တို့တွေကို အားနည်းတဲ့သူတွေလို့ မြင်သွားလိမ့်မယ်။ တကယ်လို့ ကျွန်တော်တို့က မာန်ပါတဲ့ပုံ၊ မောက်မာထောင် လွှားတဲ့ပုံ ပြပြန်ရင်လည်း ကျွန်တော်တို့ကို ရိုင်းတယ်လို့ ထင်သွားနိုင်တယ်"*။ အဲ့လို အသေးအဖွဲကိစ္စလေး တွေက အများကြီးပါပဲ။ မြန်မာအစိုးရ ကိုယ်စားလှယ်အဖွဲ့ဝင်တွေကို ကြည့်လိုက်ပြန်ရင်လည်း သူတို့က ကျွန်တော်တို့ထက် အသက်ကြီးတယ်။ ဗမာ့ယဉ်ကျေးမှုမှာက ကိုယ့်ထက်အသက်ကြီး သူတွေကို ရိုသေ လေးစားသမှုနဲ့ ဆက်ဆံရတယ်။ ဒီတော့ အသက်အရွယ်ပိုင်းအရကြည့် မယ်ဆိုရင် ကျွန်တော်တို့ ABSDF ကိုယ်စားလှယ်တွေက ပိုငယ်နေတယ်။ ဒီတော့ သူတို့အော က်က ဖြစ်နေတယ်။ ကျွန်တော်တို့ အနေနဲ့ ကိုယ့်ယဉ်ကျေးမှုနဲ့အညီ ဘယ်လိုပြုမူရမယ်၊ ကိုယ့်ထက်အကြီးတွေ စကားပြောနေရင် စောဒက မတက်ဘဲနဲ့ ဆိတ်ငြိမ်ပြီး နားထောင်ရမယ် စတဲ့အသေးအဖွဲကအစ ဂရုစိုက်နေရတယ်။ ဒါကြောင့် ဆွေးနွေးပွဲစကား ဝိုင်းမှာ ကိုယ်နှုတ်အပြုအမူကလည်း ကဏ္ဍတစ်ခုကနေ ပါဝင်နေတယ်။ တချိန်တည်းမှာပဲ ကျွန်တော် တို့အနေနဲ့ ကိုယ့်သမိုင်းကြောင်းအတွက်လည်း စိုးရိမ်မိပြန်တယ်။ ကျွန်တော်တို့က ကိုယ့်ကျောင်းသား တွေရဲ့ သမိုင်းကြောင်း၊ ဗမာ့သမိုင်းမှာ ကျောင်းသားတွေလုပ်ရှားခဲ့တဲ့ အခန်းကဏ္ဍတွေ အတွက် အရမ်းကို ဂုဏ်ယူကြတယ်။ ကျောင်းသားတွေဟာ အမြဲတမ်းပဲ လူထုဘက်က ရပ်တည်ပေးခဲ့ ကြတယ်။ ဒါဟာ ကျွန်တော်တို့ရဲ့ ဂုဏ်သိက္ခာပါ။ ဒါကြောင့် နှုတ်ဆိတ်နေကြမယ်ဆိုရင် ဒါဟာ ကျွန်တော်တို့ဂုဏ်သိက္ခာကို သစ္စာဖောက်လိုက်တာနဲ့ အတူတူပါပဲ။ အစိုးရ ကိုယ်စားလှယ်တွေအနေနဲ့လည်း ကျွန်တော်တို့နဲ့ ဆက်ဆံတဲ့ အခါမှာ အခက်အခဲတွေအများ ကြီးနဲ့ ရင်ဆိုင်ရလိမ့်မယ်လို့လဲ တွေးမိပါတယ်။ ဒါဟာ သဘာဝကျပါ တယ်။ အကြောင်းက သူတို့လည်း ကျွန်တော်တို့လို ခံစားချက်တွေရောထွေးနေ ကြမှာပဲလေ။ သူတို့ရဲ့ အနေအထားကြောင့်လည်းအကြပ်ရိုက်နိုင်တယ်။ သူတို့က ကျွန်တော်တို့ထက်လည်း



အသက်လည်းကြီးတယ်။ သူတို့က လည်း ကျွန်တော်တို့တွေးသလိုပဲ "*ယဉ်ယဉ်ကျေးကျေး ဆက်ဆံလိုက်တာဟာ ဘယ်လို အဓိပ္ပါယ် သက် ရောက်သွားမလဲ*"ဆိုပြီးတော့ တွေးမိကြမှာပဲ။ ဒါကြောင့် ဒီလုပ်ငန်းစဉ်ကြီးကို သွားနေတဲ့အဆင့်တိုင်းမှာ ကျွန်တော်တို့အနေနဲ့ သတိထားဖို့လိုတယ်။ ကိုယ့်ကိုယ်ကိုယ် ဟန်ချက်ညီအောင်လုပ်ဖို့ လိုတယ်။ ပထမ အစည်းအဝေးတုန်းကတော့ သူတို့အဖွဲ့ ခေါင်းဆောင်က မြန်မာအစိုးရမူဝါဒ အကြောင်းနဲ့ ABSDF ကို သူတို့အနေနဲ့ ဘယ်လိုမြင်မိတဲ့အကြောင်းတွေကို ရှင်းပြခဲ့တယ်။ ကျွန်တော်တို့ ဘက်ကတော့ ကိုယ့် သမိုင်း ကြောင်း၊ ကိုယ့်အခန်းကဏ္ဍနဲ့ ရည်မှန်းချက်တွေကို ရှင်းပြတယ်။ အစည်းအဝေးက ဒီပုံစံ (၂) မျိုး အတိုင်းပဲ သွားနေတဲ့အတွက် အပြန်အလှန် ဆွေးနွေးကြတဲ့အဆင့် မရောက်သေးဘဲ ပြိုင်ဘက်နစ်ဖက်ကြား ကိုယ့်ဘက်သူ့ဘက်အနေအထားတွေကို ဖလှယ်ကြတဲ့ သဘောပဲဖြစ်နေတယ်လို့ သုံးသပ်မိတယ်။ ဒါပေမယ့် ကျွန်တော်တို့အချင်းချင်းတွေ့ဆုံကြပြီး ကိုယ့်ရဲ့ မတူညီတဲ့ သဘောထားအမြင်တွေကို ဖလှယ်နိုင်ခဲ့ကြ ပါတယ်။ ညှိနှိုင်းဆွေးနွေးမှုတွေမှာ အခက်ခဲဆုံးအချိန်ကတော့ အစပျိုးနေတဲ့ အချိန်ပါ ပဲ။

*(ဦးသံခဲ)*

အဲ့အချိန်တုန်းက ကျွန်တော်က တက္ကသိုလ်မှာ အလုပ်လုပ်နေတုန်းပဲ။ အဲ့ဒီတုန်းက အစည်းအဝေးပွဲတွေမှာ မပါဝင်နိုင်ခဲ့ဘူး။ ကျွန်တော့်လုပ်ဖော်ကိုင်ဖက်တွေဆီကနေ ယုံကြည်မှုတည်ဆောက်ယူရတာ ဘယ်လောက် ထိခက်ခဲသလဲဆိုတာကိုလည်း သင်ခန်းစာရခဲ့တယ်။ မျက်နှာချင်းဆိုင်ထိုင်ဖို့ဆိုတာတောင် မလွယ်ဘူး။ ဒါပေမယ့်လည်း အဖက်ဖက်က

ခေါင်းဆောင်တွေအားလုံးက စွန့်စားရဲတဲ့ အတွက်သာ ဒီအခက်အခဲတွေကိုကျော်လွှား လာနိုင်ခဲ့တာပါ။ တကယ်လို့ သူတို့သာ မစွန့်စားခဲ့ဘူးဆိုရင် အခုချိန်မှာ ဒီအခြေအနေထိ ရောက်နိုင်မှာ မဟုတ်ဘူး။ သူတို့ကို ပံ့ပိုးကူညီပေးဖို့ ကျွန်တော်တို့တွေ ကြိုးစားခဲ့ပါ တယ်။

*(ဦးကျော်စိုးလှိုင်)*

လူတော်တော်များများက အံ့ဩစရာတွေဖြစ်လာလိမ့်မယ်လို့ ထင်ထားကြတယ်။ ကျွန်တော်တို့တွေ ဒီမို ကရက်တစ်ဖက်ဒရယ်စနစ်ကို ရပြီဆိုတာနဲ့ အရာအားလုံးပြောင်းလဲလာလိမ့်မယ်လို့ ထင်နေကြတယ်။ ကျွန်တော်အမြဲပြောနေကြစကားရှိတယ်။ တကယ်လို့ ဒီမိုကရေစီ လိုချင်တယ်ဆိုရင် အစိုးရဆီက ရဖို့ စောင့် နေယုံနဲ့မရဘူး။ ဒီမိုကရေစီပေးဖို့ အစိုးရကို တွန်းအားပေးရမှာဖြစ်တယ်ဆိုတာပါပဲ။ ဖက်ဒရယ် စနစ်လည်း ထိုနည်းလည်းကောင်းပါပဲ။ အစိုးရကပေးလာမယ့်အချိန်ကို စောင့်နေယုံနဲ့မရဘူး။ ကိုယ်တိုင်လုပ်ယူမှ ရမယ်။ လူတော်တော်များများက *"ဒါဟာ လှည့်စားနေတာပဲ။ သူတို့က ကျွန်တော်တို့ကို ဘာမှကိုမ ပေးသေးဘူး"*ဆိုပြီး ပြောကြပါတယ်။ အဲ့ဒီလို မဟုတ်ပါဘူး။ သူတို့ကတော့ ဘာမှပေးမှာမဟုတ်ဘူး။ သူတို့ကရော ဘာလို့ ပေးမှာလည်း။ ကိုယ်လုပ်ရမှာက ကိုယ်လိုချင်တာရအောင်ယူဖို့ပဲ။ ကိုယ်ညှိနှိုင်းနိုင်သလောက် ကိုယ်ရ မှာပဲ။ ကိုယ်လိုချင်တာရပြီဆိုရင် ပြီးပြီပေါ့။ ကိုယ်ရမယ့် ဖက်ဒရယ်စနစ်က ကိုယ်ညှိနှိုင်းဆွေးနွေးခဲ့တဲ့ အတိုင်းအတာအထိပဲ ရလိမ့်မယ်။ ကိုယ်လိုချင်တာ ဘာလဲဆိုတာမသိသေးသရွေ့၊ ဘယ်လိုညှိနှိုင်း ဆွေးနွေးရမလဲဆိုတာမသိသေးသရွေ့ကတော့ ဘာမှကို ရမှာမဟုတ်ဘူး။ ပြီးတော့ လူတွေက *"စစ်တပ်က အာဏာရှိနေတုန်းပဲ။ ဒါဟာ လှည့်စားမှုတစ်ခုပဲ။ အစစ်အမှန်မဟုတ်ဘူး"*ဆိုပြီး ပြောကြတာကလည်းပြဿနာတစ်ရပ်ပါပဲ။ ဒါဆို ကျွန်တော်ကတော့ *"ဘယ်လိုလူမျိုးကရော အာဏာကို စွန့်လွှတ်ချင်မှာလဲ။ ဗိုလ်ချုပ်တွေကရော ဘာလို့ အာဏာကို စွန့်လွှတ်ရမှာလဲ။ အကြောင်းပြချက်မှမရှိတာ။ ခင်ဗျားအနေနဲ့ ကိုယ်လိုချင်တာဘာလဲဆိုတာသိ ရမယ်။ ပြီးရင် အာဏာရှင်လိုမဟုတ်ဘဲ ကိုယ်လိုချင်တာရအောင် ဘယ်လို ယူရမယ်ဆိုတာကိုလည်း သိရမယ်"*လို့ပဲ ပြောချင်တယ်။ သူတို့က *"တကယ်လို့အစိုးရသာ ရိုးသားမှု ရှိမယ်ဆိုရင် သူတို့က ငါတို့လိုလားတာကို ပေးရမှာပေါ့"* ဆိုကြတာလဲ ရှိသေးတယ်။ ကျွန်တော်ကတော့ *"သူတို့က ဘာလို့ ပေးမှာလဲ။ သူတို့သာ တကယ်လို့ ရိုးသားပြီးတော့ ခင်ဗျားတို့လိုချင်တာကို ပေးမယ်ဆိုရင် ခင်ဗျားလည်း လွန်ခဲ့တဲ့နှစ် (၃၀) လောက်ကတည်းက တိုက်နေခိုက်နေစရာမလိုတော့ဘူးလေ။ သူတို့ အနေနဲ့ ခင်ဗျားလိုလားတာတွေကို ခုချိန်မှ ဘာကြောင့်ပေးရမှာလဲ။ ခင်ဗျားအနေနဲ့ အဲ့ဒီအတွက် တိုက်ပွဲဝင်ရ အုံးမယ်။ အရင်ကနဲ့မတူတဲ့အချက်ဆိုလို့ ခင်ဗျားက ခုချိန်မှာ လက်နက်မကိုင်တော့ဘူး"*လို့ပြန်ပြောရပါလိမ့်မယ်။ ခေါက်ရိုးကျိုးနေတဲ့အတွေးအခေါ်တွေဟာ အကြီးမားဆုံး အဟန့်အတားတွေထဲက တစ်ခုပဲလို့ ကျွန်တော်ထင်တယ်။ ခင်ဗျား ၁၀၀%

ကြိုက်နှစ်သက်မယ့် ဖြေရှင်းမှုမျိုးကို အစိုးရဆီကမျှော်လင့်နေတယ် ဆိုရင်တော့ အဲ့ဒီလိုမျိုး ဘယ်တော့မှ ဖြစ်လာမှာမဟုတ်ဘူး။

*(ဦးဟန်ယောင်ဝေ)*

ရှေ့ဆက်မယ့်လမ်းမှာ စိန်ခေါ်မှုတွေအများကြီးရှိနေပေမယ့် အစိုးရမဟုတ်တဲ့ လက်နက်ကိုင်အဖွဲ့ အစည်း (NSAG) တွေကတော့ ခြေကုန်လက်ပမ်းကျလု နီးပါးဖြစ်နေကြပြီလို့ ကျွန်တော်ထင်တယ်။ သူတို့ဘက် ကလည်း လက်ဆုပ်လက်ကိုင်ပြနိုင်မယ့် စစ်မှန်တဲ့အောင်မြင်မှုတစ်စုံတစ်ရာမှ မရသေးဘူးလို့လည်း ပွင့်ပွင့် လင်းလင်းပဲ ပြောပြထားပါတယ်။ အစိုးရဘက်ကလည်း အာဏာကို ကိုင်စွဲထားနိုင်ပေမယ့် သူတို့ ဂုဏ် သိက္ခာတွေနဲ့ နာမည်တွေကတော့ ပျက်စီးခဲ့ပါတယ်။ ပြီးတော့ အာဏာလက်ထဲရှိသူတွေအနေနဲ့ အသိအမှတ်ပြုမှု၊ တရားဝင်မှု (legitimacy) တိတိပပရှိဖို့ လိုအပ်ပြီး သူတို့မှာအဲ့ဒါတွေ မရှိပါဘူး။ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်ကသာလျှင် ဒါတွေကို သူတို့ လက်ထဲထည့်ပေးနိုင်မှာပါ။ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကနေလည်း ကျွန်တော်တို့အနေနဲ့ အများကြီး မျှော်လင့်ထားလို့မရပါဘူး။ တိုင်းပြည်ရဲ့ စီးပွားရေးပြဿနာတွေကို တစ်နေ့ တည်းနဲ့ ဖြေရှင်းနိုင်မှာမဟုတ်ပါဘူး။ ဒါပေမယ့် လူထုတွေအနေနဲ့ ရင်ဖွင့်ပြော နိုင်မယ့်နေရာတစ်နေရာ၊ သူတို့ခံစားချက်တွေကို ဖွင့်ဟနိုင်မယ့် နေရာတစ်နေရာရှိမှပဲ ငြိမ်းချမ်းရေးကို အတိုင်းအတာတစ်ခုထိ သယ်ဆောင်လာနိုင်မှာဖြစ်ပါတယ်။ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဟာ ယေဘုယျအားဖြင့်တော့ အပြုသဘော ဆောင်တဲ့ အကျိုးသက်ရောက်မှုတွေကို ပေးနိုင်လိမ့်မယ်လို့ ကျွန်တော်ထင်ပါတယ်။

*(ဆရာကျော်သူ)*

ကျွန်တော့်အမြင်ကတော့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တစ်ခုလုံးအနေနဲ့က မနှေးကွေးပါဘူး။ အဲ့ဒါနဲ့ ဆန့်ကျင် ဘက်ပဲ ဒီလုပ်ငန်းစဉ်က အတော်လေးကို လျင်လျင်မြန်မြန်နဲ့ သွားနေတာကို တွေ့ရတယ်။ လူထုဘက်က မျှော်လင့်ထားတာနဲ့တော့ ကွာဟချက်တွေရှိတာပေါ့လေ။ ၃-နှစ်တာ-ငြိမ်းချမ်းရေး လုပ်ငန်းစဉ်ကို လူထုက တော်တော်ကြာလွန်းတယ်လို့မြင်ကြတယ်။ အထူးသဖြင့်တော့ တိုက်ပွဲတွေ၊ ပဋိပက္ခတွေ မရှိတဲ့ အရပ် ဒေသတွေက လူထုတွေပေါ့။ ပဏာမအပစ်အခတ် ရပ်စဲရေးသဘောတူညီချက်ကို လက်မှတ် ရေးထိုးခဲ့ပြီး နောက် ကျယ်ပြန့်တဲ့အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်အတွက် ပြင်ဆင်ဖို့ရှိပါတယ်။ ဒီသဘော တူညီချက်ဟာ ကျယ်ပြန့်မှုရှိပြီး အားလုံးပါဝင်မှုရှိတာကြောင့် အချိန်တော့ယူရပါတယ်။ စာကြောင်း တိုင်းကို သေသေချာချာ အဓိပ္ပါယ်ဖွင့်ဆိုဖို့ လိုအပ်တဲ့အတွက် အချိန်ယူရတယ်။

ဒါပေမယ့် အောက်ခြေက လူထုအတွက်ကတော့ ဒါဟာ အချိန်အကြာကြီးလို့ ခံစားကြရတယ်။ သူတို့အနေနဲ့က လုပ်ငန်းစဉ်တစ်ခုလုံးနဲ့ အခက်အခဲတွေကို မမြင်ဘူး။ ဒီအပိုင်းမှာ ကျွန်တော်ကတော့ အစိုးရအရာရှိတွေနဲ့ လက်နက်ကိုင် ခေါင်းဆောင်တွေ နှစ်ဖက်စလုံးကို နားလည်တယ်။ သူတို့အနေနဲ့ ဒီလို အကြပ်ရိုက်မှုကို ရင်ဆိုင်နေ ကြရ တယ်။ လူတွေက တိုက်ပွဲတွေမရှိတော့တာကို မြင်တဲ့အခါ သူတို့က *"ငါတို့က ဘာ ထပ်စောင့်နေရတာလဲ"* ဆိုပြီး မေးခွန်းထုတ်လာကြတယ်။ သူတို့သဘောထားအမြင်တွေက သူတို့ကျင်လည်တဲ့ ပတ်ဝန်းကျင် ဒေသပေါ်အခြေခံတဲ့အမြင်ဖြစ်တဲ့အတွက် အကန့်အသတ် တွေရှိနေတယ်။ ဒါပေမယ့် အပြန်အလှန် ဆွေးနွေးဖော်ဆွေးနွေးဘက်တွေနဲ့ ကျွန်တော်တို့အားလုံး ကတော့ လုပ်ငန်းစဉ်တစ်ခုံလုံးကို ကြည့်ရတယ်။ လူထုမျှော်လင့်ချက်တွေကို ကိုင်တွယ်ဖြေရှင်းနေရတာက ပြဿနာတစ်ခုဖြစ်နေတယ်။

*(ဦးကျော်စိုးလှိုင်)*

# အပြန်အလှန်ဆွေးနွေးစဉ်နှင့် ယုံကြည်မှုတည်ဆောက်စဉ်

၂၀၁၂ ခုနှစ်အစောပိုင်းတုန်းက ကျွန်တော့်လုပ်ဖော်ကိုင်ဘက်တွေက ကျွန်တော့်ကို ငြိမ်းချမ်းရေးစင်တာ တစ်ခု အစီအစဉ်ဆွဲရာမှာ ကူညီပေးဖို့နဲ့ အဲ့ဒီစင်တာရဲ့ ဘဏ္ဍာရေးစီမံခန့်ခွဲမှုနဲ့ ရေရှည်တည်တံ့ ရေးတွေမှာပါ အကူအညီပေးဖို့ တောင်းဆိုခဲ့ပါတယ်။ ကျွန်တော်လည်း ဒီနိုင်ငံမှာ မရှိဘူးသေးတဲ့ အင်စတီကျူးရှင်းတစ်ခုကို ပုံဖော်ရေးဆွဲအကောင်အထည်ဖော်ရမယ်လို့ စဉ်းစားမိတယ်။ အစိုးရ မှာက ဖွဲ့စည်းပုံတွေ သူ့နေရာနဲ့သူ အခိုင်အမာရှိနေပြီးသားမို့ ၁၀၀% ပြည့် အစိုးရအင်စတီကျူးရှင်း တစ်ခုကို တည်ထောင်ဖို့ဆိုတာ အရမ်းကို လွယ်ကူပါတယ်။ လူထုက *"ဘာလို့ 'ငြိမ်းချမ်းရေး ဝန်ကြီးဌာန' မလုပ်တာလဲ"* လို့ မေးကြတယ်။ အစိုးရရဲ့ ရှုထောင့်အမြင်ကနေ ကြည့်မယ်ဆိုရင်တော့ ဒါဟာ အပြုသဘောဆောင်တယ်လို့မြင်မှာပါ။ ဒါပေမယ့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တွေနဲ့ အလုပ်လုပ်ရတဲ့အခါမှာတော့ ပိုပြီးအခက်တွေ့နိုင်ပါတယ်။ အထူး သဖြင့် သူတို့နဲ့ ယုံကြည်မှုတည်ဆောက်ရတဲ့အပိုင်းမှာ ခက်ခဲနိုင်ပါတယ်။ ဒါပေမယ့် တခြားတဘက်က ကြည့်ပြန်တော့လည်း ရာနှုန်းပြည့် အစိုးရမဟုတ်တဲ့ ငြိမ်းချမ်းရေး စင်တာ တစ်ခုကို ထူထောင်တာဟာလည်း အဖြေမဟုတ်သေးဘူး။ ကျွန်တော်တို့အနေနဲ့ လုပ်ပိုင်ခွင့်နဲ့ အာဏာကို လိုအပ်ပါတယ်။ လက်နက်ကိုင် အဖွဲ့တွေက မတရားအသင်းအဖွဲ့ စာရင်းထဲမှာပဲ ရှိနေပါတယ်။ မတရားအသင်းနဲ့ ဆက်သွယ်တဲ့ ဘယ်သူ မဆိုဟာ ရာဇဝတ်မှုမြောက်ပါတယ်။ *"တကယ်လို့ ကျွန်တော်တို့က စကားမပြောဘူး၊ ညှိနှိုင်း ဆွေးနွေးပွဲ မလုပ်ဘူး။ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ တွေကိုလည်း ညှိနှိုင်းရေးစကားဝိုင်းကို မခေါ်လာနိုင်ဘူးဆိုရင် ကျွန်တော်တို့တွေက ဘယ်သူနဲ့ တွဲလုပ်ရမှာလဲ"* ဆိုတဲ့ အတွေးမျိုး ကျွန်တော်တို့ခေါင်းထဲမှာရှိခဲ့ပါတယ်။ ကျွန်တော်တို့ဟာ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်မှာ ထိတွေ့ ဆက်ဆံမှုတွေလုပ်ဖို့ ကြိုးပမ်းနေကြတာပါ။ အစပိုင်း မှာတော့ ကျွန်တော်တို့အနေနဲ့ အဓိကပါဝင်ပတ်သတ်သူတွေဖြစ်တဲ့ အစိုးရနဲ့ လက်နက်ကိုင်အဖွဲ့တွေနဲ့ ထိတွေ့ဆက်ဆံမှုတွေလုပ်ဖို့ လိုအပ်ပါတယ်။ အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်ကို အကောင်အထည် ဖော်ဖို့က လက်နက်ကိုင်ပဋိပက္ခထဲမှာ ပါဝင်နေသူတွေကို တွေ့ဆုံပေးရပါမယ်။ ဒီနေရာမှာ ကျွန်တော်တို့ အနေနဲ့ လုပ်ပိုင်ခွင့် အာဏာရှိဖို့ လိုအပ်တယ်။ တရားဝင်ဖြစ်မယ့်တစုံတရာကို လိုအပ်တယ်။ ဒါကြောင့် လည်း အစိုးရ ပံ့ပိုးမှုနဲ့ လုပ်ကိုင်ဆောင်ရွက်ဖို့က ပိုပြီး သင့်တော်နေတာပါ။ ကျွန်တော်တို့ဟာ မတူကွဲပြားတဲ့ စနစ်တွေ အမျိုးမျိုးနဲ့ လုပ်ရတဲ့အတွက် လုပ်ငန်းဆောင်ရွက်မှုပိုင်းတွေမှာတော့ ကျွန်တော်တို့အနေနဲ့ အများကြီး သဘောထားပျော့ပြောင်းဖို့လိုပါတယ်။ ကျွန်တော်တို့တွေ ခရီးထွက်ဖို့လိုအပ်တယ်။ တွေ့ဆုံ ဆွေးနွေးဖို့ လိုအပ်တယ်။ အကယ်၍ ကျွန်တော်တို့သာ ရာနှုန်းပြည့် အစိုးရ အရာရှိတွေဖြစ်နေမယ်ဆိုရင် ကျွန်တော်တို့ရဲ့ လိုသလိုပြုပြင်ပြောင်းလဲ

နိုင်မှုကို ဟန့်တားနိုင်တဲ့ စည်းမျဉ်း စည်းကမ်းတွေ၊ တားမြစ်ချက် တွေအများကြီး ရှိနိုင်ပါတယ်။ ခင်ဗျားနဲ့ အခုလို စကားပြော ရင်တောင်မှ ကျွန်တော့်အနေနဲ့ ဌာနအသီးသီးက ခွင့်ပြုမိန့်တွေလိုပါတယ်။ ဒါပေမယ့် ခုတော့ ကျွန်တော်တို့က လွတ်လပ်မှုကို ခံစားရတယ်။ လွတ်လပ်စွာ လှုပ်ရှားနိုင်မှုရှိတဲ့အခါ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့တွေနဲ့လည်း အပြုသဘောဆောင်စွာနဲ့ လုပ်ကိုင်တဲ့ နေရာမှာ အထောက်အကူ ပြုပါတယ်။ ပြီးတော့ အစိုးရအဖွဲ့အစည်းတစ်ပိုင်းဖြစ်နေခြင်းက နှစ်ဖက်စလုံးကို ကိုယ်စားပြု ရပ်တည်ပြီး အရေးဆိုပေးနိုင်မယ့် အခွင့်ကိုပေးပါတယ်။ နှစ်ဘက်စလုံးရဲ့ သဘောထား အမြင်တွေက ကွဲလွဲမှုတွေရှိကောင်းရှိမယ်။ အစိုးရအနေနဲ့က ကျွန်တော်တို့ဟာ လက်နက်ကိုင်အဖွဲ့တွေနဲ့ ရင်းနှီးမှုရှိတယ် (သို့) အတူတွဲလုပ်နေတယ် (သို့) ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို ဖြစ်မြောက်အောင် ပံ့ပိုးကူညီပေးတယ်လို့ထင်ကောင်းထင်နေလိမ့်မယ်။ တကြိမ်တည်းမှာပဲ လက်နက်ကိုင်အဖွဲ့တွေဘက်ကလည်း ကျွန်တော်တို့အပေါ်ကို အစိုးရနဲ့ အတူတွဲလုပ်တယ်၊ အစိုးရနဲ့ နီးစပ်မှုရှိတယ်လို့ယူဆကောင်းယူဆနိုင်တယ်။ ပထမဆုံး ကျွန်တော်တို့အနေနဲ့ပြတ်ပြတ်သားသားရှိဖို့လိုတယ်။ ကိုယ်လုပ်နေတဲ့ အလုပ် ပေါ်မှာ သတိရှိနေဖို့လိုတယ်။ ပြီးတော့ နှစ်ဖက်စလုံးနဲ့လည်း ပူးပေါင်းဖို့လိုအပ်တယ်။ ကျွန်တော်တို့ဟာ မြန်မာနိုင်ငံ တွင်းမှာနေနေတဲ့အတွက် တိုင်းပြည်ရဲ့ဥပဒေတွေကိုလည်း လိုက်နာဖို့လိုတယ်။ တချိန်တည်းမှာပဲ လက်နက် ကိုင်အဖွဲ့တွေရဲ့သဘောသဘာဝနဲ့ သူတို့ရဲ့ ဦးစားပေးသတ်မှတ်ချက်တွေကိုလည်း နားလည်ထားဖို့လိုအပ် တယ်။ ဒီငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို ရှေ့ဆက်နိုင်ဖို့အတွက် ကျွန်တော်တို့အားလုံး ပူးပေါင်း ဆောင်ရွက် ကြဖို့လိုတယ်။ အခုလောလောဆယ်မှာတော့ ကျွန်တော်တို့ရဲ့ လက်ရှိအနေအထားဟာ အသင့်တော်ဆုံး လို့မြင်တယ်။ အနာဂတ် နိုင်ငံရေးဆွေးနွေးပွဲလုပ်ငန်းစဉ်မှာတော့ ကျွန်တော်တို့အနေနဲ့ ကိုယ့်ရဲ့ အနေအထားပုံစံကို ပြောင်းလဲဖို့လိုအပ်ကောင်း လိုအပ်နိုင်တယ်။ နှစ်ဖက်ကြားမှာ ညပ်နေတဲ့ အနေအထားမှာရှိနေတဲ့အတွက် ဒီစင်တာကို ပုံစံချစီစဉ်ရတာဟာ လွယ်ကူတဲ့အလုပ်တော့မဟုတ်ဘူး။

*(ဦးကျော်စိုးလှိုင်)*

အရင် စစ်အစိုးရလက်ထက်က အပစ်အခတ်ရပ်စဲရေးညှိနှိုင်းဆွေးနွေးပွဲတွေမှာ ဒေသခံတွေ၊ လေးစားရတဲ့ သက်ကြီးပိုင်းတွေ၊ ဘာသာရေးခေါင်းဆောင်တွေနဲ့ စီးပွားရေးသမားတွေဟာ "ကြားလူ" တွေအဖြစ်ပဲ ပါဝင်ခဲ့ ကြတယ်။ သူတို့တွေက နှစ်ဘက်စလုံးနဲ့ ဆက်သွယ်နိုင်တဲ့ အတွက် နှစ်ဘက်တပ်က ဆက်ဆံရေး ပြတ်တောက်တဲ့အချိန်မှာ ကြားကနေ သတင်းပို့ပေးခဲ့ကြရပါတယ်။ ကချင်မှာ ဆိုရင်တော့ ဘာသာရေး ခေါင်းဆောင်တွေ ပါဝင်ပြီး ကျွန်မအဖေကလည်း အဲ့ဒီပုဂ္ဂိုလ်တွေထဲက တစ်ယောက်အပါအဝင်ပါ။ ပြီးတော့ ကျွန်မဦးလေးလို စီးပွားရေးသမားတွေ၊ အငြိမ်းစား နိုင်ငံရေး သမားဟောင်းတွေနဲ့ ကျွန်မနဲ့ ဦးလေးတော်တဲ့

အငြိမ်းစား သံတမန်တစ်ဦးလည်း ပါဝင်ပါတယ်။ ဒါပေမယ့် ၂၀၁၁ ခုနှစ်မှာ ဦးသိန်းစိန် သမ္မတဖြစ်ပြီး ငြိမ်းချမ်းရေး ကမ်းလှမ်းမှုလုပ်တဲ့ အခါမှာ ချဉ်းကပ်ကိုင်တွယ်ပုံက စပြီးတော့ ပြောင်းလဲလာပါတယ်။ တဖြည်းဖြည်းနဲ့ ဒေသခံ ကြားဝင်စေ့စပ်သူ/ပံ့ပိုးကူညီပေးသူတွေရဲ့ အခန်းကဏ္ဍဟာ မလိုအပ်တော့ပါဘူး။ အကြောင်း ကတော့ အပစ်ရပ်ယူခဲ့တဲ့ ၁၇ နှစ်အတွင်းမှာ အစိုးရနဲ့ လက်နက်ကိုင်အဖွဲ့တွေဟာ ဆက်ဆံရေးတည်ဆောက်နိုင်ခဲ့ကြတယ်။ ပြီးတော့ ဒီအသွင်ကူးပြောင်းရေးကာလနဲ့လည်း လိုက်လျောညီထွေမှု ရှိအောင် ကျွန်မတို့ အနေနဲ့ အပြောင်းအလဲလုပ်ရတယ်။ ၂၀၁၁ ခုနှစ်အပြီး၊ တစ်နှစ်နီးပါးလောက် ကို ကျွန်မတို့ တွေဟာ လေ့လာနေခဲ့ကြတာဖြစ်ပြီး အခြေအနေကို သုံးသပ်ဖို့နဲ့ ဒီဖြစ်စဉ်ထဲမှာ ကျွန်မတို့တွေ အမှန်တကယ် ပါဝင်နိုင်မယ့်နေရာကို ရှာဖွေဖို့ကြိုးပမ်းခဲ့ကြတယ်။ ဒါကြောင့် ကျွန်မတို့စိတ်ထဲမှာ *"ငါတို့ရဲ့ လေ့လာ သုံးသပ်ချက်တွေကို ဖက်ဒရယ်ပြည်ထောင်စုပေါ်ထွန်းရေး ကော်မတီ (CEFU) နဲ့လည်း ဆွေးနွေးဖလှယ်လို့ ရနိုင်ကောင်းရဲ့"* ဆိုတဲ့ အတွေးတွေရှိခဲ့ကြပြီး ကျွန်မတို့ရဲ့ သုံးသပ်ချက်တွေကို ဝေဌဖို့အတွက် သူတို့ရဲ့ ဆွေးနွေးရေးကော်မတီနဲ့လည်း အကြိမ်ကြိမ်တွေ့ဆုံမှုတွေလုပ်ခဲ့တယ်။ အဲ့ဒီက ရလိုက်တဲ့သင်ခန်းစာက တော့ ယုံကြည်မှု အမြဲတမ်းရှိနေခဲ့တယ်ဆိုတာ ပါပဲ။ အစပိုင်းမှာတော့ အစိုးရဘက်က ကျွန်မအပေါ်ကို ယုံကြည်မှုရှိလိမ့်မယ်ဆိုတာကို ယုံမှား သံသယသိပ်မရှိခဲ့ဘူး။ အကြောင်းက သူတို့က ကျွန်မအဖေနဲ့ ဦးလေးကို သိနေကြတယ်။ ကျွန်မတို့ ယဉ်ကျေးမှုမှာက အချိတ်အဆက် တွေဆိုတာအရေးကြီးပါတယ်။ ဘယ် ယဉ်ကျေးမှုတိုင်းမှာမဆိုလည်း ဒီအတိုင်းပဲလို့ ထင်ပါ တယ်။ ယုံကြည်မှုဟာ မိသားစုဆီကနေ သွားတာပါ။ ဒါကြောင့် ကျွန်မဟာ ဘယ်သူ့သမီးလည်း ဆိုတာကို သိနေတဲ့အခါမှာ သူတို့အနေနဲ့ ကျွန်မကို ပုံသေ တွက်ထားနိုင်တယ်။ ဒါမှမဟုတ် လည်း သူတို့အနေနဲ့ ကျွန်မကို လက်ခံနိုင်တယ်။ ဒါကြောင့် အစိုးရ ဘက်ကတော့ ကျွန်မကို ယုံကြည်မှုရှိခဲ့တယ်ဆိုတာကို ခံစားလို့ရတယ်။ ဒါပေမယ့်အခြားတဘက်မှာလည်း လက်န က်ကိုင်အဖွဲ့တွေ၊ အထူးသဖြင့် KIO နဲ့ ပတ်သတ်ရင် သံသယရှိခဲ့တယ်။ ဘာလို့လဲဆိုတော့ ၂၀၀၉ ခုနှစ်၊ နယ်ခြားစောင့်တပ်ညှိနှိုင်းဆွေးနွေးမှုတွေတုန်းက အဖေလည်း အဲ့ဒီဆွေးနွေး မှုထဲမှာ ထဲထဲဝင်ဝင် ပါဝင်ခဲ့ဖူးတယ်။ သူကတော့ *"ဒီ BGF ဟာ နိုင်ငံရေးလုပ်ငန်းစဉ်ကို သွားနိုင်မယ့် တံခါးတစ်ချက်ပဲ"* ဆိုပြီး သုံးသပ်ခဲ့တယ်။ အဖေက BGF အဆိုပြုချက်ကို လက်ခံပါလို့ ပြောခဲ့တာတော့မဟုတ်ဘူး။ ဒါပေမယ့် တံခါးဖွင့်ဖို့ အခွင့်အလမ်းတစ်ခုအဖြစ် အသုံးချဖို့ပြောခဲ့တယ်။ ဒါပေမယ့် KIO ခေါင်းဆောင်တချို့က ဒါကို အထင်လွဲခဲ့ပြီး အဖေ့အပေါ် ယုံကြည်မှုကင်းမဲ့သွားတယ်။ ဒါကြောင့် ခုလက်ရှိ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ထဲမှာ ကျွန်မပါဝင်လာတဲ့အခါမှာ ကျွန်မမှာ ကချင် အသိုင်းအဝိုင်းနဲ့ KIO က ကျွန်မကို အပြည့်အဝ ယုံကြည် နိုင်ပါ့မလားဆိုတဲ့ ရောထွေးတဲ့ခံစားချက်မျိုးရှိခဲ့တယ်။ ဒါကြောင့်လည်း ကျွန်မတို့ အနေနဲ့ KIO/မြန်မာအစိုးရတို့ရဲ့ညှိနှိုင်းဆွေးနွေးရေးလုပ်ငန်းစဉ်မှာ ဘယ်အတိုင်းအတာအထိ

ပါဝင်သင့်တယ်ဆိုတာနဲ့ ပတ်သတ်လို့ မသေချာမရေရာခဲ့ဘူး။ ဒါကြောင့် အခြေအနေတွေအပေါ် ကိုယ့်ရဲ့ ကိုယ်ပိုင်သုံးသပ်ချက်တွေနဲ့ ယုံကြည်မှုကို စပြီးတည်ဆောက်ခဲ့တယ်။

*(ဒေါ်လထော်ဂျာနန်)*

ကျွန်တော်တို့အချင်းချင်း လယ်ကွင်းထဲမှာရော၊ မြို့ပေါ်မှာရော၊ တောထဲတောင်ထဲမှာပါ တိုက်ခိုက်ခဲ့ကြ ပြီးပြီ။ အခုတော့ အခန်းထဲက စားပွဲဝိုင်းရဲ့ တစ်ဖက်တစ်ချက်စီမှာရောက်နေကြပါပြီ။ သူတို့က ABSDF ကို အကြမ်းဖက် အဖွဲ့ဆိုပြီးတော့ နှစ်ပေါင်း (၂၅) နှစ်နီးပါးလောက် စွပ်စွဲခဲ့ပြီးပြီ။ ကျွန်တော်တို့ဘက်ကတော့ သူတို့ကို အာဏာကို မတရားယူခဲ့တဲ့ ရက်စက်ကြမ်းကြုတ်တဲ့ စစ်အစိုးရလို့ မြင်တယ်။ အခုတော့ ရန်သူ နှစ်ဖက်ကြားမှာ အစည်းအဝေးလုပ်နေကြတယ်။ ဟုတ်ပါတယ်။ ရန်သူနှစ်ဦးက အခန်းတစ်ခုတည်းမှာ အတူတူထိုင်နေကြပါတယ်။ ညှိနှိုင်းဆွေးနွေးရတာ အတော်လေး ခက်ခဲတယ်။

*(ဦးသံခဲ)*

အရင်အစိုးရတွေနဲ့ယှဉ်ရင်တော့ ဒီအစိုးရက နိုင်ငံရေးဆွေးနွေးပွဲလုပ်ဖို့ပိုပြီးလမ်းဖွင့်ပေးတယ်။ ဒီအခွင့် အရေးကို ပါးနပ်စွာနဲ့ အသုံးချတတ်မယ်ဆိုရင် ကျွန်တော်တို့အတွက် အခွင့်အရေး ရှိနိုင်တယ်။ ဒါပေမယ့် ကျွန်တော်တို့အတွေ့အကြုံအရ၊ တခြားတိုင်းရင်းသားတွေနဲ့ တစ်ဖက်အဖွဲ့အပါအဝင် ကျွန်တော်တို့ကြားမှာ အပြန်အလှန် ယုံကြည်မှု မရှိကြဘူး။ ရည်ရွယ်ချက်ကတော့ ကောင်းပေမယ့် သဘောထားအမြင်တွေ ကွဲလွဲနေတဲ့အတွက် အားလုံးသဘောတူလက်ခံနိုင်မယ့် လမ်းကြောင်းကို ရှာဖို့လိုသေးတယ်။ လက်ရှိ အစိုးရ က ကျွန်တော်တို့ တောင်းဆိုချက်တွေကို မလိုက်လျောပေးနိုင်ဘူး။ သူတို့က အစိုးရရဲ့ လုပ်ပိုင်ခွင့် နယ်ပယ် ထက်ကို ပိုကျော်နေတယ်။ ဒီအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြောင်းလဲဖို့ လိုတယ်။ ဒါကြောင့် ကျွန်တော် တို့တွေ ညှိနှိုင်းဆွေးနွေးဖို့လိုတယ်။ ကျွန်တော်တို့တွေအနေနဲ့ ပြတ်ပြတ်သားသား ရှိဖို့လိုပြီး သတိထားဖို့ လည်း လိုအပ်တယ်။ တကယ်လို့ တနိုင်ငံလုံးအပစ်အခတ်ရပ်စဲရေး သဘော တူညီချက်ရသွားရင်တောင်မှ နိုင်ငံရေးဆွေးနွေးပွဲအတွက် မူဘောင်တစ်ရပ်ကို ကျွန်တော်တို့ကြားမှာ ညှိနှိုင်းဖို့လိုအပ်သေးတယ်။ ဒီအခက် အခဲဟာ အစိုးရဆီမှာပဲ ရှိတာမဟုတ်ဘူး။ တိုင်းရင်းသား အဖွဲ့အစည်းတွေမှာလည်း ရှိတယ်။ ဒါပေမယ့် ကျွန်တော်တို့ အနေနဲ့ ဒီနိုင်ငံရေးဆွေးနွေးပွဲကို အားလုံးပါဝင်စေချင်ပြီး အရပ်ဖက်လူမှုအသိုင်းအဝိုင်းနဲ့ နိုင်ငံရေးပါတီတွေအနေနဲ့လည်း ပါဝင်ရမှာ ဖြစ်တယ်။ ဒီလိုဖြစ်ဖို့ ဘယ်လောက်ထိအချိန် ကြာအုံးမှာလဲ...။

*(ပဒိုစောကွယ်ထူးဝင်း)*

အထူးသဖြင့် မီဒီယာတွေက ကျွန်တော့်ကို မြန်မာငြိမ်းချမ်းရေးစင်တာနဲ့ အစိုးရဘက်က စစ်ဗိုလ်ချုပ် တွေကို ယုံကြည်မှုရှိသလားလို့ မကြာခဏ အမေးခံရဖူးတယ်။ ကျွန်တော့်အတွက်ကတော့ ငြိမ်းချမ်းရေးတည် ဆောက်တဲ့နေရာမှာ ယုံကြည်မှုဟာ အရေးအကြီးဆုံး ကဏ္ဍတစ်ခုတော့ မဟုတ်ဘူး။ အကြောင်းကတော့ ကျွန်တော့်အနေနဲ့ SPDC နဲ့ သူတို့ရဲ့ မူဝါဒတွေ၊ သူတို့ လူတွေ ကို မယုံကြည်ခဲ့တာ တော်တော်လေးကြာခဲ့ပြီ။ ဒါပေမယ့် ငြိမ်းချမ်းရေးအတွက်တော့ ကျွန်တော့်မှာ သန္နိဋ္ဌာန်တစ်ခုရှိတယ်။ ဒါဟာ ကျွန်တော်လိုလားတောင့်တတဲ့အရာဖြစ်တယ်။ ဒါကြောင့် သူတို့နဲ့ ထိတွေ့ဆက်ဆံဖို့ ဆွေးနွေးဖို့ ကျွန်တော်ကြိုးစားခဲ့တယ်။ ဒါဟာ သူတို့ကို ယုံကြည်လို့တော့မဟုတ်ဘူး။ ငြိမ်းချမ်းရေးကို လိုလားတဲ့အတွက်ကြောင့်ပဲ။ ဒါကြောင့် ကျွန်တော့်အတွက် ယုံကြည်မှုဆိုတာအရေးကြီးတယ်။ ဒါပေမယ့် ယုံကြည့်မှုထက် ပိုအရေးကြီးတာကတော့ ပြဿနာအဖြေရှာဖို့အတွက် ကတိအတိုင်း တာဝန်ယူလုပ်ဆောင်မှု (commitment) ပဲဖြစ်တယ်။ ယုံကြည်မှု ဟာ အထောက်အကူပြုကောင်းပြုနိုင်တယ်။ ဒါပေမယ့် ကိုယ်ပေးထားတဲ့ကတိအတိုင်း တာဝန်ယူလုပ် ဆောင်တတ်မှုက ပိုပြီးအရေးကြီးတယ်။ ရှေ့ဆက်လှမ်းနိုင်ဖို့အတွက် ခင်ဗျားအနေနဲ့ ယုံကြည်မှုရှိဖို့လိုအပ်တယ်လို့တော့ မမြင်မိဘူး။ ယုံကြည်မှုကို မူဝါဒနဲ့ ပင်ကိုယ်အရည်အသွေး စတဲ့အခန်းကဏ္ဍနစ်ရပ်ပေါ် အခြေခံပြီး တည်ဆောက်ယူလို့ရတယ်။ အဲ့ဒီအချိန်တုန်းက SPDC ကို ကျွန်တော် မယုံကြည်ခဲ့ဘူး။ ဒါပေမယ့် သူတို့နဲ့ အပြန်အလှန်ဆွေးနွေးပွဲမှာ ပါဝင်ဖို့ သင့်လျော်မယ့်နည်းလမ်းကို ကျွန်တော်တို့ အတတ်နိုင်ဆုံး ကြိုးစားရှာခဲ့တယ်။

*(ဒေါက်တာလျှန်မှုန်းဆာခေါင်း)*

ယုံကြည်မှုတည်ဆောက်ဖို့ဆိုတာ အချိန်တော့ယူရမယ်လို့ ကျွန်မထင်တယ်။ ကျွန်မအနေနဲ့ အခြေအနေ တစ်ခုလုံးကို သုံးသပ်ကြည့်ဖို့ လိုတယ်။ အခြေအနေတစ်ခုလုံးအပေါ် ကျေနပ်မှုရှိတယ် ဆိုရင်တော့ ကျွန်မက "အိုကေ" လို့ ပြောမှာပါ။ ဆုံးဖြတ်ချက်များမှာ စိုးရိမ်တယ်။ ကျွန်မက ကိုယ့်ကရင်လူမျိုးတွေကို ကိုယ်စားပြု ရပ်တည်နေရတဲ့အတွက် အရမ်းကို သတိထားနေရတယ်။ ကျွန်မတို့အနေနဲ့ ပုဂ္ဂိုလ်ရေးရာ ရင်းနှီးမှုကို တည်ဆောက်နိုင်တယ်။ တစ်ဖက်နဲ့ တစ်ဖက်လည်း အပြန်အလှန်နားလည်၊ ခွင့်လွှတ်ပေးနိုင်ကောင်း ပေးနိုင်လိမ့်မယ်။ ဒါပေမယ့် ဒါဟာ လူနှစ်ဦးနဲ့ပဲ ပတ်သတ်တဲ့အရေး မဟုတ်ဘူး။ ဒါဟာ နိုင်ငံရေးနဲ့ ပတ်သတ် နေတယ်။ ဒါဟာ အမျိုးသားရေးနဲ့ပတ်သတ်နေတယ်။ ကျွန်မတို့အနေနဲ့ အချိန်တွေ ဒီထက်ပိုလိုအပ်တယ်။ စိတ်ရှည်သည်းခံမှုနဲ့ နားလည်မှုတွေ ဒီထက်ပိုလိုအပ်တယ်။

*(နော်စီဖိုးရာစိန်)*

ကျွန်တော်တို့ဟာ တစ်ဖက်နဲ့တစ်ဖက် အပြစ်ဖို့နေကြတာက ပြဿနာပဲ။ အထူးသဖြင့် တိုင်းရင်းသား ခေါင်းဆောင်တွေပေါ့။ သူတို့က အားမလိုအားမရဖြစ်နေကြတယ်။ ကျွန်တော်တို့အနေနဲ့ ကိုယ်ပြောမယ့် အရာတွေနဲ့ သူ့ရဲ့ဂယက်ရိုက်မှုတွေကိုအထူးသတိထားဖို့ လိုတယ်။ ကျွန်တော်တို့ပြောတဲ့အရာတွေဟာ ကိုယ်လှမ်းမယ့်နောက်ခြေလှမ်းကို သွားပိတ်ပင်သလိုဖြစ်နေသလား၊ ဒါမှမဟုတ် လမ်းဖွင့်ပေးနိုင်သလား ဆိုတာတွေကို သတိထားဖို့လိုတယ်။ ဒါပေမယ့် ကျွန်တော်တို့က တိုက်ခိုက်ဖို့တစ်ခုပဲ သိတယ်။ ဘယ်လို ညှိနှိုင်းဆွေးနွေးရမယ်ဆိုတာကို မသိဘူး။ ဒါက ပြဿနာတစ်ခုပဲ။ အပြန်အလှန်ဆွေးနွေးပဲမှာ ပါဝင်ရတာ ဟာ အင်မတန်လေးနက်မှုရှိတဲ့ အလုပ်တစ်ခုဖြစ်တယ်။ စစ်ပွဲထက်တောင် ပိုလေးနက်တယ်။

*(ဒေါက်တာလျှန်မှုန်းဆာခေါင်း)*

နောက်ပိုင်းမှာ ကျွန်တော်တို့က KNU အဖွဲ့ကို ပဲခူး၊ ရန်ကုန်နဲ့ နေပြည်တော်ကို ခေါ်လာခဲ့တယ်။ ဦးအောင်မင်းကလည်း ဒု-သမ္မတနဲ့ တွေ့ဆုံပေးနိုင်မယ့် အစည်းအဝေးတစ်ခုစီစဉ်ဖို့ သဘောတူ ခဲ့တယ်။ အဲ့တုန်းကတော့ ပထမဆုံးအကြိမ်ဖြစ်ပါတယ်။ အဲ့ဒီနောက်မှာ သမ္မတနဲ့ KNU ခေါင်းဆောင်တွေကြားမှာ အစည်းအဝေးတစ်ခုလုပ်ပေးဖို့ ကျွန်တော်တို့တောင်း ဆိုခဲ့တယ်။ KNU စစ်ဦးစီးချုပ်ကို ကျွန်တော်က "*လူကြီးမင်းတို့... ကျေးဇူးပြုပြီး ကရင်အမျိုး*



*သားဝတ်စုံတစ်စုံ ယူလာပေးကြပါ။ သမ္မတကြီးကို အဲ့ဒီဝတ်စုံ ဝတ်ဖို့ကျွန်တော်တို့ တောင်း ဆိုပါ့မယ်"* လို့ ပြောလိုက်တယ်။ ဒီတော့ သူတို့တွေ သမ္မတကြီးနဲ့ တွေ့ဆုံတဲ့ အခါမှာ *"သမ္မတကြီးခင်ဗျား၊ ကျွန်တော်တို့တွေ ဒီဝတ်စုံကို သမ္မတကြီးအတွက် ယူလာခဲ့တယ်။ ဝတ်ချင်ပါသလား။ ဒါဟာ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို အားပေးအားမြှောက်ပြုတဲ့ အမှတ်လက္ခဏာတစ်ခုပါ။ ကျေးဇူးပြုပြီး ဒါကို ဝတ်ပေးပါ"*လို့ ပြောခဲ့တဲ့အခါ သမ္မတကြီးက ဝတ်ဆင်ခဲ့ပါတယ်။ သူတို့က သမ္မတကြီးကို လူသားတစ် ယောက်အနေနဲ့ တွေ့မြင်ခဲ့ပါတယ်။ ဒါဟာ အင်မတန်ထူးခြားပါတယ်။ ပထမတော့ သမ္မတကြီး က စိုးရိမ်ခဲ့သေးတယ်။ သူက အရင်က စစ်ဗိုလ်ဘဝတုန်းက တိုင်းရင်းသားလက်နက် ကိုင်အဖွဲ့တွေနဲ့ တိုက်ခဲ့ ဖူးတာကိုး။ ဒါကြောင့် သမ္မတကြီးက *"ကျွန်တော်တို့အနေနဲ့က အချင်းချင်း မတိုက်ခိုက်ချင်ဘူး။ ဒီတော့ အပြန်အလှန်ဆွေးနွေးတာပဲ လုပ်ကြရအောင်"* ဆိုပြီး ရှင်းပြခဲ့ပါတယ်။ ဒီတော့ KNU ခေါင်းဆောင်တွေလည်း နောက်ဆုံးမှာ သဘောတူခဲ့ကြတယ်။ အစည်းအဝေး တိုင်းမှာ ကျွန်တော်ပါဝင်ခဲ့တယ်။ ပြီးတော့ အရမ်းလည်း ဂုဏ်ယူဝမ်းမြောက်မိတယ်။ ကျွန်တော် အင်မတန်ကံကောင်းခဲ့ပါတယ်။

*(ဦးလှမောင်ရွှေ)*

တကယ်လို့ ကျွန်တော်တို့က နိုင်ငံရေးနည်းနဲ့ ပြဿနာတွေကို ဖြေရှင်းဖို့ ဆုံးဖြတ်ခဲ့ရင်တောင် ကျွန်တော်တို့ ကြုံလာခဲ့ရတဲ့ အတွေ့အကြုံတွေအားလုံးကြောင့် ယုံကြည်မှုတည်ဆောက်တဲ့ အပိုင်းဟာ အခက်ခဲဆုံး ဖြစ် လိမ့်မယ်။ ကျွန်တော်တို့မှာ ဦးအောင်မင်းတို့အဖွဲ့နဲ့ ပုံမှန်အဆက် အသွယ်ရှိပါတယ်။ သူတို့နဲ့ ဆက်ဆံရေး ကောင်းကောင်းမွန်မွန်ရှိတယ်။ သူတို့အနေနဲ့ ဒီလုပ်ငန်းစဉ်မှာ ရိုးသားမှုရှိကြတယ်ဆိုတာကိုလည်း ကျွန်တော်နားလည်တယ်။ သူတို့က တစ်စုံတစ်ခုကို လုပ်ချင်တယ်။ စနစ်ကို ပြောင်းလဲချင်ကြတယ်။ ဒါပေမယ့် သူတို့မှာလည်း သူတို့ပြဿနာတွေနဲ့ ရင်ဆိုင်နေရတယ်။ သူတို့လူထုတွေရဲ့ ဝေဖန်မှုကို သူတို့ကိုယ်တိုင်ခံ နေရတယ်။ ကျွန်တော် သူတို့နဲ့တွေ့တဲ့အခါမှာ သူက ပွင့်ပွင့်လင်းလင်းပဲပြောပြပါတယ်။ ပြီးတော့ တခါတလေ သူက အရမ်းစိတ်ဆိုးလာတော့ ကျွန်တော်တို့က သူ့ကို ပြန်အားပေး နေရတယ်။ ငြိမ်းချမ်းရေးလုပ်တာဟာ စစ်တိုက်တာထက်ပိုခက်တယ်။ တခါတလေ ကျွန်တော်တို့လည်း အရမ်းခြေကုန် လက်ပမ်းကျလာတယ်။ ဒါပေမယ့် ကျွန်တော်တို့ရည်မှန်း ချက်တွေကိုရောက်ဖို့ တခြားရွေးခြယ်စရာနည်းလမ်း ရှိပါ သလား။ KNU ဟာ သမ္မတနဲ့ မြန်မာစစ်တပ်က စစ်ဦးချုပ်တို့နဲ့ တွေ့ဆုံခဲ့တဲ့ တစ်ခုတည်းသော တိုင်းရင်းသားလက်နက် ကိုင်အဖွဲ့အစည်းတစ်ခုဖြစ်ပါတယ်။ ကျွန်တော်တို့က သူတို့ကို ပွင့်ပွင့်လင်း လင်းပဲ ပြောပြတဲ့အတွက် သူတို့နဲ့ ထိတွေ့ဆက်ဆံနိုင်တဲ့ တစ်ခုတည်းသော အဖွဲ့အစည်းပါပဲ။ *"ကျွန်တော်တို့က ရန်ကုန်ကိုသိမ်းဖို့၊ အစိုးရကိုဖြုတ်ချဖို့အတွက် ကျွန်တော်တို့စစ်တပ်ကို*

*ဖွဲ့စည်းခဲ့တာမဟုတ်ဘူး။ ကိုယ့်လူမျိုး ကို ကာကွယ်ဖို့အတွက် ဖွဲ့စည်းခဲ့တာဖြစ်တယ်။ အပစ်အခတ်ရပ်စဲရေး လက်မှတ်ထိုးပြီးတဲ့ နောက်ပိုင်းမှာလဲ ခင်ဗျားတို့ရဲ့ စခန်းတွေကို ကျွန်တော်တို့ ဘယ်တုန်းကမှ မတိုက်ခိုက်ခဲ့ဘူး။"* လို့ပြောတော့ သူက *"ဟုတ်ကဲ့၊ ကျွန်တော် နားလည်ပါတယ်"* လို့ ပြန်ပြောတယ်။ တခါတလေ ကျွန်တော်တို့ရဲ့အနေအထားကို သူ့ကို ရှင်းပြဖို့က တော်တော်ခက်တယ်။ ဒါကြောင့်လည်း မနစ်က UPWC အဖွဲ့ဝင်တွေကို ကျွန်တော်တို့ရဲ့ နိုင်ငံရေးဆွေးနွေးပွဲဆိုင်ရာ မူဘောင်ကို တင်ပြခဲ့တာပါ။ တချို့ကလည်း အတော်လေးစိတ်ရှုပ်ခဲ့ပြီး၊ တချို့က တော့ သဘောတူကြတယ်။ တချို့ကျတော့လည်း သိပ်ပြီးပါဝင်ခဲ့တာမျိုးမရှိဘူး။ ခက်တော့ခက်တယ်။ တခါတလေ ကျွန်တော် ဦးအောင်မင်းအပေါ် စိတ်မကောင်းဖြစ်မိတယ်။ သူက ဒီငြိမ်းချမ်းရေး လုပ်ငန်းစဉ် အတွက် အရမ်းကြိုးစားတာ။ ကျွန်တော်ကတော့ သူ့ကို ဒီအလုပ်က ရပ်နားတာမျိုး၊ ထွက်သွားတာမျိုး မဖြစ် စေချင်ဘူး။ ခုချိန်မှာ သူဟာ ရှေ့ဆက်လှမ်းနေတဲ့ တစ်ဦးတည်းသောပုဂ္ဂိုလ်လည်းဖြစ်တယ်။ ကျန် တဲ့ပုဂ္ဂိုလ် တွေကတော့ အမှန်တကယ်ရိုးသားမှုရှိကြသလားဆိုတာ ကျွန်တော်လည်း တပ်အပ် မပြောတတ်ဘူး။ MPC ကို တချို့တွေကလည်း သိပ်မယုံကြည်ကြဘူး။ သူတို့က MPC ဟာ အစိုးရ အတွက်ပဲ လုပ်ကိုင်တဲ့ အဖွဲ့အစည်းအဖြစ် မြင်နေကြတယ်။ ကျွန်တော်တို့ ပထမဆုံးအကြိမ် ရန်ကုန်ကို သွားတော့ MPC ဧည့်ဂေဟာမှာ သွားတည်းခဲ့တယ်။ တချို့က အဲ့ဒီမှာ သိပ်မနေချင်ကြဘူး။ ကျွန်တော့်အတွက်ကတော့ ပြဿနာမရှိဘူး။ ခုလက်ရှိမှာ ကျွန်တော်တို့က ငြိမ်းချမ်းရေး လုပ်နေကြတာပဲ။

*(ပဒိုစောကွယ်ထူးဝင်း)*

ကျွန်တော်တို့ဟာ အရင်ဦးဆုံး ပုဂ္ဂိုလ်ရေးရာယုံကြည်မှုရအောင် လုပ်ယူရမယ်။ ပြီးတော့ ဒါကို စနစ်တကျ တည်ဆောက်ယူ (institutionalize) ရမယ်။ လွန်ခဲ့တဲ့ (၃) နှစ်က သမ္မတကြီးက ငြိမ်းချမ်းရေးကမ်းလှမ်းခဲ့ချိန်မှာ ဘယ်သူမှမယုံကြည်ကြဘူး။ ခုတော့ ဒါဟာ အကောင်အထည် ပေါ်လာပါပြီ။ ဒါကြောင့် လက်ရှိမှာ သမ္မတကြီးအနေနဲ့ လူတိုင်းကို စစ်မှန်တဲ့ငြိမ်းချမ်းရေး လိုချင်သလား၊ မလိုချင်ဘူးလားဆိုတာကို မေးလို့ ရပါပြီ။

*(ဦးလှမောင်ရွှေ)*

သဘောတူညီချက်တွေမှာပါတဲ့အတိုင်း လိုက်နာတာဟာ ယုံကြည်မှုတည်ဆောက်တဲ့ အပိုင်းရဲ့ အရေးကြီးတဲ့ ပထမခြေလှမ်းပါ။ အပစ်အခတ်ရပ်စဲရေးသဘောတူညီမှုရပြီးနော က်ပိုင်းမှာ ကျွန်တော်တို့နဲ့ ဗမာစစ်တပ် ကြားမှာ ထိပ်တိုက်ရင်ဆိုင်တိုက်ပွဲတွေ မကြာခဏ ဖြစ်ခဲ့ပါတယ်။ အကြောင်းကတော့ နယ်နိမိတ် သတ်မှတ် မျဉ်းတွေဟာ အတိအကျ အထင် အရှားမရှိတဲ့အတွက် အများအားဖြင့် လုံခြုံရေးဆိုင်ရာ အကြောင်းအရင်း ကြောင့် ထိပ်တိုက်

ရင်ဆိုင်မှုတွေ ဖြစ်တာများတယ်။ ကျွန်တော်တို့ကြားမှာ ခုချိန်ထိ တစ်ဖက်နဲ့ တစ်ဖက် ယုံကြည်မှုမရှိသေးတဲ့အတွက် သူတို့ကို ကျွန်တော်တို့က *"အဲ့ဒီ မျဉ်းတွေကို မရှုတ်သိမ်းနဲ့အုံး"* ဆိုပြီး တောင်းဆိုထားရတယ်။ နောက်ထပ်အရေးကြီးတဲ့အရာတစ်ခုကတော့ အစည်းအဝေးတွေကို ပုံမှန်ကျင်းပ တာပါပဲ။ ကျွန်တော်တို့ထဲက တချို့က ပုံမှန်အစည်းအဝေးလုပ်တာမကောင်းဘူးလို့မြင်ကြတယ်။ အကြောင်း ကတော့ ကြိုးကိုင်ခြယ်လှယ်မှုတွေလုပ်နိုင်လို့ပါပဲ။ ဒီတော့ သူတို့က ကျွန်တော်တို့ကို ခပ်တန်းတန်းကပဲ ဆက်ဆံစေချင်တယ်။ ဒါပေမယ့် တကယ်လို့ကျွန်တော်တို့က ပွင့်ပွင့်လင်းလင်းမပြောဆိုဘူးဆိုရင် သူတို့ဘာတွေစဉ်းစားနေမှန်း ကျွန်တော်တို့တွေမသိနိုင်တော့ဘူး။ ဒီတော့ သဘောတူညီချက်လည်း ရနိုင်မှာ မဟုတ်ဘူး။ တခါတခါ ကျွန်တော်တို့အချင်းချင်း နားမလည်နိုင်ကြဘူး။ ဒီမယုံကြည်မှုတွေဟာ ကျွန်တော်တို့ စိတ်ထဲမှာ သမိုင်းကြောင်းနဲ့ချီပြီးရှိလာခဲ့တော့ တစ်ဖက်နဲ့ တစ်ဖက် ယုံကြည်ဖို့ဆိုတာ အချိန်တော့ယူရမယ်။ ဒါပေမယ့် ကျွန်တော်တို့အနေနဲ့ အတိတ်ကသင်ခန်းစာကိုယူပြီး ရှေ့ဆက်သွား ဖို့လုပ်ရမယ်။ အတိတ်မှာပဲ နေနေလို့မဖြစ်ဘူး။

*(ပဒိုစောကွယ်ထူးဝင်း)*

ဒါဟာ ငြိမ်းချမ်းရေးဆွေးနွေးပွဲဖြစ်တဲ့အတွက် ကျွန်တော်တို့တွေ ပါဝင်ရမယ်။ အားလုံးလက်ခံနိုင်မယ့် ဘုံ လမ်းကြောင်းကို ရှာဖွေရမယ်။ တူညီတဲ့ပြဿနာရပ်တွေကို မတူကွဲပြားတဲ့ရှုထောင့်ကနေ ကြည့်ကြဖို့ လို တယ်။ ဒါဟာ ကျွန်တော်တို့လုပ်ငန်းရဲ့ အရေးကြီးတဲ့အစိတ်အပိုင်းတစ်ခုဖြစ်သလို အင်မတန်လည်း အန္တရာယ်များပါတယ်။ ကျွန်တော်တို့ မိတ်ဆွေတွေကိုယ်တိုင်က ကိုယ့်အပေါ် အယုံအကြည်ကင်းသွား နိုင်တဲ့အတွက် အင်မတန်အန္တရာယ်များပါတယ်။ ကျွန်တော့်အနေနဲ့ ဆွေးနွေးပွဲအတွင်း coffee break အချိန် မှာ ဗိုလ်ချုပ်တွေဆီသွားပြီး လက်ဆွဲနှုတ်ဆက်တယ်၊ သူတို့ကို ကြိုးစားပြီး ဆက်ဆံကြည့်တယ်။ ညနေပိုင်း တွေမှာလည်း ကျွန်တော်က သူတို့ဆီကို သွားပြီး ဝိုင်တို့ ဘာတို့သောက်ရင်းနဲ့ စကားပြော ကြည့်ဖို့ ကြိုးစားတယ်။ နားလည်မှု တည်ဆောက်နိုင်မယ့် အခြေအနေ တစ်ရပ်ကို ဖန်တီးဖို့ သူတို့ကို နားလည်ဖို့ ကြိုးစား တယ်။ ဒါပေမယ့် ကိုယ် ဒီလိုလုပ်လိုက်တဲ့အတွက်ကြောင့်မို့ ကိုယ့်လူမျိုးတွေရဲ့ အထင်လွဲမှုကို ခံရနိုင်တယ်။ ကျွန်တော်ဟာ မကြာခဏဆိုသလိုပဲ အင်တာနက်ပေါ်မှာ ဝေဖန်ခံခဲ့ရပါတယ်။ တချို့က ကျွန်တော်နဲ့ ဗိုလ်ချုပ်တွေရဲ့ ဓာတ်ပုံတွေတင်ပြီး ကျွန်တော့်ကို စစ်ဗိုလ်တွေနဲ့ အရမ်းရင်းနှီးလွန်း အားကြီးတယ်လို့ ဆိုကြ တယ်။ ကျွန်တော်လည်း အဲ့ဒီလိုအန္တရာယ်မျိုးကို မြင်နေပါတယ်။ လူတွေက ထိပ်တိုက်ရင်ဆိုင်တဲ့ (confrontation) အတွေးအခေါ်၊ ခံယူချက်တွေကို ကိုင်စွဲထားတုန်းပဲ၊ ညှိနှိုင်းဆွေးနွေးဖို့ သဘောထား အမြင်မျိုး (mindset) မရှိသေးဘူး။

*(ဒေါက်တာလျန်မှုန်းဆာခေါင်း)*

၂၀၁၁ ခုနှစ် ညှိနှိုင်းဆွေးနွေးရေးအစောပိုင်းကာလတုန်းက သမ္မတကြီးက KIO ကို အစိုးရနဲ့ ညှိနှိုင်း ဆွေးနွေး ရေး ကာလမှာ ဘယ်သူနဲ့ ဆွေးနွေးချင်သလဲဆိုပြီး ကချင်ပြည်နယ် ဝန်ကြီးချုပ်ကနေတဆင့် ကျွန်တော့်ကို မေးခဲ့ပါတယ်။ ကျွန်တော်ကတော့ *"ဘယ်သူဘဲဖြစ်ဖြစ် ကိစ္စမရှိပါဘူး။ ဒါပေမယ့် အစိုးရကိုယ်စားလှယ် ဖြစ်ဖို့ တော့လိုတယ်"* လို့ ပြန်ပြောခဲ့တယ်။ ကျွန်တော်တို့က ပုဂ္ဂိုလ်တစ်ဦးဦးကို ယုံကြည်လို့ ညှိနှိုင်းဆွေးနွေးရေး ထဲမှာ ပါဝင်တာမဟုတ်ပါဘူး။ ကျွန်တော်တို့ ဖြေရှင်းဖို့လိုအပ်တဲ့ကိစ္စတွေအတွက်ကြောင့် ပါဝင်ခဲ့တာ ဖြစ်ပါတယ်။ ဒါကြောင့် အစိုးရဆီက လုပ်ပိုင်ခွင့်အာဏာရှိတဲ့ ဘယ်သူပဲလာလာ ကျွန်တော်တို့ ဘက်ကတော့ လက်ခံမှာ ဖြစ်ပါတယ်။ ပြီးတော့ အစိုးရနဲ့လူထုကြားမှာ ယုံကြည်မှု တည်ဆောက်ဖို့ ကျွန်တော်တို့အနေနဲ့ ဘယ်လောက်ထိ လုပ်ဆောင်ဖို့လိုသေးတယ်ဆိုတဲ့အကြောင်းကိုလည်း ပြောခဲ့ပါတယ်။ ယုံကြည်မှုလို့ ပြောတဲ့အခါမှာ KIO နဲ့ အစိုးရတို့ကြားက ယုံကြည်မှုကိုပဲ ပြောနေတာမဟုတ်ပါဘူး။ အစိုးရနဲ့ လက်နက် ကိုင်တွေကြားမှာရော၊ လက်နက်ကိုင်အဖွဲ့တွေ အချင်းချင်းကြားမှာပါ ယုံကြည်မှုတည်ဆောက်ဖို့ကို ရည်ညွှန်း ပါတယ်။

*(ဗိုလ်ချုပ်ဆွမ်လွတ်ဂွန်မော်)*

ဗမာလူမျိုးအများစုက ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဟာ သူတို့နဲ့ ဘယ်လိုပတ်သတ်ဆက်နွယ်မှုရှိတာကို မသိကြ ဘူး။ ပြီးတော့ သူတို့က လက်နက်ကိုင်အဖွဲ့ကလူတွေ တိုက်ပွဲဝင်နေရတဲ့အကြောင်းအရင်း ကိုလည်း နားမလည်ကြဘူး။ သူတို့စိတ်ထဲမှာ *"သူတို့ဟာ ပြဿနာဖန်တီးသူတွေတော့ မဖြစ်နိုင်လောက်ပါဘူး"* လို့ပဲ ထင်ကြတယ်။ သိတဲ့အတိုင်းပဲ ပြည်နယ် (၇) ခု၊ တိုင်း (၇) ခု ရှိတဲ့အထဲမှာ ဖက်ဒရယ်စနစ်အကြောင်းနဲ့ ဗဟိုချုပ်ကိုင်မှုအာဏာ ပိုမိုဖြေလျှော့ပေးတဲ့ ဖွဲ့စည်းပုံအကြောင်းပြောမယ်ဆိုရင် တိုင်း (၇) တိုင်း လုံးကို ခြုံငုံတဲ့ မဟာဗျူဟာတစ်ရပ်တော့ ရှိနေရပါမယ်။ ဒါမှလည်း ဗမာတွေက သူတို့လည်း ပါဝင်တယ်လို့ ယူဆမှာပေါ့။ ဒါပေမယ့် တိုင်းရင်းသားခေါင်းဆောင်တချို့က ဒါကို လက်မခံနိုင်ကြဘူး။ ကျွန်တော့်အနေနဲ့ တိုင်းရင်းသား ခေါင်းဆောင်တွေကို အမြဲတမ်းပြောနေတာက *"တကယ်လို့ ခင်ဗျားက ကချင်လူမျိုးဖြစ်ပြီး ဖက်ဒရယ် စနစ် ကို လိုလားတယ်ဆိုရင် ကချင်လူမျိုး အတွက်ချည်းပဲ တွေးလို့မရပါဘူး။ တတိုင်းပြည်လုံးအတွက် ထည့်သွင်း စဉ်းစားရပါမယ်။ ဒီလိုမှမဟုတ်ရင်တော့ ဖက်ဒရယ်စနစ်လို့ မခေါ်နိုင်ပါဘူး"* ဆိုတာပါပဲ။ ကျွန်တော့် အထင်တော့ ပြဿနာကရှိနေသေးတယ်။ တိုင်းပြည်မှာ ဘာတွေဖြစ်လာမလဲမသိသေးဘူး။ တိုင်းရင်းသား အဖွဲ့တွေရဲ့ မျှော်မှန်းချက်က သေးငယ်လွန်းတယ်။ ဒါဟာ သူတို့ရဲ့ အားနည်းချက်ထဲက တစ်ခုပဲ၊ ပြီးတော့ ဗမာလူများစုတွေမှာက မျှော်မှန်းချက်ပိုပြီး ကြီးကြီးမားမားရှိတယ်။ ဒါကြောင့်လည်း သူတို့က အမြဲအနိုင်ရ နေတာ။

*(ဦးဟန်ယောင်ဝေ)*

ကျွန်တော်တို့တွေ နားထောင်ရမယ်။ နားထောင်ဖို့က အဓိကသော့ချက်ပဲ။ ကျွန်တော်တို့က ဘယ်သူ့ကိုမှ ကန့်သတ်ပိတ်ပင်မထားဘူး။ အားလုံးကို ဖိတ်ခေါ်တယ်။ တိုင်းရင်းသားခေါင်းဆောင်တွေနဲ့ ယုံကြည်မှု တည်ဆောက်ပြီး ကျွန်တော်တို့အနေနဲ့ ဒီလုပ်ငန်းစဉ်ကို ပန်းတိုင်ကနေသွေဖယ်မသွားအောင် အခိုင်အမာ လုပ်ဆောင်နိုင်မှာဖြစ်တယ်။ ဒါကြောင့် ကျွန်တော်တို့တွေ နားထောင်ရမယ်။ ဒါပေမယ့် စိတ်ကူးယဉ်ဆန် နေမှာတော့မဟုတ်ဘူး။ ကျွန်တော်တို့တွေက အမြဲတမ်း အကောင်းဆုံးကို ရည်မှန်းပေမယ့် လက်တွေ့ ကျကျအဖြေရှာနိုင်မယ့် နည်းလမ်းတွေကိုပဲ သုံးတယ်။ စစ်ဗိုလ်တစ်ဦးဖြစ်တဲ့ ဦးအောင်မင်းက *"အသေးအဖွဲ ကိစ္စတွေကိုလည်း ချန်မထားနဲ့။ နောက်ပိုင်းမှ ပိုကြီးတဲ့ ပြဿနာအဖြစ် ပြန်ပေါ်လာနိုင်တယ်"* တဲ့။ ဒါဟာ သူ့ဆီက ကျွန်တော်တို့ သင်ယူမိတဲ့အရာပါပဲ။

*(ဦးတင်မောင်သန်း)*

ဆက်ဆံရေးတည်ဆောက်မှုနဲ့ ဆက်သွယ်ရေးဆိုတာဟာ ခေါင်းဆောင်တွေရဲ့ နောက်ခံ (background) ပေါ် မူတည်တယ်။ တချို့ကလည်း ဗမာအစိုးရနဲ့ လုပ်ကိုင်ဖူးတဲ့အတွေ့အကြုံတွေ ရှိခဲ့ပြီးသားဆိုတော့ သူတို့က ပိုပြီးနားလည်သဘောပေါက်ကြတယ်။ တချို့ကျတော့လည်း စစ်ပဲတိုက်ဖူးပြီးတော့ ဗမာပြည်ထဲကို တခါမှ မရောက်ဖူးဘူး။ သူတို့က ဗမာအစိုးရကို ရန်သူအဖြစ်မြင်ကြတယ်။ ဒါကြောင့်လည်း ခင်ဗျားအနေနဲ့ တခြား လူတွေနဲ့ဖြစ်စေ၊ ကိုယ့်လူမျိုးတွေအပေါ်မှာဖြစ်စေ ဆုံးဖြတ်ချက် ပြတ်သားဖို့လိုတယ်။ တချို့တချို့သောလူတွေ၊ အထူးသဖြင့်တော့ နယ်စပ်ဒေသနဲ့ ပြည်ပမှာ နေထိုင်နေကြသူတွေကတော့ လက်စားချေချင်၊ ရန်ကြွေးဆပ်ချင်ကြတယ်။ ဒါကြောင့် ခေါင်းဆောင်ပိုင်းက ဆုံးဖြတ်ချက် ပြတ်သားဖို့ လိုတယ်။ ဗမာ ပြည်တွင်းမှာနေဖူးပြီး ဗမာလူမျိုးတွေကြားမှာနေဖူးတဲ့ ခေါင်းဆောင်အချို့မှာတော့ မတူကွဲပြားတဲ့ သဘော ထားအမြင်တွေရှိကြတယ်။ KNU ထိန်းချုပ်နယ်မြေထဲမှာမွေးဖွားကြီးပြင်းလာသူတွေကတော့ ဗမာပြည်တွင်း က ဘဝတွေအပေါ်ကို နားမလည်ကြဘူး။ သူတို့က *"ဒါ ငါတို့ပိုင်တဲ့မြေပဲ။ ဗမာတွေက လာကျူးကျော်ကြတာ။ ငါတို့တောင်းဆိုနေတာက ဖက်ဒရယ်စနစ်"* လို့ ပြောကြတယ်။ ဒါပေမယ့်လည်း ဖက်ဒရယ်စနစ်ဆိုတာက ကျွန်တော်တို့တွေ အတူတကွနေထိုင်ရမယ်လို့ ဆိုလိုတာပါ။ အဲ့ဒီအမြင်နှစ်ခုက တစ်ခုနဲ့တစ်ခု ဒွိဟ ဖြစ်နေ တယ်။ ဒါကြောင့် ကျွန်တော်တို့အနေနဲ့ ဆွေးနွေးညှိနှိုင်းမှုတွေ လုပ်ဖို့လိုအပ်နေတယ်။ ဒါပေမယ့်လည်း အချိန် ကြာလာတာနဲ့အမျှ ယုံကြည်မှုတွေမြင့်မားလာတယ်လို့မြင်တယ်။ ကျွန်တော်တို့တွေအနေနဲ့ အတူယှဉ်တွဲပြီး နေထိုင်တတ်ဖို့လိုတယ်။ သမ္မတကြီးကလည်း ဒီပြဿနာကို ဖြေရှင်းဖို့ ကိုယ်ရောစိတ်ပါ ထက်သန်မှု ရှိနေတယ်လို့ ထင်တယ်။ ဒါပေမယ့် ကျွန်တော့်အတွေ့အကြုံအရတော့ တချို့သော ဗမာထိပ်တန်း

ခေါင်းဆောင်တွေက ကျွန်တော်တို့ကို မယုံကြည်ကြဘူး။ လူတိုင်း ကိုယ့် အကျိုးဆန္ဒတွေကို ဘေးချထားရ တဲ့ အပိုင်းဟာ အဓိကစိန်ခေါ်မှုကြီးတစ်ခုပါပဲ။

*(ပဒိုစောကွယ်ထူးဝင်း)*

ဖြစ်မြောက်အောင်လုပ်ဆောင်ဖို့က ကျွန်တော်တို့တာဝန်ပဲ။ ပြီးတော့ ဒီအပေါ်မှာလည်း ကျွန်တော်တို့တွေ ခွန်အား အများကြီးစိုက်ထုတ်ထားတယ်။ ထောက်ပံ့ပို့ဆောင်ရေး (logistics) ပိုင်းမှာတောင်မှပဲ။ ညှိနှိုင်း ဆွေးနွေးမယ့်သူတွေအနေနဲ့ ဆွေးနွေးပွဲစကားဝိုင်းကို လာပြီး သက်သောင့်သက်သာရှိနိုင်အောင်၊ လမ်း ခရီး မှာ အနှောက်အယှက်တစ်စုံတစ်ရာ မရှိအောင် ကျွန်တော်တို့အနေနဲ့ သေချာစီစဉ်ပေးချင်တယ်။ လက်တွေ့ ညှိနှိုင်းဆွေးနွေး မှုပိုင်းတွေ၊ ဆုံးဖြတ်ချက်ချမှတ်တဲ့အပိုင်းတွေကတော့ သူတို့အပေါ်ပဲ မူတည်ပါတယ်။ ကျွန်တော်တို့တာဝန်က လုပ်ငန်းစဉ် ပြီးမြောက်အောင်မြင်အောင် ပံ့ပိုးပေးဖို့ပါပဲ။ ဒါတွေကို ခေါင်းထဲ ထည့် ထားမယ်ဆိုရင်တော့ စိတ်သက်သာရာရနိုင်ပါတယ်။ ဒါဟာ လုပ်ငန်း စဉ်တစ်ခုဖြစ်ပြီး လူအတော်များများလည်း ဒီအထဲမှာ ပါဝင်နေတယ်။ တစ်ဦးတစ်ယောက်ကပဲ ဆုံးဖြတ်ချက်ချနေတာမျိုး မရှိဘူး။ အဖွဲ့နဲ့လုပ်ရတဲ့ အလုပ်မျိုး၊ စုပေါင်း ချဉ်းကပ်နည်းလမ်း (collective approach) ဖြစ်တယ်။ ဘက်ပေါင်းစုံက အားလုံး ပူးပေါင်းလုပ်ကိုင်ကြမှ ဒီလု ပ်ငန်းစဉ်ကြီးအောင်မြင်မှာဖြစ်တယ်။ နောက်တဆင့်ဖြစ်တဲ့ နိုင်ငံရေးဆွေးနွေးပွဲ မှာတော့ ဒီထက်ပိုပြီးအရေးကြီးတဲ့ အဓိကပါဝင်ပတ်သတ်သူတွေဖြစ်တဲ့ နိုင်ငံရေးပါတီတွေ၊ အရပ်ဘက် လူမှုအသိုင်းဝိုင်းတွေ ပါဝင်လာမှာဖြစ်ပါတယ်။

*(ဦးကျော်စိုးလှိုင်)*

## စကားလုံးအသုံးအနှုန်းများ

အခုအချိန်မှာ ကျွန်တော်တို့အနေနဲ့ အစိုးရနှင့်အတူ တစ်စားပွဲတည်းထိုင်ပြီး စကားအတူ ပြောနေချိန်မှာ တောင် ကျွန်တော်တို့အနေနဲ့ သူတို့ကို 'ရန်သူ' ဆိုတဲ့ အသုံးအနှုန်းကို သုံးနေတုန်းပဲ။ တခါတလေ တဖက်က၊ အထူးသဖြင့်တော့ စစ်တပ်ဘက်ကလည်း 'သူပုန်' ဆိုတဲ့ အသုံးအနှုန်းကို သုံးလေ့ရှိတယ်။ KNU အပေါ် သူတို့ခေါ်တဲ့ အသုံးအနှုန်းကို ကြည့်လိုက်မယ်ဆိုရင်ပဲ သူတို့ ဘယ်လို သဘောထား ရှိတယ် ဆိုတာတွေကို လှမ်းမြင်နိုင်ပါတယ်။ အသုံးအနှုန်းဆိုတာဟာ အရေးကြီးတယ်။ ဒါကြောင့်လည်း ကျွန်တော်တို့အနေနဲ့ သူတို့နဲ့ ဆက်ဆံရေး မပြတ်ရှိနေဖို့ လိုအပ်ပြီး သူတို့ကို ပွင့်ပွင့်လင်းလင်းဆက်ဆံဖို့၊ ကိစ္စအရပ်ရပ်ကို ရှင်းရှင်းလင်းလင်း ရှင်းပြထားဖို့လိုအပ်တယ်လို့ ကျွန်တော်မြင်ပါတယ်။

*(ပဒိုစောကွယ်ထူးဝင်း)*

ပြည်တွင်းစစ်က သယ်ဆောင်လာခဲ့တဲ့ အစွန်းရောက်နိုင်ငံရေးရပ်တည်မှုတွေက အရမ်းနက်နဲတဲ့အတွက် ကွဲပြားတဲ့ နိုင်ငံရေးယဉ်ကျေးမှု (political cultures) နှစ်ခုကို ဖန်တီးပေးလိုက်သလိုဖြစ်ခဲ့တယ်။ အဲ့ဒီမတူကွဲပြားတဲ့ နိုင်ငံရေးယဉ်ကျေးမှု နှစ်ခုက ပြန်လည်ရင်ကြားသင့်မြတ်ဖို့ အင်မတန်မှ ခက်ခဲပါတယ်။ ကျွန်တော်ကတော့ တပ်မတော်နဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တွေကြားမှာ အင်မတန်ကွဲပြားတဲ့ နိုင်ငံရေးခံယူချက်တွေကို တွေ့နေရပြီး ဒါတွေကပဲ ကျွန်တော်တို့ သုံးလိုက်တဲ့ အသုံးအနှုန်းတွေတိုင်းကို ပုံဖော်ပေးနေတာပါ။ ကျွန်တော်တို့ အနေနဲ့ 'စည်းလုံးညီညွတ်ရေး (Unity)' နဲ့ 'ပြည်ထောင်စု (Union)' ဆိုတဲ့ အသုံးအနှုန်းတွေကို သုံးတဲ့အခါမှာတောင် ဘာသာစကားတစ်ခုတည်းသုံးပေမယ့် အဓိပ္ပါယ်သက်ရောက်မှု တွေကတော့ ကွဲပြားနေပါတယ်။ ၁၉၆၂ ခုနှစ်၊ ဦးနေဝင်း အာဏာသိမ်းတုန်းက သူက ပြည်ထောင်စု မပြိုကွဲအောင် ကာကွယ်မယ်ဆိုပြီး ကြွေးကြော်ခဲ့တယ်။ ဒါပေမယ့် စည်းလုံးညီညွတ်ရေးနဲ့ပြည်ထောင်စု မပြိုကွဲရေး ဆိုတဲ့ ခေါင်းစဉ်အောက်မှာ ကျွန်တော်တို့ဟာ ကိုယ့်ရဲ့ အမျိုးသား ဘာသာစကားကို သင်ကြားဖို့၊ ထိန်းသိမ်းစောင့်ရှောက်ဖို့နဲ့ မြှင့်တင်ဖို့ အခွင့်အရေးတွေ ပိတ်ပင်ခံ လိုက်ရတယ်။ အခြားသော ကိုးကွယ် ယုံကြည်ရာဘာသာကို လွတ်လပ်စွာ ကိုးကွယ်ခွင့်မရခဲ့ကြဘူး။ ဒါကိုပဲ သူတို့က 'တိုင်းရင်းသား စည်းလုံး ညီညွတ်ရေး' ဆိုပြီး ခေါင်းစဉ်တပ်တယ်။ ဒါပေမယ့် ကျွန်တော်တို့ ဆိုလိုချင်တာက *'မတူ ကွဲပြားမှုတွေထဲက ညီညွတ်မှု အင်အား (unity in diversity)'* အကြောင်းကို ပြောနေတာ။ ခင်ဗျားအနေနဲ့က ကျွန်တော်တို့ရဲ့ မတူကွဲပြားမှုတွေကို ပထမဆုံး လက်ခံပေးရမယ်။ ပြီးတော့မှ စည်းလုံးညီညွတ်ရေးကို တည်ဆောက် ဖန်တီးယူရမှာ...။ မတူကွဲပြားတဲ့ ဘာသာစကားတွေ၊ မတူကွဲပြားတဲ့ ယဉ်ကျေးမှု တွေနဲ့ ကွဲပြားတဲ့ ကိုးကွယ် ယုံကြည်မှုတွေကိုယ်စီ လက်ခံ

ကျင့်သုံးနေကြတဲ့ ချင်းလူမျိုးတွေကို ချင်းလူမျိုး အဖြစ်၊ ကရင်လူမျိုးကို ကရင်လူမျိုးတွေအဖြစ်၊ ရှမ်းလူမျိုးကို ရှမ်းလူမျိုးတွေအဖြစ်… စသဖြင့် အသိအမှတ်ပြုမှုတွေ မရှိသေး သရွေ့တော့ ခင်ဗျားတို့ လုပ်နေ ပါတယ်ဆိုတဲ့ အမည်ခံ *'တိုင်းရင်းသား စည်းလုံးညီညွတ်ရေး'* ဆိုတာဟာ ပေါင်းစည်းရေး (unity) မဟုတ်တော့ဘူး။ ဆင်တူရေး (uniformity) ဖြစ်နေတယ်။ ဒါဟာ ကျွန်တော်တို့တွေ ကြားက ရင်ကြားစေ့ဖို့ လိုအပ်နေတဲ့ နိုင်ငံရေးယဉ်ကျေးမှု ကွာဟချက်တွေပေါ့။ ကျွန်တော် ဆိုလိုတာက နှစ်ပေါင်း (၆၀) ကျော် လက်နက်ကိုင် ပဋိပက္ခဖြစ်ပွားပြီး နောက်ပိုင်းမှာတော့ ကျွန်တော်တို့မှာ လုံးဝကွဲပြား ခြားနားတဲ့ နိုင်ငံရေးယဉ်ကျေးမှုတွေနဲ့ လုံးဝ ကွာဟနေတဲ့ သဘောထားတွေကို မွေးထုတ်ပေးသလို ဖြစ်ခဲ့တယ်။ အကြောင်းကတော့ ကျွန်တော်တို့ ကိုယ်တိုင်ကလည်း ခိုင်မာတောင့်တင်းတဲ့ ပြည်ထောင်စု တစ်ခု ဖြစ်လာဖို့ လိုလားတယ်။ စည်းလုံးညီညွတ်ရေးကိုလည်း လိုလားတယ်။ ပြီးတော့ စေ့စပ်ညှိနှိုင်းရေး ဖြစ်စဉ်တစ်ခုဆိုတာ ဘုံဘာသာစကား၊ ဘုံသဘောထားတွေ ရရှိအောင် ကြိုးပမ်းတဲ့လုပ်ဆောင်ချက်ပဲ။ ဒီလို ဘုံသဘောတူညီမှုရရှိဖို့အတွက် စစ်ပွဲတွေနဲ့ အဖြေရှာလို့ မရဘူး။ ဆွေးနွေးညှိနှိုင်းရေးစားပွဲပေါ်မှာပဲ အဖြေ ရှာလို့ရမှာ ဖြစ်တယ်။ တစ်ခါက ကျွန်တော်တို့တွေ စေ့စပ်ညှိနှိုင်းရေးလုပ်တုန်း အနားယူချိန်မှာ စစ်ဗိုလ် တစ်ယောက်က ကော်ဖီသောက်ရင်းနဲ့ ကျွန်တော့်ကို *"ဒါနဲ့ ခင်ဗျားတို့က ဘာလို့ 'ဖက်ဒရယ်စနစ်' ဆိုတဲ့ ဝေါဟာရကို သုံးချင်ရတာလဲ။ ခင်ဗျားတို့က ခွဲထွက်ရေးသမားတွေလည်း မဟုတ်ဘူး။ လွတ်မြောက်ရေး ကြိုးပမ်းနေကြသူတွေလည်း မဟုတ်ဘူး"* ဆိုပြီး ကျွန်တော့်ကို လာမေးတယ်။ ဒါနဲ့ ကျွန်တော်လည်း သူ့ကို ဖက်ဒရယ်စနစ် ဆိုတာဟာ ခွဲထွက်ရေး မဟုတ်တဲ့ အကြောင်း၊ မတူကွဲပြားမှုတွေကြားက စုစည်း ညီညွတ်မှု စွမ်းအား (unity-in-diversity) ဆိုတဲ့ သဘောတရား ကို အခြေခံပြီး စည်းလုံးညီညွတ်တဲ့ တိုင်းပြည်တစ်ခု ထူထောင်ဖို့ ရည်ရွယ်တယ်ဆိုတဲ့အကြောင်းကို သူနားလည်အောင် ကြိုးစားပြီး ရှင်းပြခဲ့ရတယ်။ အဲ့တော့မှ သူက *"ဒါကိုတော့ လက်ခံနိုင်ပါတယ်"* ဆိုပြီးတော့ ပြန်ပြောခဲ့တယ်။ ပြီးတော့ သူကလည်း သူ့အနေနဲ့ တခြား ဗိုလ်ချုပ်တွေကို နားဝင်အောင် ဘယ်လောက်အထိ ပြောပေးနိုင်မလဲဆိုတာကို သူကိုယ်တိုင်လည်း မသေချာသေးဘူးလို့ ပြန်ပြောပြတယ်။

*(ဒေါက်တာလျန်မှုန်းဆာခေါင်း)*

ကျွန်တော်တို့က ခုချိန်မှာ ကိုယ့်အဖွဲ့အစည်းအတွင်းမှာပဲ အလုပ်လုပ်နေရတာ မဟုတ်ဘူး။ တခြားအဖွဲ့တွေ နဲ့လည်း တွဲလုပ်နေရတာဖြစ်တယ်။ တခါတလေ သူတို့က ကျွန်တော်တို့ကို အဓိပ္ပါယ်လည်းမရှိ၊ လက်တွေ့ လည်း အကောင်အထည် မဖော်နိုင်တဲ့ ဝေါဟာရအသုံးအနှုန်း ဖြစ်နေရင်တောင်မှပဲ အဲ့ဒီလိုပြင်းထန်တဲ့ အသုံးအနှုန်းတွေသုံးစေချင်တယ်။ ဥပမာ - 'စစ်မှန်တဲ့' ဖက်ဒရယ်ပြည်ထောင်စု ဆိုတဲ့ဝေါဟာရလိုမျိုးပေါ့။ ကျွန်တော့်အနေနဲ့ကတော့

'စစ်မှန်တယ်' ဆိုတာ ဘာကို တိတိကျကျပြောချင်လည်း နားမလည်ဘူး။ ဒါကြောင့် ကျွန်တော် ဦးအောင်မင်းနဲ့တွေ့တုန်းက လူတွေအနေနဲ့ ဘာကြောင့် ဝေါဟာရ အသုံးအနှုန်းတွေနဲ့ ပတ်သတ်လို့ စိုးရိမ်ပူပန်နေကြရလည်း ဆိုတဲ့အကြောင်းအရင်း ကို ရှင်းပြခဲ့ဖူးတယ်။ ကျွန်တော်တို့အနေနဲ့ 'တိုင်းရင်းသား လက်နက်ကိုင် တော်လှန်ရေးအဖွဲ့အစည်း' ဆိုပြီး သုံးနှုန်းပေမယ့် အစိုးရက 'တော်လှန်ရေး' ဆိုတဲ့အသုံးအနှုန်းကို လက်မခံဘူး။ ကျွန်တော်က သူ့ကို တော်လှန်ရေးဆိုတဲ့ အယူအဆဟာ စနစ်ကို ပြောင်းလဲချင်တဲ့ သဘောထားဆန္ဒနဲ့ ချိတ်ဆက်မှု ရှိနေတယ်ဆိုတာကို ရှင်းပြခဲ့တယ်။ အဲ့ဒီနောက်တော့ သူလည်း "ဟုတ်တယ်။ ကျွန်တော်တို့ သမ္မတကြီးကလည်း တော်လှန်ရေးလုပ်နေတာပဲ။ သူလည်းပဲ စနစ်ကို ပြောင်းလဲဖို့ ဆန္ဒရှိနေတယ်" ဆိုပြီး ပြန်ပြောတယ်။ ဒါပေမယ့် သူ့အနေနဲ့ ဒီလိုစကားမျိုးကို တခြားနေရာတွေ မှာ ပြောရဲလိမ့်မယ်တော့ မထင်ပါဘူး။

*(ပဒိုစောကွယ်ထူးဝင်း)*

ဘယ်သူ့ဘက်ကမှတော့ စေ့စပ်ညှိနှိုင်းရေးအတွက် အဆင်သင့်မဖြစ်သေးပါဘူး။ သူတို့ဘက် ကလည်း လူတချို့ရှိသလို၊ ကျွန်တော်တို့ဘက်ကလည်း လူအချို့ ရှိပါ တယ်။ တခါတလေ ကျွန်တော်လည်း "*အခုချိန်မှာ ငါက ရန်သူတွေနဲ့ စကား ပြောနေရတယ်။ ငါတို့တွေဟာ အတူတူထိုင်နေကြပြီး အတူတူ နေ့လည်စာတောင် စားနေကြတယ်*"ဆိုပြီး ကိုယ့်ဖာသာကိုယ် တွေးမိတယ်။ ဒါပေမယ့် စိတ်ထဲမှာတော့ "*တစ်မျိုးကြီးပဲ။ ထူးဆန်းနေတယ်*"လို့ တွေးမိတယ်။ တကယ်လို့ ကျွန်တော်တို့ နှစ်ဖက်ရန်သူတွေကြားမှာ ပုဂ္ဂိုလ်ရေးရာ ဆက်ဆံရေးကို တည် ဆောက်နိုင်ခဲ့မယ်ဆိုရင်တောင် ကျွန်တော်တို့ကြားမှာ နှုတ်ကပြောမထွက်မိ အောင် ချုပ်တည်း ထားရမယ့် စကားလုံးတွေအများကြီးရှိနေသေးတယ်။ သူတို့ကို လုံးဝစိတ်ချယုံကြည်ဖို့ဆို တာက မဖြစ်နိုင်သေးတဲ့အတွက် တချို့စကားလုံးတွေကိုတော့ ကိုယ့်ဖာသာအဆင်ပြေအောင် ကြည့်ပြောရမှာပဲ။ ဒါကတော့ ရှင်းပါတယ်။ ပြီးတော့ ဒါဟာ ပုံမှန်ပါပဲ။ ကျွန်တော်တို့တွေအချင်း ချင်း စေ့စပ် ညှိနှိုင်းရမယ်ဆိုတာ တော့ မှန်ပါတယ်။

*(ဦးသံခဲ)*

ခုချိန်မှာတော့ ကျွန်မတို့တွေဟာ ပဏာမအဆင့် အပစ်အခတ်ရပ်စဲရေးကို လက်မှတ်ထိုးပြီး သွားပါပြီ။ ဒါဟာ စစ်ပွဲတွေကို ရပ်စဲရမယ်လို့ ဆိုလိုတာပါ။ ကျွန်မတို့အနေနဲ့ လုပ်ငန်းစဉ်ကို နားလည်ထားရပါမယ်။ တစ်ဆင့်ပြီး တစ်ဆင့် စေ့စပ်ညှိနှိုင်းကြရမယ်။ လူထုကြားထဲမှာတော့ မရှင်းမလင်းဖြစ်နေကြတယ်လို့ ကျွန်မခံစားရတယ်။ သူတို့က ငြိမ်းချမ်းရေးရပြီလို့ ထင်နေကြ တယ်။ ဒါပေမယ့် ကျွန်မတို့က အဲ့ဒီ အဆင့်အထိကို မရောက်သေး ပါဘူး။ ရှေ့ဆက်လှမ်းရမယ့် ခြေလှမ်းတွေ အများကြီး ကျန်ပါသေးတယ်။ အစိုးရကလည်း ငြိမ်းချမ်းရေး ဆိုတာကို

တစ်မျိုးတစ်ဖုံ အဓိပ္ပါယ်ကောက်ယူထားတယ်။ သူတို့က ငြိမ်းချမ်းရေးဆိုတာ တိုက်ပွဲတွေ ကင်းစင်သွားတယ်လို့ အဓိပ္ပယ်ကောက်ယူတယ်။ ဒါပေမယ့် ကျွန်မတို့အတွက်ကတော့ ငြိမ်းချမ်းရေး ဆိုတာဟာ ကျွန်မတို့တွေမှာ တန်းတူ အခွင့်အရေးရှိရမယ်။ အပြန်အလှန်နား လည်မှုတွေရှိရမယ်။ တစ်အိမ်ထဲ မှာ အတူနေကြသူတွေလိုပေါ့။ ပစ္စည်းတွေကိုတော့ မျှဝေသုံးစွဲကြမယ်။ ဒါပေမယ့် ဘယ်သူမှ ဘယ်သူ့ အထက်မှာ မရှိရဘူး။ ကျွန်မတို့မှာ ဘုံသဘောတူညီမှုရှိတဲ့ စည်းမျဉ်းစည်းကမ်းတွေရှိရမယ်။

*(နော်စီဖိုးရာစိန်)*

ကျွန်မကတော့ ဆွေးနွေးစားပွဲမှာ စေ့စပ်ညှိနှိုင်းကြသူတွေကို ကိုယ့်အနေနဲ့ ပံ့ပိုးပေးရတာကို သဘောကျ ကျေနပ်မိတယ်။ အမျိုးသမီးတစ်ယောက်အနေနဲ့ ကျွန်မကို လေးစားမှုရှိတယ်လို့ လည်း ခံစားရတယ်။ ကျွန်မက ပြည်ပမှာ ပညာသင်ခဲ့တဲ့အတွက် ကျွန်မရဲ့ လုပ်ကိုင် ဆောင်ရွက်ပုံတွေက အချိန်တိုတိုနဲ့ ခရီးရောက်လို့ ဖြစ်မယ်လို့လဲ ထင်ပါတယ်။ အမျိုးသား တွေက ကျွန်မကို အဲ့ဒီအပိုင်းမှာ လေးစားတာ ဖြစ်ကောင်း ဖြစ်မယ်။ ဒါမှမဟုတ်လည်း ကျွန်မက အင်္ဂလိပ်စကား ပြောတတ် လို့လည်း ဖြစ်ကောင်း ဖြစ်မယ်။ ကျွန်မတော့ မသိပါဘူး။ ကျွန်မက အရမ်းအလုပ် ကြိုးစားတယ်။ ကျွန်မကို တာဝန်တစ်ခုခုပေးပြီဆိုတာနဲ့ ဆုံးခန်းတိုင် အောင် လုပ်တယ်။ လက်နက်ကိုင်အဖွဲ့ ခေါင်းဆောင်တွေကို နည်းပညာပိုင်းဆိုင်ရာ ကူညီပံ့ပိုး ပေး နေရတဲ့ ရှုထောင့်ကနေပြီးတော့ ငြိမ်းချမ်းရေးဖြစ်စဉ်ကို ကြည့်မယ်ဆိုရင်လည်း အများကြီး စိတ်ရှည်ရှည် ထားဖို့ လိုပါတယ်။ တကယ်လို့ တစ်စုံတစ်ယောက်က အတ္တတွေများ နေမယ်ဆိုရင်တော့ ဒါဟာ တကယ် ကြီးမားတဲ့ အဟန့်အတားကြီးတစ်ခု ဖြစ်သွားပါလိမ့်မယ်။ ဒါကြောင့်လည်း ကျွန်မက ပျော့ပြောင်းတဲ့ ပံ့ပိုးကူညီသူ တစ်ယောက်အဖြစ်ပဲ ရပ်တည်ပါတယ်။ အတ္တ၊ မာနတွေလည်း မထားဘူး။ နောက်ကွယ်ကနေ ကိုယ် တတ်စွမ်းသလောက် ကူညီပံ့ပိုး ပေးနေရတာကိုပဲ ကျွန်မ အနေနဲ့ ပီတိဖြစ်မိတယ်။ လုပ်ငန်းစဉ်ကတော့ ခက်ခဲကြမ်းတမ်းတယ်။ ဒါပေမယ့် ကျွန်မတို့လည်း ကိုယ်တတ်နိုင်သလောက်တော့ လုပ်နေကြတာပဲ။ အခက်ခဲဆုံး တစ်ခုကတော့ ဘယ်သူတစ်ဦး တစ်ယောက်ကိုမှ မထိခိုက် ၊ မနစ်နာစေဘဲနဲ့ တစ်စုံတစ်ခုကို လုပ်ဖို့ အကြံပြုပေးရတဲ့ကိစ္စပါပဲ။ သူတို့က အဓိကပါဝင်ပတ်သတ်သူတွေပါ။ ကျွန်မတို့က ဘေးကနေ ကူညီပံ့ပိုးပေးသူတွေ သက်သက်ပါ။ ကျွန်မအနေနဲ့ စကားတွေကို ကျော်ပြီး မပြောသင့်ပေမယ့် စကားကို ကွန့်ပြီးပြောရပါတယ်။ တခါတလေ ကျွန်မက *"ဟုတ် ပြီ။ ဒီအချက်ကိုတော့ ငါ ဝင်မပြောသင့်ဘူး ထင်တယ်။ သူတို့သိပြီးသား ဖြစ်မှာ ပါလေ..."* ဆိုပြီးတွေးမိတယ်။ ဒါပေမယ့် တခြားတဖက်မှာလည်း ကျွန်မစိတ်ထဲကနေ *"တကယ်လို့ သူတို့ သိနှင့်ပြီးသား ဖြစ်တယ်လို့ ထင်ရင်တောင်မှပဲ ငါ့အနေနဲ့ ထောက်ပြသင့်တယ်"* ဆိုပြီးတော့ တွေးမိပြန်တယ်။ တခါတလေ သူတို့သိနားလည်ပြီးသား ဟုတ်၊မဟုတ် ကျွန်မ

မသိဘူး။ တကယ်လို့ သူတို့ သိထားပြီးသား အကြောင်းအရာဖြစ်ရင်လည်း ဒါနဲ့ပတ်သတ်လို့ ထပ်ပြီး နားထောင်ချင်ပါ အုံးမလားဆိုတာလည်း ကျွန်မ မခန့်မှန်းတတ်ဘူး။ ဘယ်အချိန်မှာ ဘာပြောရမယ်၊ ဘယ်လိုပြောရမယ် ဆိုတာကို ချင့်ချိန်စဥ်းစားရတဲ့အပိုင်းကတော့ ကျွန်မအတွက် တကယ့် စိန်ခေါ်မှုကြီးတစ်ခုပါပဲ။

*(ဒေါ်လထော်ဂျာနန်)*

အဲ့ဒီအချိန်ကတည်းက ကျွန်တော်လည်း ကိုယ့်ကိုယ်ကို *"ကျော်သူ။ မင်း ဘယ်နေရာရောက်နေပြီလဲ? အရင်ကတော့ ရှင်းရှင်းလေး… အစိုးရ / စစ်တပ်ကို မကြိုက်ဘူး။ အခုတော့ မင်းက တဖြေးဖြေးနဲ့ ငြိမ်းချမ်းရေး လုပ်ငန်းစဉ် တွေထဲမှာ ပါဝင်သထက် ပါဝင်လာပြီ။ အပြောင်းအလဲ လုပ်ဖို့တော့ လိုမယ်။ အပြောင်းအလဲ လုပ်တဲ့အခါမှာလည်း မင်းခံယူထားတဲ့ အမှတ်လက္ခဏာ တစ်စိတ်တစ်ပိုင်းကို ဆုံးရှုံးသွားပြီလို့ ခံစားရ လိမ့်မယ်"* ဆိုပြီး ကိုယ့်ကိုယ်ကို ပြန်မေးခွန်း ထုတ်မိတယ်။ (စစ်တပ်၊အစိုးရ) 'အတိုက်အခံ' ဆိုတာဟာ ပြင်းထန်တဲ့ ဝိသေသ လက္ခဏာတစ်ခုပါ။ သူတို့နဲ့ ထိတွေ့ဆက်ဆံမှုတွေ စပြီး လုပ်တဲ့ အခါမှာ ကိုယ့်ခံယူချက် တစိတ်တပိုင်းကို ဆုံးရှုံးသွားပြီလို့ ခံစားလာရတယ်။ ဒါပေမယ့် လက်တွေ့မှာတော့ အဲ့ဒီ လမ်းကို လျှောက်ဖို့ လိုအပ်ပါတယ်။ လက်တွေ့ကျကျလုပ်ဖို့ ရွေးချယ်မယ်ဆိုရင်တော့ ထိတွေ့ ဆက်ဆံမှုတွေလုပ်ဖို့ လိုအပ်ပြီး၊ ကိုယ်နဲ့ သဘောထားခြင်း မတိုက်ဆိုင်သူတွေ နဲ့လည်း ထိတွေ့ဆက်ဆံဖို့ လိုအပ်တယ်ဆိုတာကို ရှင်းရှင်း လင်းလင်း သိထားသင့် ပါတယ်။ ထိတွေ့ ဆက်ဆံမှုတွေ မလုပ်ဘဲနဲ့တော့ ရှေ့ဆက် တိုးလို့မရနိုင်ပါဘူး။

*(ဆရာကျော်သူ)*

# ညှိနှိုင်းဆွေးနွေးရေးစားပွဲတွင် ထိုင်စဉ်

ညှိနှိုင်းဆွေးနွေးရေးစားပွဲဝိုင်းမှာ ထိုင်ရတာက ခက်တယ်။ အထူးသဖြင့်တော့ အစပိုင်းမှာပေါ့၊ ထိုင်ခုံ နေရာချထားပုံက အရမ်း formal ဖြစ်လွန်းလို့ပါ။ နှစ်ပေါင်းများစွာ တိုက်ခိုက်လာပြီး နောက်မှာမှ တစ်ယောက် နဲ့တစ်ယောက် မျက်နှာချင်းဆိုင်ထိုင်ကြရတယ်။ ဒါပေမယ့် နောက်ပိုင်းမှာတော့ ကျွန်တော်တို့အချင်းချင်း ရင်းနှီးလာကြပြီး တစ်ယောက်ကိုတစ်ယောက် ကိုယ်ပြောချင်တာတွေပြောလို့ရလာတယ်။ သူငယ်ချင်း တွေလို ဆက်ဆံလို့ရလာတယ်။ တစ်ဖက်အဖွဲ့တွေအနေနဲ့ သေချာပြင်ဆင်ပြီးမှ အစည်းအဝေးပွဲကို လာကြတာကိုလည်း ကျွန်တော်တို့ မြင်ခဲ့ရတယ်။ သူတို့ အနေနဲ့ သူတို့ပြောချင်တဲ့အရာကို သူတို့သိတယ်။ သူတို့ဆိုလိုတဲ့အဓိပ္ပါယ်ကို ရှင်းပြနိုင်တယ်။ ကျွန်တော်တို့ ဘက်ကတော့ တခါတလေ သေချာပြင်ဆင်မှု မရှိထားဘူးလို့ ခံစားရတယ်။ ဒါပေမယ့် အတွေ့အကြုံတွေ ရလာလေလေ ကျွန်တော်တို့အတွက် လုပ်ရကိုင်ရ ပိုပြီးလွယ်လာလေလေဖြစ်ခဲ့တယ်။ ဘာသာစကား ကလည်း ပြဿနာတစ်ခု ဖြစ်နေတယ်လို့ ထင်ပါတယ်။ ကျွန်တော်တို့က ကရင်လူမျိုးဖြစ်တော့ ဗမာစကားကို တခါတလေ ရေရေလည်လည် မပြောနိုင်ကြဘူး။ ဒါပေမယ့် သူတို့ဘက်ကတော့ နားလည်တယ်လို့ ကျွန်တော်ထင်ပါတယ်။ ညှိနှိုင်းဆွေးနွေးရတာ ကလည်း ခက်ပါတယ်။ ကိုယ့်အနေနဲ့ ဘာအချက်တွေကို သဘောတူနိုင်သလဲ၊ ဘာတွေကို ညှိနှိုင်းလို့ မရနိုင်ဘူး လဲဆိုတာကို ရှင်းရှင်းလင်းလင်း ပြတ်ပြတ်သားသားဖြစ်ဖို့လိုတယ်။ ကျွန်တော်တို့ဟာ လက်တွေ့ ကျမှုရှိဖို့လိုတယ်။ အခြေအနေပေါ် လိုက်ပြီး ကိုယ်လုပ်သင့်လုပ်ထိုက်တာကို စဉ်းစားကြရတယ်။ ကျွန်တော် တို့က ရာနှုန်းပြည့် အပြောင်းအလဲတော့ လုပ်ပေးနိုင်မှာမဟု တ်ဘူး။ အချိန်တိုလေးအတွင်းမှာ အရာရာကို ပြောင်းလဲဖို့ မဖြစ်နိုင်ဘူး။ ဖြည်းဖြည်းနဲ့ တဆင့်ပြီးတဆင့် ပြုပြင်ပြောင်းလဲရမှာပါ။ ပြီးတော့ ဒါနဲ့ပတ်သတ်လို့ ကျွန်တော်တို့အတွင်းမှာပဲ သဘောထား ကွဲလွဲချက်တွေရှိနေတယ်။ ကျွန်တော်တို့အနေနဲ့ ဘယ်အရာကို ဦးစားပေး အပြောင်းအလဲလုပ်မလဲ၊ ဘာကို နောက်မှ လုပ်မလဲဆိုတာကို ဆုံးဖြတ်ဖို့လိုပါတယ်။

*(ပဒိုစောကွယ်ထူးဝင်း)*

*ရှုပ်ပိုင်းဆိုင်ရာ တိုက်ခိုက်မှုတွေလုပ်ရတဲ့အခါမှာ မဟာဗျူဟာက တစ်ခုပဲရှိတယ်။ ဒါပေမယ့် နိုင်ငံရေး ပြဿနာအဖြေရှာတဲ့အခါမှာတော့ ဒီလိုပုံစံမဟုတ်တော့ဘူး။ စစ်မြေပြင်မှာ သေနတ်ကိုင်နေတဲ့အချိန် မှာတော့ ကိုယ့်အနေနဲ့ အမှန်တကယ်ကို မဟာဗျူဟာ ထုတ်၊ နည်းပရိယာယ်တွေအမျိုးမျိုး သုံးရတယ်။ ဒါပေမယ့် ဆွေးနွေးဖို့ စကားဝိုင်းကိုလာတဲ့အခါ၊ နိုင်ငံရေးတိုက်ပွဲဝင်တဲ့အချိန်မှာတော့ အခြေအနေတစ်မျိုး ပြောင်းသွားပါတယ်။*

*(နိုင်ဟံသာ)*

အမြဲတမ်းမဟုတ်ပေမယ့် တခါတလေ သူတို့ဘက်ကလည်း သူတို့ရဲ့လုပ်ငန်းပိုင်းမှာ ကြုံနေရတဲ့ အခက် အခဲတွေ အကြောင်း၊ ဒီနိုင်ငံအတွက် ဒီမိုကရေစီစနစ်ကို ကျင့်သုံးစေလိုတဲ့အကြောင်း၊ သူတို့အနေနဲ့ အသွင်ကူးပြောင်းရေးကို ဘယ်လိုဦးတည်သွားနေတယ်ဆိုတဲ့အကြောင်း၊ အပြောင်းအလဲဖြစ်ပေါ်လာဖို့ သူတို့တွေလည်း ဘယ်လောက်အထိအားသွန်ခွန်စိုက်ကြိုးပမ်းခဲ့တဲ့အကြောင်းတွေကို ရှင်းပြတယ်။ ဟုတ်ပါ တယ်…တချို့ခံစားချက်တွေဟာ ထောင့်ပေါင်းစုံကနေလာတာဖြစ်လို့ ကျွန်တော်တို့အနေနဲ့ နားလည်ပေးရပါမယ်။ ကျွန်တော်တို့က သူတို့ပြောတဲ့ စကားတွေကိုနားထောင်နေပေမယ့် ခံစားချက်ခြင်းကတော့ ကွာခြား ပါတယ်။

*(ဦးသံခဲ)*

၂၀၁၃ ခုနှစ်၊ နိုဝင်ဘာလ ၄-၅ ရက်မှာ NCCT နဲ့ UPWC တို့ ပထမဆုံးအကြိမ်တွေ့ဆုံခဲ့ပါတယ်။ ညှိနှိုင်း ဆွေးနွေးချိန်တွေတုန်းက မကြာခဏဆိုသလိုပဲ ကျွန်တော်တို့ဟာ တစ်စုံတစ်ခုကို အောင်မြင်အောင် လုပ်နိုင် တော့မယ် ဆိုတဲ့ ခံစားချက်မျိုး ဝင်လာသလို တခါတလေကျတော့ လက်လျှော့လိုက်ရပြန်တယ်။ တချိန်လုံး ရှေ့တိုးလိုက်၊ နောက်ဆုတ်လိုက်နဲ့ဖြစ်နေတယ်။ ခေါင်းဆောင်တချို့က ညှိနှိုင်းဆွေးနွေးပွဲတွေ လုပ်ဖို့ ရန်ကုန်သွားတော့ တချို့က သူတို့ လုံခြုံရေးအတွက် စိုးရိမ်ကြတယ်။ ဟုတ်ပါတယ်… ကျွန်တော်တို့ အားလုံးမှာ စိုးရိမ်စိတ် အချို့ရှိတယ်ဆိုတာ သိပါတယ်။ ဒါပေမယ့် ညှိနှိုင်းဆွေးနွေးပွဲတွေထဲဝင်ဖို့အတွက် ကျွန်တော်တို့ဟာ စွန့်စားရဲဖို့လိုပါတယ်။

*(နိုင်ဟံသာ)*

နောက်ဆုံးတစ်ကြိမ် အစိုးရနဲ့ ကျွန်တော်တို့တွေ့ကြတုန်းက စစ်တပ်ကလူတွေဟာ သေသေချာချာ ပြင်ဆင် ပြီးမှ လာခဲ့တာကို တွေ့ရတယ်။ အဲ့ဒီအတွက် ဝမ်းသာတယ်။ အကြောင်းကတော့ သူတို့တွေငြိမ်းချမ်းရေးလုပ်ငန်းစဉ်ထဲပါဝင်လာတဲ့အတွက်ကြောင့်ပါပဲ…။ သူတို့တွေ ကြိုတင်ပြင်ဆင်လာကြတယ်။ ပါဝင်ဆွေးနွေး ကြတယ်။ လူတွေကတော့ ဒါကို ရန်လိုမှုတစ်ခုလို့မြင်ကြတယ်…။ ဒါပေမယ့် ကျွန်တော် ကတော့ ဒါကိုပဲ ကျေးဇူးတင်သင့်တယ်လို့ထင်တယ်…သူတို့တွေ ငြိမ်းချမ်းရေးအတွက် ပါဝင်လာကြပြီ…။ လုပ်ငန်းစဉ် ကိုတော့ သူတို့တွေက ထိန်းချုပ်နိုင်ဖို့ ကြိုးစားကြမှာပဲလေ… ကျွန်တော်သာ သူတို့နေရာမှာ ဆိုလဲ ဒီလိုပဲ လုပ်မှာပဲ။ အစည်းအဝေးပွဲ အပြီးမှာတော့ ကျွန်တော် အတော်လေး အကောင်းမြင်စိတ်တွေ များလာတယ်။ ကျွန်တော်တစ်ယောက်တည်း ခဏနားပြီး မီဒီယာတွေနဲ့ စကားပြောခဲ့တယ်။ လူတွေက ကျွန်တော့်ကို စစ်တပ်က ငွေနဲ့ ပေးဝယ်သွားပြီဆိုပြီး စွပ်စွဲကြတယ်… ဒါဟာ လုံးဝမှားပါတယ်။ ကျွန်တော်က သူတို့ ဘာလုပ်နေတယ်ဆိုတာနဲ့

ဘယ်လိုပြင်ဆင်ခဲ့တယ်ဆိုတာကို တွေ့ခဲ့တယ်။ အဲ့ဒီ့ အချိန်မတိုင်ခင်ထိ စစ်ဗိုလ်တွေဆီက ငြိမ်းချမ်းရေးနဲ့ ဆွေးနွေးပွဲအတွက် အစပျိုးလုပ်ဆောင်တာမျိုး တစ်ခုမှ မရှိခဲ့ဘူး။ ကျွန်တော်တို့ တိုင်းရင်းသားအဖွဲ့တွေဘက်ကချည်းပဲ တွေ့ဆုံဆွေးနွေးပွဲနဲ့ ငြိမ်းချမ်းရေး ဆွေးနွေးဖို့ တောင်းဆို ခဲ့ရတာဖြစ်တယ်။ တကယ်လို့ ကိုယ်က ကိုယ့်လုပ်ငန်းကဏ္ဍကို ရှင်းရှင်းလင်းလင်းသိမယ်...သူတို့ တုံ့ပြန်ပုံကို မြင်မယ်... သူတို့ထိန်းချုပ်ချင်တဲ့ အပိုင်းတွေကို မြင်မယ်ဆိုရင်...ဒီလိုအချက်တွေအားလုံးကို ကိုယ်က မြင်ခဲ့ရတဲ့ အခါမှာ သူတို့ သေချာပြင်ဆင်ထားတာကို တွေ့ရတဲ့အတွက် အတော်လေး ဝမ်းသာမိတယ်။ ကိုယ်က ဆွေးနွေးစားပွဲမှာ အနိုင်ရမှုကိုဖြစ်မှာ။ နှစ်ပေါင်း (၆၀) လုံးလုံး ဆွေးနွေးစားပွဲရောက်အောင် ကျွန်တော်တို့တွေ ကြိုးစားလာခဲ့ကြတယ်...အခုတော့ အဲ့ဒီအခွင့်အရေးက ကျွန်တော်တို့ လက်ထဲရောက်လာပြီ... အဲ့ဒီအခွင့်အရေး ကို အသုံးချကြပါ။

*(ဒေါက်တာလျန်မှုန်းဆာခေါင်း)*

ညှိနှိုင်းဆွေးနွေးတယ်ဆိုတာဟာ အနုပညာတစ်မျိုးပါပဲ။ ဘာလို့လဲဆိုတော့ ကိုယ်က ရန်သူနဲ့ပဲ ညှိနှိုင်း ဆွေးနွေးရ တာမဟုတ်ဘဲ တခြားသူတွေနဲ့လည်း ဆွေးနွေးညှိနှိုင်းရတာပါ။ ကိုယ့်အဖွဲ့အစည်းတွင်းက အဖွဲ့ဝင် တွေနဲ့ပါ မကျန် ဆွေးနွေးရတာပါ။ ဒါကြောင့် ဒါဟာ လည်း စိန်ခေါ်မှုတစ်ခုပါပဲ။ ကျွန်တော်တို့တွေ ဆွေးနွေး ငြင်းခုံရမယ့် သဘောထား ကွဲလွဲချက်တွေအများကြီးအများကြီးရှိသေးတယ်။

*(ဦးသံခဲ)*

ညှိနှိုင်းဆွေးနွေးနေချိန် တစ်ဖက်ကရှင်းပြတဲ့အခါ သူတို့ပြောနေတာတွေက မတရားဘူးဆိုတာတွေကို ကိုယ်က သိသိရက်နဲ့ လက်ခံနေရတာ ၊ ငြိမ်ပြီးနားထောင်နေရတာ အင်မတန်မှ နေရခက်ပါတယ်။ ဒါပေမယ့် လည်း ကျွန်တော်တို့အနေနဲ့ အဲ့ဒီလိုခံစားချက်တွေကို ချုပ်ထိန်းပြီး သူတို့ကို တခြားရှုထောင့် ကနေပဲ တုန့်ပြန်ပြောဆိုသင့် ပါတယ်။

*(နိုင်ဟံသာ)*

NCCT အဖွဲ့ဝင်တွေအတွင်းမှာတောင်မှပဲ ခေါင်းဆောင်အတော်များများက အစိုးရနဲ့ တွေ့ဆုံစကားပြောတဲ့ အပေါ်မှာ အတော်လေး မနှစ်မြို့ကြဘူး။ ရန်ကုန်သွားတဲ့ခရီးစဉ်အပေါ်မှာတောင် ဆန့်ကျင်ခဲ့ကြတယ်။ ဒါပေမယ့် အစည်းအဝေးပွဲ ၂ ခါ၊ ၃ခါလောက် လုပ်အပြီးမှာတော့ သူတို့စိတ်တွေပြောင်းလာတယ်။ အပြန်အလှန်ဆွေးနွေးဖို့လိုအပ်တယ် ဆိုတာကို သူတို့ လက်ခံလာကြတယ်။ ပြီးတော့ စကားပြောရတာဟာ သူတို့ထင်ထားသလောက် အန္တရာယ် မများဘူးဆိုတာကိုလည်း သတိထားမိလာတယ်။ ကျွန်တော်တို့တွေဟာ

စစ်မြေပြင်ပေါ်မှာ အချင်းချင်းတိုက်ခိုက်နေကြသူတွေဖြစ်ပေမယ့်လည်း ကျွန်တော်တို့အား လုံးဟာ လူသားတွေ၊ တစ်နိုင်ငံတည်းက ပေါက်ဖွားလာသူတွေပါပဲ။ တစ်ဖက်လူတွေမှာလည်း မိသားစုတွေ ကိုယ်စီရှိတယ်။ သူတို့တွေလည်း ရုပ်ရှင်သွားကြည့်ချင်၊ သီချင်းနားထောင်ချင်ကြ တာချည်းပဲ။ အားလုံးက အတူတူပါပဲ။ ကျွန်တော်တို့တွေ တစ်ဖက်နဲ့တစ်ဖက် လူသား တွေအဖြစ်ပဲ မြင်ကြရမယ်။ တစ်နေ့တော့ စစ်တပ်က သဘောထားတင်းမာသူလို့ လူသိများတဲ့ စစ်ဗိုလ်တစ်ဦးက ကျွန်တော့်ကို *"ခင်ဗျားရဲ့စာအုပ်တွေ အားလုံး၊ စာတမ်း တွေအားလုံးကို ကျွန်တော်ဖတ်ဖူးတယ်... သိလား။ ခင်ဗျားကို တိုက်ခိုက်ဖို့ အချက်တွေကို ရှာဖွေထောက်ပြဖို့အတွက် ကျွန်တော်ရှာဖတ်ခဲ့တာ။ ဒါပေမယ့် အခုတော့ ရည်ရွယ်ချက် ပြောင်းပြီး ဖတ်နေတယ်"* ဆိုပြီး ပြောပြတယ်။ ကျွန်တော်ကတော့ ရည်ရွယ်ချက်ဘယ်လို ပြောင်းခဲ့သလဲလို့တော့ မမေးဖြစ်ခဲ့ ါဘူး။ ဒါပေမယ့် အပြုသဘောဆောင်တဲ့ဘက်က ဖြစ်မယ်လို့ပဲ ထင်ပါတယ်။ ဒါကြောင့်လည်း ဆွေးနွေးပွဲတွေ အတွင်းမှာ ကျွန်တော် သူတို့နဲ့ဆက်ဆံကြည့်ဖို့ ကြိုးစားခဲ့တာပါ။ ကျွန်တော့်အတွက်ကတော့ ဒါဟာ လူပုဂ္ဂိုလ်၊ တစ်ဦးချင်းစီအကြောင်းမဟုတ်ဘူး။ (ပြဿနာကိုဖန်တီးခဲ့တဲ့ ပုဂ္ဂိုလ်တချို့တလေရှိသော် ငြားလည်း) ကျွန်တော်တို့အနေနဲ့ စနစ်ကို ကြည့်ရမယ်။ ယန္တရားကို ကြည့်ရပါမယ်။

*(ဒေါက်တာလျန်မှုန်းဆာခေါင်း)*

NGO တစ်ခုရဲ့ အကြီးအကဲတစ်ဦးအနေနဲ့ရော နည်းပညာအကြံပေးရေးအဖွဲ့ဝင်တစ်ဦး အနေနဲ့ပါ ပါဝင်လှုပ် ရှားနေတဲ့ ကျွန်မရဲ့ အခန်းကဏ္ဍကို ဟန်ချက်ညီအောင်လုပ်ရတဲ့ အပိုင်းဟာ ကျွန်မကြုံနေရတဲ့ စိန်ခေါ်မှုတစ်ခု ပါ။ ဒီငြိမ်းချမ်းရေး ညှိနှိုင်းဆွေးနွေးရေးအောင်မြင်နိုင်ဖို့အတွက် ပိုအင်အားနည်းတဲ့အပိုင်းကို ပံ့ပိုးပေးရမယ်လို့ ယုံကြည်ပါတယ်။ အစိုးရဘက်မှာက အရင်းအမြစ်အလုံအလောက်ရှိနေပြီး လက်နက်ကိုင် အဖွဲ့အစည်းတွေ မှာက သူတို့လူတွေနဲ့ သူတို့ရှိနှင့်ပြီးသားဖြစ်ပေမယ့်လို့ သူတို့အနေနဲ့ နောက်ထပ်ပံ့ပိုးပေးမှုတွေ လိုအပ် နေပါတယ်။ ကျွန်မတို့က လက်နက်ကိုင်အဖွဲ့တွေနဲ့အတူထိုင်ပြီး တခါတလေကျတော့ အရပ်ဘက်လူမှု အသိုင်းအဝိုင်းဝတ်ရုံကို ပြန်ခြုံတဲ့အခါမှာ လူတွေက ကျွန်မတို့ရဲ့ အခန်း ကဏ္ဍကို မျက်စိလည်နိုင်ပါတယ်။ ဒီလို အမှတ်လက္ခဏာတွေကို ဟန်ချက်ညီအောင်ထိန်း ညှိရတာဟာလည်း တခါတလေ အတော်လေး စိန်ခေါ်မှုများတယ်။ လူတွေက ဇဝေဇဝါဖြစ်ပြီး ကျွန်မကို မေးကြတယ်။ *"ခင်ဗျားက အခု ဘက်ပြောင်း သွားပြီလား"* ဆိုပြီးတော့ပေါ့။ ကျွန်မက ကိုယ်လုပ်ဆောင်ရမယ့် အခန်းကဏ္ဍပေါ်မူတည်ပြီး ညှိနှိုင်းဆွေးနွေး ရေးစား ပွဲဝိုင်းမှာ မကြာခဏ နေရာ ပြောင်းထိုင်ရပါတယ်။ *"ငါ ဘယ်မှာထိုင်ရမလဲ။ ဘယ်ဘက်မှာ ရပ်ရမလဲ"*ဆိုပြီးတော့ နှစ်ဖက်ချိန်ခွင်ညီအောင် ညှိနေရပါတယ်။ ဒါဟာ စိန်ခေါ်မှုအကြီးဆုံး အပိုင်းပါပဲ။ ကျွန်မအနေနဲ့ အတတ်နိုင်ဆုံး ဓာတ်ပုံတွေထဲမှာ မပါမိအောင် ကြိုးစားရှောင်ပါတယ်။

အကြောင်းကတော့ ကျွန်မတို့က အဓိကဇာတ်ကောင်တွေမဟုတ်ဘဲ နောက်ကွယ်ကနေ ပံ့ပိုးပေးနေရတဲ့သူတွေဖြစ်လို့ပါပဲ။ လူတွေအနေနဲ့ အဓိပ္ပါယ်ကောက်လွဲသွားနိုင်ပါတယ်။ အခြား တဘက်မှာလည်း ကျွန်မက NGO တစ်ခုရဲ့အကြီးအကဲ တစ်ဦး ဖြစ်နေတော့ ကျွန်မတို့လုပ်ငန်းကို မထိခိုက် စေချင်ပါဘူး။ အရပ်ဘက်လူမှုအဖွဲ့ဝင်တစ်ယောက်လည်းဖြစ်၊ ငြိမ်းချမ်းရေးအကျိုးဆောင် တစ်ယောက်လည်းဖြစ်နေတော့ နှစ်ဖက်စလုံးနဲ့ ဆက်ဆံရေး တွေကို ထိန်းသိမ်း ချင်ပါတယ်။ ငြိမ်းချမ်းရေး အကျိုးဆောင်တစ်ယောက်အနေနဲ့ ကွာဟချက် တွေကို ပေါင်းကူးတံတား ထိုးပေးဖို့က ကျွန်မတို့ရဲ့ တာဝန်ပါ။ ဒါကြောင့် တစ်ဖက်နဲ့တစ်ဖက် ဆန့်ကျင်ဘက်တွေ မဖြစ်စေချင်ဘူး။ ကျွန်မအနေနဲ့ နှစ်ဖက်စလုံးနဲ့ ဆက်ပြီးတော့ ဆက်ဆံရေးတည်ဆောက်ဖို့လိုတယ်။ ဒါဟာ မုချလိုအပ်ချက် တစ်ခုပဲဖြစ်ပါတယ်။ ဒီအတိုင်းဆက်လုပ်သွားဖို့ လိုပါတယ်။

*(ဒေါ်လထော်ဂျာနန်)*


ဗိုလ်ချုပ်ဂွန်မော်



## သဘောတူညီချက် လက်မှတ်ရေးထိုးခြင်း

ကျွန်တော့် လုပ်ဖော်ကိုင်ဖက် ဒေါက်တာဦးနေဝင်းမောင်ဟာ ၂၀၁၂ ခုနှစ်၊ နှစ်သစ်ကူးညမှာ ကွယ်လွန်ခဲ့ပါတယ်။ သူကွယ်လွန်ပြီး (၁၀) ရက်အကြာမှာ KNU က ကိုယ်စားလှယ်တစ်ဦးလည်း ရောက်လာပါတယ်။ ကျွန်တော်တို့အနေနဲ့ အင်မတန်မှ ဂုဏ်ယူဝမ်းမြောက်မိပါတယ်။ အပြင်က မီဒီယာက ကျွန်တော့်ကို *"ဦးလှမောင်ရွှေခင်ဗျား၊ ဒေါက်တာဦးနေဝင်းမောင် ကွယ်လွန်ပြီး (၁၀) ရက် အကြာမှာ သူ ခင်ဗျားကို ကောင်းကင်ဘုံကနေ လှမ်းကြည့်နေမယ်လို့ ထင်ပါသလား?"* လို့မေးတော့ ကျွန်တော်လည်း *"သူပြုံးပြီး ကြည့်နေလိမ့်မယ်လို့ ကျွန်တော်ထင်ပါတယ်"* လို့ ပြန်ဖြေခဲ့ပါတယ်။ အဲ့ဒီအချိန်လေးဟာ ကျွန်တော့် ဘဝ အတွက် အမှတ်ရဖွယ်ရာကောင်းတဲ့ အချိန်လေးပါပဲ။ အဲ့ဒီအချိန်ကို ကျွန်တော် ဘယ်တော့မှ မေ့နိုင်မှာ မဟုတ်ဘူး။"

*(ဦးလှမောင်ရွှေ)*

အလွတ်သဘောဆွေးနွေးပွဲအချို့အပြီး ၂၀၁၂ ခုနှစ်၊ ဇန်နဝါရီလ ၁၂ ရက်နေ့မှာ တော့ ကျွန်တော်တို့ဟာ ဦးအောင်မင်းနဲ့ ဖားအံမှာ တရားဝင်တွေ့ဆုံခဲ့ပြီး ပဏာမ အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်ရခဲ့တယ်။ ဒါဟာ ကရင်အမျိုးသား လှုပ်ရှားမှုကြီးရဲ့ နှစ်ပေါင်း (၆၀) ကျော်အကြာမှာမှ ပထမဆုံးအကြိမ်အဖြစ် အစိုးရနဲ့ ပဏာမအဆင့် အပစ်အခတ်ရပ်စဲရေး သဘောတူညီချက် ရခဲ့တာပါ။ ၁၉၉၂-၃ ခုနှစ် တုန်းက တခြား တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေက အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်တွေ လက်မှတ် ထိုးခဲ့ကြတဲ့အချိန်မှာ KNU ဟာ တခြားအဖွဲ့အစည်းတွေရဲ့ အကူအညီမပါဘဲနဲ့ နှစ်ပေါင်း (၁၇) နှစ်နီးပါးလုံး ရုန်းကန်ခဲ့တဲ့ တစ်ခုတည်းသော အဖွဲ့အစည်းပါ။

*(ပဒိုစောကွယ်ထူးဝင်း)*

*"တစ်သီးပုဂ္ဂလအဖွဲ့အစည်းတွေအနေနဲ့ နှစ်ဦးနှစ်ဘက် အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်တွေ လုပ်ကြတာ ပြဿနာမရှိပေမယ့် နိုင်ငံရေး ဆွေးနွေးပွဲလုပ်တဲ့အခါမှာတော့ ကျွန်တော်တို့တွေ ကြားမှာ အချိတ်အဆက်မိမိနဲ့ အတူသွားဖို့လိုတယ်"* လို့ UNFC အနေနဲ့ယူဆတယ်။ ဒါကြောင့် UNFC က နိုင်ငံရေး ဆွေးနွေးပွဲ တစ်ခုဖြစ်မြောက်အောင် စီစဉ်ဖို့ အကြံပေါ်လာတယ်။ ဦးအောင်မင်း ကတော့ *"အဖွဲ့ တစ်ဖွဲ့ စီတိုင်း မှာ သူမတူတဲ့ ထူးခြားမှုရှိပြီး အဖွဲ့တိုင်းမှာ ကွဲပြားချက်ကိုယ်စီရှိတယ်။ ဒါကြောင့် ကျွန်တော်တို့အနေနဲ့ တစ်ဖွဲ့ ချင်းဆီနဲ့အတူ နှစ်ဦးနှစ်ဖက် အပြန်အလှန်တွေ့ဆုံဆွေးနွေးရမှာဖြစ်တယ်"* ဆိုပြီး အမြဲပြောလေ့ရှိတယ်။ ဒါပေမယ့် UNFC ကလည်း *"မှန်ပါတယ်။ ကျွန်တော်တို့တွေဟာ*

*အဖွဲ့အစည်းတွေအနေနဲ့ ကွဲပြားမှုတွေ ရှိကောင်းရှိပါလိမ့်မယ်။ ဒါပေမယ့် ကျွန်တော်တို့ရဲ့ နိုင်ငံရေးရည်မှန်းချက်ကတော့ - တန်းတူညီမျှရေး၊ အမျိုးသားရေး တန်းတူ ညီမျှရေးနဲ့၊ ကိုယ့်ကြမ္မာကိုယ် ဖန်တီးနိုင်ရေးဆိုတဲ့ ရည်မှန်းချက်တွေက အတူတူပဲ။ ဒါကြောင့် ကျွန်တော်တို့တွေအားလုံး အတူတူသွားဖို့လိုတယ်"*လို့ တုံ့ပြန်ခဲ့ပါတယ်။ အတိုချုပ်ပြောရရင်တော့ နောက်ပိုင်းမှာ ဦးအောင်မင်းလည်း သဘောပေါက်သွားပြီး ကျွန်တော်တို့ကို တစ်ဖွဲ့တည်း အဖြစ် သတ်မှတ်ပြီး တွေ့ဆုံဆွေးနွေးမှုတွေကို လုပ်ခဲ့တယ်။ ၂၀၁၃ ခုနှစ်အတွင်းမှာပဲ UNFC နဲ့ မြန်မာအစိုးရတို့ တရားဝင် တွေ့ဆုံမှု (၂) ကြိမ်တိတိလုပ်ခဲ့ပြီး၊ နိုင်ငံရေးတွေ့ဆုံဆွေးနွေး ပွဲအတွက် ဘယ်လို စီစဉ်ဆောင်ရွက်မယ်၊ ဘယ်လိုအကောင်အထည်ဖော်မယ်ဆိုတာနဲ့ ပတ်သတ်ပြီး ပြောဆိုကြဖို့အလွတ်သဘောတွေ့ဆုံ ဆွေးနွေးမှု တွေကတော့ အကြိမ်ကြိမ်လုပ် ဖြစ်ခဲ့တယ်။

*(နိုင်ဟံသာ)*

သမ္မတကြီး ဦးသိန်းစိန် အပစ်အခတ်ရပ်စဲရေးဆွေးနွေးဖို့ ကမ်းလှမ်းခဲ့တုန်းက သူက ပြည်နယ်အစိုးရနဲ့ သက်ဆိုင်ရာ လက်နက်ကိုင်အစိုးရတွေကြား (ဥပမာ - CNF ဆိုရင် ချင်းပြည်နယ်အစိုးရနဲ့ ပြောရမယ်) ပဏာမအဆင့် ဆွေးနွေးမှု တွေလုပ်ဆောင်ဖို့ ကမ်းလှမ်း ခဲ့တာဖြစ်တယ်။ ကျွန်တော်တို့အနေနဲ့လည်း ဒါကို သင့်လျော်မှုရှိတယ်လို့ မြင်တယ်။ အကြောင်းကတော့ အပစ်အခတ်ရပ်စဲရေးဆိုတာဟာ တပ်အနေအထား တွေ၊ လက်နက်ကိုင် အင်အားစုတွေရဲ့ တည်နေရာ၊ တိုက်ပွဲအနေအထားတွေ စတာတွေနဲ့ သက်ဆိုင်တဲ့ ကိစ္စရပ် ဖြစ်နေတဲ့ အတွက်ကြောင့်ပါ။ အနေအထားတွေက ပြည်နယ်ပေါ် လိုက်ပြီး ကွဲပြားနေတဲ့အတွက် ဒီကိစ္စတွေနဲ့ပတ်သတ်လို့ကတော့ ကျွန်တော်တို့အားလုံးအနေနဲ့ တစ်စုတစ်စည်းတည်းအဖြစ် စေ့စပ်ညှိနှိုင်း လို့မရနိုင်ပါဘူး။ အဲ့ဒီအချိန်တုန်းကတော့ UNFC က ကျွန်တော်တို့အနေနဲ့ အားလုံးအတူပေါင်းပြီး လုပ်ဆောင် သင့်တယ်လို့ ပြောနေတဲ့ အချိန်ဖြစ်ပြီး အစိုးရကမ်းလှမ်း ချက်ကို သူတို့က ပယ်ချခဲ့ပါတယ်။ အဲ့ဒီ အတွက်ကြောင့် ကျွန်တော်တို့ရဲ့ အချိန်တွေအများ ကြီးပုပ်သွားခဲ့တယ်။ အမှန်ဆို အပစ်အခတ်ရပ်စဲရေးကို ၂၀၁၂ ခုနှစ် နှစ်ကုန်ပိုင်းမတိုင်ခင်မှာ လက်မှတ်ရေးထိုးပြီး သင့်နေပြီဖြစ်ပြီး ၂၀၁၃ နဲ့ ၂၀၁၄ ခုနှစ်တွေမှာတော့ စေ့စပ်ညှိနှိုင်းမှုတွေ လုပ်ရမယ့် အချိန်တွေ ဖြစ်ခဲ့သင့်တာပါ။ ဒါပေမယ့် ကျွန်တော်တို့ရဲ့ ခေါင်းဆောင်တွေကို နားချဖို့ဆိုတာကလည်း အင်မတန်ခက်ခဲတဲ့ လုပ်ငန်းစဉ်တစ်ခုပါပဲ။ ကျွန်တော်တို့တွေဟာ ကိုယ့်လူမျိုးစု အဖွဲ့အတွင်းမှာရော၊ အခြားတိုင်းရင်းသား အဖွဲ့တွေနဲ့ပါ ညှိနှိုင်းဆွေးနွေးပွဲတွေ အတော်လေးလုပ်ခဲ့ရပါတယ်။ ဒါကြောင့် ကျွန်တော်တို့ရဲ့ အချိန်တွေ အလဟဿဖြစ်ခဲ့ပြီး အခွင့်အရေးကြီးတစ်ခုကို လက်လွတ်ဆုံးရှုံးခဲ့တဲ့ အပြင် လူထုကို အမြင်ရှင်းလင်းအောင် လုပ်နိုင်မယ့်အစား ပိုပြီးတော့ ရှုပ်ထွေးအောင် လုပ်ခဲ့မိသလို ဖြစ်သွား ပါတယ်။ ပြီးတော့

ဒါဟာ အတွင်းပိုင်းပြဿနာတွေ အများကြီးကိုလည်း မီးမွေးပေးခဲ့သလိုဖြစ်ခဲ့ပါတယ်။ ကျွန်တော့်အတွေ့အကြုံအရ ပြောရရင်တော့ ၂၀၁၂-၂၀၁၃ ဟာ အခက်အခဲ၊အကြမ်းတမ်း ဆုံးကာလဖြစ်ပြီး၊ စည်းလုံးမှု အပျက်ပြားဆုံးအချိန်လည်း ဖြစ်ခဲ့တယ်။ ဒါပေမယ့် တိုင်းရင်းသားအဖွဲ့တွေအတွက် ကံကောင်း ထောက်မစွာပဲ KIO က ဦးစီးကျင်းပခဲ့တဲ့ လိုင်ဇာ တွေ့ဆုံဆွေးနွေးရေး ညီလာခံကြီးက ကျွန်တော်တို့တွေ အားလုံးကို ပြန်ပြီးတော့ စည်းလုံး စေခဲ့ပါတယ်။ ပထမ (၂) ရက်တုန်းကတော့ ကျွန်တော်တို့ အဖွဲ့တွေ အချင်းချင်း ပြစ်တင် ဝေဖန်မှုတွေနဲ့ပဲအချိန်ကုန်ခဲ့ပေမယ့် တတိယနေ့မှာတော့ ကံကောင်းစွာနဲ့ပဲ ကျွန်တော်တို့ ကြားမှာ ဘုံရပ်တည်ချက်ကို ရယူနိုင်ခဲ့ပြီး ဆွေးနွေးပွဲကို နောက်ထပ် (၂) ရက် တိုးပြီး ကျင်းပဖို့ ဆုံးဖြတ်ချက်ချခဲ့ကြတယ်။ နောက်ဆုံးမှာတော့ ကျွန်တော်တို့မှာ ခိုင်မာတဲ့ လိုင်ဇာသဘောတူညီချက် တစ်ခုကို ရရှိအောင် လုပ်ဆောင်နိုင်ခဲ့ပါတယ်။

*(ဒေါက်တာလျန်မှုန်းဆာခေါင်း)*

## အပြောင်းအလဲ

အနာဂတ်နိုင်ငံရေးဆွေးနွေးပွဲမှာ အဓိကထည့်သွင်းရမယ့် ကိစ္စရပ်နှစ်ခုက - ပဋိပက္ခရဲ့ အကြောင်းအရင်း ဇာစ်မြစ်တွေနဲ့ ပဋိပက္ခရဲ့ နောက်ဆက်တွဲဆိုးကျိုးတွေပါပဲ။ နှစ်ပေါင်း (၆၀) လောက် တိုက်ခိုက်လာခဲ့ အပြီးမှာ ကျွန်တော်တို့ဟာ တစ်ယောက်မျက်နှာ တစ်ယောက် မကြည့်ချင်တော့ပါဘူး။ ပြန်လည်ရင်ကြားစေ့ရေးနဲ့ စစ်မှန်တဲ့ ငြိမ်းချမ်းရေးတည်ဆောက်ဖို့က တော့ အချိန်ယူရပါလိမ့်မယ်။ ၂နှစ် - ၃နှစ် အတွင်းမှာ အခြေခံ ဥပဒေကို ပြုပြင်ချင်ပြုပြင်နိုင်မယ်၊ ဒါပေမယ့် ပဋိပက္ခရဲ့ နောက်ဆက်တွဲဆိုးကျိုး၊ ဒုက္ခဆင်းရဲတွေကို ပြန်လည်ကုစားဖို့က အချိန်အကြာကြီး ယူရလိမ့်မယ်။ ဒီလုပ်ငန်းစဉ်ကြီးကို ကျွန်တော်တို့အနေနဲ့ အခုပဲ စတင်ချင်ပါပြီ။ ဒီအခြေအနေကြီးကို နောင်လာမယ့် မျိုးဆက်တွေအတွက် မချန်ထားပေး ချင်ဘူး။ ဒါကို ရပ်တန့်စေချင်ပါပြီ။ ဒါပေမယ့် သိတဲ့အတိုင်းပဲ ငြိမ်းချမ်းရေးလုပ်ရတာက မလွယ်ဘူး။ တခါတလေ တိုက်ခိုက်ရတာကတောင် ပိုလွယ်နေသေးတယ်။ တကယ်လို့ ခင်ဗျားက ရန်သူထက် အင်အား တောင့်တယ် ဆိုရင် တိုက်မယ်၊ မဟုတ်ရင်တော့ ထွက်သာ ပြေးပေတော့…။ ဒါပေမယ့် ငြိမ်းချမ်းရေး လုပ်တဲ့အခါမှာတော့ ထွက်ပြေးလို့မရဘူး။ ငြိမ်းချမ်း ရေးလုပ်ပြီဆိုတာနဲ့ ကိုယ်နဲ့ မျက်နှာချင်းဆိုင်ရှေ့က လူတွေပဲ ကိုယ့်ကို လာတိုက်ခိုက်မှာ မဟုတ်ဘူး။ ကိုယ့် နောက်ကျောကိုပါ ပြန်ကြည့်ရတော့မယ်။

*(ပဒိုစောကွယ်ထူးဝင်း)*

စစ်ပိုလ်ချုပ်တွေနဲ့ ထိတွေ့ဆက်ဆံမှုတွေလုပ်တဲ့အခါမှာ ကျွန်တော့်လူမျိုးတွေကိုယ်တိုင်က ကျွန်တော့်အပေါ် သံသယမျက်လုံးတွေနဲ့ကြည့်ကြတယ်။ ဒါဟာ ကျွန်တော့်အတွက်တော့ နေရခက်တဲ့အနေအထားပဲ။ မလွယ်ဘူး။ ဒါပေမယ့်လည်း ကျွန်တော်ကတော့ ဒီအတိုင်း ရှေ့ဆက်ဖို့လိုတယ်လို့ ယူဆထားတုန်းပဲ။ သူတို့နဲ့ စကားပြောရတာ မလွယ်ဘူး။ ဒါကြောင့် တခါတလေ စာရေးရတာကို ပိုကြိုက်တယ်။ ပြီးတော့ တချို့ ကျတော့လည်း ကျွန်တော့် ဆောင်းပါးတွေ၊ စာတမ်းတွေမှာ ကျွန်တော်တို့ရဲ့ မဟာဗျူဟာတွေကို ဖွင့်ချပြ ထားတယ်ဆိုပြီး ကျွန်တော့်ကို စွပ်စွဲကြတယ်။ သူတို့နားမလည်တဲ့အချက်က ကျွန်တော်ဟာ ကိုယ့် မဟာဗျူဟာကို သူတို့ကို သိစေချင်တယ်ဆိုတာကိုပါ။ ကျွန်တော်တို့ဟာ "သူရှုံး-ကိုယ်နိုင်" (zero-sum game) စနစ်နဲ့ သွားနေတာမဟုတ်ဘဲနဲ့ နှစ်ဖက်စလုံး "သူနိုင်-ကိုယ်နိုင် အဖြေ" (win-win solution) ကို ရှာဖို့ ကြိုးစားနေတာပါ။ သူတို့ကို ကျွန်တော်တို့ရဲ့ မဟာဗျူဟာတွေနဲ့ ကျွန်တော်တို့ရဲ့ မူဝါဒတွေကို လက်ခံကျင့်သုံး စေချင်တယ်။ ဒါကြောင့် ဒါတွေကို သူတို့ သိထားဖို့လိုတယ်။ ခက်ခဲပြီး ရှေ့ဆက်လှမ်းဖို့ ခြေလှမ်းတွေ အများကြီးကျန်သေးပေမယ့်လည်း ကျွန်တော်တို့တွေဟာ အသွင်ကူးပြောင်းရေးပုံစံမျိုးကို စတင် ခြေလှမ်း လှမ်းနေပြီဖြစ်တဲ့အ တွက်ရော၊ နှစ်ဖက်တွေ့ဆုံပြီး အပြန်အလှန်စကားပြောတဲ့အဆင့်ကို ရောက်ရှိနေတဲ့ အတွက် ဝမ်းသာမိပါတယ်။ ဒါပေမယ့်လည်း ဒါဟာ စစ်မြေပြင်မှာ တိုက်ပွဲဝင်တာထက်တော့ ပိုပြီးလွယ်ကူ ပါတယ်။ ဘာပဲဖြစ်ဖြစ် ဆွေးနွေးစကားပြောရတာဟာ လူသတ်ရတာထက်တော့ ပိုပြီးကောင်းတာပဲလေ။

*(ဒေါက်တာလျန်မှုန်းဆာခေါင်း)*

ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ထဲကို ကျွန်တော်တို့တွေ ပါဝင်လာတဲ့အခါမှာ တစ်ဖက်ကလူတွေနဲ့ ဆက်ဆံရေး ပုံမှန်ရှိအောင် ကြိုးစားပါတယ်။ ကျွန်တော်တို့အချင်းချင်း ကောင်းမွန်တဲ့ရ ည်ရွယ်ချက်တွေနဲ့ ပွင့်ပွင့်လင်းလင်း ပြောဆိုနိုင်တယ်လို့ ထင်ပါတယ်။ ကျွန်တော့်လူမျိုး တွေကိုယ်တိုင်က ကျွန်တော့်ကို တစ်ဖက်အဖွဲ့တွေနဲ့ အရမ်းရင်းနှီးတယ်လို့ မြင်ကြတယ်။ ဒါပေမယ့်လည်း ကျွန်တော်တို့အချင်းချင်းကြား ပြောနိုင်ဆိုနိုင်တယ်လို့ ယုံကြည်တယ်။ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို မယုံကြည်ပါဘူးဆိုသူတွေကို *"ခင်ဗျားတို့ ဆက်ပြီး စစ်တိုက်ချင် သလား" "ဘယ်လောက်ကြာကြာထိ တိုက်နေအုံးမှာလဲ"* လို့ ကျွန်တော်မေးချင်တယ်။ ကျွန်တော်တို့ဟာ နှစ်ပေါင်း(၆၅)နှစ်ကျော် တိုက်ပွဲဝင်လာခဲ့ပြီးပြီ။ စစ်ရေးနည်းနဲ့ အချို့ အရာကို အောင်မြင်အောင် တိုက်ယူခဲ့ပြီးပြီ။ ဒီထက် ပိုပြီးမရနိုင်တော့ဘူးလို့ ထင်တယ်။ ကျွန်တော်တို့တွေ ကိုယ့် နယ်မြေဒေသကို ကိုယ်ထိန်းချုပ်နိုင်တယ်။ အခွန်တွေကောက်တယ်။





ကျွန်တော်တို့မှာ သူ့နေရာနဲ့သူ နေသားတကျဖြစ်နေတဲ့ စနစ်တစ်ခုလည်းရှိပြီ။ ဒါပေမယ့် ဒါတွေက ကျွန်တော်တို့လူမျိုးတွေရဲ့ ဘဝတွေကို ဖြည့်စည်းပေးနိုင်ဖို့ မလုံလောက်သေးဘူး။

*(ပဒိုစောကွယ်ထူးဝင်း)*

၂၀၀၂ ခုနှစ် (သို့) ၂၀၀၃ ခုနှစ်လောက်က တိုင်းရင်းသားလူမျိုးများကောင်စီ လမ်းပြမြေပုံကို ဖော်ဆောင်ဖို့ ကြိုးစားရင်း အိုင်ရာလန်နိုင်ငံသွားပြီး Sinn Fein နဲ့ Unionists တို့ နှစ်ဖက်စလုံးနဲ့တွေ့ခဲ့တဲ့အချိန်တွေ၊ အတွေ့အကြုံတွေကို ဝေမျှပြောပြခဲ့တဲ့ လူတွေ အများကြီးနဲ့ တွေ့ခဲ့ရတဲ့အချိန်တွေကို မနေ့ညကပဲ ကျွန်တော် ပြန်တွေးမိနေသေးတယ်။ ကျွန်တော်တို့ရဲ့ လက်ရှိအခြေအနေကို ပြန်ပြီး အမှတ်ရစေတဲ့အရာတစ်ခုကတော့ Sin Fein အတွင်းရေးမှူး ကျွန်တော့်ကို ပြောသွားတဲ့အချက်တစ်ခုပါပဲ - *"ခင်ဗျားသိလား…။ Good Friday Agreement ကို လက်မှတ်ရေးထိုးပြီးနောက်ရော၊ အဲ့ဒီအချိန်မတိုင်မီကပါ ကျွန်တော့်အချိန်တွေရဲ့ ၈၀% ကို ကိုယ့်ဘက်က လူတွေကို တစ်ဖက်ကလူတွေနဲ့ တွေ့ဆုံဆွေးနွေးဖို့ ကြိုးစားရင်းနဲ့ ကုန်လွန်ခဲ့တယ်။ ခင်ဗျားလည်း နောက်ဆုံး ဒီလိုပဲ ဖြစ်နေလိမ့်မယ်"*။ သူပြောသွားတာ မှန်ပါတယ်။ ကျွန်တော်တို့အချိန်တွေရဲ့ ၆၀-၇၀% လောက်မှာ တိုင်းရင်းသားအဖွဲ့အသီးသီးက ကိုယ့်ခေါင်းဆောင်တွေကို ဒီကိစ္စဟာ အခွင့်အလမ်း တစ်ရပ် ဖြစ်ကြောင်း သူတို့လက်ခံယုံကြည်လာအောင် ရှင်းပြရင်းနဲ့ အချိန်တွေကုန်ခဲ့ပါတယ်။ ကျွန်တော်တို့ သမိုင်းကြောင်းရဲ့ နှစ်ပေါင်း (၆၀) တလျှောက်မှာ ဒါဟာ ကျွန်တော်တို့အတွက် အကောင်းဆုံး အခွင့်အရေး တစ်ခုပဲ။ အကြောင်းက လူတွေကလည်း ငြိမ်းချမ်းရေးကို လိုလားနေကြတယ်။ ကျွန်တော်တို့မှာ နိုင်ငံတကာ အသိုင်းအဝိုင်းရဲ့ ပံ့ပိုးမှုတွေလည်း ရထားတယ်။ သူတို့ကလည်း ဗမာပြည်မှာ ငြိမ်းချမ်းရေးရတာကို မြင်ချင် နေကြတယ်။ အခုချိန်မှာ အစိုးရ ကိုယ်တိုင်ကလည်း တွေ့ဆုံဆွေးနွေးဖို့ ဆန္ဒရှိနေတယ်။ ဒီအချိန်ဟာ အကောင်းဆုံးအချိန်ပဲ။ ကျွန်တော်တို့အတွက် အကောင်းဆုံးအခွင့်အရေးဖြစ်ပြီး ဒီအခွင့်အရေးကို ကျွန်တော်တို့တွေ အမိအရဆုပ်ကိုင်သင့်တယ်။

*(ဒေါက်တာလျန်မှုန်းဆာခေါင်း)*

မြန်မာငြိမ်းချမ်းရေးစင်တာကလူတွေဟာ အကြောင်းအရင်းအမျိုးမျိုးကြောင့် အဖွဲ့အတော်များများရဲ့ ဝေဖန်မှုကို ခံနေရတယ်။ သူတို့နဲ့ ကျွန်တော်အလုပ်တွဲလုပ်ကြည့်တဲ့အခါ သူတို့အနေနဲ့ ပုဂ္ဂိုလ်ရေးရာ အဆင့်မှာ စိန်ခေါ်မှုတွေနဲ့ ဘယ်လိုရင်ဆိုင်နေရသလဲဆိုတာကို ကျွန်တော်တွေ့ရတယ်။ သူတို့ရဲ့ အရင်က မဟာမိတ်ဟောင်းတွေရဲ့ ဖိအားပေးမှုကိုလည်း ခံနေရပြီး အခုအခါမှာ အစိုးရနဲ့ပူးပေါင်းသွားတဲ့အတွက် ပစ်မှတ်ထားခံနေရပါတယ်။ သူတို့က အတော်လေး အခက်တွေ့နေတဲ့အနေအထားမှာရောက်နေတယ်။ ဝန်ကြီးဦးအောင်မင်းနဲ့

ဦးစိုးသိန်းတို့ကို ကြည့်တဲ့အခါမှာလည်း စစ်တပ်ကသူတို့လုပ်ဖော်ကိုင် ဘက်ပေါင်း တွေက သူတို့ကို သစ္စာဖောက်တွေအလား သဘောထားဆက်ဆံတာကို တွေ့ရပါတယ်။ ဒီနေရာမှာ ကျွန်တော်အလေးအထားပြောချင်တဲ့အချက်ကတော့ လူတစ်ယောက်ဟာ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်ထဲမှာ ပါဝင်လှုပ်ရှားပြီဆိုတာနဲ့ ပုဂ္ဂိုလ်ရေးရာအဆင့်ကစပြီး ပြောင်းလဲရပါတယ်။ ဒါဟာ အင်မတန်မှ ရှုပ်ထွေးပြီး နာကျင်စရာလည်း ကောင်းတယ်။ ကိုယ့်ကိုယ်ကိုလည်း တွန်းအားပေးရမယ်။ အားပေးရမယ်။ သတ္တိမွေးဖို့ လည်း လိုတယ်။ ကျွန်တော်ကတော့ ဒီလူတွေကို သတ္တိရှိသူတွေလို့ မြင်တယ်။ တိုင်းရင်းသား အဖွဲ့ ခေါင်းဆောင်တွေကိုလည်း ထိုနည်းလည်းကောင်းပဲ မြင်မိပါတယ်။ မတူကွဲပြားတဲ့ တစ်စုံတစ်ရာကို အခြေခံအုတ်မြစ်ချတဲ့ နေရာမှာ သူတို့တွေ ပံ့ပိုးပါဝင်နိုင်တယ်ဆိုတဲ့ ယုံကြည်ချက်တွေကိုယ်စီ ရှိနေကြ ပါတယ်။

*(ဆရာကျော်သူ)*

နှစ်ဖက်အဖွဲ့က ထိပ်သီးခေါင်းဆောင်တွေနဲ့ ပုဂ္ဂိုလ်ရေးရာအဆင့်မှာ ထိတွေ့ဆက်ဆံတာက ကျွန်မကို ကိုယ့်ကိုယ်ကိုယုံကြည်မှု ပိုပြီးတိုးပွားစေတယ်လို့ မြင်ပါတယ်။ ဒါပေမယ့် အစိုးရဘက်က စစ်တပ် ခေါင်းဆောင်တွေနဲ့ဆက်ဆံရတာကတော့ အခက်အခဲရှိတုန်းပါပဲ။ သူတို့က ကျွန်မတို့ကို ဘယ်လို ယူဆ ထားသလဲဆိုတာ ကိုယ်က သေချာမသိနိုင်ဘူး။ ကျွန်မက တခါတလေ အရပ်ဖက်လူမှု အသိုင်းအဝိုင်းမှာ ဝင်လှုပ်ရှားလိုက်၊ တခါတလေ NCCT အကြံပေးလုပ်လိုက်ဆိုတော့ ကျွန်မအပေါ် သူတို့ မြင်တဲ့အမြင်တွေ အပေါ်မှာ မလုံခြုံသလိုခံစားရတယ်။ ကျွန်မအနေနဲ့ တစ်ဖက်အဖွဲ့က စစ်ဗိုလ်တွေ၊ ဝန်ကြီးတွေနဲ့ ထိတွေ့ ဆက်ဆံဖို့ကြိုးစားရသလို အစိုးရအဖွဲ့နဲ့ ဆက်ဆံဖို့အတွက်လည်း ကိုယ့်ကိုယ်ကို ယုံကြည်မှု ပြန်တည် ဆောက်ယူနေရသေးတယ်။ ဒါကတော့ ကျွန်မရဲ့ ပုဂ္ဂိုလ်ရေးရာပါ။ ဆွေးနွေးပွဲတွေအတွင်းမှာတော့ သူတို့က လုပ်ငန်းပြီးမြောက်အောင်ပံ့ပိုးကူညီသူတွေရဲ့ စကားကို နားထောင်ကြတယ်။ ကျွန်မက အမျိုးသမီး တစ်ယောက်ဖြစ်ပေမယ့် သူတို့က နားထောင်ကြတယ်။ သူတို့က လုပ်ငန်းစဉ်နဲ့ ပံ့ပိုးကူညီပေးသူရဲ့ အခန်းကဏ္ဍကို လေးစားမှုရှိတယ်။ သူတို့က ကျွန်မကို အတိုက်အခံလုပ်တာမျိုးတော့ မရှိဘူး။ ဒါပေမယ့် လည်း တခါတလေ အခက်တွေ့ရတဲ့အခါတွေလည်း ရှိတယ်။ တခါကတော့ ဆွေးနွေးပွဲအပြီးမှာ ညှိနှိုင်း ဆွေးနွေးတဲ့အဖွဲ့ကလူတွေအားလုံးက ဆွေးနွေးပွဲရဲ့ အဆုံးသတ်ရလဒ်ကို သဘောမ ကြဘူး။ ဒါနဲ့ ကျွန်မ တို့လည်း ဆွေးနွေးခဲ့တဲ့အချက်တွေကို အတိုချုံးပြီး ပြန်ပြောပြပေးဖို့လု ပ်တဲ့အခါမှာ စစ်ဗိုလ်တွေထဲက တစ်ယောက်က *"အချိန်မဖြုန်းပါနဲ့။ ကျွန်တော်တို့ ဆွေးနွေး ခဲ့တာတွေ ကျွန်တော်တို့သိတယ်"* ဆိုပြီး ထပြောတယ်။ ဒါနဲ့ပဲ ကျွန်မတို့လည်း နောက်ခေါင်း စဉ်တစ်ခုကို ပြောင်းခဲ့ရတယ်။ ဟုတ်ပါတယ်...ခုချိန်ဟာ ကျွန်မအတွက် စူးစမ်းလေ့လာနေရတဲ့ ကာလ၊ ကိုယ့်ကိုယ်ကို စူးစမ်းတွေ့ရှိတဲ့ကာလသာမက စိန်ခေါ်မှု အသစ်တွေကိုပါ ရှာဖွေ

တွေ့ရှိရတဲ့ကာလအပိုင်းအခြားလည်း ဖြစ်ပါတယ်။ ဒီ စိန်ခေါ်မှုအသစ်တွေက ကျွန်မ ကို ပိုပြီးရင့်ကျက်စေတယ်လို့ ထင်တယ်။ အသက်ကြီးလာလေလေ…ကိုယ်လည်း ရင့်ကျက်မှု ရှိလာလေလေပါပဲ။

*(ဒေါ်လထော်ဂျာနန်)*

မယုံနိုင်စရာကောင်းတဲ့အချက်ကတော့ ပြုပြင်ပြောင်းလဲလိုစိတ်ရှိတဲ့ဝန်ကြီးတွေဟာ တကယ်ကို အတတ် နိုင်ဆုံးကြိုးစားနေကြတာကို တွေ့ရတာပဲဖြစ်ပါတယ်။ ပြီးတော့ သူတို့ဟာ စစ်ဗိုလ်ဟောင်းတွေဖြစ်ပေမယ့် ကျွန်တော်တို့ခေါင်းဆောင်အချို့ ထက်တောင်မှ ပိုပြီးပွင့်လင်းမှုရှိတာလည်း အံ့သြစရာပါပဲ။ အတော်လေး အံ့အားသင့်စရာကောင်းပါတယ်။ ကျွန်တော် မျှော်တောင်မမျှော်လင့်ထားခဲ့ဘူး။ သူတို့နဲ့ ကိုယ် တွဲလုပ် ရမယ်ဆိုတာသိပေမယ့် သူတို့တွေ ဒီလောက်ထိ စိတ်ရောကိုယ်ပါနစ်မြုပ်လုပ်ကိုင်ကြလိမ့်မယ်လို့ မထင်ထား ခဲ့ဘူး။ တခါက ဦးစိုးသိန်းနဲ့ ကျွန်တော် နော်ဝေနိုင်ငံက အစည်းအဝေးပွဲတစ်ခုတက်တုန်းက သူက နော်ဝေးနိုင်ငံခြားရေးဝန်ကြီးနဲ့ သွားတွေ့ရမယ့် အချိန်မှာ သူ့မှာ လည်စည်း (necktie) မပါလာဘူး။ ဒါနဲ့ သူ့ကို ကျွန်တော့်လည်စည်းပေးလိုက်တယ်။ နောက်တကြိမ်ကျွန်တော်တို့ ပြန်တွေ့တော့ သူက *"ခင်ဗျား လည်စည်း တောင် ပြန်ပေးရအုံးမယ်"* လို့ပြောတယ်။ ဒီတော့ ကျွန်တော်လည်း *"ကိစ္စမရှိပါဘူး။ သိမ်းထားလိုက်ပါ။ ကျွန်တော်လည်း အခုသွားတော့မှာပဲ"* လို့ပြောတော့ သူက *"မဟုတ်ဘူး။ မဟုတ်ဘူး။ လူတိုင်းက အစိုးရကို ပြည်သူတွေဆီက ပစ္စည်းတွေယူထားတယ်ဆိုပြီး စွပ်စွဲနေကြတာ။ ကျွန်တော့်ကို ခင်ဗျားပစ္စည်းခိုးပါတယ် ဆိုပြီး အစွပ်စွဲတော့ မခံနိုင်ဘူး"* လို့ ပြန်ပြောတယ်။ နောက်ထပ်ရယ်စရာကောင်းတာတစ်ခုက တော့ ကျွန်တော်ပြည်ပမှာ အစိုးရနဲ့ အလုပ်လုပ်တုန်းက သူ့ဝန်ထမ်းတွေက ဘယ်တော့မှ လည်စည်း မပါလာ ကြဘူး။ ကျွန်တော်ချည်းပဲ သူတို့ကို အမြဲပေးနေရတယ်။ ပြီးရင် တစ်ယောက်မှလည်း ကျွန်တော့်လည်စည်း တွေ ပြန်မပေးကြဘူး။ လည်စည်းဆိုတာ မပြောပလောက်တဲ့အသေးအဖွဲပါ။ ဒါပေမယ့် သူတို့အမူအကျင့် ပြောင်းလဲလာတာကို တွေ့နိုင်တယ်။ ဦးစိုးသိန်းတစ်ယောက်ထဲမဟုတ်ဘူး… ဦးအောင်မင်းတို့၊ ဦးခင်ရီတို့ အပါအဝင်ပဲ။ သူတို့တွေဟာ မယုံကြည်နိုင်လောက်အောင်ပါပဲ။ သူတို့က ပွင့်လင်းတယ်။ ပွင့်ပွင့်လင်းလင်း စကားပြောဖို့လည်း အသင့်ရှိတယ်။ ဒီမိုကရေစီလှုပ်ရှားမှုအတွင်းမှာလည်း ဒီအတိုင်းအတူတူပဲ။ အမှန်တကယ် အပြောင်းအလဲတွေ ရှိလာပြီလို့ ကျွန်တော်ထင်တယ်။ ပထမတစ်ခေါက် ကျွန်တော်ပြန်လာ တုန်းက ကျွန်တော် တိတ်တိတ်ကလေး ပြန်လာခဲ့တာပါ။ ဒါပေမယ့် ဖြစ်ချင်တော့ အဲ့အချိန်တုန်းက ကိုးရီးယားရုပ်ရှင်ပွဲတော်ကျင်းပနေတဲ့အချိန်မှာ နာမည်ကျော်ကိုးရီးယားရုပ်ရှင်သရုပ်ဆောင်တစ်ဦးရဲ့ အလာ ကို သတင်းယူဖို့ မီဒီယာသတင်း သမားတွေက လေဆိပ်မှာ စောင့်နေကြတဲ့အချိန်နဲ့ သွားတိုက်ဆိုင်နေတယ်။ သတင်းသမား

တစ်ယောက်က ကျွန်တော့်ကို မှတ်မိသွားပြီး ဓာတ်ပုံလိုက်ရိုက်တဲ့အခါ ကျွန်သတင်း သမား တွေပါ ကျွန်တော့်နောက်လိုက်လာပြီး နောက်ဆုံးတော့ ကျွန်တော်ဟာ သတင်းတွေထဲမှာ ပါလာ တော့တာပဲ။ ဒါပေမယ့် တချိန်ထဲမှာပဲ ကျွန်တော့်နောက်ကို ထောက်လှမ်းရေးရဲတွေ လိုက်ခဲ့တယ်။ ကျွန်တော်က ဟိုတယ်အခန်းကို ဘွတ်ကင်မလုပ်ထားတော့ ဟိုတယ်တွေ တစ်ခုပြီးတစ်ခုပြောင်းခဲ့ရတယ်။ အခုကျွန်တော်တို့ တည်းနေတဲ့ ဟိုတယ်ကို ကျွန်တော် ရောက်လာတယ်။ ဒါနဲ့ သော့ယူပြီး ကျွန်တော့်အခန်း ရှိရာအပေါ်ကို တက်သွားတဲ့အခါမှာ အနားမှာရှိနေတဲ့ ကျွန်တော့်သူငယ်ချင်းတစ်ယောက်က ထောင်လှမ်း ရေးရဲတွေ ဧည့်ကြို ကောင်တာကိုလာပြီး ကျွန်တော်နေတဲ့အခန်းနံပါတ်ကို သွားမေးနေတာကို မြင်ခဲ့တယ်။ ဧည့်ကြိုကောင်တာကလည်း *"ဆောရီးပါရှင်။ ကျွန်မမှာ ဒီလိုသတင်းအချက်အလက်ကို ပြောပြပိုင်ခွင့် မရှိပါဘူး"* လို့ ပြန်ပြောလိုက်တယ်။ အဲ့လိုဖြေလိုက်တာ တော်တော်ကောင်း သွားတယ်။ ကျွန်တော့် သူငယ်ချင်းလည်း အရမ်းအံ့သြသွားတယ်။ ဒါဟာ ဒီနိုင်ငံမှာ အမှန်တကယ်ပဲ အပြောင်းအလဲတွေ ဖြစ်နေပြီ ဆိုတာကို ညွှန်ပြနေတယ်။

*(ဦးဟန်ယောင်ဝေ)*

ကျွန်တော့်အတွက်ကတော့ ရှင်းပါတယ်။ ရင်ထဲမှာ အာဃာတတရားတွေရှိနေတဲ့သူတွေဟာ ငြိမ်းချမ်းရေး မရနိုင်ဘူး။ ငြိမ်းချမ်းရေးလုပ်ဖို့ဆိုရင် ခင်ဗျားအနေနဲ့ ကိုယ့်ရဲ့ ပုဂ္ဂိုလ်ရေး ရာအဆင့်ကနေ ပြုပြင်ပြောင်းလဲဖို့ လိုတယ်။ အဲ့လိုလုပ်ဖို့ အင်မတန်ခက်တယ်။ တခါတလေ ကိုယ့်ရဲ့ နာမည်နဲ့ အမှတ်လက္ခဏာ (identity) တစ်ခုလုံးကို ဖျက်စီးနိုင်မယ့် ပုဂ္ဂိုလ်ရေး တိုက်ခိုက်မှုတွေကိုလည်း ခံရနိုင်တယ်။ ဒါကြောင့်လည်း ငြိမ်းချမ်းရေးလုပ်ငန်းစဉ်မှာ ပါဝင်နေတဲ့လူတွေကို ကျွန်တော်လေးစားမိတယ်။ လွန်ခဲ့တဲ့(၂)ရက်က တိုင်းရင်းသားထိပ် သီးခေါင်းဆောင်တစ်ယောက်နဲ့ တွေ့ခဲ့တယ်။ သူဟာ MPC နဲ့ ဦးအောင်မင်းတို့ကို ပြင်းပြင်းထန်ထန်ဝေဖန်ခဲ့ဖူးတယ်။ ကျွန်တော်နဲ့ တွေ့တဲ့အခါမှာတော့ သူက *"ကျော်သူရေ... ကျွန်တော်က တကယ်လို့ ဦးအောင်မင်းကို ယုံကြည်မှုရှိတယ်လို့ ပြောရင် ခင်ဗျား ယုံနိုင်မလားတော့မသိဘူး"* ဆိုပြီး ပြောလာပါတယ်။ သူပြောင်းလဲသွားတယ်။ လုပ်ငန်းစဉ်က သူ့ကို ပြောင်းလဲစေခဲ့တာပါ။ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်က ရန်သူအသစ်တွေကို အလွယ် တကူဖန်တီးပေးနိုင်ပါတယ်။ ဒါပေမယ့် မိတ်ဆွေသစ် ရဖို့ ကတော့ ပိုခက်တယ်။ ငြိမ်းချမ်း ရေးလုပ်ငန်းစဉ်တစ်ခုမှာ ညီလာခံကြီးတွေ၊ အစည်းအဝေးပွဲကြီးတွေ လုပ်ဖို့စီစဉ်ရတာကလွယ် တယ်။ ဒါပေမယ့် ပြောင်းလဲဖို့ ဆန္ဒရှိတဲ့ပုဂ္ဂိုလ်တစ်ယောက်ကိုရှာဖို့ကတော့ ခက်တယ်။ အကြောင်းကတော့ တကယ်လို့ ကိုယ်က ပြောင်းလဲသွားပြီဆိုတာနဲ့ ကိုယ့်ပတ်ဝန်းကျင်ကလူ တွေအပြင်၊ လူမှုအသိုင်းအဝိုင်းတစ်ခုလုံးရဲ့ ဝေဖန်တာတွေခံရနိုင်ပြီး၊ တစ်လောကလုံးနဲ့တ စ်ယောက်ဆိုသလို အထီးကျန် သွားနိုင်တယ်။ *"ကိုယ့်ကိုယ်ကို အရင်ဆုံးပြောင်းလဲရမယ်"*

လို့ပြောရတာဟာ လွယ်ပေမယ့် လက်တွေ့ကျကျ လုပ်ရတဲ့အခါမှာတော့ အင်မတန်ခက်တယ်။ တခါတလေဆို အိပ်လို့တောင် ပျော်မှာမဟုတ်ဘူး။ ကိုယ် ဘယ်သွားနေလဲဆိုတာတောင် ကိုယ့်ကိုယ်ကို မသိတော့တဲ့အထိဖြစ်လိမ့်မယ်။ ဒါဟာ ဘဝမှာဆုံးရှုံးမှုကြီးနဲ့ ရင်ဆိုင်နေရတဲ့ အတိုင်းပဲ။ *"ကျွန်တော်က ပိုသတ္တိရှိတယ်" (သို့) "ကျွန်တော်က ပိုသာတယ်"* လို့ ပြောနေတာမဟုတ်ဘူး။ ကျွန်တော်ဆိုလိုတာက ပြောင်းလဲဖို့လိုတယ်။ ပြီးတော့ ပြောင်းလဲဖို့ဆိုတာကလည်း မလွယ်ကူဘူး။ တခါတလေ လမ်းပျောက်နေပြီလို့ ခံစားရနိုင်တယ်။ ပြီးတော့ ဒါဟာ ကိုယ့်ရဲ့ နေ့စဉ်ဘဝမှာ ကြုံတွေ့နေရတဲ့ အမှန်တရား၊ ကိုယ့်ဘဝကြီး ဖြစ်လာနိုင်တယ်။ အပေါင်းအသင်းတွေရဲ့ ပစ်ပယ်ခံရနိုင်တယ်။ ကိုယ့်အပေါ် အယုံအကြည်ကင်းမဲ့သွားနိုင်တယ်။ ဒါဟာ နာကျင်စရာကောင်းပါတယ်။ ကိုယ့် ပုဂ္ဂိုလ်ရေးရာ မှာရော၊ အဖွဲ့အစည်းကိုပါတိုက်ခိုက်မှုအသေးအဖွဲလေးတွေကို ကြုံလာရမယ်။ ဒါဟာ အမှန်အကန် စိန်ခေါ်မှုကြီး တစ်ခုပါ။ ကျွန်တော့်အတွေ့အကြုံအရ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်မှာ ပါဝင်ရတာဟာ မလွယ်ကူသလို ဒီလုပ်ငန်းစဉ်ဟာ ကိုယ့်ကိုယ်ကိုလည်း တိုးတက်စေနိုင်ပါတယ်။ ကိုယ်ဘယ်လိုအရာမျိုးကို မုန်းတီးသလဲ...၊ ကိုယ်ကိုယ်ကို ပြောင်းလဲဖို့ဘာတွေလိုအပ်လဲဆိုတာကို နားလည်သဘောပေါက်ထားဖို့ လိုတယ်။ ဒါပေမယ့် ကိုယ်ကပြောင်းလဲပြီဆိုရင် ကိုယ်နဲ့တွဲလုပ်နေတဲ့ လူတွေဆီကနေ အသစ်အဆန်း တွေ သင်ယူနိုင်လိမ့်မယ်။ တကယ့် နိုင်ငံရေးလောကမှာ အင်အားကြီး အနေအထားတစ်ခုကို ကိုယ်စားပြု ရပ်တည်နိုင်တဲ့ နိုင်ငံရေးသမားတွေရှိနိုင်တယ်။ ဒါပေမယ့် အမှန်တကယ်လိုအပ်တာကာက ပြောင်းလဲမှု ဖြစ်စဉ်နဲ့အတူ သွားနိုင်တဲ့ လူတွေကို ပါပဲ။

*(ဆရာကျော်သူ)*

Women as peacebuilders ဆိုတဲ့ အလုပ်ရုံဆွေးနွေးပွဲတစ်ခုကို တက်တုန်းက ဒီ အလုပ်ရုံဆွေးနွေးပွဲကနေ ကျွန်မ သင်ခန်းစာတွေ အများကြီး ရလိုက်တယ်။ အရင်က စိတ်ပိုင်းဆိုင်ရာ ငြိမ်းချမ်းမှု (inner peace) ဟာ ဘယ်လောက်ထိ အရေးပါမှန်း မသိခဲ့ဘူး။ ကျွန်မတို့ဟာ စိုးရိမ်ပူပန်ရင်း ပူပန်းရင်းနဲ့ ငါတို့တော့ ဘယ်တော့မှ ငြိမ်းချမ်းရေးရနိုင်မှာ မဟုတ်ဘူးလို့ ခံစားခဲ့ရတယ်။ KNU ဌာနချုပ်တွေကျဆုံး ကတည်းက ငြိမ်းချမ်းရေးကို ဘယ်တော့မှ မရနိုင်တော့ဘူးလို့ခံစားခဲ့ရတဲ့အတွက် ကျွန်မဟာ *'ငြိမ်းချမ်းရေး'* ဆိုတဲ့ ဝေါဟာရနဲ့ လုံးပန်းခဲ့ရတယ်။ ဒါပေမယ့် အဲ့ဒီအလုပ်ရုံဆွေးနွေးပွဲအတွင်းမှာ အမျိုးသမီးတစ်ဦးက *"ပထမဆုံး ကျွန်မတို့ဟာ ကိုယ်ကိုယ်တိုင်ရဲ့ အတွင်းစိတ်က ငြိမ်းချမ်းမှု ရှိကိုရှိနေရမှာဖြစ်ပြီး ကိုယ့်ကိုယ်ကို ဂရုစိုက်ဖို့ လည်းလိုတယ်"* လို့ဆိုခဲ့ပါတယ်။ ဒါနဲ့ ကျွန်မလည်း *"အိုး... ငါဟာ ကိုယ့်ကိုယ်ကို ဂရုစိုက်ဖို့ကို ခုမှ သင်ယူမိ ပါလား"* လို့ တွေးမိတယ်။ အရင်ကဆို ကျွန်မတို့က

သူများတွေ အတွက်ပဲ စိုးရိမ်ပူပန်ခဲ့ကြပြီး ကိုယ့်အတွက် ကိုယ် ဘယ်တော့မှ မစဉ်းစားခဲ့ကြဘူး။ ရုတ်တရက် ကျွန်မဟာ စိတ်အေးလက်အေးနဲ့ စိတ်သက်သာယာကို ခံစား လိုက်ရတယ်။

*(နော်စီဖိုးရာစိန်)*

စစ်တပ်အုပ်ချုပ်ရေးစနစ်ကနေ တစိတ်တပိုင်း - ဒီမိုကရေစီ (semi-democracy) စနစ်ကို အသွင်ကူးပြောင်း လာတဲ့ တိုင်းပြည်ရဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်မှာ ကိုယ်ဟာ အင်မတန်အထီး ကျန်တဲ့ အနေအထားမှာ ရှိနေပါ တယ်။ ကျွန်မတို့အဖွဲ့အစည်းလုပ်နေတဲ့ အလုပ်တွေဟာ ရုတ်ရက်ဆိုသလို *"မင်းတို့တွေ အသုံးမဝင် တော့ ဘူး"* ဆိုတဲ့အနေအထားမျိုးဖြစ်သွားတယ်။ ပြီးတော့ အစိုးရဘက်က "ကြားဝင်စေ့စပ်သူ" အသစ်တွေနဲ့ အခြားအဖွဲ့တွေပါ ပါဝင်လာတဲ့အခါမှာ သူတို့ဟာ အရင်ကဖြစ်ဖူးခဲ့တာတွေကို မေ့ပျောက်လိုပြီး အသစ်ကနေ ပြန်စချင်နေကြပြီလို့ ထင်တယ်။ အဲ့တော့ ကျွန်မတို့ နှစ်ပေါင်းများစွာ ကြိုးပမ်းလာခဲ့တဲ့ အားထုတ်မှုတွေဟာ ဘာမှ အရာမဝင်ဘူး၊ အသိအမှတ်ပြုမခံရဘူးဆိုတာကို မြင်ရတော့ အတော်လေး စိတ်ဓာတ်ကျမိ တယ်။ ဒါပေမယ့် အစိုးရနဲ့ လက်နက်ကိုင်အဖွဲ့တွေဟာ အရင်ကတည်းက ဆက်ဆံရေး တည်ဆောက်ထားခဲ့တဲ့ အတွက် အခုချိန်မှာ သူတို့အချင်းချင်း တိုက်ရိုက် ဆက်ဆံနိုင်ကြပါပြီ။ ဒါကြောင့် ချဉ်းကပ်ပုံအပြောင်းအလဲ တွေဟာ ကျွန်မတို့ကို အင်မတန် အထီးကျန်တဲ့ အနေအထားကို တွန်းပို့ပေး ခဲ့တယ်။

*(ဒေါ်လထော်ဂျာနန်)*

ကျွန်တော်တို့တွေ ဒီနေ့ဒီအခြေအနေကို ရောက်လာချင်းဟာ ငြိမ်းချမ်းရေးအတွက် စိတ်ရော ကိုယ်ပါ အားသွန်ခွန်စိုက်လုပ်ဆောင်နေကြတဲ့ အဖက်ဖက်က ခေါင်းဆောင်တွေအားလုံးရဲ့ စစ်မှန်တဲ့ ဆန္ဒအရင်းခံ ကြောင့်ပဲ ဖြစ်ပါတယ်။

*(ဦးတင်မောင်သန်း)*



# အခန်း (၅)

## *"ကျွန်တော်တို့ကို ကောင်းကောင်းဆက်ဆံပါ။ ဒါပဲ ကျွန်တော်တောင်းဆိုနေတာပါ"*

ကျွန်မတို့တွေ ဒီထက်ပိုပြီး ကြိုးစားနိုင်ရင်ကောင်းမယ်လို့ ထင်တယ်။ တကယ်လို့ ကျွန်မတို့လက်ထက်မှာ လက်နက်ကိုင်ပဋိပက္ခကို မဖြေရှင်းနိုင်ခဲ့ဘူးဆိုရင် နောင်လာမယ့် မျိုးဆက်သစ်တွေ လက်ထက်မှာ ဒီထက် ဒီထက်ပိုဆိုးတဲ့ အခြေအနေကို ချန်ထားမိသလို ဖြစ်လိမ့်မယ်။

*(လဖိုင်ဆိုင်းရော်)*

ကျွန်မအနေနဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို ယုံကြည်တယ်။ ဒါကို အောင်မြင်စေချင်တယ်။ ရှေ့ဆက်ပြီး လုပ်ငန်းလည်ပတ်စေချင်တယ်။ ဒါပေမယ့် နည်းနည်း စိုးရိမ်မိတယ်။ ကျွန်မတို့ အနေနဲ့ ကိုယ့်ရည်မှန်းချက် အတွက် ခိုင်ခိုင်မာမာရပ်တည်နိုင်မယ့် နည်းလမ်းကိုရှာဖွေရမယ်။ ဒါဟာ အရေးကြီးပါတယ်။ အနာဂတ်မှာ နိုင်ငံရေးဆွေးနွေးပွဲ ပိုပြီးတိုးတက်လာတာကို မြင်ချင်ပါတယ်။ လုံခြုံရေးအတွက် အာမခံချက်ရှိတဲ့အချိန်မှာ၊ စစ်ပွဲကြောင့်နေရပ်စွန့်ခွာထွက်ပြေးနေတဲ့ ပြည်သူတွေ အိမ်ပြန်နိုင်မယ်...၊ ကိုယ့်မြေပေါ်ကိုယ် ပြန်လုပ်ကိုင်နိုင်မယ့် အနေအထားမှာ ငြိမ်းချမ်းရေးသဘောတူညီချက်ကို လက်မှတ်ထိုးစေချင်တယ်။ ကျွန်မတို့ လူမျိုးတွေကို ငြိမ်းချမ်းတဲ့ဘဝကို ဖြတ်သန်းစေချင်တယ်။

*(နော်စီဖိုးရာစိန်)*

ခုချိန်ထိတော့ ကျွန်တော့်မှာ မျှော်လင့်ချက်တွေရှိနေသေးတယ်။ ဒါကြောင့်လည်း ကျွန်တော် ကြိုးစားနေတာပါ။ ဘယ်အချိန်မှာ ကျွန်တော့်မျှော်လင့်ချက်တွေကုန်ဆုံးသွားမလဲဆိုတာတော့ မသိပါဘူး။

*(ဗိုလ်ချုပ်ဆွမ်လွတ်ဂွန်မော်)*

လူငယ်မျိုးဆက်သစ်တွေအနေနဲ့ တရားသေလက်ခံထားတဲ့ ဝါဒတွေ၊ *'ဘယ်သူတွေက ဘယ်သူ့ကို ဘာတွေလုပ်ခဲ့ပါတယ်'* ဆိုတဲ့ ခေတ်ပြားဟောင်းတွေကို နားထောင်လာရတာ ငြီးငွေ့လာကြပြီဆိုတာကို ကျွန်တော် သတိထားမိတယ်။ သူတို့မှာ ဆန်းသစ်တဲ့ စိတ်ကူး စိတ်သန်းတွေရှိတယ်။ လူငယ်မျိုးဆက်သစ်တွေဟာ အမုန်းတရားတွေကို လက်မခံချင်တော့ဘူးလို့ ထင်တယ်။ ဒီလမ်းကြောင်းအတိုင်းပဲ သူတို့တွေ စပြီး လျှောက်လမ်းနေပါပြီ။

*(ဆရာကျော်သူ)*

တခါတလေ စစ်ပွဲဟာ ဘဝဖြစ်နေတတ်တယ်။ ပြီးတော့ ကျွန်မတို့အနေနဲ့ လူထုကို လက်နက်ကိုင် ပဋိပက္ခ ဆိုတာရဲ့ နောက်ကွယ်ကို မြင်လာအောင်လုပ်ဖို့ လိုတယ်လို့ ယုံကြည်တယ်။ စိတ်ဓာတ်ရေးရာ တက်ကြွလှုပ်ရှားမှု အပိုင်းမှာတော့ အင်အားတွေများပါရဲ့... ဒါပေမယ့် အစိုးရနဲ့ လုပ်ကိုင်ရတဲ့အပိုင်းမှာလည်း အလားတူ ခွန်အားစိုက်ထုတ်မှုရှိသင့်တယ်လို့ ထင်တယ်။

*(လဖိုင်ဆိုင်းရော်)*

ထိပ်တိုက်ရင်ဆိုင်မှု (confrontation) ဟာ ဗမာ့နိုင်ငံရေးအစဉ်အလာရဲ့ အစိတ်အပိုင်းတစ်ခုလို ဖြစ်နေတယ်။ ဗိုလ်ချုပ်အောင်ဆန်းဟာ လက်နက်မကိုင်ပဲ အစိုးရနဲ့ လွတ်လပ်ရေးအတွက် အောင်မြင်အောင် ဆွေးနွေး နိုင်ခဲ့ပြီး ၁၉၄၈ ခုနှစ်မှာ လွတ်လပ်ရေး ရခဲ့တယ်။ (၃) လ အကြာမှာတော့ ကွန်မြူနစ်ခေါင်းဆောင် သခင် သန်းထွန်းဟာ ဆွေးနွေးညှိနှိုင်းပြီး ရလာတဲ့ လွတ်လပ်ရေးဟာ စစ်မှန်တဲ့လွတ်လပ်ရေးမဟုတ်ဘူး၊ လွတ်လပ် ရေးဆိုတာ တိုက်ယူမှရမယ် ဆိုပြီး ကြေငြာချက်ထုတ်ပြန်ခဲ့တယ်။ အဲ့ဒီနောက်တော့ သူဟာ အာဏာရယူဖို့ ဦးနုအစိုးရနဲ့ ထိပ်တိုက်ရင်ဆိုင်ပြီး ဆန့်ကျင်တိုက်ခိုက်ခဲ့ပါတယ်။ ဒီနိုင်ငံရေး ယဉ်ကျေးမှုဖြစ်တဲ့ ငါတို့တွေ တိုက်ပွဲဝင်ရမယ်ဆိုတဲ့ အိုင်ဒီယာဟာ လူတွေရဲ့ အတွေးအခေါ်အယူအဆထဲမှာ ကိန်းအောင်းနေတုန်းပဲ။

*(ဒေါက်တာလျန်မှုန်းဆာခေါင်း)*

တစ်ဖက်နဲ့တစ်ဖက် အပြန်အလှန်တိုက်ခိုက်မှုတွေဟာ ကျွန်တော်တို့သမိုင်းကြောင်းရဲ့ အစိတ်အပိုင်းတစ်ခု ဖြစ်ပါတယ်။ စစ်တပ်ခေါင်းဆောင်တွေဟာ နေရာတကာကို လွှမ်းမိုး၊ အုပ်ချုပ်လိုတဲ့ စိတ်နေသဘောထား ရှိကြတယ်။ သူတို့က တိုင်းရင်းသားလူမျိုးတွေကို ဒုတိယနိုင်ငံသားအဖြစ် မြင်ကြတယ်။ သူတို့က ကျွန်တော် တို့ရဲ့ အခွင့်အရေးတွေကို လေးစားမှုမရှိဘူး။ ဒါပေမယ့် ကျွန်တော်တို့အနေနဲ့လည်း ဒီအတိုင်းဆက်သွားလို့ မဖြစ်ဘူး။ ကိုယ့်တိုင်းပြည်ကို ဖွံ့ ဖြိုးတိုးတက်စေချင်ရင် ငြိမ်းချမ်းရေးရမှဖြစ်မယ်။ ငြိမ်းချမ်းရေးရဖို့က ပဋိပက္ခတွေရဲ့ အကြောင်းအရင်းဇာစ်မြစ်တွေကို အရင်ဖြေရှင်းရမယ်။ ဗမာလူမျိုးတစ်မျိုးထဲပဲ နိုင်ငံတော် ထူထောင်လို့ မရဘူး။ ကျွန်တော်တို့အားလုံး ပူးပေါင်းပါဝင်မှရမယ်။ ဒါဟာ ကျွန်တော့်စိတ်ကူးအိပ်မက်ပါပဲ။ ကျွန်တော်တို့အနေနဲ့ လွန်ခဲ့တဲ့ နှစ် (၆၀)က အသီးအပွင့်တွေကို မြင်တွေ့ချင်ပြီ။

*(ပဒိုစောကွယ်ထူးဝင်း)*

အိပ်မက်တွေမှာတောင် ကျွန်တော်တို့တွေ ဆင်းရဲမွဲတေနေတယ်။ အိပ်မက်မှာတောင် ခံစားခွင့်တွေ အကြီး အကျယ်ဆုံးရှုံးနေတယ်။

*(ဦးတင်မောင်သန်း)*

လူတွေကတော့ ပုံမှန်အားဖြင့် တရားမျှတမှုနဲ့ ငြိမ်းချမ်းမှုကို လိုချင်ကြတာချည်းပဲ။ 'ငြိမ်းချမ်းရေး' မှာ အဓိပ္ပာယ်အမျိုးမျိုးရှိပေမယ့် လူတွေကတော့ ငြိမ်းချမ်းမှုကို ခံစားချင်ကြတယ်။ လူတွေ တစ်ယောက်ဆီက တစ်ယောက် အပြန်အလှန်လေ့လာသင်ယူနိုင်၊ ဆက်ဆံနိုင်မယ့် ပတ်ဝန်းကျင်အခြေအနေတွေကို ဖန်တီး ပေးရတာဟာ ကျွန်တော်တို့ရဲ့ နိစ္စဓူဝအလုပ်ထဲက အရေးကြီးတဲ့ အခန်းကဏ္ဍတစ်ခုပါ။ ကျွန်တော်တို့တွေဟာ အတူ ယှဉ်တွဲ နေထိုင်တတ်အောင် သင်ယူရမယ်၊ တစ်ယောက်ရဲ့ နာကျင်မှုကိုတစ်ယောက်က သင်ခန်းစာ ယူရမယ်။ ဒီလိုလုပ်ရတာ အင်မတန်ခက်တယ်ဆိုတာ လူတိုင်းကို ကျွန်တော် သိစေချင်တယ်။ လူတွေက ကျွန်တော့်ကို *"ခင်ဗျား ဦးအောင်မင်းကို ယုံကြည်သလား"* လို့ တိုက်ရိုက်မေးလာတဲ့အခါ ကျွန်တော်က *"အေး...ယုံတယ်"*လို့ပြန်ဖြေလိုက်တယ်။ အများပိုင်းအတွက်ကတော့ ဒါဟာ သူတို့ကြားချင်တဲ့ အဖြေ မဟုတ်ဘူး။ ဒါပေမယ့် ကိုယ့်အနေနဲ့က ပြတ်သားဖို့လိုတယ်။ *"ဟုတ်တယ်"* ကျွန်တော်သူ့ကို ယုံတယ်။ ပြီးတော့ သူ့ကို ယုံကြည်ရတာကလည်း စိန်ခေါ်မှုတစ်ခုပဲ။ ဒါပေမယ့် ကိုယ်က *"ဟုတ်တယ်။ ကျွန်တော်သူ့ကို ယုံကြည်တယ်"*လို့ အရင်ဆုံးပြောလိုက်ရင် လူတချို့အနေနဲ့ ဒါကို လက်ခံဖို့ အတော်လေး ခက်လိမ့်မယ်။ တိုင်းရင်းသားလူမျိုးတွေကို သွားပြောတဲ့အခါမှာလည်း သူတို့က အပြစ်တွေအားလုံး ဗမာတွေပေါ် မှာပဲ ပုံချတတ်ကြတယ်။

အဲ့ဒီအခါ ကိုယ့်အနေနဲ့ *"လူမျိုးရေးပြဿနာနဲ့ စနစ်ပြဿနာကို မရောထွေး ပါနဲ့"* ဆိုပြီး ရှင်းရှင်းလင်းလင်းပြောပြဖို့လိုတယ်။ ပြီးတော့ ထပ်ပြောမယ်...ဒီလိုပြောရတာ မလွယ်ပါဘူး။ ဘာလို့လဲဆို တော့ သူတို့က ခင်ဗျားဆီက *"မှန်တယ်...ဗမာလူမျိုးတွေက မကောင်းဘူး"* လို့ ဝန်ခံတာကိုပဲ ကြားချင်နေ ကြလို့ပဲ။ တကယ်ဆို တိုင်းရင်းသားတွေမှာလည်း မကောင်း တဲ့သူတွေ ရှိတာပဲ။ ပြီးတော့ တချို့ ဘာသာကြီး တွေကလည်း ဘာသာကွဲတချို့အပေါ်မှာ အရာရာတိုင်းအတွက် အပြစ်တင်ချင်ကြတယ်။ ဒါကြောင့် ကျွန်တော်က *"ဟုတ်တယ်။ မြန်မာနိုင်ငံဟာ နှစ်ပေါင်း (၆၀) ကျော် ပဋိပက္ခတွေနဲ့ ဖြတ်သန်းလာခဲ့ရတဲ့ နိုင်ငံဖြစ်ပြီး အဓိကအစိုးရတွေကလည်း ဗမာလူမျိုး၊ ဗုဒ္ဓဘာသာဝင်တွေချည်းပဲ။ ရွှေဝါရောင်တော်လှန်ရေး နှိမ်နင်းတဲ့အချိန်တုန်းကလည်း ဗုဒ္ဓဘာသာဝင် ဗမာလူမျိုးတွေကပဲ တခြား ဗမာ၊ ဗုဒ္ဓဘာသာ ဝင်တွေရဲ့ သတ် ဖြတ်တာကို ခံခဲ့ရတာပဲ။ ဒါမျိုးကျတော့ တစ်ယောက်မှ မမြင်ကြဘူး။"* မလွယ်ကူတဲ့ ဟာတွေကို လုပ်ရတာ တော်တော်လေး စိတ်ဓာတ်ကျဖို့ကောင်းတယ်။ ဒါပေမယ့် အမှန်တော့ အဲ့ဒီအရာကပဲ ခင်ဗျားကို ပိုပြီး ကြံ့ခိုင်စေနိုင်တယ်။ ဒါဟာ အပြုသဘောဆောင်တဲ့ ဖြစ်စဉ်တစ်ခုလည်း ဖြစ်နိုင်ပါတယ်။

*(ဆရာကျော်သူ)*

ငြိမ်းချမ်းရေးလုပ်ငန်းစဉ်က ကျွန်တော်တို့ကို ဗမာလူမျိုးတွေနဲ့ ဆက်ဆံဖို့ အခွင့်အလမ်းကို ပေးတယ်။ ကျွန်တော်တို့အပေါ်ထားတဲ့ သူတို့ရဲ့ သဘောထားအမြင်က *"သူတို့က သူပုန်တွေ၊ သူတို့ဟာ လူဆိုးတွေပဲ"*ဆိုတဲ့ အမြင်မျိုး ဖြစ်နေတယ်။ ဒါပေမယ့် ကျွန်တော်တို့နဲ့ သူတို့စပြီး ဆက်ဆံရေးလုပ်ရတဲ့အခါမှာတော့ ကျွန်တော်တို့ကို နားလည်သဘောပေါက်လာတယ်။ ဥပမာပြောရရင် ဦးအောင်မင်းလိုပေါ့။ နိုင်ငံရေး ပါတီတွေကလည်းပဲ ကျွန်တော်တို့ရဲ့ ရပ်တည်ချက်တွေကို စပြီးလက်ခံလာကြတယ်။ ကျွန်တော်တို့ရဲ့ တော်လှန်ရုန်းကန်မှုတွေကို နိုင်ငံရေးပါတီတွေဘက်က အသိအမှတ်ပြုမှုအချို့လည်း ရှိပါတယ်။

*(နိုင်ဟံသာ)*

အခုချိန်ဟာ အရေးကြီးတဲ့ကာလတစ်ခုပါ။ သမ္မတကလည်း သူ့အာဏာကို သမ္မတအသစ်ကို လွှဲပြောင်းပေး ရတော့မယ်။ ခုချိန်ထိတော့ နောက်တက်လာမယ့် သမ္မတဟာ ဘယ်သူဖြစ်မ လဲဆိုတာ ကျွန်တော်တို့ မသိ ဘူး။ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဟာ အသွင်ကူးပြောင်းရေးကို အဆင်ပြေချောမွတ်စွာ ဖြတ်သန်းနိုင်လိမ့်မယ်လို့ ကျွန်တော် မျှော်လင့်ပါတယ်။

*(ဦးလှမောင်ရွှေ)*

ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဟာ အဓိကသော့ချက်ပါ။ ငြိမ်းချမ်းရေးမရှိဘဲနဲ့ မြန်မာနိုင်ငံမှာ ဒီမိုကရေစီစနစ်ကို ထူထောင်လို့ မရပါဘူး။ ကျွန်တော်တို့မှာ တခြားရွေးစရာလမ်းမရှိဘူး။ ကျွန်တော်တို့မှာ တစ်ခုပြီး တစ်ခု ပြောင်းလုပ်နိုင်မယ့် အနေအထားလည်း မရှိဘူး။

*(ဦးတင်မောင်သန်း)*

## သင်ခန်းစာရခြင်း

ပြီးခဲ့တဲ့ (၂) နှစ်အတွင်းမှာ ကျွန်တော်တို့ဟာ ကိုယ့်အဖွဲ့ စည်းရဲ့ ဝေဖန်ပြစ်တင်မှုတွေအပြင်၊ ပြင်ပက ဝေဖန်မှု တွေကိုပါ ခံခဲ့ရတာကို သတိထားမိပါတယ်။ ပြီးတော့ တစ်ဖက်အဖွဲ့နဲ့ ဘယ်လို ညှိနှိုင်းရမယ်ဆိုတာလည်း သဘောပေါက်လာတယ်။ တကယ်လို့ ကျွန်တော်တို့ တိုင်းပြည်ဟာ ငြိမ်းချမ်းရေးလိုနေရင်တောင် စစ်ပွဲ ကြောင့် အကျိုးအမြတ်ရနေသူအချို့လည်း ရှိနေတယ်ဆိုတာကိုလည်း တွေ့ခဲ့တယ်။ ပြီးတော့ ငြိမ်းချမ်းရေး ဖော်ဆောင်နေသူတွေဟာ ပြောရဲ၊ လုပ်ရဲတဲ့ သတ္တိရှိဖို့လိုတယ်...သူတို့အနေနဲ့ ဆုံးဖြတ်ချက် ပြတ်သားဖို့ လိုပြီး တခြားလူတွေကိုလည်း အသိပညာပေးဖို့လိုတယ်ဆိုတာ သိလာခဲ့တယ်။ ကျွန်တော် သင်ခန်းစာ ရလိုက်တာတွေ အများကြီးရှိပါတယ်။ ကိုယ့်ရန်သူတွေထဲမှာ မိတ်ဆွေရှိနိုင်သလို၊ ကိုယ့်မိတ်ဆွေ ကြားမှာ လည်း ရန်သူတွေရှိနိုင်တယ်ဆိုတာကိုလည်း သိခဲ့ရတယ်။

*(ပဒိုစောကွယ်ထူးဝင်း)*

KNU နဲ့ ပထမအကြိမ် တွေ့ဆုံဆွေးနွေးပွဲမှာ ကျွန်တော် ဆုံးဖြတ်ချက်တစ်ခုချခဲ့တယ်။ သူတို့ဟာ ကျွန်တော့် အရင်က ဖွံ့ ဖြိုးရေးလုပ်သား ဘဝထက်ကို ပိုကောင်းမွန်တဲ့ဘဝကို ရသင့်ရထိုက်တယ်။ ဒီအချက် ကပဲ ကျွန်တော့်ကို ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ထဲမှာ ၂၀၀% စိတ်ရောကိုယ်ပါနှစ်မြှုပ်ပြီး အားသွန်ခွန်စိုက် ပါဝင်လှုပ်ရှားသူတစ်ယောက်အဖြစ် ပြောင်းလဲ စေခဲ့တယ်။ ဒါကတော့ ကျွန်တော် သင်ခန်းစာရခဲ့တဲ့ အရာ တစ်ခုပေါ့။ ကိုယ့်အနေနဲ့ စိန်ခေါ် မှုအသစ်တွေနဲ့ မသေချာအရေရာမှုတွေ အများကြီးနဲ့ ရင်ဆိုင်ဖို့အတွက် သဘောထားမသေး သိမ်ဘဲ အရာရာကိုလက်ခံနိုင်ဖို့ ကြိုးစားရတယ်။ တကယ်လို့ ကိုယ်ကသာ ဒီလိုသဘော ထားကြီးမှုမရှိဘူးဆိုရင် ဒီလုပ်ငန်းစဉ်ထဲမှာ ကိုယ့်ကိုယ်ကို အဓိကပါဝင်သူအဖြစ် ပြောင်း လဲလို့ ရမှာမဟုတ်ဘူး။ တချို့ တချို့သောလူတွေဟာ သူတို့ကိုယ်ကို သူများတွေထက် ပိုသာတယ်ဆိုတဲ့ စိတ်ထား ရှိကြတယ်။ ကျွန်တော်တို့က သူတို့ကို ဒီထက်ပိုပြီး ထဲထဲဝင်ဝင်ပါ ဝင်လာဖို့ မျှော်လင့်ထားခဲ့ပေမယ့် သူတို့က လမ်းဆုံးမှာရောက်နေပြီ။ ဘာလို့လဲဆိုတော့ သူတို့ရဲ့ စိတ်ဓာတ်တွေကို မပြောင်းလဲနိုင်ကြဘူး။ ဒီတော့ သူတို့ကိုယ်ကို လွတ်မြောက်ဖို့၊ ပြောင်းလဲဖို့ စွမ်းဆောင်ရည် အလုံအလောက် သူတို့မှာ မရှိဘူး။ သူတို့ဟာ ငြိမ်းချမ်းရေး ဖော်ဆောင်သူတွေဖြစ်ဖို့ လိုအပ်တဲ့ ပြုပြင်ပြောင်းလဲမှုတွေလုပ်ဖို့ လုံလောက်တဲ့ စွမ်းရည်မရှိ ကြဘူး။

*(ဦးတင်မောင်သန်း)*

ဒီလုပ်ငန်းစဉ်ကနေ ကျွန်တော်လေ့လာတွေ့ရှိရတဲ့အချက်ကတော့ အားလုံးပါဝင်နိုင်ရေး (all-inclusive) က ဖြစ်နိုင်တယ်...ဒါပေမယ့် မလွယ်ဘူး ဆိုတာပါပဲ။

*(ဦးကျော်စိုးလှိုင်)*

ခုချိန်ထိ ကျွန်တော်ရခဲ့တဲ့ သင်ခန်းစာကတော့ ညှိနှိုင်းဆွေးနွေးပွဲအတွင်းမှာ ကျွန်တော်တို့အနေနဲ့ လူထုနဲ့ အမြဲတမ်း အဆက်အသွယ်မပြတ်ရှိနေရမယ်ဆိုတာပါပဲ။ ဒါကြောင့် ခုလက်ရှိ ညှိနှိုင်းဆွေးနွေးပွဲကို ရှေ့ဆက် နိုင်ဖို့ကျွန်တော်တို့အနေနဲ့ လူထုနဲ့ တိုင်ပင်ဆွေးနွေးဖို့လိုတယ်။ ဒီလို ဆွေးနွေးတိုင်ပင်မှုမျိုးတွေဟာ ကျွန်တော်တို့အတွက် လိုအပ်ပါတယ်။ လူထုပါဝင်မှုမရှိရင် ဒီငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဟာ ရေရှည် ခိုင်မြဲမှာ မဟုတ်သလို အောင်မြင်မှာလည်းမဟုတ်ဘူး။ ကချင်လူမျိုးတွေကိုကြည့်မယ်ဆိုရင် လက်ရှိအချိန်မှာ စစ်ပွဲ ကြောင့် ကချင်လူထုက အရမ်း ဒေါသထွက်နေကြတယ်။ သူတို့ကို တည်ငြိမ်အောင်မလုပ်ဘဲနဲ့ နားလည်မှုရအောင်မလုပ်ဘဲနဲ့ ရှေ့ဆက်သွားဖို့ တော်တော်ခက်လိမ့်မယ်။

*(ဗိုလ်ချုပ်ဆွမ်လွတ်ဂွန်မော်)*

တိုင်းရင်းသားအဖွဲ့တွေအားလုံးကတော့ ဖက်ဒရယ်ပြည်ထောင်စုကို လိုလားတယ်လို့ ပြောကြတယ်။ တကယ်လို့ ဖက်ဒရယ်ပြည်ထောင်စုတစ်ခုဖြစ်ဖို့ လိုလားတယ်ဆိုရင် တခြားသူတွေနဲ့ ယှဉ်တွဲနေထိုင်ဖို့ လိုတယ်။ ဒါပေမယ့် ဘယ်လိုနေကြမလဲ။ ဗမာပြည်မှာ ခွဲခြားဆက်ဆံမှုတွေရှိနေသေးတယ်။ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့တွေနဲ့ ကျွန်တော် ရောနှောဆက်ဆံလို့ရနေတာက ကျွန်တော်ဟာ ဗမာလူမျိုး မဟုတ်တဲ့အတွက်ကြောင့်ပဲ။ တကယ်လို့ ကျွန်တော်သာ ဗမာဖြစ်နေပြီး သူတို့နဲ့ လိုက်ရောကြည့်ရင် မအောင်မြင်နိုင်လောက်ဘူး။ ကျွန်တော် ဗမာမဟုတ်တဲ့အတွက်ကြောင့် ကျွန်တော့်အတွက် လမ်းစတွေ အတော်များများဖွင့်ပြီးသားဖြစ်သွားတယ်။ ပြီးတော့ ကျွန်တော့် ပုဂ္ဂိုလ်ရေးရာနောက်ခံကြောင့်လည်း လမ်းစ တွေကို အတော်များများ ပွင့်းစေခဲ့တယ်။ ပြီးတော့ ကျွန်တော့်အစ်ကိုက လက်နက်ကိုင်အဖွဲ့တစ်ခုထဲ ဝင်သွားတဲ့အခါ ကျွန်တော့်အတွက် အခွင့်အလမ်းတွေ ပိုပြီး ရသွားတယ်။ အစိုးရနဲ့လည်း ဒီအတိုင်းပဲ။ ဒီအစိုးရနဲ့ကျတော့ ကျွန်တော်က ရှမ်းလူမျိုးတစ်ဦးဖြစ်နေပေမယ့် အာဏာမသိမ်းခင်က ကျွန်တော့်မိဘတွေရဲ့ အရှိန်အဝါတွေကြောင့် ကျွန်တော် အကူအညီတွေအများကြီးရခဲ့တယ်။ ဒါကြောင့် ကျွန်တော့်ကို အထောက် အကူပြုပေးခဲ့တဲ့ အချက်တွေအများကြီးရှိခဲ့တယ်။ အနောက်တိုင်းသားတွေက *"ခင်ဗျား တော်တယ်။ အရည်အချင်းရှိတယ်"* ဆိုပြီး တွေးနေတာမဟုတ်ဘူး။ အဲ့ဒီနောက်ကွယ်မှာ အကြောင်း အရင်းတွေ အများကြီး ရှိသေးတယ်။ ပြီးတော့ ကိုယ့်အနေနဲ့ ဂုဏ်ပြုမခံ၊ အသိအမှတ်ပြုတာ မခံရင် ကိုယ့်အတွက် လုပ်နိုင်တဲ့ အရာတွေ ပိုများတယ်။ အပြိုင်အဆိုင်မရှိရင် ပိုပြီးအောင်မြင်

အောင် လုပ်ဆောင် နိုင်တယ်ဆိုတာကိုလည်း သိလိုက်ရတယ်။ နိုင်ငံရေးပါတီတွေကအစ၊ လက်နက်ကိုင်အဖွဲ့ဝင်တွေအဆုံး၊ အရပ်ဖက်လူမှုအသိုင်းအဝိုင်း၊ အစိုးရအဖွဲ့စတဲ့ အဖွဲ့ပေါင်းစုံနဲ့ ကျွန်တော် တွဲလုပ်နိုင်တယ်။ မြန်မာနိုင်ငံလို နိုင်ငံတွေမှာ လူတိုင်း ပါဝင် လှုပ်ရှားနိုင်တဲ့ နေရာတွေ အများကြီးရှိတယ်။ လူတွေက သူတို့ပံ့ပိုးကူညီပေးနိုင်တဲ့အရာ တွေကို ရှာနိုင်မယ် ဆိုရင် လူတိုင်းမှာ အခန်းကဏ္ဍတစ်နေရာစီရှိကို ရှိတယ်… လိုအပ်တဲ့ နေရာတွေက အများကြီးပဲ။

*(ဦးဟန်ယောင်ဝေ)*

ကျွန်မတို့ဟာ ငြိမ်းချမ်းရေးအကျိုးဆောင်တွေဖြစ်တဲ့အလျောက် ကြိုးစားပြီး ဒီထက်ပို စူးစမ်း သင့်တယ်။ အစိုးရဟာ အာဏာကိုင်စွဲထားသူဖြစ်တယ်ဆိုတာကို သိမှတ်ပြီး နိုင်ငံတော်အကြီး အကဲက ကိုယ့်ကို ဖိတ်ခေါ် ကမ်းလှမ်းတဲ့အခါမှာ ကိုယ့်ဘက်ကလည်း အနည်းဆုံးတော့ စမ်းကြည့်သင့်တယ်။ ကိုယ်တွေသာ ဒီလမ်းစအတွက် တံခါးဖွင့်နိုင်ရင် ကမ်းလှမ်းချက်က အဆင်သင့်ရှိတယ်။ တကယ်လို့ ကိုယ်က တံခါးကို ဘယ်လိုတွန်းပြီး ဖွင့်ရမယ်ဆိုတာကို သိနေရင် အစိုးရနဲ့ရော လက်နက်ကိုင်အဖွဲ့တွေနဲ့ပါ ထိတွေ့ ဆက်ဆံရ ပါမယ်။ ဒါကို အခွင့်အလမ်းတစ်ခုအနေနဲ့ ဆုပ်ကိုင်ကြရအောင်။

*(ဒေါ်လထော်ဂျာနန်)*

ကျွန်တော်ကတော့ ခုထိလေ့လာသင်ယူနေဆဲပါပဲ။ ကျွန်တော်အသက်ရှင်နေသရွေ့တော့ သာမာန် ပြည်သူ တစ်ယောက်အနေနဲ့ အပြောင်းအလဲတစ်ရပ်ဖော်ဆောင်ရေးအတွက်နဲ့ ဒီအခွင့်အရေးကို လက်မလွှတ်ရ လေအောင် ခွန်အားရှိသရွေ့ ကြိုးစားသွားမယ်။ နေ့စဉ် နေ့တိုင်း ကျွန်တော်တို့မှာ သင်ယူစရာတွေချည်းပါပဲ။ ကျွန်တော်တို့ဟာ လွန်ခဲ့တဲ့ (၁၃) နှစ် ကတည်းက သင်ခန်းစာတွေရခဲ့ပြီးသားပါ။ ဒါပေမယ့် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်ကနေရခဲ့တဲ့ အဓိကသင်ခန်းစာတစ်ခုကတော့ တစ်ဖက်အဖွဲ့မှာလည်း လူကောင်းတွေ ရှိတတ် တယ်ဆို တာပါပဲ။ တိုင်းရင်းသားခေါင်းဆောင်တွေထဲမှာ ၉၉% လောက်က လူကောင်းတွေပါ။ ကိုယ်ကျိုး စီးပွားအတွက်ပဲ ကြည့်တဲ့သူတွေ၊ စည်းမျဉ်းစည်းကမ်းအတိုင်း လိုက်မနာနိုင်တဲ့ သူတွေလိုမျိုး မကောင်းတဲ့သူ တစ်ယောက်စ၊ နှစ်ယောက်စတော့ ရှိတာမှန်ပါတယ်။ ဒါကတော့ ပုံမှန်ပါပဲ။ ဒါပေမယ့် အံ့သြစရာ ကောင်း တာက လူတွေက နိုင်ငံရေးဆွေးနွေး ပွဲအကြောင်းနဲ့ ကျွန်တော်တို့ရဲ့ မျှော်မှန်းချက်အကြောင်းကို မေးကြတဲ့ အခါ ကျွန်တော်လည်း ဒါဟာ အင်မတန်ရိုးရှင်း လွယ်ကူပါတယ်လို့ သူတို့ကိုပြောခဲ့တယ်။ ကျွန်တော်ကတော့ ရိုးရှင်းတဲ့ အဖြေတွေကိုပဲ အမှန်တကယ်ယုံကြည်တယ်။ ဒါပေမယ့် ကျွန်တော်တို့အနေနဲ့ တိုင်းရင်းသား ခေါင်းဆောင်တွေနဲ့ဆွေးနွေးခဲ့ပြီးပြီ၊ အတူ တွဲလုပ်ခဲ့ဖူးပြီ။ ဒီလို စကားစမြည်

တွေလည်း ပြောခဲ့ပြီးပြီ။ သူတို့က အမြဲတမ်း သူတို့ရဲ့ နာကြည်းချက်တွေ၊ မကျေနပ်ချက်တွေကို ဖိပြောတတ်ကြတယ်။ အဲ့ဒီလို စကားအရှည် ကြီးပြောပြီး သူတို့ရဲ့ ဆိုလိုရင်းကို နောက်ဆုံးမှာ စာတစ်ကြောင်းတည်းနဲ့ ခြုံငုံပြီး ပြောရရင်တော့ *"ခင်ဗျား ကျွန်တော်တို့ကို ကောင်းကောင်း ဆက်ဆံပါ။ ဒါပဲ ကျွန်တော် တောင်းဆိုတယ်"* ဆိုတာပါပဲ။ ဒါ ကိုယ်လုပ် ပေး လို့ ရတဲ့အရာပဲ။ ကျွန်တော်တို့အနေနဲ့လည်း သူတို့အလိုကျ ကောင်းကောင်းမွန်မွန် ဆက်ဆံဖို့ အစတည်းက အဆင်သင့်ဖြစ်နေပြီးသား။ ဒီလောက်ထိကို ရိုးရှင်းတဲ့ကိစ္စပါ။ ဟုတ်တယ်။ အဖြေက ရိုးရိုးလေးပဲ။ ဒါကြောင့် ကျွန်တော်က ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အပေါ် ကို အကောင်းမြင်မှုရှိနေတာပါ။

*(ဦးတင်မောင်သန်း)*

ကျွန်တော်တို့ သာမန်ဖွံ့ ဖြိုးရေး ပရောဂျက်တွေကို လုပ်တဲ့အခါမှာ အဖြေကို လက်ငင်းရပြီး ကိုယ်ရတဲ့ ရလဒ် တွေဟာ မျှော်မှန်းချက်နဲ့ကိုက်ညီလေ့ရှိတယ်။ နားလည်ရလွယ်သလို ကိုယ်မျှော်မှန်းထားတဲ့အတိုင်း လုပ်နိုင် ဖို့ကလည်း အနည်းနဲ့အများ ဖြစ်နိုင်ချေရှိတယ်။ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်မှာလည်း ဒီအရာတွေပဲ (ရည်ရွယ်ထားတဲ့ ရလဒ်၊ မျှော်မှန်းထားတဲ့ အဖြေတွေ) လိုအပ်ပေမယ့် ဖြစ်စဉ်သဘောတရားက မတူတော့ ဘူး။ ဥပမာ ဆွေးနွေးရေး လုပ်ငန်းစဉ်မှာ လူတိုင်းကတော့ ရလဒ်ကောင်း၊ အပြုသဘောဆောင်တဲ့ ရလဒ် တွေကို မျှော်လင့်ကြတာ မှန်ပါတယ်။ ဒါပေမယ့် လူ့သဘာဝအရ ရှေ့ဆက်ပြီး ဘာတွေဖြစ်လာမယ်ဆိုတာကို မသိနိုင်ပါဘူး။ အရာအားလုံးက အပြုသဘောဆောင်နေရင် ပဋိပက္ခဆိုတာ ဘယ်ရှိတော့မှာလဲ။ ကျွန်တော်တို့အနေနဲ့ ရှေ့ဆက်ပြီး ဘာတွေဖြစ်လာမယ်ဆိုတာ မသိနိုင်ဘူး။ ဒီလုပ်ငန်းစဉ်ကြီးက ရှိလာကိုစတာအတိုင်းပဲ။ တက် လိုက်၊ ကျလိုက်ဖြစ်နေတယ်။ ခရီးဘယ်လောက် ပေါက်နေပြီလဲဆိုတာကို တစ်ဆုံးထိမြင်အောင်ကြည့် တတ်မှပဲ သိနိုင်မယ်။ ဒီနေ့က ကောင်းတဲ့နေ့ဖြစ်ချင်ဖြစ်မယ်...ဒါပေမယ့် မနက်ဖြန်မှာ အဆိုးတွေပဲ လုံးဝ ဖြစ်လာရင် ဖြစ်လာလိမ့်မယ်။ မသေချာမှုကတော့ ရှိစမြဲပဲ။

*(ဦးကျော်စိုးလှိုင်)*

လွန်ခဲ့တဲ့ (၂) နှစ်လောက်ကတည်းက ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကနေ သင်ခန်းစာရခဲ့တာ တွေ အများကြီးပဲ။ ကျွန်မအနေနဲ့ ညှိနှိုင်းဆွေးနွေးမှုတွေ လုပ်လေလေ၊ ကိုယ့်ကိုယ်ကို ယုံကြည်မှုရှိလာလေလေပဲဆိုတာကို သတိထားမိတယ်။ အမျိုးသမီးတွေကို ဒီငြိမ်းချမ်းရေး လုပ်ငန်းစဉ်မှာ ပါဝင်လာနိုင်အောင်လည်း ကျွန်မတို့ ကြိုးစားကြည့်ဖူးတယ်။ ဒါပေမယ့် စိန်ခေါ်မှုတွေ ရှိနေတယ်။ ငြိမ်းချမ်းရေးလို့ ဆိုလိုက်ရင် အမျိုးသမီးတွေ က တိုက်ပွဲ ကင်းစင်မှုထက်ကျော်ပြီး မြင်တတ်ကြတယ်။ အမျိုးသမီးတွေဟာ အမြဲတမ်း စစ်ပွဲရဲ့

မြေစာပင်တွေ ဖြစ်နေကြတဲ့အတွက် ကျွန်မတို့အမျိုးသမီးတွေဟာ ဘေးအန္တရာယ်ကင်းရှင်းရေး၊ လုံခြုံရေးနဲ့ အန္တရာယ် ကာကွယ်ရေးပိုင်း တွေကိုပါ ထည့်သွင်းစဉ်းစားတတ်ကြတယ်။

*(နော်စီဖိုးရာစိန်)*

ပြည်သူလူထုမျက်နှာထောက်ပြီး ကျွန်တော်တို့အားလုံး သဘောတူလက်ခံနိုင်မယ့် ဘုံဖြေရှင်းချက်ကို ရှာ ရ မယ်။ ဒီလုပ်ငန်းစဉ်မှာ ပါဝင်လှုပ်ရှားသူတွေရဲ့ အကျိုးဆန္ဒအတွက်သာမက လူတိုင်းကလည်း လုပ်ငန်းစဉ် ရလဒ်အပေါ် ကျေနပ်မှုရှိရမယ်။

*(ဦးသံခဲ)*

အထူးသဖြင့် ဒီငြိမ်းချမ်းရေးလုပ်ငန်းစဉ်မှာ CSO ရဲ့ ပါဝင်မှုနဲ့ပတ်သတ်ပြီး ရလိုက်တဲ့ သင်ခန်းစာကတော့ ကျွန်မတို့အနေနဲ့ နှစ်ဖက်စလုံးက *"အိုကေ… ဒါက မင်းတို့လုပ်နိုင်တဲ့အရာ… ဒီနေရာဟာ မင်းတို့ ပါဝင်ရမယ့် နေရာ"* လို့ ပြောလာမယ့်အချိန်အထိ စောင့်မနေသင့်ဘူး။ ကျွန်မတို့ဘက်ကစပြီး ကိုယ်ပါဝင်နိုင်မယ့် နေရာ ကို ဖန်တီးယူပြီး ဒါကိုမှ ထက်ပြီး ချဲ့ထွင်ရပါမယ်။ ဒါကြောင့်လည်း ကျွန်မတို့ Civil Society Forum for Peace (ငြိမ်းချမ်းရေးအတွက် အရပ်ဘက်လူမှုအဖွဲ့အစည်းဖိုရမ်) ကို အစပျိုးလုပ်ဆောင်ဖြစ်ခဲ့တာပါ။ ဒါ ကတော့ ကျွန်မတို့ရခဲ့တဲ့ သင်ခန်းစာတစ်ခုပါ။ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်မှာက ကိုယ့်ဖာသာကိုယ် သီးသန့် နေလို့မရဘူး။ အမြင်ကျယ်ကျယ်ထားရမယ်၊ တခြားသူတွေကိုလည်း လက်ကမ်းကြိုဆိုရမယ်။

ဒါဟာ ဒီမိုကရေစီတန်ဖိုးတွေဖြစ်တဲ့ ပူးပေါင်းပါဝင်မှု (participation) နဲ့ ပိုင်ဆိုင်မှု တိုးချဲ့ခြင်းကို လက်တွေ့ ကျင့်သုံးနေတာပဲဖြစ်တယ်။ ဒီလုပ်ငန်းစဉ်ထဲ စပြီးပါဝင်ကတည်းက ဒါဟာ ကျွန်မတို့ရဲ့ အဓိက စည်းမျဉ်း စည်းကမ်း (principle) ဖြစ်ခဲ့ပါတယ်။ ကျွန်မတို့ဖိုရမ်ကို တက်ရောက်ဖို့ UPWC၊ MPC က ဦးလှမောင်ရွှေနဲ့ ဦးတင်မောင်သန်းတို့ကို ဖိတ်ကြားခဲ့တယ်။ ဖိုရမ်မှာ CSO ကိုယ်စားလှယ်တွေက သူတို့ကို *"ကျွန်တော်တို့ ဘာလုပ် ပေးလို့ရမလဲ"* လို့မေးကြတဲ့အခါ ဦးလှမောင်ရွှေက *"ဒေါ်ဂျာနန်ကို ကြည့်ပါ။ ကိုယ့်ကို နေရာပေးလာမယ့်အချိန်ထိ စောင့်မနေပါနဲ့။ ကိုယ့်နေရာကို ကိုယ့်ဖာသာဖန်တီးယူကြရမှာပါ"* လို့ ဖြေခဲ့တယ်။

*(ဒေါ်လထော်ဂျာနန်)*

ဒီနေ့ဒီအချိန်အထိ ကျွန်တော့်ကို ဒီအလုပ်လုပ်ဖို့ ဘယ်သူမှ မတောင်းဆိုခဲ့ပါဘူး။ ဒါပေမယ့် ဒါကို လုပ်ဖို့ အရေးကြီးတယ်လို့ ကျွန်တော်တို့ ယူဆထားတယ်။ ကျွန်တော်တို့ရဲ့ ရည်မှန်းချက်တွေကို အကောင်အထည် ဖော်နိုင်မလား၊ မဖော်နိုင်ဘူးလားဆိုတာတော့ မသိသေးဘူး။ ဒါပေမယ့် ဒါဟာ မှန်ကန်တဲ့လုပ်ရပ်ဖြစ်တယ်။ ကျွန်တော့်စိတ်ထဲမှာတော့ Uppsala ကို ပြန်ပြီး အခုထက်ဝင်ငွေကောင်းတဲ့ စာသင်တဲ့အလုပ်လုပ်ရင်း ကိုယ့်မိသားစုနဲ့ပြန်နေဖို့ အတွေးတွေ အကြိမ်တစ်ထောင်လောက် ဝင်ခဲ့ဖူးတယ်။ ကျွန်တော်ပြန်သွား လို့ ရပါတယ်။ ကျွန်တော့်မှာ ရွေးခြယ်စရာ မရှိလို့မဟုတ်ဘူး။ ကျွန်တော်က အမြဲတမ်း ပညာရှင်တစ်ဦး ဖြစ်ချင်ခဲ့တာ။ ဒါပေမယ့် ကျွန်တော်ဘာကြောင့် မြန်မာပြည်ကို ခဏခဏ ပြန်လာမိမှန်းမသိဘူး။ ဖြစ်နိုင်တာ တစ်ခုကတော့ ဒါဟာ ရည်မှန်းချက်ပန်းတိုင် တစ်ခုဖြစ်ကောင်းဖြစ်မယ်။ တာဝန်ယူလိုတဲ့ အသိစိတ် ဖြစ်ကောင်း ဖြစ်မယ်။ ၁၉၈၈ ခုနှစ်တုန်းက ကျွန်တော် အသက် ၂၈ နှစ်လောက်ရှိမယ်။ အခုတော့ ကျွန်တော့် အသက် ၅၀ ကျော်ပြီ။ ကျွန်တော့်ဘဝတစ်ခုလုံး ဒါနဲ့ပဲ ကျော်လွန်ခဲ့ပြီးပြီ။ ဒါပေမယ့် ဒီအတွက်ကြောင့်လည်း ကိုယ့်ကိုယ်ကို သူရဲကောင်းကြီးတွေလို့တော့ မခံယူသင့်ပါဘူး။ ဒါဟာ ကျွန်တော်တို့ရဲ့ လူသားသဘာဝပဲ ဖြစ်တယ်။ လူသားတွေဖြစ်တဲ့အလျောက် ကျွန်တော်တို့လုပ်ရမယ့် မှန်ကန်တဲ့လုပ်ရပ်တွေရှိတယ်။ လူသားမျိုးနွယ်အတွက် ကျွန်တော်တို့ဟာ တစုံတခုကို ပံ့ပိုးကူညီပေးနိုင်ဖို့ကြိုးစားကြမယ်။ သူတပါးကို ကျွန်တော်တို့တတ်နိုင်သလောက် ကူညီပေးရမယ်။

*(ဒေါက်တာလျှန်မှူန်းဆာခေါင်း)*

အစိုးရဘက်ကတော့ ပြဿနာတွေကို ငြိမ်းချမ်းတဲ့နည်းနဲ့ ဖြေရှင်းတဲ့အနေနဲ့ ပြည့်ဝတဲ့ နိုင်ငံရေး ဆွေးနွေးပွဲ အတွက် တံခါးကိုဖွင့်လိုက်ပြီလို့ မြင်မိတယ်။ တချိန်တည်းမှာပဲ ကျွန်တော်တို့အနေနဲ့လည်း ပြည်သူတွေနဲ့ ထိတွေ့ဆက်ဆံခွင့်တွေရခဲ့သလို နိုင်ငံတကာအသိုင်းဝိုင်းကလည်း ဒီလို ပြဿနာတွေကို ငြိမ်းချမ်းတဲ့ နည်းနဲ့ အဖြေရှာတာကို ထောက်ခံအားပေးကြတယ်။ ဒါကြောင့် ဒီလိုအနေအထားအတိုင်းပဲ ဆက်လက်ပြီး သွားရမှုဖြစ်တယ်။ ဒါဟာ ကျွန်တော်တို့သွားရမယ့် လမ်းကြောင်းဦးတည်ချက်ပဲ။

*(နိုင်ဟံသာ)*

ခုချိန်မှာ ကျွန်တော်စိုးရိမ်နေတယ်။ ကျွန်တော်က ပညာရှင်တစ်ယောက်မဟုတ်ဘူး။ စကော်လာတစ်ယောက် မဟုတ်ဘူး။ သာမာန်လူတစ်ယောက်ပဲဖြစ်ပြီး ကျွန်တော့်မှာ သမာရိုးကျ အတွေ့အကြုံတွေပဲရှိတယ်။ ကျွန်တော့်အနေနဲ့ကတော့ တနိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးသဘောတူညီချက်တစ်ခုတော့ရှိသင့်တယ်လို့ မြင်တယ်။ အဲ့ဒါပြီးတော့ မူဘောင်ဆွေးနွေးရေး အစည်းအဝေးလုပ်သင့်ပြီး၊ နောက်တဆင့်အနေနဲ့ ခေတ်သစ်မြန်မာနိုင်ငံရဲ့ အခြေခံအုတ်မြစ်ကို အသေးစိတ်ဆွေးနွေးဖို့ နိုင်ငံရေးဆွေးနွေးပွဲတစ်ရပ်ကျင်းပရမယ်။ ပြီးရင် ၂၀၁၆ ခုနှစ်မှာ အစိုးရသစ်နဲ့ ရှေ့ဆက်ရမယ်။ တကယ်လို့ အခြေခံအုတ်မြစ်အလုံအလောက်ချပြီးပြီဆိုရင် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို ဆက်ပြီး အဆုံးထိ အကောင်အထည်ဖော်ဆောင်ရမယ်။ ပြီးရင် နိုင်ငံရေးအရ တွေ့ဆုံဆွေးနွေးအဖြေရှာရေး၊ နိုင်ငံရေးသဘောတူညီချက်ရအောင် လုပ်ဆောင်ရမယ်။ ဒီလုပ်ငန်းစဉ်က အဓိကပါဝင်ပတ်သတ်သူတွေ ပေါ်မူတည်ပြီး ၂ နှစ်ကနေ ၅ နှစ်အထိ ကြာကောင်းကြာနိုင်တယ်။ အားလုံးအ ဆင်ပြေရင်တော့ မြန်မာနိုင်ငံဟာ ၁၀ နှစ် - ၁၅ နှစ် အတွင်း ငြိမ်းချမ်းတဲ့နိုင်ငံတစ်နိုင်ငံဖြစ်လာနိုင်တယ်။ ကျွန်တော်ကတော့ ၂၀၁၆ အသွင်ကူးပြောင်းရေးကာလကို စောင့်မျှော်နေတယ်။ တကယ်လို့ ကျွန်တော် တို့က ၂၀၁၆ ကို ကျော်လွှားနိုင်ရင် လုပ်ငန်းစဉ်ကိုလည်း မှန်ကန်တဲ့လမ်းကြောင်းကနေ ဆက်သွားနိုင်မှာပဲ။ မြန်မာနဲ့ လူနည်းစုတိုင်းရင်းသားတွေဟာ ဒီမိုကရေစီတိုင်းပြည်ရဲ့ ဖက်ဒရယ်စနစ် အောက်မှာ အတူတကွ ပျော်ပျော်ရွှင်ရွှင် လက်တွဲသွားနိုင်ဖို့က ကျွန်တော့်အိပ်မက်ပဲ။

*(ဦးလှမောင်ရွှေ)*

# အတိုကောက်ဝေါဟာရများ

| | |
|---|---|
| ABSDF | All Burma Student's Democratic Front (မြန်မာနိုင်ငံလုံးဆိုင်ရာကျောင်းသားများ ဒီမိုကရက်တစ်တပ်ဦး) |
| AIT | Asian Institute of Technology (အာရှနည်းပညာတက္ကသိုလ်) |
| BGF | Border Guard Force (နယ်ခြားစောင့်တပ်) |
| CEFU | Committee for the Emergence of a Federal Union (ဖက်ဒရယ်ပြည်ထောင်စု ပေါ်ထွန်းရေးကော်မတီ) |
| CSFP | Civil Society Forum for Peace (ငြိမ်းချမ်းရေးအတွက်အရပ်ဖက်လူမှုအသိုင်းအဝိုင်းဖိုရမ်) |
| CSO | Civil Society Organisation (အရပ်ဘက်လူမှုအဖွဲ့အစည်း) |
| CNF | Chin National Front (ချင်းအမျိုးသားတပ်ဦး) |
| ENC | Ethnic Nationalities Council (တိုင်းရင်းသားလူမျိုးများကောင်စီ) |
| IDP | Internally Displaced People (ပြည်တွင်းရွှေ့ပြောင်းဒုက္ခသည်) |
| KNLA | Karen National Liberation Army (ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော်) |
| KNPP | Karenni National Progressive Party (ကရင်နီအမျိုးသားတိုးတက်ရေးပါတီ) |
| KNU | Karen National Union (ကရင်အမျိုးသားအစည်းအရုံး) |
| MPC | Myanmar Peace Center (မြန်မာငြိမ်းချမ်းရေးစင်တာ) |
| NCCT | Nationwide Ceasefire Coordination Team (တနိုင်ငံလုံးဆိုင်ရာ အပစ်အခတ်ရပ်စဲရေး ညှိနှိုင်းရေးအဖွဲ့) |
| NLD | National League for Democracy (အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်) |
| NMSP | New Mon State Party (မွန်ပြည်သစ်ပါတီ) |

| | |
|---|---|
| NSAG | Non-State Armed Group<br>(အစိုးရမဟုတ်သည့်လက်နက်ကိုင်အဖွဲ့အစည်း) |
| RCSS/SSA | Restoration Council of Shan State/Shan State Army<br>(ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ/ရှမ်းပြည်တပ်မတော်) |
| SPDC | State Peace and Development Council<br>(နိုင်ငံတော်ငြိမ်ဝပ်ပိပြားရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ) |
| UNFC | United Nationalities Federal Council<br>(ညီညွတ်သောတိုင်းရင်းသားလူမျိုးများ ဖက်ဒရယ်ကောင်စီ) |
| UNLD | United Nationalities League for Democracy<br>(ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဒီမိုကရေစီအဖွဲ့ချုပ်) |
| UPWC | Union Peacemaking Working Committee<br>(ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်မှုဆိုင်ရာလုပ်ငန်းကော်မတီ) |

ကျွန်တော့်အတွက်ကတော့ ဒါဟာ နှစ် (၅၀) အတွင်း ပထမဆုံး အစိုးရဘက်က ဆွေးနွေးဖို့ ကမ်းလှမ်း ခံရတာ ဖြစ်တယ်။ ဒါဟာ လှည့်ကွက်တစ်ခုဖြစ်ကောင်းဖြစ်မယ်...။ဒါမှမဟုတ်လည်း တစ်ခုခုဖြစ်နိုင်တယ်...။ ဒါပေမယ့် ဘာပဲဖြစ်ဖြစ်တော့ စမ်းကြည့်ရမယ်။ တကယ်လို့ကိုယ်က သတိထားနိုင်မယ်ဆိုရင် ကိုယ်လိုချင်တဲ့ အရာတချို့ကိုလည်း ရကောင်းရ သွားနိုင်တယ်။

*(ဦးဟန်ယောင်ဝေ)*

အရာရာက အချိန်မရွေးပြိုလဲသွားနိုင်တယ်။ ဒါပေမယ့် ကျွန်တော်ပြောနိုင်တာ တစ်ခုကတော့ ကျွန်တော်တို့တွေ အစည်းအဝေးအသစ်ကို စပြီး ဝင်ထိုင်တိုင်းမှာ လူသတ်ကွင်း (ဒါမှမဟုတ်) အန္တရာယ် တောထဲ သွားနေရတဲ့အတိုင်းပဲ။ ဒါပေမယ့် အစည်းအဝေးတစ်ခုစီတိုင်းတစ်ခုစီ တိုင်းရဲ့အပြီးမှာတော့ ကျွန်တော်တို့ဟာ ပိုပိုပြီးကောင်းမွန်တဲ့ ရလဒ်တွေကို ရခဲ့ပါတယ်။ ကျွန်တော်တို့တွေ အစည်းအဝေး ပွဲ ထိုင်တိုင်း မသေချာမရေရာမှုတွေ၊ ပြဿနာတွေ အများကြီးပဲ။ ဒါဟာ ဒီလုပ်ငန်းစဉ်ထဲကို ဘယ်လောက်ထိ ထဲထဲဝင်ဝင်လုပ်ဆောင်မှု၊ ခွန်အားစိုက်ထုတ်မှုရှိသလဲဆိုတာနဲ့ ဘယ်လောက်ထိ အခိုင်အမာရှိသလဲ ဆိုတာ ကို ဖော်ညွှန်း နေတဲ့ သင်္ကေတကြီးတစ်ခုပဲဖြစ်တယ်။ ဒါပေမယ့်လည်း ဒီလုပ်ငန်းစဉ်ဟာ ခိုင်ခံ့မှု မရှိသေးပါဘူး။ အမြဲတမ်းလိုလို နောက်ဆုံးအဆင့်က အခက်ခဲဆုံးပဲ။ ကျွန်တော်တို့က အခု နောက်ဆုံး အဆင့်ကို ရောက်နေပါပြီ။

*(ဦးတင်မောင်သန်း)*

နှစ်ပေါင်း (၂၅) နှစ်ကြာမှ ကျွန်တော်လည်း ဗမာပြည်တွင်းက ကိုယ့်ရပ်ရွာကို ကိုယ်ပြန် နိုင်တော့ တယ်။ ကျွန်တော့်မိတ်ဆွေအပေါင်းအသင်းတွေကတော့ နွေးနွေးထွေးထွေးနဲ့ ကြိုဆိုကြပါတယ်။ အဲ့ဒီ အတွက်လည်း သူတို့ကို အများကြီးကျေးဇူးတင်တယ်။ တချို့က ကျွန်တော့်ကို ကြိုဆိုတဲ့ပွဲတွေ၊ နေ့လည်စာ ကျွေးတာမျိုးတွေ လုပ်ပေးကြတယ်။ ကျွန်တော်တို့ တွေက တက္ကသိုလ်မှာ တူတူကျောင်းတက်ခဲ့ တဲ့သူတွေပါ။ သူတို့တွေက ခုတော့ ပညာရှင်အဆင့် တွေဖြစ်နေပြီဆိုတာ မှန်ပါတယ်။ ဒါပေမယ့် ကျွန်တော်ကတော့ သူတို့နဲ့ လုံးဝကွာခြား နေပါတယ်။ ဘဝက အရမ်းထူးဆန်းလွန်းတယ်။ ကျွန်တော့်အမေနဲ့ သူငယ်ချင်းတွေကိုလည်း *"ဘဝက အရမ်းထူးဆန်းတယ်။ လွန်ခဲ့တဲ့ ၂၅ နှစ်လောက်တုန်းက ငါတို့တွေ အိပ်မက်တူတူ မက်ခဲ့ကြဖူး တယ်။ ဒါပေမယ့် ဒီနေ့ ငါဟာ အခြားဘဝနဲ့ ပြန်ရောက်လာတယ်"* လို့ ကျွန်တော် ပြောပြခဲ့ဖူးတယ်။ ကျွန်တော်တို့တွေ အတိတ်ကတစ်လှေတည်းစီး တစ်ခရီးတည်းသွား ခဲ့တုန်းက အကြောင်းအရာတွေကို ပြန်ပြောကြရင်းနဲ့ ကိုယ့်ကိုယ်ကို ပြန်နုပျိုသွားသလို တောင်ခံစားခဲ့ရတယ်။

*(ဦးသံခဲ)*

ကျွန်တော့်မိသားစုဝင်တွေက အွပ်ဆာလာ (Uppsala) မှာနေကြတယ်။ သူတို့လည်း ခုတော့ နေသားကျနေကြပြီ။ ကျွန်တော့် သားသမီးတွေက ဆယ်ကျော်သက်အရွယ်ရောက်နေကြပြီ။ ဝမ်းနည်းစရာ ကောင်းတဲ့တစ်ခုကတော့ ကျွန်တော့်သမီး မူကြိုအရွယ်လေးကတည်းက ကျွန်တော်ဟာ တချိန်လုံး ခရီး ထွက်ခဲ့ရတာပါပဲ။ တခါတလေ ကျွန်တော် ပြန်လာပြီး သူ့ကို ကျောင်းသွားကြိုတဲ့အခါ သူက ကျွန်တော့်ကို သူ့အတန်းထဲကို ခေါ်သွားပြီး *"ဒါ သမီးရဲ့ ဒက်ဒီလေ...သမီးရဲ့ ဒက်ဒီ"* ဆိုပြီး သူ့ဆရာမတွေနဲ့ မိတ်ဆက် ပေးလေ့ရှိတယ်။ သူက သူ့မှာ အဖေတစ်ယောက်ရှိသေးတယ်ဆိုတဲ့ ခံစားချက်မျိုးကို လိုချင်တယ်ထင်တယ်။ ကျွန်တော့်မှာ ကချင်အမျိုးသမီး မိတ်ဆွေတစ်ယောက်ရှိတယ်။ သူ့ အမျိုးသားကလည်း တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့ အစည်းတစ်ခုထဲကပဲ။ တခါတော့ သူက ကျွန်တော့်ကို *"ရှင်သိလား...။ ကျွန်မတို့က ကိုယ့်လူမျိုးအတွက်ပဲ ကြိုးစားပမ်းစားလုပ်နေကြတဲ့အခါ... နောက်ဆုံးတော့ ကိုယ့်ကလေးတွေနဲ့ အဆက် ပြတ် ခဲ့တယ်"* လို့ ပြောပြတယ်။ သူဆိုလိုချင်တာက သူ့သား သမီးတွေ နိုင်ငံခြားမှာ ကြီးပြီး လူမျိုးခြားတွေ၊ နိုင်ငံရပ်ခြားက လူတွေနဲ့ အိမ်ထောင်ပြုသွား ကြတဲ့အကြောင်းကိုပါ။ ကျွန်တော့်ကလေးတွေဆိုရင် ချင်းစကား မပြောတတ်ဘူး။ ဘာလို့လဲဆိုတော့ ကျွန်တော်တို့ဟာ Uppsala မှာနေထိုင်တဲ့ တစ်ခုတည်းသော ချင်းမိသား စုဖြစ်နေလို့ပဲ။ ဒါကြောင့် ကိုယ်က ဗမာပြည်က ချင်းလူမျိုးတွေအတွက် လုပ်နေတဲ့အချိန်မှာ ကိုယ့်ကလေးတွေကိုယ်တိုင်က ချင်းစကားကို မပြောတတ်ကြတော့ဘူး။ ဒါဟာ ဆုံးရှုံးမှုကြီး တစ်ခုပဲ။ ပုံမှန်အားဖြင့် ကျွန်တော်တို့က ဒီလိုမျိုး ပုဂ္ဂိုလ်ရေးရာကိစ္စတွေကိုသိပ်ပြောပြလေ့ မရှိဘူး။ လူတွေ အတော်များများကတော့ ကျွန်တော်တို့ကို ဆွီဒင်မှာ တော်တော်လေးအ ဆင်ပြေပြေနေနိုင်ပြီထင်ကြတယ်။ ဒါပေမယ့် ကျွန်တော်တို့ ဆုံးရှုံးလိုက်ရတာတွေလည်း အများကြီးရှိတယ်။ ကျွန်တော်တို့ရဲ့ လူမှု အသိုင်းအဝိုင်း ကို ဆုံးရှုံးခဲ့ပြီးပြီ။ ဒါပေမယ့် ကံကောင်းတာက ကျွန်တော်တို့က ခရစ်ယာန်တွေ ဖြစ်တဲ့အတွက် ကျွန်တော်တို့ ဟာ ခရစ်ယာန်အသင်းတော်ရဲ့ အသိုက်အဝန်းထဲဝင်သွားပြီး ဘုရားကျောင်း/အသင်းတော်က လည်း ကျွန်တော်တို့ရဲ့ ဆွီဒင်ကအသိုင်းအဝိုင်းဖြစ်သွားတယ်။ ဒီလို အသိုက်အဝန်းနဲ့နေရတဲ့ ခံစားမှုမျိုးက အရမ်း အရေးကြီးတယ်။ အကြောင်းကတော့ ကျွန်တော်တို့ဟာ ဗမာပြည်မှာပဲ နေနေ၊ ပြည်ပမှာပဲနေနေ အခက်အခဲတွေအများကြီးနဲ့ ကြုံလာရတဲ့အချိန်မှာ ကိုယ့်အသိုင်း အဝိုင်းကပဲ ကျွန်တော်တို့ကို ပိုကြံ့ ကြံ့ခံနိုင် အောင် ခွန်အားပေးနိုင်လို့ပဲဖြစ်ပါတယ်။

*(ဒေါက်တာလျန်မှုန်းဆာခေါင်း)*

ကျွန်တော်ကတော့ ဒီငြိမ်းချမ်းရေးလုပ်ငန်းစဉ်မတိုင်ခင်ကအတိုင်းပဲ မထူးခြားပါဘူး။ ခုချိန်မှာ ပို အလုပ်ရှုပ်လာတာပဲ ရှိတယ်။ ပိုပြီးတော့လည်း ပင်ပန်းတယ်။ ကျွန်တော့်အဖွဲ့အစည်းနဲ့ အလုပ်လုပ်ရတဲ့ အချိန်တောင် ပိုနည်းသွားတယ်။ ကျွန်တော့်မိသားစုကိုလည်း မနစ်ကဆိုရင် (၂) ကြိမ် - (၃) ကြိမ်လောက်ပဲ တွေ့ဖြစ်တယ်။ ခုချိန်မှာ ကျွန်တော်တို့ဟာ NCCT ကတဆင့် တခြားတိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းတွေနဲ့လည်းလက်တွဲလုပ်ဆောင်နေတဲ့ အတွက် အရာရာက ပိုပိုပြီး ရှုပ်ထွေးလာတယ်။

*(ပဒိုစောကွယ်ထူးဝင်း)*

ဟုတ်ပါတယ်။ ဒီခရီးရှည်ကြီးထဲမှာ စိန်ခေါ်မှုတွေအများကြီးရှိပါတယ်။ ကျွန်တော့် အတွက်ကတော့ တစ်ယောက်ထဲ အသက်ရှင်ရပ်တည်ဖို့က ပြဿနာမရှိဘူး။ ဒါပေမယ့် ကျွန်တော့်မှာ မိသားစုရှိတယ်။ ကျွန်တော်က ခင်ပွန်းတစ်ဦးလည်းဖြစ်သလို ဖခင်တစ်ဦး လည်းဖြစ်တယ်။ ကိုယ့်မိသားစုကိုလည်း ကျွေးမွေး ရသေးတယ်။ ဒါက ကျွန်တော့်အတွက် စိန်ခေါ်မှုတစ်ခုပဲ။

*(နိုင်ဟံသာ)*

ဘာတွေဆက်ဖြစ်လာမလဲဆိုတာ ကျွန်တော်တို့ မသိဘူး။ ကျွန်တော်တို့က တစ်ရက်ချင်း၊ တစ်ရက် ချင်း သွားနေတာ။ ဒါကြီးက ခရီးရှည်ကြီးတစ်ခုပဲ။ တခါတလေ လွန်ခဲ့တဲ့ သုံး၊လေး၊ ငါးနှစ် လောက်ကို ပြန်ပြောင်းတွေးကြည့် မိတယ်။ အံ့အားသင့်စရာကိစ္စတွေ အများကြီးပဲ ဖြစ်ပျက်ခဲ့တယ်။

*(ဦးမောင်ရွှေ)*

Centre for Peace and Conflict Studies

ငြိမ်းချမ်းရေးနှင့်ပဋိပက္ခအရေးလေ့လာမှုစင်တာ (CPCS) သည် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ၊ သုတေသနလုပ်ငန်းများနှင့်လေ့လာသင်ယူမှုများအား အဆင့်မြှင့်တင်ရန် အထောက်အကူပြုသည့် အပြန်အလှန်ချိတ်ဆက်လျက်ရှိသော သင်တန်းအစီအစဉ်များ ဖြန့်ဖြူးရာနေရာဖြစ်သည်။ ဤနေရာသည် လက်တွေ့ကျင့်သုံးသူများ၊ ကျောင်းသားများ၊ အသိပညာရှင်များ နှင့် ဆန်းစစ် လေ့လာသူများအား ဆက်စပ်အခြေအနေပေါ်၌ အခြေခံထားသော သတင်းအချက် အလက်များနှင့် အရင်းအမြစ်များအား လက်လှမ်းမီ လေ့လာကြည့်ရှုနိုင်ရန် အခွင့်အလမ်းများ ဖန်တီးပေးလျက်ရှိသည်။

www.centrepeaceconflictstudies.org

ငွေကြေးထောက်ပံ့သူ
နော်ဝေနိုင်ငံခြားရေးဝန်ကြီးဌာနမှ

NORWEGIAN MINISTRY OF FOREIGN AFFAIRS

9789996381775